

# အမြင်များပြောင်းလဲခြင်းနှင့် အတွေးအမြင်စာစုများ


ဦးရွှေအောင်
မဟာဝိဇ္ဇာ(သက္ကတ)
(ဝင့်သကာနှင့်သီရောမဏိ)

## ဆက်လက်ထုတ်ဝေမည့် စာအုပ်များ

၁။ လယ်တီဆရာတော် ၏ နိုင်ငံခြားပုစ္ဆာ အဖြေပေါင်းချုပ်
၂။ လယ်တီဆရာတော် ၏ နိုင်ငံတွင်းပုစ္ဆာ အဖြေပေါင်းချုပ်(ပထမအုပ်)
၃။ လယ်တီဆရာတော် ၏ နိုင်ငံတွင်းပုစ္ဆာ အဖြေပေါင်းချုပ်(ဒုတိယအုပ်)
၄။ လယ်တီဆရာတော် ၏ ဘာသာရေးပုစ္ဆာ အဖြေပေါင်းချုပ်
၅။ ဦးရွှေအောင် ၏ ဗုဒ္ဓ သို့မဟုတ် အနှိုင်းမဲ့
၆။ ဦးရွှေအောင် ၏ ကုသိုလ်နှင့် အကုသိုလ်
၇။ ဦးရွှေအောင် ၏ ဗုဒ္ဓဝါဒ ပေါ်ထွန်းခြင်း

# အမြင်များပြောင်းလဲခြင်း
## နှင့်
# အတွေးအမြင်စာစုများ


ဦးရွှေအောင်

မဟာဝိဇ္ဇာ (သက္ကတ)

ဝင့်သကာ နှင့် သိရောမဏိ



တစ်ပြည်လုံးဖြန့်ချိရေး

**ရာပြည့်စာအုပ်တိုက်**

အမှတ် ၃၈၊ ၁၀၉ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။

ဖုန်း။ ၀၁၊ ၂၉၆၆၇၁(အိမ်)၊ ၂၅၂၇၉၈(ဆိုင်)

| | |
|---|---|
| ခွင့်ပြုချက်အမှတ် | စာမူ [ ၄၃၈ / ၂၀၀၀ (၆) ]<br>အဖုံး [ ၄၃၂ /၂၀၀၀ (၇) ] |
| စိစစ်ထုတ်လုပ်မှု | သန်းဆွေ(ဇရာထွန်း)နှင့် ဇေလတ် |
| ပုံနှိပ်ခြင်း | ပထမအကြိမ် – (၁၉၉၄)ဒီပါစိုးစာပေတိုက်<br>ဒုတိယအကြိမ်– (၂၀၀၀)ပညာ့ရိပ်မွန်စာပေ |
| ထုတ်ဝေခြင်း | ( ၁၊ စက်တင်ဘာ၊ ၂၀၀၀ )<br>အုပ်ရေ [၁၀၀၀] |
| မျက်နှာဖုံးနှင့်<br>အတွင်းစာသားပုံနှိပ်သူ | ဒေါ်ခင်အေးမြင့် [၀၅၉၀၁]၊<br>ရာပြည့်အော့ဖ်ဆက်<br>အမှတ် ၁၉၉၊ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်၊<br>ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ဦးလှကြိုင် [၀၂၃၃]၊ လောကစာပေ<br>အမှတ် ၃၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊<br>ရန်ကုန်မြို့။ |
| အတွင်းဖလင် | အေဇက် |
| စာအုပ်ချုပ် | ကိုမြင့် |
| မျက်နှာဖုံး ပန်းချီ | မြင့်မောင်ကျော် |
| တန်ဖိုး | 1050 |



သုတေသနစာကြည့်တိုက်

## မာတိကာ


– ဆရာကြီး ဦးရွှေအောင်၏ ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိအကျဉ်း ၇

– ဆရာကြီး ဦးရွှေအောင်၏ နိဒါန်း ၁၀

၁။ အမြင်များပြောင်းလဲခြင်း ၁၉

၂။ အညတရများအပေါ် ကြည်ညိုတတ်ခြင်း ၂၆

၃။ ဓမ္မအပေါ် သစ္စာဖောက်မှုကြီး ၃၃

၄။ ကိုယ်ကျင့်သိက္ခာ ဖြူစင်ခြင်း ၄၀

၅။ ဘဝအမြင် နှစ်မျိုး ၄၈

၆။ တူရှုနှစ်ဖက် သို့မဟုတ် အတ္တနှင့်အနတ္တ ၅၅

၇။ လူ့ဘဝ ၆၅

၈။ သံသရာဓာတ်ဆောင် ၇၂

၉။ အမျိုးဘာသာ သာသနာ ၇၉

၁၀။ အမျိုးဘာသာ သာသနာ (၂) ၉၁

၁၁။ ရတနာသုံးပါးကို ဆည်းကပ်ခြင်း ၉၉

၁၂။ သံဃာ့ကျေးဇူး ၁၀၈

၁၃။ သံဃာ့ကျေးဇူး (၂) ၁၁၄

၁၄။ သံဃာ့ကျေးဇူး (၃) ၁၂၁

၁၅။ သံဃာ့ကျေးဇူး (၄) ၁၂၇

၁၆။ မြန်မာနိုင်ငံနှင့် တန္တရဝါဒ ၁၃၃

၁၇။ မစ္ဆိမ ပဋိပဒါ ၁၄၂

၁၈။ သမုဒယသစ္စာ ၁၅၀

၁၉။ ကာမဂုဏ် ၁၆၀

၂၀။ ဗုဒ္ဓအဘိဓမ္မာနှင့် သိပ္ပံပညာ ၁၆၉

၂၁။ မြန်မာနိုင်ငံသား ၁၈၀

၂၂။ ရှေးခေတ်ပုဂံပြည် ၁၉၁

၂၃။ ဘဝဆန္ဒ ၂၀၂

၂၄။ ဘဝအကျိုးပေးများ ၂၀၉

# ဦးရွှေအောင်၏ အတ္ထုပ္ပတ္တိအကျဉ်း
## (ကိုယ်တိုင်ရေး)

ဦးရွှေအောင် ကို ၁၉၂၈ ခု ဇွန်လ ၇ ရက်နေ့တွင် ပဲခူးတိုင်း ကဝမြို့နယ် ဖလေးရွာ၌ ဦးစု၊ ဒေါ်အုန်းရှင် တို့က ဖွားမြင်သည်။ မွေးချင်း ၅ ယောက်တို့တွင် အကြီးဆုံးဖြစ်သည်။ မွေးချင်း ၅ ယောက်တို့တွင် ယောကျ်ား ၂ ယောက်နှင့် မိန်းမ ၃ ယောက် ပါဝင်သည်။

မိဘများမှာ လယ်သမားများ ဖြစ်ကြပြီး၊ ဦးရွှေအောင် ငယ်စဉ်ကပင် နှစ်ဦးလုံး ကွယ်လွန်ကြသည်။ အဘိုး အဘွားများနှင့် အတူ နေရသည်။

၇ နှစ်သား အရွယ်တွင် ဖလေးရွာလယ်ကျောင်း၌ စာပေများကို စတင် သင်ယူသည်။ ၁၃ နှစ်အရွယ်တွင် ရှင်သာမဏေဝတ်၍ ပိဋက စာပေများကို ဆက်လက်သင်ယူသည်။ ၁၈ နှစ် အရွယ်တွင် ပဲခူးမြို့ မဟာဝိသုတာရာမကျောင်းသို့ ပြောင်းရွှေ့၍ ပညာသင်ယူသည်။ အသက် ၂၀ အရွယ်တွင် မဟာဝိသုတာရာမကျောင်း၌ပင် ရဟန်းဖြစ်သည်။

ရဟန်းဖြစ်သောအခါ ရန်ကုန်မြို့ မင်းမနိုင်ကွက်သစ် သိပ္ပမဋ္ဌုကျောင်း၊ အလုံ အောင်မင်္ဂလာတိုက်သစ်၊ ဗဟန်း ညောင်တုန်းကျောင်းတိုက်၊ မန္တလေးမြို့ တောင်ပြင်ဘုရားကြီးတိုက် ဆရာတော် ဦးကြွယ် ကျောင်းတို့၌ ပညာဆက်လက် သင်ယူသည်။

၁၉၅၃ ခုနှစ်တွင် စေတိယင်္ဂဏဓမ္မာစရိယ၊ သကျသီဟ ဓမ္မာစရိယ (ဝင့်သကာ)၊ အစိုးရ ဓမ္မာစရိယ (သိရောမဏိ)ဘွဲ့တို့ကို ရရှိသည်။ ၁၉၅၄ ခုနှစ်တွင် ဆရာတော် ဦးကြွယ် ကျောင်း၌ စာပေများကို ပို့ချသည်။

၁၉၅၅ ခုနှစ်တွင် ရန်ကုန်မြို့ အိမ်တော်ရာ မမ္မရုံသီကျောင်း၌ စာပေများကို ပို့ချရင်း အင်္ဂလိပ်စာကို သင်ယူရာ ၁၉၅၆ ခုနှစ်တွင် တက္ကသိုလ် ဝင်တန်းကို အောင်မြင်သည်။ ၁၉၅၈ ခုနှစ်တွင် ဥပစာ အထက်တန်းကို အောင်မြင်သည်။

၁၉၅၉ ခုနှစ်တွင် ဆရာဘုန်းကြီး ပျံလွန်တော်မူသဖြင့် ဖလေး ရွာ လယ်ကျောင်း၌ ကျောင်းထိုင်သည်။ ထို့နောက် ပဲခူးမြို့ မဟာဝိသုတာ ရာမကျောင်း၌ ကျောင်းထိုင်သည်။ ထိုနှစ် မဟာဝိသုတာရာမကျောင်း၌ ဝါဆိုသည်။

၁၉၆၀ ခုနှစ်တွင် ရဟန်းဘဝမှ လူထွက်၍ အစိုးရ ဝန်ထမ်းအဖြစ် ပြည်သူ့ထောက်ပံ့ရေး အုပ်ချုပ်မှုအဖွဲ့၌ အလုပ်လုပ်သည်။ အလုပ်လုပ်ရင်း သက်ကြီးတက္ကသိုလ်သို့ တက်ရောက်သင်ကြားပြီး စာမေးပွဲ ဖြေရာ ၁၉၆၅ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ကို ရသည်။ ဝိဇ္ဇာဘွဲ့အတွက် သင်ယူခဲ့သော ဘာသာတွဲ မှာ ရိုးရိုးသင်္ချာ(Pure maths)၊ အသုံးချသင်္ချာ (Applied maths) နှင့် မြန်မာဝေါဟာရနှင့်စာပေ (Myanmar Language and Literature)တို့ ဖြစ်သည်။

၁၉၆၂ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရန်ကုန်တိုင်း ကြည့်မြင်တိုင် မြို့နယ် သရက်တောရပ်ကွက် (၂)လမ်းနေ ဦးမောင်ဝင်း၊ ဒေါ်နိုင်တို့၏ သမီး ဒေါ်ခင်စိန်နှင့် လက်ထပ်ခဲ့သည်။ သား နှစ်ယောက် ထွန်းကားသည်။

၁၉၆၈ ခုနှစ်တွင် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့သို့ ပြောင်း၍ အမှုထမ်း သည်။ ၁၉၇၀ ပြည့်နှစ်တွင် ကိုလံဘိုစီမံကိန်း ပညာတော်သင်အဖြစ် အိန္ဒိယ ပြည် ဘုံဘေတက္ကသိုလ်သို့ သွားရောက် ပညာသင်ယူရာ၊ ထိုတက္ကသိုလ်မှ မဟာဝိဇ္ဇာ (သက္ကတ) [ M.A (Sanskrit) ] ဘွဲ့ကို ရရှိခဲ့သည်။

ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာန တွင် ဆက်လက် အမှုထမ်းခဲ့သည်။ ရန်ကုန်တက္ကသိုလ် ဒဿနိကဗေဒဌာန တွင် ပြင်ပစာစစ်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ၁၉၈၈ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် သာသနာရေးဦးစီးဌာန တွဲဖက် ညွှန်ကြားရေးမှူးအဖြစ်မှ

အငြိမ်းစားယူခဲ့သည်။ ၁၉၉၃ ခုနှစ် ဇွန်လ ၁ ရက်နေ့မှ စ၍ သာသနာရေး ဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်အဖြစ် ဆောင်ရွက်လျက် ရှိသည်။

အချိန်ရသလို စာပေများကို ရေးသားပြုစုခဲ့ပါသည်။

စာအုပ်အဖြစ်သို့ ရောက်ပြီး စာပေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ရသစာပေ၏ ရသ

(၂) အတ္တဝါဒမှ အနတ္တဝါဒသို့ ခရီးစဉ်

(၃) သိဒ္ဓန္တ ကောမုဒီ (ပ)

(၄) ဓမ္မပဒ (ယမကဝဂ်နှင့် ထေရဝါဒအုတ်မြစ်)

(၅) ဗုဒ္ဓ (သို့မဟုတ် ) အနိုင်းမဲ့

စာအုပ်အဖြစ်သို့ မရောက်သေးသော စာပေများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

(၁) သိဒ္ဓန္တ ကောမုဒီ (တ)

(၂) ဓမ္မပဒ (အပ္ပမာဒဝဂ်၊ စိတ္တဝဂ်၊ ပုပ္ဖဝဂ်)*

(၃) စာဖတ်သူများ*

(၄) ချမ်းသာကို ရှာဖွေခြင်း*

(၅) ဘဝအမြင်သစ်*

ထိုအပြင် ဘာသာရေး မဂ္ဂဇင်းများ၌လည်း အခါအားလျော်စွာ ဆောင်းပါးများကို ရေးသားလျက် ရှိပါသည်။

ယခု ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် သရက်တော ရပ်ကွက် (၂) လမ်း အိမ်အမှတ် ၁၀၂ တွင် ဇနီး ဒေါ်ခင်စိန်နှင့်အတူ နေထိုင်လျက် ရှိပါသည်။**

ရွှေအောင်

၂၇-၁၁-၉၃

---

* ယခုအခါ စာအုပ်အဖြစ် ထုတ်ဝေပြီး ဖြစ်ပါသည်။

** ဆရာကြီးဦးရွှေအောင်သည် ၂၂ ဒီဇင်ဘာ ၁၉၉၄ တွင် ကွယ်လွန်သည်။

# နိဒါန်း

သစ္စာသည် နှစ်မျိုးရှိ၏။ တစ်မျိုးသော သစ္စာမှာ ကာလမရွေး၊ ဒေသမရွေး မှန်သော သစ္စာ ဖြစ်၏။ အခြားတစ်မျိုးသော သစ္စာမှာ ကာလအလိုက်၊ ဒေသအလိုက် မှန်သောသစ္စာ ဖြစ်၏။

ကာလမရွေး၊ ဒေသမရွေး မှန်သောသစ္စာကို ပါဠိဝေါဟာရအားဖြင့် ကာလဝိမုတ္တိ၊ ဒေသဝိမုတ္တိ သစ္စာဟူ၍ ခေါ်၏။ ကာလအလိုက်၊ ဒေသအလိုက် မှန်သောသစ္စာကို ကာလာနုဂတ ဒေသာနုဂတ သစ္စာဟူ၍ ခေါ်၏။

ကာလမရွေး၊ ဒေသမရွေး မှန်သောသစ္စာသည် အနှစ်သာရသဘော ရှိ၏။ ကာလအလိုက်၊ ဒေသအလိုက် မှန်သောသစ္စာသည် အသွင်သဏ္ဍာန် သဘော ရှိ၏။ လောက၌ မရမ်းပင်၊ ပိန္နဲပင် စသည်များသည် အသွင်သဏ္ဍာန်အားဖြင့်သာ အချင်းချင်း ခြားနားသော်လည်း အနှစ်သာရအားဖြင့်မူ အဌကလာပ်ရုပ်ချည်းသာ ဖြစ်သောကြောင့် အချင်းချင်း မခြားနား။ ကာလ မရွေး၊ ဒေသမရွေး မှန်သောသစ္စာနှင့် ကာလအလိုက်၊ ဒေသအလိုက် မှန် သော သစ္စာတို့၏ ဆက်သွယ်မှုသည်လည်း အနှစ်သာရနှင့် အသွင်သဏ္ဍာန် တို့၏ သဘောအရ ဤဥပမာအတိုင်းပင် ဖြစ်ကြ၏။

ထေရဝါဒသည် ကာလမရွေး၊ ဒေသမရွေး မှန်သောသစ္စာ ဖြစ်၏။ ဂဂ်ါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော မြတ်စွာဘုရား အဆူဆူတို့၏

သာသနာသည်လည်း ထေရဝါဒပင် ဖြစ်၏။ ဂေါတမ မြတ်စွာဘုရား၏ သာသနာသည်လည်း ထေရဝါဒပင် ဖြစ်၏။ ထို့ကြောင့် ထေရဝါဒကို **'သနန္တန'**ဟူ၍ ဆို၏။ 'သနန္တန'၏ အနက်မှာ **ကမ္ဘာအစဉ်အဆက် မဖောက်မပြန် မှန်ကန်စွာ တည်ရှိသောတရား** ဟူ၍ ဖြစ်၏။

လူတို့သည် ကာလအတွင်း၊ ဒေသအတွင်း၌ အသက်ရှင် လှုပ်ရှားသူများ ဖြစ်ကြ၏။ ကာလဆိုသည်မှာလည်း အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အားဖြင့် များစွာပင် ရှိ၏။ ဒေသဆိုသည်မှာလည်း သူ့တိုင်းပြည်၊ သူ့နိုင်ငံ၊ သူ့ဒေသနှင့် ကိုယ့်တိုင်းပြည်၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ဒေသအားဖြင့် များစွာပင် ရှိ၏။ ထို့ကြောင့် ကာလမရွေး၊ ဒေသမရွေး မှန်သောသစ္စာကို ကာလအလိုက်၊ ဒေသအလိုက် မှန်သောသစ္စာ အဖြစ်သို့ ပြောင်းလဲရန် လို၏။ ထိုသို့ ပြောင်းလဲနိုင်မှသာ သစ္စာ၏ သဘောကို နားလည်နိုင်မည် ဖြစ်၏။ ထိုသို့ ပြောင်းလဲလိုက်သောအခါ သစ္စာသည် အသွင်သဏ္ဌာန်အားဖြင့် ခြားနားမည် ဖြစ်သော်လည်း၊ အနှစ်သာရအားဖြင့်မူ ခြားနားခြင်း မရှိ။

မြတ်စွာဘုရားသည် 'သနန္တန' ဖြစ်သော ထေရဝါဒကို သူ့ခေတ် သူ့အခါအရ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော် ကာလက ဟောကြားတော်မူခဲ့၏။ ကာလမရွေး၊ ဒေသမရွေး မှန်သောသစ္စာကို ထိုခေတ် ထိုဒေသက လူများ နားလည်အောင် ကာလအလိုက်၊ ဒေသအလိုက် မှန်သော သစ္စာအဖြစ်သို့ ပြောင်းလဲ၍ ဟောကြားတော်မူခဲ့ခြင်း ဖြစ်၏။ ထိုသို့ ဟော ကြားပါမှလည်း ထိုခေတ် ထိုဒေသက လူများ နားလည်မည် ဖြစ်၏။

အဋ္ဌကထာ ဆရာများ ခေတ်သို့ ရောက်ပြန်သောအခါ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ပါဠိတော်များကို အဋ္ဌကထာခေတ်၊ အဋ္ဌကထာ ဒေသက လူတို့ နားမလည်ကြ။ ထို့ကြောင့် အဋ္ဌကထာခေတ်၊ အဋ္ဌကထာ ဒေသက လူတို့ နားလည်နိုင်စိမ့်သောငှာ အဋ္ဌကထာ ဆရာများက ပါဠိတော်၏ အဖွင့်များကို ပြုစုကြရပြန်၏။ ဤသည်မှာ မလွှဲမရှောင်သာ ပြုရသော နိယာမ ဖြစ်ပါ၏။ ဤနိယာမအရ ပြုစုရသော ပါဠိတော်၏ အဖွင့်နှင့်

ပါဠိတော်များသည် အသွင်သဏ္ဌာန်အားဖြင့် ခြားနားသော်လည်း အနှစ်သာရအားဖြင့်မူ မခြားနား။ အတူတူပင် ဖြစ်လေသည်။

မြန်မာနိုင်ငံသို့ ထေရဝါဒ ရောက်ရှိလာသောအခါ မြန်မာ့ခေတ်နှင့် မြန်မာ့ဒေသက လူတို့ နားလည်လာအောင်၊ ထေရဝါဒကို မြန်မာစရိုက်နှင့် မြန်မာဉာဉ်ဖြစ်အောင် အားထုတ်ရ၏။ အမှန်အားဖြင့် ပါဠိတော်ခေတ်နှင့် ပါဠိတော်ဒေသသည် လည်းကောင်း၊ အဋ္ဌကထာခေတ်နှင့် အဋ္ဌကထာဒေသသည် လည်းကောင်း မြန်မာခေတ်နှင့် မြန်မာဒေသတို့နှင့် အသွင်သဏ္ဌာန်အားဖြင့် မတူကြ။ ခေတ်ချင်း ဒေသချင်း ခြားနား၏။ သို့ရာတွင် အနှစ်သာရအားဖြင့်မူ တူကြပါ၏။ ထို့ကြောင့် မရမ်းပင်နှင့် ပိန္နဲပင်ကို နှိုင်းယှဉ်လေ့လာသောအခါ မတူသည်ကိုလည်း မြင်အောင် ကြည့်ရ၏။ မတူသည်ကား အသွင်သဏ္ဌာန်အားဖြင့် မတူခြင်းတည်း။ တူသည်ကိုလည်း မြင်အောင် ကြည့်ရ၏။ တူသည်ကား အနှစ်သာရအားဖြင့် တူခြင်းတည်း။ အနှစ်သာရဆိုသည်ကား အဋ္ဌကလာပ်ရုပ်ချင်း တူသည့်သဘော ဖြစ်၏။

ဤဆောင်းပါးများတွင် ဖော်ပြထားသော အနှစ်သာရ၊ ပါဠိတော်တွင် ဖော်ပြထားသော အနှစ်သာရနှင့် အဋ္ဌကထာများတွင် ဖော်ပြထားသော အနှစ်သာရများသည် အားလုံး အတူတူပင် ဖြစ်ကြ၏။ ယင်း အနှစ်သာရကား နိဗ္ဗာန်သို့ ဦးတည်ရေးပင် ဖြစ်၏။

နိဗ္ဗာန်၏ အနက်မှာ **'ဝါနတော နိက္ခန္တံ'**အရ **တဏှာမှ လွတ်မြောက်အောင် အားထုတ်မှုပင်** ဖြစ်၏။ ထို့ကြောင့် တဏှာမှ နည်းနည်း လွတ်မြောက်အောင် အားထုတ်နိုင်လျှင် နည်းနည်း နိဗ္ဗာန်ကို ရ၏။ များများ လွတ်မြောက်အောင် အားထုတ်နိုင်လျှင် များများ နိဗ္ဗာန်ကို့ ရ၏။ အကြွင်းမဲ့ လွတ်မြောက်အောင် အားထုတ်နိုင်လျှင် အကြွင်းမဲ့ နိဗ္ဗာန်ကို ရ၏။ နည်းနည်း နိဗ္ဗာန်ကို ရခြင်းသည် တဒင်္ဂပဟာန် မည်၏။ များများ နိဗ္ဗာန်ကို ရခြင်းသည် ဝိက္ခမ္ဘနပဟာန် မည်၏။ အကြွင်းမဲ့နိဗ္ဗာန်ကို ရခြင်းသည် သမုစ္ဆေဒပဟာန်

မည်၏။ ထိုကြောင့် တဏှာမှ လွတ်မြောက်အောင် အားထုတ်ခြင်းသည် အရဟတ္တမဂ်ဉာဏ်ကို ရခြင်း၏ အကြောင်းဖြစ်၏။ သို့ဖြစ်၍ ထေရဝါဒ ရှုထောင့်မှ ကြည့်လျှင် တဏှာမှ လွတ်မြောက်အောင် အားထုတ်မှုသည် အလွန်ပင် ကြီးမားသော အားထုတ်မှု ဖြစ်ပါ၏။

တဏှာမှ လွတ်မြောက်အောင် အားထုတ်ရာ၌ ကံကို ပြုတတ်ဖို့ အရေးကြီး၏။ အမှန်အားဖြင့် လူတို့သည် ခဏမလပ် ကံကို ပြုနေကြသည်ပင် ဖြစ်၏။ လူတို့ပြုသော ကံသည် ကာယကံ ဖြစ်ချင်လည်း ဖြစ်မည် ဖြစ်၏။ ဝစီကံ ဖြစ်ချင်လည်း ဖြစ်မည် မည်၏။ မနောကံ ဖြစ်ချင်လည်း ဖြစ်မည် ဖြစ်၏။ ကံကိုကား တစ်မျိုးမဟုတ် တစ်မျိုးတော့ ပြုနေကြသည်သာ ဖြစ်၏။ လောကတွင် ဒုစရိုက်နှင့် သုစရိုက်ဟူ၍ နှစ်မျိုးသာ ရှိလေရာ ထိုနှစ်မျိုးအနက် တစ်မျိုးမဟုတ် တစ်မျိုးကိုတော့ မုချမသွေ ပြုနေသည်သာ ဖြစ်လေ၏။

တဏှာမှ လွတ်မြောက်အောင် အားထုတ်ရာ၌ ဒုစရိုက် မပြုဘဲ သုစရိုက်ကို ပြုဖို့တော့ လို၏။ သုစရိုက်ကို ပြုရာ၌ ဒါနသဘောလည်း ပါရ၏။ သီလသဘောလည်း ပါရ၏။ ဘာဝနာ သဘောလည်း ပါရ၏။ ဒါနကို ဒါန သတ်သတ်၊ သီလကို သီလ သတ်သတ်၊ ဘာဝနာကို ဘာဝနာ သတ်သတ် ပြုရသည် မဟုတ်။ အမှန်အားဖြင့် ဒါန သီလ ဘာဝနာတို့သည် တစ်သားတည်းဖြစ်မှ အားရှိ၏။ အားရှိခြင်းကို '**နိရဝယဝ**'ဟု ခေါ်၏။ 'နိရဝယဝ'၏ အနက်မှာ **အစိတ်စိတ်ဟူ၍ မရှိဘဲ တစ်သားတည်း ဖြစ်ခြင်း**ပင် ဖြစ်၏။ အစိတ်စိတ်တို့ကို စုပေါင်းရာ၌ တစ်သားတည်း ဖြစ်သွားအောင် စုပေါင်းနည်းလည်း ရှိ၏။ အစိတ်စိတ် အတိုင်းသာ ရှိနေအောင် စုပေါင်းနည်းလည်း ရှိ၏။ တစ်သားတည်း ဖြစ်သွားအောင် စုပေါင်းနည်းကို 'သမဝါယသမ္ဗန္ဓ'ဟု ခေါ်၏။ အစိတ်စိတ်အတိုင်း ရှိနေပြီး ရောနှောရုံမျှ စုပေါင်းနည်းကို 'သံယောဂသမ္ဗန္ဓ' ဟု ခေါ်၏။ အမှန်အားဖြင့် တစ်သားတည်းဖြစ်သွားအောင် စုပေါင်းထားသော 'သမဝါယသမ္ဗန္ဓ' နည်းဖြင့်

စုပေါင်းနိုင်မှသာ 'နိရဝဇ္ဇ' ကို ရပါ၏။ ထို့ကြောင့် ဒါန သီလ ဘာဝနာ တို့ကို 'နိရဝဇ္ဇ' ဖြစ်အောင် စုပေါင်းအပ်ပါ၏။

ကာယသုစရိုက်အရ သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရာ၌ သူတစ်ပါးအသက်ကို မသတ်ဘဲ လွတ်လိုက်ခြင်းသည် ဒါန သဘောပင် ဖြစ်၏။ သူတစ်ပါးအသက်ကို မသတ်ဘဲ ရှောင်ကြဉ်ခြင်းသည် သီလ သဘောပင် ဖြစ်၏။ သူတစ်ပါးအပေါ် ချစ်ခင်ကြင်နာခြင်းသည် မေတ္တာဘာဝနာ ဖြစ်၏။ အနိစ္စသညာကို ယူခြင်းသည် ဝိပဿနာဘာဝနာ ဖြစ်၏။ အမှန်အားဖြင့် သုစရိုက်တရားများသည် မိမိဘက်ကို အာရုံပြုလျှင် အတ္တဟိတ သဘော သက်ရောက်၏။ ကျူးလွန်ရမည့် သူတစ်ပါးဘက်ကို အာရုံပြုလျှင် ပရဟိတသဘော သက်ရောက်၏။ ဒါနနှင့် ဘာဝနာသည် ပရဟိတနှင့် ဆိုင်၏။ သီလသည် အတ္တဟိတနှင့် ဆိုင်၏။ ထို့ကြောင့် သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရာ၌ ဒါနသဘောလည်း ပါအောင် စိတ်ကို ထားရ၏။ သီလသဘောလည်း ပါအောင် စိတ်ကို ထားရ၏။ ဘာဝနာ သဘောလည်း ပါအောင် စိတ်ကို ထားရ၏။ လောကတွင် ကိုယ်ကျိုး စီးပွားကိုချည်း ကြည့်ခြင်းသည် သူမြတ်တို့၏ လုပ်ငန်း မဟုတ်။ သူတစ်ပါး၏ အကျိုးစီးပွားကို ကြည့်ခြင်းသည်သာ သူမြတ်တို့၏ လုပ်ငန်း ဖြစ်၏။ သူမြတ်တို့၏ လုပ်ငန်း မဟုတ်လျှင် ပါရမီ မဖြစ်။ သူမြတ်တို့၏ လုပ်ငန်း ဖြစ်ပါမှ ပါရမီ ဖြစ်၏။ ပါရမီ မဖြစ်လျှင်လည်း ထေရဝါဒနှင့် မညီ။ ဗြဟ္မဏဝါဒသာ ဖြစ်တော့၏။

ဗြဟ္မဏဝါဒကလည်း ကံနှင့် ကံ၏ အကျိုးကို သက်ဝင် ယုံကြည်သည်ပင် ဖြစ်၏။ ထေရဝါဒကလည်း ကံနှင့် ကံ၏ အကျိုးကို သက်ဝင် ယုံကြည်သည်ပင် ဖြစ်၏။ သို့ရာတွင် ဗြဟ္မဏဝါဒက အတ္တဟိတကို ရှေးရှုကာ သံသရာချမ်းသာကို ဦးစားပေး၏။ ထေရဝါဒက ပရဟိတကို ရှေးရှုကာ သံသရာလွန်ချမ်းသာကို ဦးစားပေး၏။ ဤသို့ ခြားနား၏။ ဤခြားနားချက်ကား နှယ်နှယ်ရရ မဟုတ်။ ကြီးကျယ်သော ခြားနားချက် ဖြစ်၏။

သို့ဖြစ်လေရာ မိမိ၏ ပစ္စုပ္ပန်၊ တမလွန် ကောင်းကျိုးကိုသာ ရည်စူး ပြီး ဘုရားကိုပဲ တည်တည်၊ ကျောင်းကိုပဲ ဆောက်ဆောက် ထိုသို့ ဘုရားတည် ခြင်းနှင့် ကျောင်းဆောက်ခြင်းသည် ဗြဟ္မဏဝါဒ အရ ဘုရားတည်ခြင်းနှင့် ကျောင်းဆောက်ခြင်းသာ ဖြစ်၏။ ထေရဝါဒအရ ဘုရားတည်ခြင်းနှင့် ကျောင်းဆောက်ခြင်း မဟုတ်။ ယနေ့ မြန်မာနိုင်ငံ၌ ဗြဟ္မဏဝါဒကို ထေရ ဝါဒ အဖြစ် လွဲမှားစွာ ယူနေကြသူ များစွာ ရှိပါ၏။

ကာယသုစရိုက် အဒိန္နာဒါနကို စောင့်ထိန်းရာ၌ လည်းကောင်း၊ အခြားသော သုစရိုက်မှုများကို ပြုကျင့်ရာ၌ လည်းကောင်း ဒါနသဘော ကိုလည်း ပါအောင် အားထုတ်ရ၏။ သီလသဘောကိုလည်း ပါအောင် အားထုတ်ရ၏။ ဘာဝနာသဘောကိုလည်း ပါအောင် အားထုတ်ရ၏။ ပါအောင် အားထုတ်ခြင်းဆိုသည်မှာ တစ်သားတည်း အနေဖြင့် ပါအောင် အားထုတ်ခြင်းကို ဆိုပါ၏။ အရောအနေဖြင့် ပါအောင် အားထုတ်ခြင်းကို ဆိုသည် မဟုတ်ပါ။ တစ်သားတည်းဖြစ်မှ အားသစ်ပေါ်၏။ တစ်သားတည်း မဖြစ်ဘဲ ရောနှောထားရုံမျှနှင့်တော့ အားသစ်က မပေါ်။

ဒါနကိုပဲ ဖြစ်ဖြစ်၊ သီလကိုပဲ ဖြစ်ဖြစ်၊ ဘာဝနာကိုပဲ ဖြစ်ဖြစ် ပြုလုပ် ရာ၌ အတ္တဟိတကို ငြမ်းအဖြစ် ခံယူပြီး ပရဟိတကို ထီးအဖြစ် ခံယူရ၏။ ငြမ်းမရှိဘဲ ထီးတင်၍ မရသလို အတ္တဟိတ မပါဘဲ ပရဟိတကို ဆောင်ရွက် ၍ မရကောင်း။ ထို့ကြောင့် အတ္တဟိတ သက်သက်သည်လည်း အစွန်းရောက် အကျင့်ပင် ဖြစ်၏။ ပရဟိတ သက်သက်သည်လည်း အစွန်းရောက် အကျင့် ပင် ဖြစ်၏။ အတ္တဟိတလည်း ပါမှ၊ ပရဟိတလည်း ပါမှ မဇ္ဈိမပဋိပဒါ ကျသော အကျင့်ဖြစ်လေ၏။ အမှန်အားဖြင့် ဗြဟ္မဏဝါဒသည်လည်း အတ္တ ဟိတ သက်သက်ကျင့်သော ဝါဒဖြစ်၏။ မဟာယာနဝါဒသည်လည်း ပရဟိတ သက်သက်ကျင့်သော ဝါဒဖြစ်၏။ ထေရဝါဒသည်သာလျှင် အတ္တ ဟိတကို ငြမ်းအဖြစ်ထားပြီး ပရဟိတကို ထီးအဖြစ် ထားသော မဇ္ဈိမပဋိပဒါ ကျကျ ကျင့်သောဝါဒ ဖြစ်ပါ၏။

အဘိဓမ္မာသဘောအရ ဆိုရလျှင် လောက၌ မည်သည့် ကုသိုလ်ကောင်းမှုကို လုပ်သည်ဖြစ်စေ တိဟိတ်ကုသိုလ်ဖြစ်အောင် လုပ်ရ၏။ ထိုကုသိုလ် ကောင်းမှုသည် ဒါနကုသိုလ် ဖြစ်ချင်လည်း ဖြစ်မည်။ သီလကုသိုလ်ဖြစ်ချင်လည်း ဖြစ်မည်။ ဘာဝနာကုသိုလ် ဖြစ်ချင်လည်း ဖြစ်မည်။ မည်သည့် ကုသိုလ်ဖြစ်ဖြစ် တိဟိတ်ကုသိုလ် ဖြစ်အောင်တော့ လုပ်ရ၏။

တိဟိတ်ကုသိုလ် ဖြစ်ပါမှ အလောဘ ပါမည် ဖြစ်၏။ အလောဘ ပါလျှင် ဘာကိုမျှ မမျှော်ကိုးဘဲ စွန့်လွှတ်ခြင်းသဘောကို ပါအောင် အားထုတ်ရ၏။ ဘာကိုမျှ မမျှော်ကိုးဘဲ စွန့်လွှတ်ခြင်း သဘောသည် ဒါနဖြစ်၏။ အဒေါသလည်း ပါမည်ဖြစ်၏။ အဒေါသ ပါလျှင် ပြစ်မှားခြင်း မရှိမှုနှင့် လောကအပေါ် ချစ်ခင်မှုသဘောကို ပါအောင် အားထုတ်ရ၏။ ပြစ်မှားခြင်း မရှိမှုသည် သီလဖြစ်၏။ လောကအပေါ် ချစ်ခင်မှုသည် မေတ္တာဘာဝနာဖြစ်၏။ အမောဟလည်း ပါမည် ဖြစ်၏။ အမောဟပါလျှင် အနိစ္စသညာကိုလည်း ရအောင် အားထုတ်ရ၏။ စွန့်လွှတ်မှုဒါနနှင့် ပြစ်မှားခြင်းမှ ရှောင်ကြဉ်မှု သီလတို့၌ ဂုဏ်ရှိ ဂုဏ်မဲ့ကို မရွေးဘဲ စွန့်လွှတ်ချင်၍ စွန့်လွှတ်ခြင်းနှင့် ပြစ်မှားခြင်းမှ ရှောင်ကြဉ်ချင်၍ ရှောင်ကြဉ်ခြင်းသည်သာ၊ တပ်မက်မှုတဏှာကင်းရာ နိဗ္ဗာန်သို့ ရောက်ခြင်း၏ အကြောင်းရင်းမှန် ဖြစ်သည်ဟု သိအောင်လည်း အားထုတ်ရ၏။ ဤသို့ အားထုတ်ပါက မည်သည့် ကုသိုလ်ကောင်းမှုကို လုပ်လုပ် ဒါန၊ သီလနှင့် ဘာဝနာတို့သည် တစ်ပြိုင်နက်တည်း ပါဝင်လာမည် ဖြစ်၏။ ပါဝင်သည် ဆိုရာ၌လည်း အရောအနှောအနေဖြင့် ပါဝင်ခြင်းမျိုး မဟုတ်ဘဲ တစ်သားတည်း အနေဖြင့် ပါဝင်လာမည် ဖြစ်လေ၏။ ဤသို့ ဖြစ်ပါမှလည်း ထေရဝါဒနှင့် ညီမည် ဖြစ်၏။ သို့မဟုတ်ပါက ထေရဝါဒနှင့် မညီလေ။

နောက်တစ်ခု အရေးကြီးသော အချက်တစ်ချက် ရှိသေး၏။ ယင်းအချက်မှာ စွန့်လွှတ်မှုနှင့် ပတ်သက်သော အချက်ဖြစ်၏။ စွန့်လွှတ်ရာတွင် အလှူခံပုဂ္ဂိုလ်များကို ရွေးတတ်ကြ၏။ အလှူခံ ပုဂ္ဂိုလ်များကို ရွေးချယ်

ခြင်းမှာ ဝဋ္ဋနိဿိတကုသိုလ် သဘောမျိုး သက်ရောက်၏။ အမှန်အားဖြင့် ဝဋ္ဋနိဿိတကုသိုလ် ဟူသည်မှာ မြတ်စွာဘုရား ပွင့်ထွန်းပေါ်ပေါက်လာမှ ဖြစ်ပေါ်လာသော ကုသိုလ်မျိုး မဟုတ်။ ကမ္ဘာအစဉ်အဆက်ကပင် ရှိနေသော ကုသိုလ်မျိုး ဖြစ်၏။ မြတ်စွာဘုရား ပွင့်ထွန်းပေါ်ပေါက်လာမှ ဖြစ်ပေါ်လာသော ကုသိုလ်သည်ကား ဝိဝဋ္ဋနိဿိတ ကုသိုလ်မျိုးသာ ဖြစ်၏။ ဝိဝဋ္ဋနိဿိတ ကုသိုလ်ပြုရာ၌ အလှူခံပုဂ္ဂိုလ်များကို ရွေးချယ်ရန် မလိုပါချေ။ ဂုဏ်ရှိ ဂုဏ်မဲ့ကို ကြည့်ရန်လည်း မလိုပါချေ။ အလှူခံပုဂ္ဂိုလ်အတွက် အသုံးတည့်ဖို့သာ လိုအပ်ပါ၏။ စုဇကာလို ပုဂ္ဂိုလ်မျိုးပင် ဖြစ်စေဦးတော့ လှူတတ်ဖို့သာ အရေးကြီး၏။ ချို့တဲ့သူများအား သူတို့ အလိုရှိသော ပစ္စည်းကို ပေးလှူနိုင်ခြင်းသည် အမွန်မြတ်ဆုံးသော ဒါနဖြစ်၏။ ယင်းသို့ ပေးလှူတတ်ခြင်းကိုပင် ဥပါယကောသလ္လဉာဏ်ဟု ခေါ်၏။ ထို့ကြောင့် ထေရဝါဒနှင့်အညီ ဝိဝဋ္ဋနိဿိတ ကုသိုလ်သဘောအရ ဒါနကို ပြုလုပ်လိုပါက အယုတ် အလတ် အမြတ် မရွေးဘဲ၊ ဂုဏ်ရှိ ဂုဏ်မဲ့ကို မရွေးဘဲ တကယ်လိုအပ်နေသူများအား တကယ်လိုအပ်သော ပစ္စည်းကို ပေးလှူခြင်းပင် ဖြစ်၏။ ထိုကဲ့သို့ ပေးလှူမှသာ နိဗ္ဗာန်ကို ရက်တိုတိုနှင့် ရောက်နိုင်မည် ဖြစ်ပါ၏။ နိဗ္ဗာန်ကို မရောက်သေးမီ စပ်ကြား၌လည်း ဘဝသမ္ပတ္တိနှင့် ဘောဂသမ္ပတ္တိတို့ကို ထိပ်တန်းက ရရှိခံစားရမည် ဖြစ်၏။

ဤဆောင်းပါးများကို ရေးခြင်း၏ ရည်ရွယ်ချက်မှာ လူမှုဆက်ဆံရေး နယ်ပယ်၌ လူတို့သည် အချင်းချင်း မလွဲမသွေ ဆက်ဆံရမည် ဖြစ်လေရာ၊ ထိုသို့ ဆက်ဆံရာတွင် ကုသိုလ်သဘော ပါဝင်သော ဆက်ဆံမှုဖြင့် ဆက်ဆံတတ်အောင်၊ ဒါနမှု ၊ သီလမှု၊ ဘာဝနာမှုများကို ပြုလုပ်ရာ၌လည်း ထေရဝါဒနှင့်အညီ ပြုလုပ်တတ်အောင် တိုက်တွန်းရန် ဖြစ်ပါ၏။

ကုသိုလ်သဘော ပါဝင်သော ဆက်ဆံမှုဖြင့် ဆက်ဆံသည် ဖြစ်စေ၊ ထေရဝါဒနှင့်အညီ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုကို ပြုသည် ဖြစ်စေ၊ စွန့်လွှတ်မှု၊ မိမိသိက္ခာကို ထိန်းသိမ်းမှုနှင့် မေတ္တာထားမှု အနိစ္စသညာကို သိမြင်ဖို့ကို

မလွတ်တမ်း ပါဝင်အောင် အားထုတ်အပ်၏။ ထိုတွင် စွန့်လွှတ်မှုဟူသည် ဒါနပင် ဖြစ်၏။ တရားကိုယ်အားဖြင့် အလောဘ ဖြစ်၏။ မိမိ၏ သိက္ခာကို ထိန်းသိမ်းမှု ဟူသည် သီလပင် ဖြစ်၏။ မေတ္တာထားမှု ဟူသည် မေတ္တာ ဘာဝနာ ဖြစ်၏။ တရားကိုယ်အားဖြင့် နှစ်မျိုးလုံးအတွက် အဒေါသ ဖြစ်၏။ အနိစ္စသညာဟူသည် ဝိပဿနာ ဘာဝနာပင် ဖြစ်၏။ တရားကိုယ်အားဖြင့် အမောဟ ဖြစ်၏။ တိပိဋကသိုလ်မှန်လျှင် ဤသဘော သုံးမျိုးသည် မလွဲမသွေ ပါရ၏။ မလွဲမသွေ ပါသော်လည်း ထင်ရှားစွာ သိမြင်လာအောင် အသုံးပြုတတ်ဖို့တော့ လို၏။ ထင်ရှားစွာ အသုံးပြုတတ်လာအောင် ဤဆောင်းပါးများ၌ အားထုတ်ထားပါ၏။

အားထုတ်ထားသည့်အတိုင်း လူမှုဆက်ဆံရေး၌ ဖြစ်စေ၊ ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့၌ ဖြစ်စေ စွန့်လွှတ်နိုင်မှု၊ မိမိသိက္ခာကို မိမိထိန်းသိမ်းနိုင်မှုနှင့် လောကအပေါ် မေတ္တာထားနိုင်မှု အနိစ္စ သညာကို သိမြင်နိုင်မှုတို့ကို ကျင့်သုံးနိုင်အောင် ကြိုးပမ်းလိုစိတ် ဖြစ်ပေါ်လာလျှင် သော်လည်းကောင်း ဤဆောင်းပါးများကို ရေးရကျိုးနပ်ပြီဟု ယူဆမိမည် ဖြစ်ပါကြောင်း ဖော်ပြအပ်ပါ၏။

ရွှေအောင်

၂၀-၉-၉၄

# အမြင်များ ပြောင်းလဲခြင်း

အနုလောမ ပဋိစ္စသမုပ္ပာဒ် ဒေသနာတော်အရ လူတွင် နာမရူပ ပစ္စယာ သဠာယတနံ ဟူသည့်အတိုင်း နာမ်ရုပ်ကြောင့် အာယတန (၆)ပါး ဖြစ်ပေါ်လာရ၏။ အာယတန (၆)ပါးကို ဒွါရ (၆)ပါး ဟူ၍လည်း ဆို၏။ ဒွါရ (၆)ပါးရှိလျှင် အာရုံ (၆)ပါး ရှိလာမည် ဖြစ်၏။ ဒွါရ (၆)ပါးနှင့် အာရုံ (၆)ပါးတို့ တိုက်ဆိုင်မှုအရ မျက်စိသည် မြင်စရာကို မြင်တတ်၏။ နားသည် ကြားစရာကို ကြားတတ်၏။ နှာခေါင်းသည် နမ်းစရာကို နမ်းတတ်၏။ လျှာသည် စားစရာကို စားတတ်၏။ ကိုယ်သည် ထိတွေ့စရာကို ထိတွေ့တတ်၏။ စိတ်သည် သိစရာကို သိတတ်၏။

ဤသည်မှာ ဒွါရနှင့် အာရုံတို့၏ ကြောင်းကျိုးဆက်နွယ်မှု အရ မလွဲသာ မရှောင်သာ ဖြစ်ပေါ်လာရသည့် ထိုထိုသိစိတ်များ ဖြစ်ပါ၏။ ဤသို့ ဖြစ်ခြင်းမှာ ဓမ္မတာဖြစ်၏။ ဓမ္မတာအရပင် လူတို့သည် မြင်စရာကို မြင်၏။ ကြားစရာကို ကြား၏။ နမ်းစရာကို နမ်း၏။ စားစရာကို စား၏။ ထိတွေ့စရာကို ထိတွေ့၏။ သိစရာကို သိ၏။ အမှန်အားဖြင့် ကြီးမားသော အတိတ်ကံကြောင့် ဖြစ်ပေါ်လာသော ဒွါရများကို အသုံးမပြုတတ်သောအခါ လောကအာရုံများကြောင့် လူတို့သည် လောက၏ အန္တရာယ်ဖြစ်ပြီး သံသရာ၌ စုံးစုံးမြုပ်ကြ၏။ ထိုဒွါရများကို အသုံးပြုတတ်သော ထိုလောက အာရုံများ ကြောင့်ပင် လူတို့သည် လောက၏ မိတ်ဆွေဖြစ်ပြီး သံသရာမှ လွတ်မြောက်

ကြ၏။ ထိုသဘောကို ပြလို၍ အနုလောမ ပဋိစ္စသမုပ္ပာဒ် ဒေသနာကို ဟောတော်မူခြင်း ဖြစ်၏။ ဤသဘောမျိုးပင် အင်္ဂလိပ်စာဆို Words Worth က ဤသို့ ကဗျာဖွဲ့၏။

The eye cannot choose but see
We cannot bid the ear be still,
Our bodies feel where'er they be
Against or with our will.

သို့ဖြစ်လေရာ လူဟူသည် မိမိ၏ ပတ်ဝန်းကျင်၌ရှိသော မြင်စရာ၊ ကြားစရာ စသော အာရုံ (၆)ပါးတို့ကို မိမိ၏ ဆန္ဒရှိသည် ဖြစ်စေ၊ မရှိသည် ဖြစ်စေ မလွှဲသာ မရှောင်သာ တွေ့ကြုံကြရ၏။ ထိုသို့ တွေ့ကြုံကြရာ၌ အာရုံများဘက်က အတူတူပင် ဖြစ်၏။ သူက တွေ့လည်း ဒီအာရုံ (၆)ပါး၊ ငါက တွေ့လည်း ဒီအာရုံ (၆)ပါးပင် ဖြစ်၏။ အာရုံအနေဖြင့် ဘာမျှ ခြားနားသည် မဟုတ်၊ အတူတူပင် ဖြစ်၏။ သို့ရာတွင် အတူတူဖြစ်သော အာရုံများကို မြင်ရာ၌ကား တစ်ဦးနှင့်တစ်ဦး မတူ။ အမြင်ချင်း ခြားနားကြ၏။ ထိုသို့ ခြားနားခြင်းမှာ မြင်စိတ်ပိုင်း၌ ခြားနားသောကြောင့် ဖြစ်၏။ မြင်စိတ်ပိုင်း၌ ခြားနားခြင်းသည်လည်း မြင်တတ်သောမျက်စိနှင့် မြင်ထောင့်ချင်း ခြားနားသောကြောင့် ဖြစ်၏။ အမှန်အားဖြင့် အမြင်ချင်းတူအောင် ပြုရာ၌ မြင်စရာ အာရုံပိုင်းကို ပြုပြင်၍ မရ။ မြင်တတ်သော မျက်စိနှင့် မြင်ထောင့်ပိုင်းကိုမူ ပြုပြင်၍ ရ၏။ ထို့ကြောင့် မျက်စိနှင့် မြင်ထောင့်ချင်း မတူညီကြသော သူတို့၏ အမြင်များသည်လည်း အချင်းချင်း တူညီကြမည် မဟုတ်ပါချေ။ ထိုသို့ပင် မတူညီကြသော်လည်း ထိုထိုပုဂ္ဂိုလ်တို့၏ ထိုထို အမြင်များသည် သူ့မျက်စိ၊ သူ့မြင်ထောင့်နှင့် သူ သစ္စာထိုက်သော အမြင်များပင် ဖြစ်ကြ၏။ သို့ဖြစ်၍ အမြင်ကွဲပြားမှုကို အကြောင်းပြုပြီး အချင်းချင်း ခိုက်ရန်ဖြစ်စရာ မလို။ မျက်စိနှင့် မြင်ထောင့်ကိုသာ ပြုပြင်ဖို့ လို၏။ ထိုသို့ ပြုပြင်လိုက်လျှင် အားလုံး ငြိမ်းချမ်းသွားမည် ဖြစ်၏။

## အမြင်များပြောင်းလဲခြင်း

ဥပမာအားဖြင့် ဆိုရလျှင် လူသည် မိမိ၏ ပတ်ဝန်းကျင်ရှိ လူကို ကြည့်၏။ ကြည့်စရာ အာရုံကား လူပင် ဖြစ်၏။ သို့ရာတွင် ကြည့်သော မျက်စိက ပပဉ္စမျက်စိ ဖြစ်နေလျှင် လူကို လူဟူ၍ မမြင်။ လူကို မြန်မာဟူ၍ မြင်ချင်လည်း မြင်မည်။ တရုတ်ဟူ၍ မြင်ချင်လည်း မြင်မည်။ ကုလားဟူ၍လည်း မြင်ချင် မြင်မည်။ အင်္ဂလိပ်ဟူ၍ မြင်ချင် မြင်မည်။ ဤသို့ မြင်ခြင်းသည် လူကို ပပဉ္စမျက်စိဖြင့် ကြည့်သောကြောင့် ဖြစ်၏။ ပပဉ္စဟူသည်မှာ တဏှာမာန ဒိဋ္ဌိတို့၏ အမည်ဖြစ်၏။ ထို့ကြောင့် လူကို ပပဉ္စမျက်စိဖြင့် ကြည့်လျှင် ချစ်ခြင်းသော်လည်း ဖြစ်မည်။ မုန်းခြင်းသော်လည်း ဖြစ်မည်။ ချစ်ခြင်းနှင့် မုန်းခြင်း ထိုနှစ်မျိုးတွင် တစ်မျိုးမျိုးသည် မုချမသွေ ဖြစ်ပေလိမ့်မည်။ ပပဉ္စမျက်စိဖြင့် လူကို ကြည့်တတ်ခြင်းသည် ထို ကြည့်သူ၏ သဏ္ဍာန်၌ ပမာဒတရား လွှမ်းမိုးနေသောကြောင့် ဖြစ်၏။ ပမာဒတရားဟူသည်မှာ ကုသိုလ်ဖြစ်အောင် အားထုတ်ခြင်း၌ မေ့မေ့လျော့လျော့ ဖြစ်နေအောင် ပြုတတ်သောတရား ဖြစ်၏။ ယင်း ပမာဒတရားကား သူကိုယ်တိုင်လည်း အကုသိုလ်ဖြစ်၏။ ကိန်းအောင်းခြင်း ခံရသော ပုဂ္ဂိုလ်ကိုလည်း အကုသိုလ်ကို လုပ်မိအောင် ဖန်တီး၏။

အကယ်၍ လူကို ဗြဟ္မစိုရ်မျက်စိဖြင့် ကြည့်ပါက မြန်မာဟူ၍လည်း မမြင်၊ တရုတ်ဟူ၍လည်း မမြင်၊ ကုလားဟူ၍လည်း မမြင်၊ အင်္ဂလိပ်ဟူ၍လည်း မမြင်။ လူကို လူဟူ၍သာ မြင်၏။ ထိုအပြင် လူကို ဝန်ကြီးချုပ်ဟူ၍လည်း မမြင်၊ ရုံးစောင့်ဟူ၍လည်း မမြင်။ အမှန်အားဖြင့် လူကို ဝန်ကြီးချုပ်ဟူ၍လည်းကောင်း၊ ရုံးစောင့် ဟူ၍လည်းကောင်း မြင်ခြင်းသည် ပပဉ္စမျက်စိဖြင့် ကြည့်မှ မြင်တတ်သော အမြင်မျိုး ဖြစ်၏။ ဗြဟ္မစိုရ်မျက်စိဖြင့် ကြည့်သောအခါ မြင်သော အမြင်မျိုး မဟုတ်။

ဗြဟ္မစိုရ်မျက်စိဖြင့် လူကိုကြည့်၍ လူအဖြစ် မြင်သောအခါ ထိုမြင်သူ၏ သန္တာန်၌ ချစ်ခြင်းလည်း မဖြစ်၊ မုန်းခြင်းလည်း မဖြစ်။ ချစ်ခြင်းနှင့် မုန်းခြင်း နှစ်မျိုးစလုံး အကုသိုလ် ဖြစ်၏။ ဤနေရာ၌ ချစ်ခြင်းကို

အဘိဇ္ဈာဟူ၍ ဆို၏။ မုန်းခြင်းကို ဒေါမနဿ ဟူ၍ ဆို၏။ အဘိဇ္ဈာနှင့် ဒေါမနဿမှာ ကျမ်းဂန်သုံး ဝေါဟာရ ဖြစ်၏။ အမှန်အားဖြင့် ဗြဟ္မစိုရ်မျက်စိဖြင့် ကြည့်တတ်သောသူများ၏ သဏ္ဍာန်၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ကုသိုလ်တရားများသာ ဖြစ်ကြပါ၏။

ဤသို့ အမြင်နှစ်မျိုး ကွဲပြားသွားရာ၌ အာရုံပိုင်း အနေဖြင့် ကွဲပြားခြင်း မရှိ။ မျက်စိအနေဖြင့်မူ ကွဲပြားသွားခြင်း ရှိ၏။ တစ်ခုသော မျက်စိက ပပဥ္စမျက်စိ၊ တစ်ခုသော မျက်စိက ဗြဟ္မစိုရ်မျက်စိ။ ပပဥ္စမျက်စိသည် မေ့လျော့ခြင်း ပမာဒ တရားအပေါ် အခြေခံ၏။ ဗြဟ္မစိုရ်မျက်စိသည် မမေ့လျော့ခြင်း အပ္ပမာဒ တရားအပေါ် အခြေခံ၏။ အခြေခံချင်း ကွဲပြားသဖြင့် မျက်စိချင်း ကွဲသွား၏။ မျက်စိချင်း ကွဲသွားသောအခါ အမြင်ချင်း ကွဲသွားလေ၏။ အမြင်ချင်း ကွဲသွားသော်လည်း သူ့အမြင်နှင့်သူ မှန်သည်ပင် ဖြစ်၏။ လူကို တရုတ်၊ ကုလား၊ အင်္ဂလိပ်၊ မြန်မာ ဟူ၍ လည်းကောင်း၊ သူဌေး၊ ဆင်းရဲသား ဟူ၍ လည်းကောင်း ခေါ်ဝေါ်ခြင်းသည်လည်း မှန်၏။ ထိုအမှန်မျိုးကို ပါရိဘာသိက သစ္စာ ဟူ၍ ဆိုရ၏။ ပါရိဘာသိက သစ္စာဟူသည်မှာ ပြောရိုးပြောစဉ်အရ မှန်သော အမှန်ဖြစ်၏။ လူကို လူဟူ၍သာ မြင်ခြင်းသည်လည်း သမ္မုတိ သစ္စာအရ မှန်သည်ပင် ဖြစ်၏။ ဘာမျှ အငြင်းပွားစရာ မရှိ။

အကယ်၍ ထိုလူကိုပင် သမာဓိ ဉာဏ်မျက်စိဖြင့် ကြည့်ပါက လူ ဟူ၍ပင် မမြင်တော့။ ရုပ်နှင့်နာမ် အဖြစ်သာ မြင်၏။ ပရမတ္ထ သစ္စာအရ ဤလောကတွင် ပုဂ္ဂိုလ် သတ္တဝါဟူ၍ မရှိ။ ထို့ကြောင့် လူကို ကြည့်သော်လည်း လူအဖြစ် မမြင်ဘဲ ရုပ်နာမ်အဖြစ်သာ မြင်ခြင်း ဖြစ်၏။ ထိုအမြင်သည်လည်း အမှန်ပင် ဖြစ်၏။ ယင်းအမှန်ကား ပရမတ္ထသစ္စာအရ မှန်ခြင်း ဖြစ်၏။ သို့ရာတွင် မူလအာရုံကား လူပင် ဖြစ်၏။ ပြောင်းလဲခြင်း မရှိ။ အမြင်များကား ပြောင်းလဲကြ၏။ ပြောင်းလဲကြသော်လည်း ထိုအမြင်များသည် သစ္စာများပင် ဖြစ်၏။ သစ္စာဆိုသော်လည်း သစ္စာချင်းကား မတူပါ

ချေ။ မတူသော်လည်း ထိုထိုပုဂ္ဂိုလ်များ၏ မျက်စိနှင့် မြင်ထောင့်ကို ကြည့် တတ်လျှင် အငြင်းပွားရန် မရှိ။ ထို့ကြောင့် မြင်ထောင့်နှင့် မျက်စိကိုသာ မှန်ကန်စွာ နားလည်ဖို့ လိုပါ၏။

အကယ်၍ လူကိုပင် ဝိပဿနာ ဉာဏ်မျက်စိဖြင့် ကြည့်ပါက ထို လူကိုပင် လူဟူ၍လည်း မမြင်။ ရုပ်နှင့် နာမ်ဟူ၍လည်း မမြင်။ သို့ရာတွင် ဖြစ်ပျက်အဖြစ်သာ မြင်လေ၏။ ထိုအမြင်လည်း အမှန်ပင် ဖြစ်၏။ အမှား အမြင် မဟုတ်။ ထိုသို့မြင်ရာ၌ အပ္ပမာဒအပေါ် အခြေခံသော သမာဓိ အား ကောင်းသောကြောင့် ဖြစ်၏။ သို့ဖြစ်လေရာ မူလအာရုံက လူပင် ဖြစ်သော်လည်း အမြင်ချင်း အဆင့်ဆင့် ကွဲပြားရာ၌ မျက်စိနှင့် မြင်ထောင့်ကို လိုက်၍ အမြင်ချင်း အဆင့်ဆင့် ကွဲပြားသွားခြင်း ဖြစ်၏။ ထိုသို့ ကွဲပြား သွားသော်လည်း သူ့အဆင့်နှင့်သူ မှန်ကြသည်ချည်း ဖြစ်၏။ တစ်စုံတစ်ရာ ငြင်းခုံဖွယ် မရှိ။

အကယ်၍ လူကိုပင် မဂ်ဉာဏ်မျက်စိဖြင့် ကြည့်ပါက လူကို လူအဖြစ် လည်း မမြင်၊ ရုပ်နှင့် နာမ်အဖြစ်လည်း မမြင်၊ ဖြစ်ပျက်အဖြစ်လည်း မမြင်။ သို့ရာတွင် တကယ်တမ်း မြင်ရသည်ကတော့ ဖြစ်ပျက်တို့ ဆုံးရာ နိဗ္ဗာန် သာ ဖြစ်၏။ ဤအမြင်မှာ အမှန်ဆုံးအမြင် ဖြစ်၏။ အမှန်အားဖြင့် လောက ဟူသည် သုညတသာ ဖြစ်၏။ ဤသုညတ သဘောကို မြင်မှသာ တကယ် တမ်း စစ်မှန်သော အရိယသစ္စာ အမြင် ဖြစ်၏။

ထိုသို့ အမြင်များ အဆင့်ဆင့် ကွဲပြားသော်လည်း အထက်ထက် အဆင့်ဖြင့် မြင်ကြသူများသည် အောက်အောက် အဆင့်ဖြင့် မြင်ကြသူများ နှင့် ငြင်းခုံမှု မရှိကြ။ သို့ရာတွင် အောက်အောက် အဆင့်ဖြင့် မြင်ကြသူများ သည်သာ အထက်ထက် အဆင့်ဖြင့် မြင်ကြသူများနှင့် ငြင်းခုံတတ်ကြ၏။ ထိုသို့ ငြင်းခုံတတ်ခြင်းမှာ အထက်အဆင့်ကသာ အောက်အဆင့်၏ မျက်စိ နှင့် မြင်ထောင့်ကိုသာ မြင်စွမ်းနိုင်ပြီး၊ အောက်အဆင့်က အထက်အဆင့်၏ မျက်စိနှင့် မြင်ထောင့်ကို မြင်စွမ်းနိုင်ခြင်း မရှိသောကြောင့် ဖြစ်၏။

ထိုသို့ မူလ အာရုံတစ်ခုတည်း ဖြစ်ပါလျက် အမြင်များ အဆင့်ဆင့် ကွဲပြားခြားနားသွားခြင်းမှာ ကြည့်သူများ၏ သန္တာန်၌ ပပဉ္စတရားသုံးပါးတို့ အထူအပါး ခြားနားမှုကြောင့် ဖြစ်၏။ ပပဉ္စတရား သုံးပါးကို အတ္တဟူ၍ ဆိုရ၏။ အတ္တဟူသည်မှာ တဏှာဖြင့် စွဲသည်လည်း ရှိ၏။ မာနဖြင့် စွဲသည် လည်း ရှိ၏။ ဒိဋ္ဌိဖြင့် စွဲသည်လည်း ရှိ၏။ ထိုကြောင့် ပပဉ္စတရား သုံးပါးတို့ ၏ အထူအပါး ဟူသည်မှာ အတ္တ၏ အထူအပါးပင် ဖြစ်၏။ သို့ဖြစ်ရာ အတ္တစွဲလမ်းခြင်း အားကြီးသဖြင့် အတ္တစွဲထူလွန်းသော ပုဂ္ဂိုလ်တို့သည် သူတစ်ပါးနှင့် ငြင်းခုံတတ်ကြ၏။

အဘယ်ကြောင့်ဆိုသော် သူတို့၏ အမြင်သည် ပပဉ္စ မျက်စိဖြင့်သာ မြင်တတ်သော အမြင်မျိုးဖြစ်သောကြောင့် ဖြစ်၏။ အမှန်အားဖြင့် အတ္တ စွဲ ပါးလာသည်နှင့်အမျှ သူတို့၏ အမြင်သည်လည်း မြင့်မားသည်ထက် မြင့်မားလာ၏။ နောက်ဆုံး နိဗ္ဗာန်ကို မြင်သည်အထိ မြင့်မားလာ၏။ ထိုအခါ သူတို့သည် အခြားသူများနှင့် ငြင်းခုံခြင်း ပါး၍ ပါး၍ လာ၏။ နောက်ဆုံး အခြားသူများကသာ သူတို့နှင့် ငြင်းခုံကြသော်လည်း သူတို့သည် အခြားသူ များနှင့် ငြင်းခုံခြင်း မရှိကြတော့ချေ။

ဤနေရာ၌ အတ္တစွဲဟူသည်မှာ ငါ တစ်ယောက်တည်းအနေဖြင့် စွဲခြင်းသာ ရှိသည်မဟုတ်။ အမျိုးအနေဖြင့် စွဲသည်လည်း ရှိ၏။ နိုင်ငံအနေ ဖြင့် စွဲသည်လည်း ရှိ၏။ အတ္တစွဲ၏ အနက်ကို ကျမ်းဂန်များ၌-

**ဣဒ မေဝ သစ္စံ၊ မောဃ မညံ-**

ဟူ၍ ဆို၏။ ဆိုလိုရင်းမှာ '**ဤဟာသည်သာ သစ္စာ၊ အခြားဟာ အားလုံး အချည်းနှီး**' ဟူ၍ ဖြစ်၏။

ထိုကြောင့် ထိုအဆိုအမိန့်အရ 'ငါသည်သာ သစ္စာ၊ ငါ့လူမျိုးသည် သာ သစ္စာ၊ ငါ့တိုင်းပြည်သည်သာ သစ္စာ'ဟူ၍ 'ကယ်မခြင်း' သဘော မပါဘဲ 'မောက်မာခြင်း' သဘော ပါနေသမျှ အားလုံး အတ္တချည်းသာ

ဖြစ်၏။ မောက်မာခြင်းသဘောတွင် တပ်မက်ခြင်း တဏှာနှင့် မည်သည့်အခါမျှ မကျဆုံးနိုင်ဟူသော အခိုင်အမာပြုခြင်း ဒိဋ္ဌိလည်း ပါဝင်၏။

အကျဉ်းအားဖြင့် အတ္တဟူသည်မှာ သူတစ်ပါးကို ကယ်တင်ရန် မဟုတ်ဘဲ နစ်နာစေရန်ပင် ဖြစ်၏။ အကယ်၍ နစ်နာစေရန် မဟုတ်လျှင်တောင်မှ မိမိအနေဖြင့် အနာမခံဘဲ အသာစံရန် ဖြစ်ပါ၏။ ထို့ကြောင့် အတ္တစွဲ ရှိနေသမျှ ကာလပတ်လုံး သူတစ်ပါးနှင့် အမြဲ ငြင်းခုံနေရမည် ဖြစ်၏။ သူတစ်ပါးနှင့် အမြဲ ငြင်းခုံနေရသမျှ ကာလပတ်လုံး ဘေးရှိနေမည်သာ ဖြစ်၏။ ထို့ကြောင့်–

**ဝိဝါဒံ ဘယတော ဒိသွာ၊ အဝိဝါဒဉ္စ ခေမတော။**

ငြင်းခုံခြင်းကို ဘေးဟု လည်းကောင်း၊ မငြင်းခုံခြင်းကို ဘေးကင်းရာဟု လည်းကောင်း မြင်နိုင်စေခြင်းငှာ မိမိတို့၏ သန္တာန်၌ တဏှာဖြင့် စွဲသော၊ အတ္တ မာနဖြင့် စွဲသော၊ အတ္တဒိဋ္ဌိဖြင့် စွဲသော အတ္တတို့ကို ပါးသည်ထက် ပါးအောင်၊ နောက်ဆုံး မြစ်ပြတ် ပယ်သတ်နိုင်အောင် ကြိုးစားအပ်ပါ၏။ သို့မှသာ မြတ်စွာဘုရား၏ သာသနာတော်နှင့် ကြုံကြိုက်ရကျိုး နပ်ပေလိမ့်မည်ဟု ခံယူပြီး၊ ထိုခံယူချက်အတိုင်း မဖြစ်မနေ လိုက်နာကျင့်သုံးအပ်ပါ၏။

[ ဓမ္မဂီရိစာစောင်၊ ဇွန်လ ၁၉၉၂ ]

# အညတရများအပေါ် ကြည်ညိုတတ်ခြင်း

**"ပဲနိုကိုသာ သင် ဂရုစိုက်ဖို့ လို၏။ ပေါင်ကိုတော့ သင် ဂရုစိုက်ဖို့ မလို၊ သူ့ဟာသူ ဂရုစိုက်လိမ့်မည်။"** ဤသို့ ရှိတ်စပီးယားက ပြောသည်ကို ဖတ်ရဖူး၏။ ဓမ္မတာအားဖြင့် လူတို့သည် ပဲနိကို ဂရုမစိုက်ချင်ကြဘဲ ပေါင်ကိုသာ ဂရုစိုက်ချင်ကြ၏။ ဤသို့ ဖြစ်ခြင်းမှာလည်း နိယာမတစ်ခုပင် ဖြစ်၏။ ဤနိယာမကို 'သံသာရိက နိယာမ' ဟု ခေါ်နိုင်ပါ၏။ **သံသာရိက နိယာမ** ဟူသည်မှာ **သံသရာ၌ ပျော်မွေ့သူတို့ လိုက်နာရိုး နိယာမ** ဖြစ်၏။ ထို့ကြောင့် သံသရာ၌ ကျင်လည်ချင်သူ ဟူသမျှသည် ဤနိယာမကို လိုက်နာရမှ ကျေနပ်ကြ၏။

သံသရာ၌ မကျင်လည်ချင်သူများအတွက်ဆိုလျှင် ရှိတ်စပီးယား ပြောသည့်အတိုင်း ပဲနိကိုသာ ဂရုစိုက်နိုင်လျှင် ပေါင်ကို ဂရုစိုက်ဖို့ ဘာမျှ ဝန်လေးသည် မဟုတ်။ အလိုလို ဂရုစိုက်မိလျက်သား ဖြစ်၏။ ထို့ကြောင့် လူတို့အနေဖြင့် ဝန်လေးသောအလုပ်ကို လုပ်နိုင်ရန် ရှိတ်စပီးယားက နှိုးဆော် ခြင်း ဖြစ်ဟန်ရှိ၏။

သူ့လောက၌ ဖြစ်စေ၊ အခြားလောက၌ ဖြစ်စေ မည်သည့်နေရာကို ကြည့်ကြည့်၊ အညတရများကို အများစု တွေ့ရတတ်၏။ မိမိတို့သည်ပင် သံသရာ၌ ကျင်လည်ရစဉ် အညတရ ဘဝများဖြင့်သာ ကျင်လည်ရသည်က

များ၏။ သို့ပါလျက် လူတို့သည် အညတရများကိုမူ လျစ်လျူရှုတတ်ကြ၏။ အမှန်အားဖြင့် ဝိသေသပုဂ္ဂိုလ်များကို ဂရုစိုက်ခြင်းသည် တစ်ဦးချင်းသဘော ဆန်၍ မိမိအတွက် အကျိုးများ၏။ လောကအတွက် အကျိုးမများ။ အညတရ များကို ဂရုစိုက်မှသာ အဖွဲ့အစည်းသဘောဆန်၍ မိမိအတွက်လည်း အကျိုး များ၏။ လောကအတွက်လည်း အကျိုးများ၏။

**သဒိသံ ပါကံ ဇနေတိ– မိမိပြုသော ကံသည် တူသော အကျိုးကို ပေး၏** ဟူသော ဗုဒ္ဓဒေသနာတော်အရဆိုလျှင် မိမိတို့ ကိုယ်တိုင်က အညတရ များကို ဂရုစိုက်ပါမှ သံသရာ၌ ကျင်လည်ရစဉ် အညတရ ဘဝများဖြင့် ကျင်လည်နေရပါက မိမိတို့ကို ဂရုစိုက်သူ ရှိပေလိမ့်မည်။ အကျိုးပေးမှုနှင့် ပတ်သက်၍ ဝိပါကဓမ္မတာအရလည်း အညတရများအပေါ် မိမိတို့က ဂရုစိုက်ပါမှ မိမိတို့ အညတရ ဖြစ်သောအခါ ဂရုစိုက်သူ ရှိပေလိမ့်မည်။

လောကတွင် အညတရများကို နေရာတိုင်း၌ တွေ့နိုင်လေရာ ယင်းတို့ အပေါ် ကောင်းမှုကုသိုလ်ပြုမှုနှင့် ပတ်သက်၍လည်း အခက်အခဲ မရှိ။ အလွယ်တကူပင် ပြုလုပ်နိုင်၏။ ဝိသေသ ပုဂ္ဂိုလ်များကား ရှားပါးသဖြင့် ယင်းတို့အပေါ် ကောင်းမှုကုသိုလ်ကံပြုရန် ရှာရခက်သေး၏။ ထို့ကြောင့် လူတို့သည် နေရာတိုင်း၌ အလွယ်တကူ ရှာ၍ တွေ့နိုင်သော အညတရများ အပေါ် ကြည်ညိုစိတ်ကို မွေးမြူ၍ ကောင်းမှုကုသိုလ်ကို ပြုမည်ဆိုပါက ဗုဒ္ဓဒေသနာတော်အရ ထူးမြတ်သော အကျိုးအာနိသင်ကို ရရှိကြပေလိမ့်မည်။

အလှူခံပုဂ္ဂိုလ်ကို ရွေးချယ်၍ လှူခြင်းသည် ပါရမီမြောက်သော ကုသိုလ်လုပ်ငန်း မဟုတ်။ ပါရမီမြောက်သောလုပ်ငန်း မဟုတ်လျှင် သူလို ငါလို အများတကာ ပြုနိုင်သော ကုသိုလ်လုပ်ငန်းမျိုးပင် ဖြစ်၏။ အယုတ် အလတ် အမြတ် မရွေး အားလုံးအပေါ်၌ ကြည်ညိုစိတ်ကို မွေးမြူပြီး ကောင်းမှုကုသိုလ်ကို လုပ်နိုင်ပါမှ ပါရမီမြောက်သော ကုသိုလ်လုပ်ငန်း ဖြစ်၏။ ပါရမီကုသိုလ် ဟူသည်မှာလည်း တကယ် မြင့်မြတ်သူတို့၏

တကယ် မြင့်မြတ်သော လုပ်ငန်း ဖြစ်၏။ ထို့ကြောင့်ပင် ပါရမီဟူ၍ ဆိုခြင်း ဖြစ်၏။ ဤသို့ လယ်တီဆရာတော်ဘုရားကြီးက **ဥတ္တမပုရိသဒီပနီ၌** ဆို၏။

သူဖြစ်စေ၊ ငါဖြစ်စေ သူလိုငါလို သာမညလူတို့သည် တကယ်တမ်း အကျင့်သိက္ခာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များအပေါ်၌သာ ကြည်ညိုစိတ်ကို မွေးမြူနိုင်၏။ အညတရများအပေါ်၌မူ ကြည်ညိုစိတ်ကို မမွေးမြူနိုင်ကြ။ ကြည်ညိုစိတ်ဟူသည်မှာ သဒ္ဓါပြဋ္ဌာန်းသော စိတ်ဖြစ်၏။ ထိုသို့ မမွေးမြူ နိုင်ကြသောကြောင့်ပင် အများသူငါ သူလိုငါလို အတန်းအစားထဲ၌ ပါဝင် နေရခြင်း ဖြစ်၏။ ဝေဿန္တရာမင်းကြီးကို ကြည့်လျှင် ဇူဇကာလို ပုဂ္ဂိုလ်များ အပေါ်၌မူ ကြည်ညိုစိတ်ကို အလွယ်တကူ မွေးမြူနိုင်မည်မှာ ယုံမှားဖွယ်ရာ ပင် မရှိချေ။ ကြည်ညိုစိတ် ရှိပါမှ ယင်းတို့အပေါ် ကောင်းမှုကုသိုလ်ကို နှစ်နှစ်ကာကာ ပြု၍ ရကောင်း၏။

အမှန်အားဖြင့် တကယ်တမ်း စစ်မှန်သော ချမ်းသာစစ်ကို လိုလား ပါက သူလိုငါလို အစားကို ကျော်လွန်ဖို့တော့ လို၏။ အများသူငါ သူလို ငါလို အတန်းအစားကို ကျော်လွန်ခြင်းဟူသည် ပါရမီရှိခြင်းပင် ဖြစ်၏။ ပါရမီ ဟူရာ၌လည်း ပါရမီသည် အမျိုးမျိုး ရှိ၏။ ဘုရားဖြစ်လိုလျှင် ဘုရား လောင်း ပါရမီရှိဖို့ လို၏။ အဂ္ဂသာဝက ဖြစ်လိုလျှင် အဂ္ဂသာဝကလောင်း ပါရမီရှိဖို့ လို၏။ မဟာသာဝက ဖြစ်လိုလျှင် မဟာသာဝကလောင်း ပါရမီ ရှိဖို့ လို၏။ သံသရာမှ ထွက်မြောက်လိုသူ ဟူသမျှ ပါရမီတော့ မလွဲမသွေ ရှိဖို့ လိုပါ၏။ ပါရမီဖြည့်ကျင့်ရာ ကာလအပိုင်းအခြားနှင့် ပါရမီဖြည့်ကျင့် မှု အထက် အနုသာ ကွာခြားမည် ဖြစ်ပြီး ပါရမီ ဖြည့်ကျင့်မှု သဘောအားဖြင့် ကွာခြားမှု မရှိ။ အရိယ သစ္စာဉာဏ်ကို ရ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုသူ ဟူသမျှ ပါရမီကို မိမိတို့၏ တောင့်တမှု ပဏိဓိအလိုက် ဖြည့်ကျင့်ရသည် ချည်း ဖြစ်၏။ ပါရမီကို ဖြည့်ကျင့်ခြင်း မရှိဘဲ အရိယသစ္စာကို ထိုးထွင်း၍ သိရိုး မရှိ။

ပါရမီဖြည့်ကျင့်ခြင်း ဟူသည်မှာ မိမိနှင့် ဆက်ဆံရသူ ဟူသမျှ

အပေါ်၌ အယုတ် အလတ် အမြတ်မရွေး ကြည်ညိုစိတ်ကို မွေးပြီး ယင်းတို့ အပေါ် ကောင်းမှုကုသိုလ်ကာ ပြုခြင်းပင် ဖြစ်၏။ ကောင်းမှုကုသိုလ်ကာကို ပြုခြင်း ဟူသည်မှာလည်း ယင်းတို့၏ အကျိုးစီးပွားအတွက် တတ်နိုင်သမျှ ပံ့ပိုးခြင်း ဖြစ်၏။

ပါရမီသဘောအရ ယင်းတို့၏ အကျိုးစီးပွားကို ပံ့ပိုးရာ၌ အရေး အကြီးဆုံးအချက်မှာ ကရုဏာနှင့် ပညာရှိဖို့ပင် ဖြစ်၏။ ပညာကို ဥပါယ ကောသလ္လဉာဏ် ဟူ၍လည်း ခေါ်၏။ ဥပါယကောသလ္လဉာဏ် ဟူသည်မှာ ပံ့ပိုးမှု၌ ကျွမ်းကျင်လိမ္မာသောဉာဏ် ဖြစ်၏။ ယနေ့ ခေတ်သုံးဝေါဟာရဖြင့် ဆိုရလျှင် 'အထာ'ကို သိသော ဉာဏ်ပင်တည်း။ မိမိ ကူညီပံ့ပိုးရမည့်သူ ၏ 'အထာ' အလိုက် လိုအပ်သလို ကူညီပံ့ပိုးမှသာ သူ့အတွက်လည်း အကျိုးရှိ၏။ ကူညီပံ့ပိုးရကျိုးလည်း နပ်၏။ သို့မဟုတ်ပါက ခုတ်ရာတလွဲ ရှရာတခြား ဖြစ်ပြီး နှစ်ဦးနှစ်ဖက် အကျိုးမထင် ဖြစ်တတ်၏။ ထို့ကြောင့် ပါရမီသဘောအရ အညတရများအပေါ် ကူညီပံ့ပိုးရာ၌ ဥပါယကောသလ္လ ဉာဏ် အရေးကြီးခြင်း ဖြစ်၏။

မိမိတို့၏ ပတ်ဝန်းကျင်ကို ကြည့်လိုက်လျှင် အညတရများ တွေ့ရ မည် ဖြစ်၏။ ထို အညတရများအပေါ် ကြည်ညိုသောစိတ်ဖြစ်အောင် အားထုတ်ရာ၌ ရတနာသုံးပါး၏ ပံ့ပိုးမှုကို များစွာ လို၏။ ရတနာသုံးပါး၌ ကြည်ညိုသောစိတ်မှ တစ်ဆင့် အညတရများအပေါ် ပြောင်းရွှေ့၍ ယူရ၏။ အကယ်၍ မိမိတို့၏ ကြည်ညိုမှုသည် ရတနာသုံးပါး အပေါ်၌သာ အဆုံး သတ်ပြီး၊ မိမိတို့၏ ပတ်ဝန်းကျင်ရှိ အညတရများအပေါ်သို့ ရောက်အောင် ပြောင်းရွှေ့၍ မယူနိုင်ဘူး ဆိုပါလျှင် ထိုကြည်ညိုမှုမျိုးသည် မြတ်စွာဘုရား ၏ အလိုတော်ကျ ကြည်ညိုမှုမျိုး မဟုတ်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့ ညဉ့်၏ နောက်ဆုံး ယံတွင် သိဒ္ဓတ္ထမင်းသားသည် သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဘုရားအဖြစ် သို့ ရောက်တော်မူ၏။ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ပဌမသတ္တာ

ဟတွင် အဇပါလ ညောင်ပင်ရင်း၌ စံနေတော်မူစဉ် "လောက၌ ဂါရဝ တရား ကင်းမဲ့၍ နေခြင်းသည် မကောင်း၊ မိမိအနေဖြင့် ဂါရဝပြုရမည့် ပုဂ္ဂိုလ်ဟူ၍ လောက၌ မရှိလေသောကြောင့် မိမိထိုးထွင်း၍ သိတော်မူထား သော ဓမ္မများကိုသာ ဂါရဝပြု၍ နေမည်"ဟု ဆုံးဖြတ်တော်မူပြီး မြတ်စွာ ဘုရားသည် နောက်ဆုံး ပရိနိဗ္ဗာန် ပြုတော်မူသည့် ကာလအထိ ဓမ္မများ အပေါ် ဂါရဝပြု၍ နေတော်မူသွား၏။

ဂါရဝ ရှိပါမှ သဒ္ဓါထက်၏။ သဒ္ဓါထက်မှလည်း ဂါရဝကို ရ၏။ ထို့ကြောင့် ဂါရဝနှင့် သဒ္ဓါသည် အချင်းချင်း မှီတွယ်နေသော ပရမတ္ထဓမ္မ များ ဖြစ်ကြ၏။ ဂါရဝ၏ ပံ့ပိုးမှုဖြင့် သဒ္ဓါထက်လေသောအခါ မိမိတို့၏ ပတ်ဝန်းကျင်ရှိ အညတရများအပေါ် ပံ့ပိုးရန် ဝန်လေးကြမည် မဟုတ်။

အမှန်အားဖြင့် မိမိတို့၏ ဘဝတန်ဖိုးသည် အညတရများအပေါ် အလေးအနက်ထားမှု၏ အတိမ်အနက်အပေါ်၌ တည်၏။ ထို့အပြင် မိမိတို့ က အညတရများအပေါ် ပံ့ပိုးသည်နှင့်အမျှ အညတရများထံမှလည်း ကျေးဇူး သိမှု 'ကတညုတ' သည်လည်း မိမိတို့ထံသို့ မိမိတို့က မတောင့်တပါဘဲ လျက် သူ့ အလိုအလျောက် လာမည်ဖြစ်၏။ ထိုအခါမှသာ လူမှုဆက်ဆံရေး သဘောအရ ပတ်ဝန်းကျင်သည် ငြိမ်းချမ်းမည် ဖြစ်၏။ ပတ်ဝန်းကျင် ငြိမ်းချမ်းသည်နှင့်အမျှ ငြိမ်းချမ်းသော သုခသည်လည်း မလွဲမသွေ ပေါ် ပေါက်လာမည် ဖြစ်၏။

မြတ်စွာဘုရား ကျင့်သုံးတော်မူသည့်အတိုင်း ဓမ္မကို ဂါရဝပြုလျှင် မိမိ၏ ပတ်ဝန်းကျင်ကိုလည်း အလိုလို ဂါရဝပြုပြီးသား ဖြစ်၏။ ဓမ္မကို ဂါရဝပြုခြင်း ဟူသည်မှာ အကုသိုလ် ဒုစရိုက်များမှ ရှောင်ကြဉ်ခြင်း ဖြစ်၏။ အကုသိုလ် ဒုစရိုက်များမှ ရှောင်ကြဉ်ခြင်းကိုပင် သီလရှိခြင်းဟူ၍ ဆိုရပေ ၏။ သီလရှိသည်ဆိုကတည်းက မိမိ၏ ကျင့်ဝတ်ကို ဖြည့်ကျင့်ခြင်းသည် အလိုလို ပါဝင်၏။

ဒင်္ဂါးပြားတွင် ခေါင်းဘက်နှင့် ပန်းဘက်ပါမှသာ ဒင်္ဂါးစစ်ဖြစ်သကဲ့

သို့၊ ထို့အတူ သီလတွင်လည်း မကောင်းမှုများမှ ရှောင်ကြဉ်ခြင်းနှင့် ကောင်းမှုဆိုင်ရာ ကျင့်ဝတ်များကို ဖြည့်ကျင့်ခြင်း နှစ်မျိုးလုံး ပါဝင်ရ၏။ တစ်မျိုးတည်းနှင့် မလုံလောက်။ မကောင်းမှုများမှ ရှောင်ကြဉ်ရုံ သက်သက်နှင့်လည်း သီလပြည့်စုံသူ မမည်။ ကောင်းမှုဆိုင်ရာ ကျင့်ဝတ်များကို ဖြည့်ကျင့်ရုံသက်သက်နှင့်လည်း သီလပြည့်စုံသူ မမည်။ ခေါင်းနှင့်ပန်း ထိုနှစ်မျိုးလုံး ပြည့်စုံဖို့ လို၏။ ထို့ကြောင့် **'ဝတ္တံ အပရိ ပူရေန္တော သီလံ နပရိပူရတိ'** ကျင့်ဝတ်ကို မဖြည့်သမျှ သီလကို ဖြည့်ရာမရောက်ဟု ဆိုခြင်း ဖြစ်၏။

တကယ်တမ်း နှစ်မျိုးလုံး ပါဝင်ပြည့်စုံဖို့ ဆိုသည်မှာလည်း အညတရများ အပေါ် ကြည်ညိုစိတ် မွေးတတ်မှ ဖြစ်၏။ "ပဲနိကို ဂရုစိုက်လျှင် ပေါင်သည် သူ့ဟာသူ ဂရုစိုက်လိမ့်မည်" ဟူသော ရှိတ်စပီးယား၏ အဆိုအတိုင်း အညတရများ အပေါ်၌ ကြည်ညိုစိတ်ကို မွေးမြူနိုင်ပါလျှင် ဝိသေသပုဂ္ဂိုလ်များအပေါ်၌ ကြည်ညိုစိတ်ကို အလိုလို မွေးပြီးသား ဖြစ်ပေလိမ့်မည်။ တစ်စုံတစ်ရာ ဝန်လေးဖွယ် မရှိပါချေ။

သိဒ္ဓတ္ထမင်းသားသည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူရာတွင် ၂၄ ဘဝသာလျှင် သာသနာတော်နှင့် ကြုံကြိုက်ရ၏။ သာသနာတော်နှင့် ကြုံကြိုက်ဖို့ ဆိုသည်မှာ အလွန်ခဲယဉ်းသော အခွင့်အရေး တစ်မျိုးဖြစ်ကြောင်း ဤဖြစ်ရပ်များက သက်သေခံလျက် ရှိ၏။ ယနေ့ မြန်မာနိုင်ငံ၌ ဗုဒ္ဓသာသနာတော် ထွန်းကားလျက် ရှိ၏။ ထို့ကြောင့် မြန်မာနိုင်ငံတော်နှင့် ကြုံကြိုက်ရခြင်းတည်းဟူသော အခွင့်အရေးကြီးကို ရလျက်ရှိ၏။ ထို့ကြောင့် မြတ်စွာဘုရား၏ အလိုတော်အတိုင်း မြတ်စွာဘုရား၏ သာသနာတော်ကို အသုံးချသင့်ပါ၏။

မြတ်စွာဘုရား၏ အလိုတော်အတိုင်း မြတ်စွာဘုရား၏ သာသနာတော်ကို အသုံးကျအောင် အသုံးချခြင်းဟူသည်မှာ လောကကို ဗုဒ္ဓဘာသာမျက်စိဖြင့် ကြည့်တတ်အောင် အားထုတ်ခြင်း ဖြစ်၏။ လူတို့သည် မိမိတို့

၏ ဘဝတစ်လျှောက် ချမ်းသာကို ရှာကြသည် မှန်၏။ ထိုကဲ့သို့ ချမ်းသာကို ရှာရာ၌ တစ်ဦးနှင့်တစ်ဦး ချမ်းသာကို ရှာဖွေကြချင်း တူသော်လည်း အမြင်ချင်းကား မတူ။ လောကကို ဗုဒ္ဓဘာသာ မျက်စိဖြင့် ကြည့်ပြီး ချမ်းသာကို ရှာခြင်းဖြစ်ပါက 'အကုသိုလ်စိတ်ဖြင့် စစ်မှန်သော ချမ်းသာကို ရှာဖွေ၍ ရရိုး မရှိ။ ကုသိုလ်စိတ်ဖြင့်သာ စစ်မှန်သော ချမ်းသာကို ရှာဖွေ၍ ရရိုး ရှိ၏' ဟူ၍ မြင်ပြီး ထိုအမြင်ဖြင့်သာ ချမ်းသာကို ရှာပေလိမ့်မည်။ ထိုအမြင်ဖြင့် ချမ်းသာကိုရှာခြင်း ဟူသည်ကား မိမိတို့ ပတ်ဝန်းကျင်ရှိ အညတရများ အပေါ် ကြည်ညိုစိတ်ကို မွေးပြီး၊ ထိုကဲ့သို့ မွေးနိုင်အောင် ရတနာသုံးပါး၌ ကြည်ညိုဆည်းကပ်ပြီး၊ ထိုကဲ့သို့ ဆည်းကပ်ရာ၌လည်း အညတရများအပေါ် သဒ္ဓါနှင့် ဂါရဝကို ထားနိုင်အောင်ဟူသော ရည်ရွယ်ချက်ဖြင့် ဆည်းကပ်ခြင်းပင် ဖြစ်၏ဟူ၍ သဘောပေါက်ကာ၊ အညတရများအပေါ် ကြည်ညိုစိတ်ကို မွေးနိုင်အောင် အားထုတ်အပ်ပါ၏။

[ မြတ်ပန်းစေစာစောင်၊ ဩဂုတ်လ ၁၉၉၂ ]

# ဓမ္မအပေါ် သစ္စာဖောက်မှုကြီး

ကောင်းသောအလုပ်ကို လုပ်လျှင် ကောင်းကျိုးကို ရ၍၊ မကောင်းသော အလုပ်ကို လုပ်လျှင် မကောင်းကျိုးကို ရ၏။ ဤသည်မှာ ဓမ္မနိယာမ ဖြစ်၏။ ဤ ဓမ္မနိယာမအတိုင်းဖြစ်အောင် ဓမ္မက ဆောင်ရွက်၏။ သို့ရာတွင် ဓမ္မနိယာမကို ပြောင်းပြန်လုပ်သူများသည် ဤလောက၌ ရှိတတ်၏။ ထိုပုဂ္ဂိုလ်များသည် မကောင်းသောအလုပ်ဖြင့် ကောင်းကျိုးကို ရနေတတ်ကြ၏။ ကောင်းသောအလုပ်ဖြင့် မကောင်းကျိုးကို ရနေတတ်ကြ၏။

ဤသို့ ဓမ္မနိယာမကို ပြောင်းပြန်လုပ်ခြင်းအားဖြင့် ဒုစရိုက်သမားများက ချမ်းသာကြွယ်ဝပြီး သုစရိုက်သမားများက ဆင်းရဲမွဲတေနေသည်ကို မျက်စိအောက်တွင်ပင် တွေ့မြင်နေကြရလေရာ၊ ဓမ္မနိယာမဟူသည် မှန်ကန်မှ မှန်ကန်လေရဲ့လားဟူ၍ ကုသိုလ်နှင့် အကုသိုလ်အပေါ် သံသယ ရှိတတ်ကြ၏။

ဤသို့ သံသယရှိသူများတွင် ဗုဒ္ဓဘာသာဝင်များလည်း ပါဝင်ကြ၏။ ထိုသို့ ပါဝင်သော်လည်း သူတို့သည် ကမ္မဿကတာ သမ္မာဒိဋ္ဌိ အမည်ခံသူများ ဖြစ်ကြသည့်အားလျော်စွာ ကုသိုလ်နှင့် အကုသိုလ်အပေါ် သံသယရှိကြောင်း ဝစီကံဖြင့်လည်း မဖော်ပြရဲကြ၊ ကာယကံဖြင့်လည်း မဖော်ပြရဲကြ။

သို့ရာတွင် မနောက်ဖြင့်မှု ဖော်ပြနေကြ၏။ ထိုသို့ ဖော်ပြနေသည်ကို သူတို့၏ နေ့စဉ် လက်တွေ့ ဆောင်ရွက်ချက်များမှ ထောက်ဆ၍ သိရ၏။ သို့ဖြစ်သော်လည်း သူတို့သည် သူတို့ကိုယ် သူတို့ ဗုဒ္ဓဘာသာဝင်စစ်စစ် ဖြစ်ကြောင်း၊ ဓမ္မနိယာမကို လက်ခံကြောင်း၊ ကုသိုလ်နှင့် အကုသိုလ်အပေါ် သံသယ မရှိကြောင်း တဖွဖွ ပြောဆိုတတ်ကြ၏။

ဓမ္မသည် သူ့သဘောကို သူ ဆောင်၏။ သစ္စာသည် ရှေ့နှင့်နောက်ကို မှန်မှန်ကန်ကန်ဖြစ်အောင် ဆက်စပ်ပေး၏။ ရှေ့နှင့် နောက် ဆိုသည်မှာ စိတ်က ကြံစည်သည့်အတိုင်း နှုတ်က ပြောဆိုရာတွင် စိတ်နှင့်နှုတ် ရှေ့နှင့်နောက် ညီညွတ်ခြင်း၊ စိတ်က ကြံစည်သည့်အတိုင်း ကိုယ်က ပြုလုပ်ရာတွင် စိတ်နှင့်ကိုယ် ရှေ့နှင့်နောက် ညီညွတ်ခြင်း၊ နှုတ်က ပြောဆိုသည့်အတိုင်း ကိုယ်က ပြုလုပ်ရာတွင် နှုတ်နှင့်ကိုယ် ရှေ့နှင့်နောက် ညီညွတ်ခြင်းတို့ပင် ဖြစ်၏။ ဤသည်ကိုပင် 'ကံ' များ အချင်းချင်း သစ္စာရှိသည်ဟု ဆိုရ၏။ ဓမ္မအပေါ် သစ္စာရှိခြင်း ဟူ၍လည်း ဆိုရ၏။

ထိုသို့မဟုတ်ဘဲ စိတ်က တစ်မျိုးကြံ၊ နှုတ်က တစ်မျိုးပြောခြင်းသည် လည်းကောင်း၊ စိတ်က တစ်မျိုးကြံ၊ ကိုယ်က တစ်မျိုးလုပ်ခြင်းသည် လည်းကောင်း၊ နှုတ်က တစ်မျိုးပြော၊ ကိုယ်က တစ်မျိုးလုပ်ခြင်းသည် လည်းကောင်း 'ကံ' အချင်းချင်းအပေါ် သစ္စာဖောက်ခြင်း မည်၏။ ကံအချင်းချင်းအပေါ် သစ္စာဖောက်ခြင်းသည်ပင် ဓမ္မအပေါ် သစ္စာဖောက်ခြင်း မည်၏။

လောကကြောင်းအရ ပြောလျှင်လည်း ပုဂ္ဂိုလ်အချင်းချင်း တစ်ဦးအပေါ် တစ်ဦးက သစ္စာဖောက်ခြင်းသည်လည်း ဓမ္မအပေါ် သစ္စာဖောက်ခြင်း မည်၏။ ဓမ္မကြောင်းအရ ပြောလျှင်လည်း ကံများ အချင်းချင်း တစ်ခုအပေါ် တစ်ခုက သစ္စာဖောက်ခြင်းသည်လည်း ဓမ္မအပေါ် သစ္စာဖောက်ခြင်းပင် မည်၏။

သက်ရောက်အားနှင့် တန်ပြန်သက်ရောက်အားတို့၏ နိယာမအရ ပုဂ္ဂိုလ်က ဖြစ်စေ၊ ကံက ဖြစ်စေ ဓမ္မအပေါ် သစ္စာဖောက်ပါက ဓမ္မသည်

မလွဲမသွေ တုံ့ပြန်မည် ဖြစ်၏။ ဓမ္မသည် တိုက်ခိုက်ခြင်း ခံရပါက ဓမ္မက လည်း ပြန်လည်တိုက်ခိုက်မည် ဖြစ်၏။ ဤသည်မှာ နိယာမ ဖြစ်၏။ ဤနိယာမကို ဓမ္မသည် မကျော်လွန်နိုင်။

ဓမ္မအပေါ် သစ္စာဖောက်ခြင်းနှင့် ပတ်သက်၍ အဘိဓဇ မဟာရဋ္ဌဂုရု တောင်လေးလုံး ဆရာတော်ကြီးက သူ၏ **"ပညာပါရမီ အလင်းပြကျမ်း"**၊ စာမျက်နှာ (၅၀)၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ရ၏။

> ကျော်ကြားမှု၊ ဘုန်းကံကြီးမားမှု၊ လာဘ်ပေါများမှုများကို မငဲ့ကွက်မူ၍ မိမိ တတ်သိသလို တတ်ပါစေ ဟူသော ရည်ရွယ်ချက်ဖြင့် စာပေပို့ချခြင်းသည် ဒါနပါရမီ ဖြစ်၏။ ကျော်ကြားမှု၊ ဘုန်းကံကြီးမားမှု၊ လာဘ်လာဘ ပေါများမှုများကို ရည်ရွယ်၍ စာပေပို့ချခြင်းသည် ဒါနပါရမီ မဖြစ်။ စာပေပို့ချနေခြင်းထက် မပို့ချဘဲ အိပ်နေခြင်းက မြတ်သေးသည် ဟူ၍ အင်္ဂုတ္တိုရ် အဋ္ဌကထာ၊ သာရတ္ထ ဒီပနီ ဋီကာများ၌ တိုက်ရိုက်ဆိုထားပါသည်။ စာပေ ပို့ချနေပါလျက် သေလွန်လျှင် ငရဲကျမည် ဆိုလိုသည်။"

ဤသည်မှာ ဝစီကံနှင့် မနောကံတို့ အချင်းချင်း ရှေ့နှင့်နောက် မညီညွတ်သဖြင့် ဓမ္မအပေါ် သစ္စာဖောက်ခြင်းဖြစ်ကြောင်း ဖော်ပြလိုရင်း ဖြစ်၏။ ဓမ္မအပေါ် သစ္စာဖောက်သောအခါ ဓမ္မ၏ ပြစ်ဒဏ်ခတ်မှုအရ သေလွန်လျှင် ငရဲကျ၏။ ဤအကျိုးကား ငြင်းပယ်၍ မရသော အကျိုး ဖြစ်၏။ ငြင်းပယ်၍ ရသော အကျိုးကား မသေလွန်မီ ပစ္စုပ္ပန် ဘဝ၌မူ ဖြစ်ကောင်း၏။

စာပေ အပို့အချကောင်းသဖြင့် မူရင်း ရည်ရွယ်ချက် မည်သို့ ရှိစေကာမူ ကျော်ကြားချင်လည်း ကျော်ကြားနိုင်၏။ လာဘ်လာဘ ပေါများချင်လည်း ပေါများနိုင်၏။ ဘုန်းကံ ကြီးမားချင်လည်း ကြီးမားနိုင်၏။ ဤသဘောကို လောက၌ မြင်နိုင်၏။ စာပေပို့ချမှုလုပ်ငန်း၌ သာမက အခြားသော ဓမ္မအပေါ် သစ္စာဖောက်လုပ်ငန်းများ၌လည်း ပစ္စက္ခဘဝတွင် ကြီးပွား

သည်ကို တွေ့ရ၏။ ဓမ္မအပေါ် သစ္စာဖောက်ခြင်းလုပ်ငန်း ဆိုသည်မှာ ဒုစရိုက်လုပ်ငန်းများဖြင့် ကြီးပွားခြင်း ဖြစ်၏။

အမှန်အားဖြင့် ဓမ္မနိယာမအရ အကုသိုလ်လုပ်ငန်းသည် ဆင်းရဲခြင်းအကျိုးကိုသာ ပေးရပြီး၊ ကုသိုလ်လုပ်ငန်းသည်သာ ချမ်းသာခြင်း အကျိုးကို ပေးရမည် ဖြစ်၏။ သို့ပါလျက် ဤလောက၌ အကုသိုလ်လုပ်ငန်းဖြင့် ချမ်းသာခြင်း အကျိုးကို ရရှိကြသူ များစွာကို တွေ့နေရ၏။ သို့ဖြစ်လျှင် အကုသိုလ်သည်လည်း ကောင်းသော အကျိုးကို ပေး၏ ဟူ၍ လည်းကောင်း၊ ကုသိုလ်သည်လည်း မကောင်းသော အကျိုးကို ပေး၏ ဟူ၍ လည်းကောင်း ဆိုရမလို ဖြစ်၏။

ထိုသို့ဆိုနိုင်ရန် ဤလောက၌ သက်သေအဖြစ် အထောက်အထားများစွာ ရှိ၏။ ဒုစရိုက်လုပ်ငန်းဖြင့် ချမ်းသာကြွယ်ဝသူ များစွာကို တွေ့ရ၏။ သုစရိုက်လုပ်ငန်းဖြင့် ဆင်းရဲမွဲတေနေသူ များစွာကို တွေ့ရ၏။ ထို့ကြောင့် မျက်မြင်အထောက်အထားများအရ အကုသိုလ်က မကောင်းကျိုးကို ပေးသည် ဟူသော ဒေသနာသည် လည်းကောင်း၊ ကုသိုလ်က ကောင်းကျိုးကို ပေးသည် ဟူသော ဒေသနာသည် လည်းကောင်း ကမ္မနိယာမအရ မလွဲမသွေ မုချဧကန် မှန်သည်ဟု ဆိုရန်ခက်ကြောင်း ပြနိုင်ပါ၏။ အကယ်၍ ထိုသို့ ဆိုပါကလည်း လက်ခံယုံကြည်ရန် ခက်သည်ဟူ၍ အကြောင်းပြနိုင်ပါ၏။

ထိုသို့ မျက်မြင်အထောက်အထားများအရလည်း ဒုစရိုက်သမားများက ချမ်းသာပြီး သုစရိုက်သမားများက ဆင်းရဲသည်ဟု ဆိုလျှင် ထိုသို့ဆိုသည်မှာ မှန်ပါ၏။ သမိုင်းအထောက်အထားများအရ လည်းကောင်း၊ စည်သူမင်းကြီးနှင့် သားတော် နရသူတို့၏ သာဓကကို လည်းကောင်း၊ ဘာသာရေး စာပေအရလည်း ဗိမ္ဗိသာရမင်းကြီးနှင့် သားတော် အဇာတသတ်တို့၏ သာဓကကို လည်းကောင်း ထောက်ရှုသဖြင့် အကုသိုလ်လုပ်ငန်းက ကောင်းကျိုးကို ပေးနိုင်သည်ဟု ဆိုဖွယ်ရှိသည်မှာ အမှန်ပင် ဖြစ်ပါ၏။

သို့ရာတွင် အကုသိုလ်လုပ်ငန်းဖြင့် ကောင်းကျိုးကို ရချင်မှ ရ၏။ မရသူများလည်း ရှိ၏။ ကုသိုလ်လုပ်ငန်းဖြင့် မကောင်းကျိုးကို ရချင်မှ ရ၏။ မရသူများလည်း ရှိ၏။ အကုသိုလ်လုပ်ငန်းဖြင့် အသက်မွေးသူတိုင်း ကြီးပွားသည် မဟုတ်။ ကုသိုလ်လုပ်ငန်းဖြင့် အသက်မွေးသူတိုင်းလည်း ဆင်းရဲမွဲတေသည် မဟုတ်။

အမှန်အားဖြင့် အကုသိုလ်လုပ်ငန်းကြောင့် ကြီးပွားချမ်းသာခြင်းသည် လည်းကောင်း၊ ကုသိုလ်လုပ်ငန်းကြောင့် ဆင်းရဲမွဲတေခြင်းသည် လည်းကောင်း ဓမ္မအပေါ် သစ္စာဖောက်ခြင်းပင် ဖြစ်၏။ ကံနှင့် ကံ၏ အကျိုးတို့ လိုက်လျောညီထွေ မရှိခြင်းသည် ဓမ္မအပေါ် သစ္စာဖောက်ခြင်း မည်၏။ ဓမ္မအပေါ် သစ္စာဖောက်ခြင်းမှန်သမျှ ဓမ္မ၏ ဒဏ်ခတ်ခြင်းကို ခံရမည်မှာ မလွဲမသွေ မှန်လှပေ၏။ သက်ရောက်အားနှင့် တန်ပြန်သက်ရောက်အားတို့၏ နိယာမအရ အပုပ်ချခြင်း ခံရသော ဓမ္မသည် မိမိအပေါ် အပုပ်ချသူအား ပြန်၍ ဒဏ်ခတ်ရသည်မှာ မရှောင်လွှဲနိုင်သော နိယာမအရ ဖြစ်၏။ ထို နိယာမအတိုင်း ဓမ္မက ဒဏ်ခတ်မည်မှာ သေချာပါ၏။ သို့ရာတွင် 'မည်သည့် အချိန် ဒဏ်ခတ်မည်နည်း' ဟူ၍ အချိန်ကာလနှင့် ပတ်သက်ပြီး စဉ်းစားစရာ သာ ရှိ၏။ ထို့ကြောင့် ကာလအရ မသေချာသော်လည်း နိယာမအရ ဒဏ်ခတ်မည်ကတော့ အလွန်ပင် သေချာပါ၏။

အကုသိုလ်လုပ်ငန်းကြောင့် ချမ်းသာရာတွင် အကုသိုလ်က ကောင်းကျိုးပေး၍ ချမ်းသာသည် မဟုတ်။ ကုသိုလ်ပြုစဉ်က အကုသိုလ် ရောနှော သွားသဖြင့်သာ အကုသိုလ်လုပ်ငန်း၌ ကုသိုလ်က ကောင်းကျိုးပေးခြင် ဖြစ်၏။ ကုသိုလ်လုပ်ငန်းကြောင့် ဆင်းရဲမွဲတေခြင်းမှာလည်း မူလ အကုသိုလ် ပြုစဉ်က ကုသိုလ် ရောနှောပါဝင်သွားသဖြင့် ကုသိုလ်လုပ်ငန်း၌ အကုသိုလ် က မကောင်းကျိုးပေးခြင်း ဖြစ်၏။ ဤသဘောကို 'ပကတူပ နိဿယ ပစ္စယသတ္တိ' ဖြင့် အကုသိုလ်က ကုသိုလ်ကို ကျေးဇူးပြုသည် ဟူ၍ လည်း

ကောင်း၊ ကုသိုလ်က အကုသိုလ်ကို ကျေးဇူးပြုသည် ဟူ၍ လည်းကောင်း ဆိုရ၏။

အဘိဓမ္မာဒေသနာတော်အရ ဓမ္မသည် ကောင်းကျိုးကို ပေး၏။ အဓမ္မသည် မကောင်းကျိုးကို ပေး၏။ ဤနိယာမကို မည်သူကမျှ ဖောက်လွဲဖောက်ပြန် မပြုနိုင်။ အကယ်၍ ဖောက်လွဲဖောက်ပြန် ပြုနိုင်သည်ဟု ယူလျှင်လည်း ထိုအယူသည် မိစ္ဆာဒိဋ္ဌိအယူသာ ဖြစ်၏။ ထိုမိစ္ဆာဒိဋ္ဌိအယူအရ အကုသိုလ် လုပ်ငန်းဖြင့် ကြီးပွားသည်ဟူ၍ မှတ်ယူသူအား လောလောဆယ် ဒုက္ခကို မတွေ့လျှင်၊ သေခါနီးကာလ မရဏာသန္နဇော စောချိန်မှစ၍ နောက်ပိုင်းတွင် မိမိပြုခဲ့မိသော အကုသိုလ်များက ကြီးစွာသော ဒုက္ခကို ပေးမည်ဖြစ်၏။ အဇာတသတ်မင်းအားလည်း ကြီးစွာသော ဒုက္ခကို ပေးခဲ့၏။ နရသူမင်းအားလည်း ကြီးစွာသော ဒုက္ခကို ပေးခဲ့၏။ ယုံမှားဖွယ် မရှိ။

ထိုနည်းအတူပင် ကုသိုလ်လုပ်ငန်းဖြင့် ဆင်းရဲသည်ဟု ယူပါကလည်း ထိုအယူသည် မိစ္ဆာဒိဋ္ဌိ အယူပင်ဖြစ်၍၊ ထိုအယူ၌ ယုံကြည်သက်ဝင်သူ၏ ဘဝသည်လည်း ဇာတ်သိမ်းကောင်းလိမ့်မည် မဟုတ်။ အကယ်၍ ကုသိုလ်လုပ်ငန်းဖြင့် ဆင်းရဲမွဲတေနေစေကာမူ ဆင်းရဲမွဲတေခြင်းသည် အကုသိုလ်၏ အကျိုးဖြစ်သည်၊ ကုသိုလ်လုပ်ငန်း၏ အကျိုးမဟုတ် ဟူ၍ သမ္မာဒိဋ္ဌိအယူဖြင့် မှတ်ယူသူအား လောလောဆယ် ကုသိုလ်လုပ်ငန်း၏ ကောင်းကျိုးကို မခံစားရလျှင်၊ သေခါနီးကာလ မရဏာသန္နဇော စောချိန်မှစ၍ နောက်ပိုင်းတွင် မိမိပြုခဲ့သော ကုသိုလ်များက ကြီးစွာသော ချမ်းသာသုခကို ပေးမည်ဖြစ်၏။ ယုံမှားဖွယ် ဖြစ်၏။ ထို့ကြောင့် ဓမ္မအပေါ် သစ္စာဖောက်သူအတွက် တစ်ခုသောနေ့တွင် ဓမ္မက ဒဏ်ခတ်၍ ဓမ္မအပေါ် သစ္စာရှိသူအတွက် ဓမ္မက ချီးမြှောက်မည် ဖြစ်၏။

ဤလောက၌ နူတ်က ဓမ္မကို ဖောင်ဖောင်ရွတ်ပြီး ကိုယ်နှင့် စိတ်က အဓမ္မကို ကျင့်သုံးနေကြသူများလည်း များစွာရှိ၏။ မိမိတို့၏ အဓမ္မလုပ်ငန်းကိုပင် ဓမ္မဟူ၍ မှားယွင်းစွာ သက်ဝင်ယုံကြည်နေကြသူများလည်း များစွာ

ရှိ၏။ ထိုပုဂ္ဂိုလ်များသည် ဓမ္မအပေါ် သစ္စာဖောက်ကြသူများ ဖြစ်၏။ ဓမ္မအပေါ် သစ္စာဖောက်သူများသည် တစ်ခုသောနေ့တွင် ဓမ္မ၏ ဒဏ်ခတ်ခြင်းကို မုချမသွေ ခံစားရပေလိမ့်မည်။ ထိုတစ်ခုသောနေ့ကား လောလောဆယ် မျက်မှောက်ပစ္စက္ခတွင် ဖြစ်ချင်ဖြစ်မည်။ မျက်မှောက်ပစ္စက္ခတွင် မဖြစ်ပါက သေခါနီးကာလ မရဏာသန္နဇော စောချိန်မှစ၍ တမလွန်တွင်မူ မုချမသွေ ဖြစ်ပေလိမ့်မည်။ ယုံမှားဖွယ် မရှိ။

ထို့ကြောင့် နှုတ်က ဓမ္မကိုပြောလျှင် ကိုယ်နှင့်စိတ်ကလည်း ဓမ္မအတိုင်း ဖြစ်ရလေအောင် သမ္မပ္ပဓာန်ထိုက်သော ဝီရိယကိုသုံး၍ ကျင့်ကြံအားထုတ်အပ်ပါ၏။ ထိုသို့မဟုတ်ဘဲ နှုတ်ကသာ ဓမ္မကို အော်ကျယ်ဟစ်ကျယ်ပြောပြီး ကိုယ်နှင့်စိတ်က အဓမ္မကို တိတ်တိတ်ပုန်း ကျင့်ကြံအားထုတ်မည်ဆိုပါက ဓမ္မအပေါ် သစ္စာဖောက်ခြင်း ဖြစ်သဖြင့် သစ္စာဖောက်ခြင်း ခံရသော ဓမ္မကလည်း ပြန်လည်ဒဏ်ခတ်မည်ဖြစ်ကြောင်း လေးနက်စွာ ယုံကြည်အပ်ပါ၏။

[ ဓမ္မရသစာစောင်၊ ဖေဖော်ဝါရီလ ၁၉၉၂ ]

# ကိုယ်ကျင့်သိက္ခာ ဖြူစင်ခြင်း

ကိုယ်ကျင့်သိက္ခာ ဖြူစင်ခြင်း ဟူသည်မှာ ဗုဒ္ဓဒေသနာတော်အရ သီလမဂ္ဂင် သုံးပါးကို ကျင့်သုံးခြင်း ဖြစ်၏။ သီလမဂ္ဂင်သုံးပါး ဟူသည်မှာ မဂ္ဂင်ရှစ်ပါး တွင် ပါဝင်သော သမ္မာကမ္မန္တ၊ သမ္မာဝါစာ၊ သမ္မာအာဇီဝ သုံးပါး ဖြစ်၏။ ယင်း သီလမဂ္ဂင်သုံးပါးကို ပါဠိဝေါဟာရအားဖြင့် ဝိရတီ စေတသိက် ဟူ၍ လည်း ခေါ်၏။

ဝိရတီ ဟူသည်မှာ ရှောင်ကြဉ်ခြင်း ဖြစ်၏။ ကာယဒုစရိုက်များမှ ရှောင်ကြဉ်မှုကို သမ္မာကမ္မန္တ ဟူ၍ ဆို၏။ ကောင်းသော ကာယသုစရိုက် လုပ်ငန်းများကို လုပ်ခြင်းဖြစ်၏။ ဝစီဒုစရိုက်များမှ ရှောင်ကြဉ်မှုကို သမ္မာ ဝါစာဟူ၍ ဆို၏။ ကောင်းသော ဝစီသုစရိုက် လုပ်ငန်းများနှင့် ပတ်သက်၍ ပြောဆိုခြင်း ဖြစ်၏။ မကောင်းသော အသက်မွေးမှု မိစ္ဆာအာဇီဝမှ ရှောင်ကြဉ် မှုကို သမ္မာအာဇီဝ ဟူ၍ ဆို၏။ ကာယ ဒုစရိုက်များဖြင့်လည်း အသက်မမွေး၊ ဝစီ ဒုစရိုက်များဖြင့်လည်း အသက်မမွေး။ ထိုဒုစရိုက်နှစ်မျိုးမှ လွတ်သော ကောင်းသော အသက်မွေးမှုကို သမ္မာအာဇီဝ ဟူ၍ ဆို၏။

အမှန်အားဖြင့် သီလမဂ္ဂင်သုံးပါးကို ကျင့်သုံးသောအခါ ကိုယ်ကျင့် သိက္ခာ ဖြူစင်၏။ မြင့်မြတ်၏။ ကိုယ်ကျင့်သိက္ခာ ဖြူစင်မြင့်မြတ်သည်နှင့် အမျှ စိတ်၏ ကိလေသာ အညစ်အကြေးများ ကင်းစင်၏။ ထိုအခါမှသာ မှန်ကန်ထက်မြက်သော ဉာဏ်ပညာ ဖြစ်ထွန်းပြီး အလုပ်မှန်ကို လုပ်နိုင်၏။ အပြောမှန်ကို ပြောနိုင်၏။ အတွေးမှန်ကို တွေးနိုင်၏။

**ပညာ့ရိပ်မွန်**

ဤလောက၌ အသက်မွေးမှုသည် များစွာ ပြဋ္ဌာန်း၏။ လူသည် ပင်ကိုသဘာဝအားဖြင့် လွတ်လပ်လို၏။ ယင်းကို 'မောက္ခ'ဟူ၍ ဆို၏။ 'မောက္ခ'ဟူသည် နောက်ဆုံး နိဗ္ဗာန်၏အမည် ဖြစ်သည်အထိ ထာဝစဉ် တည်ရှိ၏။ ထို့ကြောင့် လူသည် လွတ်လပ်မှုကို နောက်ဆုံး နိဗ္ဗာန်ရသည် အထိ လိုချင်ခြင်း ဖြစ်၏။ ထို့အပြင် လူသည် ထာဝစဉ် အသက်ရှင်နေလို သော ဆန္ဒလည်း ရှိ၏။ ယင်းကို 'အမတ'ဟူ၍ ဆို၏။ အနက်မှာ မသေခြင်း ဖြစ်၏။ 'အမတ'သည် နောက်ဆုံး၌ နိဗ္ဗာန်၏အမည် ဖြစ်လာ၏။

ထို့ကြောင့် လူသည် နောက်ဆုံး နိဗ္ဗာန်ကို ရသည်အထိ မသေလိုခြင်း ကို ရင်ဝယ်ပိုက်ထားခြင်း ဖြစ်၏။ ထို့အပြင် လူသည် အန္တရာယ်ဟူသမျှ လွတ်ကင်းအောင် အကာအကွယ် ပေးနိုင်သော အားကိုးရာကိုလည်း လိုလား ၏။ ယင်းကို 'သရဏ'ဟူ၍ ဆို၏။ 'သရဏ'သည်လည်း နောက်ဆုံး၌ နိဗ္ဗာန်၏ အမည် ဖြစ်လာ၏။ ထို့ကြောင့် လူသည် အားကိုးရာကို နိဗ္ဗာန် ရသည်အထိ လိုချင်ခြင်း ဖြစ်၏။

ထို့ကြောင့် လွတ်လပ်ခြင်း 'မောက္ခ'၊ အသက်ရှင်ခြင်း 'အမတ'၊ အားကိုးခြင်း 'သရဏ'၊ ပေါင်း သုံးမျိုးသည် လောက၌ သာမက နောက်ဆုံး နိဗ္ဗာန်၌ပင် ရှိနေသော ဓမ္မသဘာဝများဖြစ်သဖြင့် လူတို့အနေဖြင့် ထိုဓမ္မ သဘာဝသုံးမျိုးကို အစဉ် ဆန္ဒရှိနေခြင်း ဖြစ်၏။

ထိုဓမ္မသဘာဝ သုံးမျိုးအရ လူတို့သည် မသေလိုသောအခါ အစာကို စားနိုင်ရန် အားထုတ်ကြ၏။ ထိုအခါ အသက်မွေးမှု အာဇီဝသည် ဖြစ်ပေါ် လာရ၏။ အသက်မွေးမှု အာဇီဝသည် မကောင်းသော အသက်မွေးမြူမှု ဖြစ်ပါက မိစ္ဆာအာဇီဝ ဖြစ်လာရ၏။ ကောင်းသော အသက်မွေးမှု ဖြစ်ပါက သမ္မာအာဇီဝ ဖြစ်လာရ၏။ သို့ရာတွင် လူသည် မသေလိုမှုအတွက် အစာ စားနိုင်ရန် ကောင်းသော အသက်မွေးမှုပဲ ဖြစ်ဖြစ်၊ မကောင်းသော အသက် မွေးမှုပဲ ဖြစ်ဖြစ် အသက်မွေးမှု တစ်ခုခုကိုတော့ လုပ်ရမည် ဖြစ်၏။ သို့ရာ တွင် အသက်မွေးမှု နှစ်မျိုးနှင့် ပတ်သက်၍ မြတ်စွာဘုရားက ဓမ္မပဒပါဠိ တော် ၂၄၄ ၌ ဤသို့ ဟောကြားတော် မူထား၏။

သုစိဝံ အပဟိရိတေန၊ ကာကသူရေန ဓံသိနာ။

ပက္ခန္ဒိနာ ပဂဗ္ဘေန၊ သံကိလိဋ္ဌေန ဇီဝိတံ။

ထိုဒေသနာတော်အရ 'လူသည် တကယ်တမ်း လွယ်ကူစွာ အသက်မွေးမြူလိုပါက အရှက်မရှိရ။ ကျီးကန်းလိုလည်း လုရဲရ၏။ သူတစ်ပါး၏ သိက္ခာကိုလည်း ချရဲရ၏။ သာရာဘက်သို့လည်း ပြေးကပ်ရဲရ၏။ ညစ်ပတ်သော စိတ်လည်း ရှိရ၏။ ဤသို့ပြုလျှင် လောက၌ အသက်မွေးရ လွယ်လေ၏။'

လောကအတွေ့အကြုံအရ မှားသော အသက်မွေးမြူမှုနှင့် မှန်သော အသက်မွေးမြူမှု နှစ်မျိုးတို့တွင် မှားသော အသက်မွေးမြူမှုက လူမိုက်တို့၏ စရိုက်နှင့် လိုက်လျောညီထွေရှိသဖြင့် ပို၍ လွယ်ကူ၏။ အမှန်အားဖြင့်လည်း ဤလောက၌ လူမိုက်ကသာ များပါ၏။ အမှားဟူသည်မှာ အစုန်သဘော ဖြစ်သဖြင့်လည်း ပို၍ လွယ်ကူ၏။ အမှန်ဟူသည်မှာ အဆန်သဘော ဖြစ်သဖြင့် ပို၍ ခက်ခဲ၏။ သို့ရာတွင် မှားယွင်းသော အသက်မွေးမှုသည် ပို၍ လွယ်ကူသော်လည်း ဓမ္မသဘာဝဖြစ်သော လွတ်လပ်မှု၊ မသေမှု၊ ကိုးကွယ်ရာဖြစ်မှုတို့နှင့် လိုက်လျောညီထွေ ရှိပါ၏လော။

သက်ရောက်အားနှင့် တန်ပြန်သက်ရောက်အားတို့၏ နိယာမအရ မိစ္ဆာအာဇီဝကို အကြောင်းပြု၍ သူတစ်ပါး၏ လွတ်လပ်မှုကို မိမိက ချုပ်ချယ်သဖြင့် မိမိ၏ လွတ်လပ်မှုကိုလည်း သူတစ်ပါးတို့ ချုပ်ချယ်ခြင်း ခံရလိမ့်မည် ဖြစ်၏။ ထိုအခါ လွတ်လပ်မှုဟူသည် အနက်အဓိပ္ပာယ် ရှိပါတော့မည်လော။ သူတစ်ပါး၏ အသက်ကို တိုအောင်လုပ်လျှင် မိမိ၏ အသက်သည်လည်း တိုအောင် လုပ်ခြင်း ခံရမည် ဖြစ်၏။ ထိုအခါ မသေခြင်း 'အမတ' ဟူသည် အနက်အဓိပ္ပာယ် ရှိတော့မည် မဟုတ်။ မြင့်မြတ်ခြင်း ဓမ္မကို အားမကိုးလျှင် မြင့်မြတ်ခြင်း ဓမ္မကလည်း မိမိကို ပြန်၍ အကာအကွယ် ပေးမည် မဟုတ်။ ထိုအခါ ကိုးကွယ်ခြင်း 'သရဏ'ဟူသည် အနက်အဓိပ္ပာယ် ရှိတော့မည် မဟုတ်။ မူရင်းရည်ရွယ်ချက်က တစ်မျိုး၊ လက်တွေ့

ဖြစ်လာသည်က တစ်မျိုး ဖြစ်လာ၏။ အမှန်အားဖြင့် ဓမ္မဟူသည် သူ့သဘော ကို သူဆောင်သည်သာ ဖြစ်၏။ အတ္တအနေဖြင့် မိမိဆောင်စေချင်သလို ဆောင်ခိုင်း၍ မရ။

ယနေ့ ကမ္ဘာကို ကြည့်လျှင်လည်း မိမိတို့အနေဖြင့် လွတ်လပ်မှု 'မောက္ခ'ကို လို၍ အဏုမြူလက်နက်များကို ထုတ်ပါ၏။ သို့ရာတွင် ထို အဏုမြူလက်နက်ကြောင့် လွတ်လပ်လာပါသလား၊ မလွတ်လပ်သည့် အပြင် ပို၍ပင် ချုပ်ချယ်ခြင်းကို ခံရ၏။ ထိုအဏုမြူလက်နက်ကြောင့် မသေဘဲ ပို၍ အသက်ရှည်လာပါသလား၊ မသေဘဲ အသက်ရှင် မလာသည့် အပြင် ပို၍ပင် အသက်တိုလာရ၏။ အဏုမြူလက်နက်သည် မိမိတို့၏ အားကိုးအားထားပြုရာ ဖြစ်လာပါသလား၊ အားကိုးအားထားပြုရာ မဖြစ် သည့်အပြင် ပို၍ပင် ကြောက်စရာ ဖြစ်လာပါ၏။

သို့ဖြစ်လျှင် အဏုမြူလက်နက်သည် လိုအပ်သော ရည်မှန်းချက်ကို မရစေနိုင်သောကြောင့် လူသားမျိုးနွယ်စုများအားလုံး အပါအဝင် လောက ကြီး သုံးပါးလုံးအတွက် တာဝန်ရှိလာနိုင်သည်ကို ထိုထိုပညာရှင်တို့ မသိနိုင် ပါ လေသလော။ ထို့ကြောင့် ဓမ္မဟူသည် သူ့သဘောကို သူ့ဟာသူ ဆောင် သည်သာ ဖြစ်၏။ အတ္တအနေဖြင့် မိမိက ဆောင်စေချင်သလို ဆောင်ခိုင်း၍ ရမည် မဟုတ်။ ကုသိုလ်ဓမ္မသည် ကောင်းသောသဘောကိုသာ ဆောင်မည် ဖြစ်၏။ အတ္တအနေဖြင့် ကုသိုလ်ဓမ္မကို မကောင်းသော သဘောကို ဆောင် ခိုင်း၍ မရ။ ထိုနည်းအတူပင် အကုသိုလ်ဓမ္မသည် မကောင်းသော သဘော ကို ဆောင်မည် ဖြစ်၏။ အတ္တအနေဖြင့် အကုသိုလ်ဓမ္မအား ကောင်းသော သဘောကို ဆောင်ခိုင်း၍ မရ။

ဤသည်မှာ ဓမ္မတာဖြစ်၏။ နိယာမဖြစ်၏။ ဤဓမ္မတာ၊ ဤနိယာမ ကို ကျော်လွန်၍ အကုသိုလ်က ကုသိုလ်သဘောကို ဆောင်လာအောင်၊ ကုသိုလ်ကလည်း အကုသိုလ်သဘောကို ဆောင်လာအောင် အတ္တအင်အား ဖြင့် အကယ်၍ လုပ်ဆောင်ပါက ထိုသို့ လုပ်ဆောင်သူသည် တစ်ခုသော

နေ့တွင် ကြီးစွာသော နောင်တကို မလွဲမသွေ ရမည်ဖြစ်၏။ ကမ္မနိယာမနှင့် ပတ်သက်၍ မြတ်စွာဘုရားက ဤသို့ ဟောကြားတော်မူထား၏။

**'ကမ္မဝိပါကော နာမ မယာဝါ ကေနစိဝါ**

**ပဋိဗာဟိတုံ နသက္ကာ'**

**ကံ၏ အကျိုးကို ငါ ဘုရားသည်ဖြစ်စေ၊ အခြားသူ**

**တစ်ဦးဦးက ဖြစ်စေ တားမြစ်ခြင်းငှာ မတတ်ကောင်း။**

လူတို့သည် လွတ်လပ်မှု 'မောက္ခ'ကို ရလိုသည် မှန်၏။ မသေမှု 'အမတ'ကို ရလိုသည် မှန်၏။ အားကိုးမှု 'သရဏ'ကို ရလိုသည် မှန်၏။ သို့ရာတွင် ထိုလွတ်လပ်မှု၊ မသေမှု၊ အားကိုးမှုတို့သည် မှန်ကန်သော အကျင့်– သမ္မာပဋိပဒါဖြင့်သာ ရနိုင်သော တရားများ ဖြစ်၏။ မှားယွင်းသော အကျင့်– မိစ္ဆာပဋိပဒါဖြင့် ရနိုင်သောတရားများ မဟုတ်။ ရှေးရိုးသူတော်ကောင်း လမ်းဖြင့်သာ ရနိုင်သော အကျိုးဖြစ်၏။ ဖြတ်လမ်းဖြင့် ရနိုင်သော အကျိုး မဟုတ်။ မှန်ကန်သောအကျင့်– သမ္မာပဋိပဒါဟူသည် မဂ္ဂင်ရှစ်ပါးပင် ဖြစ်၏။ ယင်းကို မဇ္ဈိမပဋိပဒါ ဟူ၍လည်း ဆို၏။

မှန်ကန်သောအကျင့် မဇ္ဈိမပဋိပဒါသည် ကိုယ်ကျင့်သိက္ခာ ဖြူစင်မှု သီလဝိသုဒ္ဓိဖြင့် စ၍ ဒုစရိုက်ဖြင့် မိစ္ဆာအာဇီဝမှ တစ်ပြိုင်နက် တစ်ပေါင်းတည်း ရှောင်ကြဉ်နိုင်မှု ဝိရတီသဘောအရ သီလမဂ္ဂင်သုံးပါး အနေဖြင့် လောကုတ္တရာ၌ အဆုံးသတ်၏။ ထိုကြောင့် ကိုယ်ကျင့်သိက္ခာ ဖြူစင်မှုသည် သီလဖြင့် စ၍ သီလဖြင့်ပင် အဆုံးသတ်ရ၏။ စ သော ဝိသုဒ္ဓိကား လောကီ ဖြစ်၏။ ဆုံးသော သီလဝိသုဒ္ဓိကား လောကုတ္တရာ ဖြစ်၏။ နှစ်မျိုးလုံး ဝိရတီ စေတသိက်ချည်းသာတည်း။

အကယ်၍ ကိုယ်ကျင့်သိက္ခာ ဖြူစင်မှုကို သီလဖြင့်စပြီး သီလဖြင့် အဆုံးမသတ်နိုင်သေးလျှင် ထိုကိုယ်ကျင့်သိက္ခာဖြူစင်မှုသည် တကယ်တမ်း ခိုင်မာသော ကိုယ်ကျင့်သိက္ခာဖြူစင်မှု မဟုတ်သေး။ အမှန်အားဖြင့် အရဟတ္တ

မဂ်သည် မဂ္ဂင်ရှစ်ပါးတွင် သီလမဂ္ဂင်သုံးပါးတို့က တစ်ပြိုင်တည်း တစ်ပေါင်းတည်း ယှဉ်ပါမှ အရဟတ္တမဂ် အဖြစ်သို့ ရောက်၏။ သီလမဂ္ဂင်သုံးပါး ဟူသည်မှာ ကိုယ်ကျင့်သိက္ခာ ဖြူစင်မှုနှင့် ပတ်သက်သော မှန်ကန်သော ကာယကံမှု 'သမ္မာကမ္မန္တ'၊ မှန်ကန်သော ဝစီကံမှု 'သမ္မာဝါစာ'၊ မှန်ကန်သော အသက်မွေးမှု 'သမ္မာအာဇီဝ'တို့ပင် ဖြစ်ကြ၏။ ထို့ကြောင့် ကိုယ်ကျင့်သိက္ခာဖြူစင်မှုသည်သာလျှင် လူတို့အနေဖြင့် တကယ်တမ်း တောင့်တအပ်သော လွတ်လပ်မှု 'မောက္ခ'၊ မသေမှု 'အမတ'၊ အားကိုးရာဖြစ်မှု 'သရဏ' တို့ကို ပေးစွမ်းနိုင်ပါ၏။

သို့ဖြစ်၍ ကိုယ်ကျင့်သိက္ခာဖြူစင်မှုသည် များစွာ အလေးထားအပ်သော၊ များစွာ လိုက်နာကျင့်သုံးအပ်သော၊ လောက၌ ဒုစရိုက်နှင့် မိစ္ဆာအာဇီဝကို ပယ်သတ်နိုင်သဖြင့် စစ်မှန်သော ငြိမ်းချမ်းမှုကို ဆောင်ကြဉ်းနိုင်သော အကျင့်မြတ် ဖြစ်ပါ၏။ လောက၌ စစ်မှန်သော ငြိမ်းချမ်းမှုဟူသည်မှာ ဒုစရိုက်နှင့် မိစ္ဆာအာဇီဝကင်းပြီး၊ သုစရိုက်နှင့် သမ္မာအာဇီဝတို့ ဖြစ်ထွန်းနေခြင်းပင် ဖြစ်၏။ ဤသို့ ဖြစ်ထွန်းနေခြင်းသည်ပင် မောက္ခ၊ အမတ၊ သရဏကို ရစေခြင်း ဖြစ်၏။

သို့ဖြစ်လေရာ ကိုယ်ကျင့်သိက္ခာ အထွတ်ရောက်အောင် ဖြူစင်နိုင်ရေးအတွက် ပံ့ပိုးမှုများကိုလည်း လိုအပ်ပါ၏။ ယင်း ပံ့ပိုးမှုများကား ပညာမဂ္ဂင်ရှစ်ပါးနှင့် သမာဓိမဂ္ဂင်သုံးပါးတို့ကို ပွားများခြင်း၊ ကြိမ်ဖန်များစွာ ပြုခြင်းတို့ ဖြစ်ကြ၏။ ယင်းမဂ္ဂင်ငါးပါးကို လောကီမဂ္ဂင်ငါးပါးဟူ၍ ဆိုရ၏။ ဝိပဿနာလုပ်ငန်းတွင် ဤမဂ္ဂင်ငါးပါးဖြင့်သာ စ၍ လုပ်ရ၏။ မဂ္ဂင်ရှစ်ပါးစလုံးဖြင့် စ၍ မရကောင်း။ အမှန်အားဖြင့် ဝိရတီမည်သော သီလမဂ္ဂင်သုံးပါးသည် ဝိပဿနာ၌ ပါဝင်နိုင်ခြင်း မရှိ။ အဘယ့်ကြောင့်ဆိုသော် ဝိရတီသည် ရှုပွားစရာ ရုပ်နာမ်ခန္ဓာအာရုံကို အာရုံမပြုဘဲ ရှောင်ကြဉ်စရာ ဒုစရိုက်များနှင့် မကောင်းသော အသက်မွေးမြူမှုကိုသာ အာရုံပြုသောကြောင့် ဖြစ်၏။ ထို့ကြောင့် ရှောင်ကြဉ်မှုသဘော မပါဝင်သော ဘုရားဖူးခြင်း၊

တရားနာခြင်း စသော ကောင်းမှုကုသိုလ်လုပ်ငန်းများ၌လည်း ရောင်ကြဉ်မှု ဝိရတီ စေတသိက်များသည် ပါဝင်ယှဉ်နိုင်ခြင်း မရှိပါ။

သို့ရာတွင် ဝိပဿနာကို ပွားပွား၊ မည်သည့် ကုသိုလ်ကောင်းမှုကို လုပ်လုပ် ရောင်ကြဉ်စရာ ဒုစရိုက်များနှင့် မကောင်းသော အသက်မွေးမှု မပါဝင်သေးစေကာမူ ထိုဒုစရိုက်များနှင့် မိစ္ဆာအာဇီဝမှ ရောင်ကြဉ်ရန် အဓိဋ္ဌာန်ပြုသောအားဖြင့် လုပ်ငန်းကို မစမီ သီလကို ခံယူဆောက်တည်ကြ၏။ သီလကို ခံယူဆောက်တည်ပါမှလည်း လောကီမဂ္ဂင်ငါးပါးက မဖြစ်ပေါ်နိုင်သေးသော သီလမဂ္ဂင် သုံးပါးကို တစ်ပြိုင်နက် တစ်ပေါင်းတည်း ယှဉ်တွဲဖြစ်ပေါ်လာအောင် ပံ့ပိုးနိုင်မည် ဖြစ်၏။ ဤသို့ သီလကို ခံယူဆောက်တည်ခြင်းမှာလည်း ကိုယ်ကျင့်သိက္ခာ ဖြူစင်မှုအတွက် ဖြစ်၏။ သို့ရာတွင် ဤသီလ ဆောက်တည်မှုကို သမာဒါနဝိရတီ ဟူ၍ ဆို၏။ သမာဒါနဝိရတီကား တကယ်တမ်း ခိုင်မာသော ဒုစရိုက်နှင့် မိစ္ဆာအာဇီဝမှ ရောင်ကြဉ်မှု မဟုတ်သေး။

ထို့ကြောင့် သမ္မာကမ္မန္တ၊ သမ္မာဝါစာ၊ သမ္မာအာဇီဝဟူသော ဝိရတီစေတသိက် သုံးလုံးတို့သည် သီလသိက္ခာပုဒ်ကို ဆောက်တည်ရာ၌ ဖြစ်သော ကုသိုလ်စိတ်၌ အတူတကွ တစ်ပေါင်းတည်း တစ်ပြိုင်နက် မယှဉ်နိုင်ခြင်း ဖြစ်၏။ အမှန်အားဖြင့် မဂ်စိတ်နှင့် ဖိုလ်စိတ် အခိုက်၌သာ ထို ဝိရတီ စေတသိက် သုံးလုံးတို့သည် အတူတကွ တစ်ပေါင်းတည်း တစ်ပြိုင်နက် ယှဉ်နိုင်ကြ၏။ သို့ဖြစ်၍သာ ပုထုဇဉ်များ အနေဖြင့် ဒုစရိုက်နှင့် မိစ္ဆာအာဇီဝမှ ခိုင်မာစွာ မရောင်ကြဉ်နိုင်ကြဘဲ၊ အရိယာများသာ ဒုစရိုက်နှင့် မိစ္ဆာအာဇီဝမှ ခိုင်မာစွာ ရောင်ကြဉ်နိုင်ကြခြင်း ဖြစ်ပါ၏။

အမှန်အားဖြင့် လူတို့သည် မိမိတို့၏ ပတ်ဝန်းကျင်၌ အခြားသော လူများနှင့် သက်ရှိသတ္တဝါများလည်း ရှိကြသေးရာ ယင်းတို့နှင့် မလွဲမရှောင်သာ ဆက်ဆံကြရ၏။ ထိုကဲ့သို့ ဆက်ဆံကြရာ၌ ငြိမ်းချမ်းစွာ ဆက်ဆံဖို့ လိုပါ၏။ ငြိမ်းချမ်းစွာ မဆက်ဆံနိုင်လျှင် အမြဲတမ်း ပူပန်ခြင်း၊ ကြောက်ရွံ့

ခြင်း၊ စိုးရိမ်ခြင်း၊ ထိတ်လန့်ခြင်းတို့ကို ခံစားနေရမည် ဖြစ်၏။ ငြိမ်းချမ်းစွာ ဆက်ဆံနိုင်ဖို့ ဆိုသည်ကလည်း မိမိတို့ အနေဖြင့် မိမိတို့ဘက်မှ ကိုယ်ကျင့်သိက္ခာဖြူစင်မှ ဖြစ်၏။ မိမိတို့ဘက်မှ ကိုယ်ကျင့်သိက္ခာ ဖြူစင်မှလည်း အခြားသူတို့ဘက်က ကိုယ်ကျင့်သိက္ခာ ဖြူစင်လာမည် ဖြစ်၏။ ထိုအခါ လောက၌ ဒုစရိုက်များ ကင်းဝေးလာမည် ဖြစ်၏။ ဒုစရိုက်များ ကင်းဝေးလာသည်နှင့်အမျှ သုစရိုက်များ ထွန်းကားလာမည် ဖြစ်၏။ သုစရိုက်များ ထွန်းကားလာလျှင် လူတို့ တောင့်တကြသော လွတ်လပ်မှု၊ မသေမှု၊ အားကိုးနိုင်မှုတို့ကို တဖြည်းဖြည်းချင်း ရလာမည် ဖြစ်၏။ ထို့ကြောင့် မြန်မာနိုင်ငံသားများ အနေဖြင့် စစ်မှန်သော လွတ်လပ်မှု မောက္ခ၊ စစ်မှန်သော မသေမှု အမတ၊ စစ်မှန်သော အားကိုးရာ သရဏတို့ကို ရလိုကြပါလျှင် မခိုင်မာသေးသော ကိုယ်ကျင့်သိက္ခာ တည်ဆောက်မှု သမာဒါနဝိရတီမှ ခိုင်မာသော ကိုယ်ကျင့်သိက္ခာ တည်ဆောက်မှု သမ္မတ္တဝိရတီသို့ ရောက်အောင် ခိုင်မာသော အဓိဋ္ဌာန်ဖြင့် မဖြစ်မနေ ကြိုးပမ်းအပ်ပါသည်။

ဤနေရာ၌ သမ္မတ္တဝိရတီ ဟူသည်မှာ မည်သည့် ဒုစရိုက်၊ မည်သည့် မိစ္ဆာအာဇီဝနှင့် တွေ့တွေ့ မကျူးလွန်တော့သော ရှောင်ကြဉ်မှု ဖြစ်ပါ၏။ သို့ရာတွင် ကိုယ်ကျင့်သိက္ခာ ဖြူစင်အောင် အားထုတ်ရာ၌ အရေးကြီးသော အခက်အခဲတစ်ခု ရှိ၏။ ယင်း အခက်အခဲကား အနစ်နာခံတော့ မိမိက၊ အကျိုးခံစားတော့ သူများက ဖြစ်သည်ကို မကျေနိုင်မချမ်းနိုင် ဖြစ်မှုပင် ဖြစ်၏။ ယင်း ခံယူမှုသည် 'သက္ကာယ'နှင့် ပတ်သက်၏။ သက္ကာယ၌ မိမိ အနစ်နာခံထားလျှင် ထိုအကျိုးကို မိမိသာရပြီး အခြားသူများ မရစေလိုသော သဘော ပါဝင်၏။ ထိုသဘောကား ဒိဋ္ဌိနှင့်ယှဉ်သော လောဘပင်တည်း။ ထို့ကြောင့် ကိုယ်ကျင့်သိက္ခာကို ဖြူစင်အောင် တည်ဆောက်ရာ၌၊ ထို အခက်အခဲကို ဖြူစင်အောင် တည်ဆောက်ရာ၌ ထိုအခက်အခဲကို သတိသမ္ပဇဉ်ဖြင့် ကျော်လွှန်အပ်ပါ၏။

[ မဂ္ဂင်္ဂရိစာစောင်၊ ဒီဇင်ဘာလ ၁၉၉၂ ]

# ဘဝအမြင် နှစ်မျိုး

ဘဝဟူသည် ရုပ် နာမ် ခန္ဓာတို့ဖြင့် ဖွဲ့စည်းထားသော ဓမ္မအစုအဝေး ဖြစ်၏။ သို့ရာတွင် ဘဝကို ကြည့်သောအခါ ရုပ် နာမ် ခန္ဓာများ၏ အစုအဝေးအဖြစ် မြင်သည်လည်း ရှိ၏။ ပုဂ္ဂိုလ် သတ္တဝါများအဖြစ် မြင်သည်လည်း ရှိ၏။

ထိုအမြင်နှစ်မျိုးတွင် တစ်ခုသောအမြင်မှာ အနုလောမရှုထောင့် အရ ဖြစ်သော အမြင်ဖြစ်၏။ အခြားတစ်ခုသောအမြင်မှာ ပဋိလောမ ရှုထောင့် အရမြင်သော အမြင်ဖြစ်၏။ အမြင်သာ နှစ်မျိုး ကွဲပြားသွားသော်လည်း ကြည့်စရာကတော့ နှစ်မျိုးမဟုတ်။ တစ်ခုတည်း ဖြစ်၏။ ယင်း တစ်ခုတည်း ကား ဘဝဖြစ်၏။ ဘဝဟူသည် ရုပ်နာမ် ခန္ဓာတို့၏ အစုအဝေး ဖြစ်၏။

သို့ရာတွင် ဘဝကို အနုလောမ ရှုထောင့်အရ ကြည့်ပါက ပုဂ္ဂိုလ် သတ္တဝါအဖြစ် မြင်၏။ ရုပ်နာမ် ခန္ဓာအဖြစ် မမြင်။ အနုလောမရှုထောင့် အရ ကြည့်ခြင်း ဟူသည်မှာ ပပဉ္စမျက်စိဖြင့် ကြည့်ခြင်းဖြစ်၏။ ပပဉ္စမျက်စိ ဟူသည်မှာ တဏှာမျက်စိ၊ မာနမျက်စိ၊ ဒိဋ္ဌိမျက်စိ ဖြစ်၏။ ထို့ကြောင့် ဘဝကို တဏှာမျက်စိဖြင့် ကြည့်သောအခါ ဘဝသည် တပ်မက်စရာ ဖြစ်၏။ ဘဝကို မာနမျက်စိဖြင့် ကြည့်သောအခါ ဘဝသည် မာန်ဝင်စရာ ဖြစ်၏။ ဘဝကို ဒိဋ္ဌိမျက်စိဖြင့် ကြည့်သောအခါ ဘဝသည် အားကိုးစရာ ဖြစ်၏။ ထို့ကြောင့် လူတို့သည် မိမိတို့၏ ဘဝကို တပ်မက်ကြခြင်း ဖြစ်၏။ မိမိတို့၏ ဘဝနှင့် ပတ်သက်လျှင် မာနထားကြခြင်း ဖြစ်၏။ မိမိတို့၏ ဘဝကို အားကိုးကြခြင်း ဖြစ်၏။

**ပညာ့ရိပ်မွန်**

ဘဝကို ပဋိလောမရှုထောင့်အရ ကြည့်ပါက ပုဂ္ဂိုလ်သတ္တဝါအဖြစ် မမြင်။ ရုပ်နာမ်ခန္ဓာတို့၏ အစုအဝေးအဖြစ်သာ မြင်၏။ ပဋိလောမရှုထောင့်အရ ကြည့်ခြင်းဟူသည်မှာ မဂ္ဂင်မျက်စိဖြင့် ကြည့်ခြင်း ဖြစ်၏။ မဂ္ဂင်မျက်စိကို ဝိပဿနာမျက်စိ ဟူ၍လည်း ဆိုရ၏။ ထို့ကြောင့် ဘဝကို မဂ္ဂင်မျက်စိဖြင့် ကြည့်ပါက ဘဝဟူသည် အမြဲတစေ ခဏတိုင်း ခဏတိုင်း ဖြစ်လိုက် ပျက်လိုက် ဖြစ်နေသော ရုပ်နာမ်ခန္ဓာတို့၏ ဖြစ်ပျက်အစဉ်သာ ဖြစ်၏။ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်။ ပုဂ္ဂိုလ်သတ္တဝါအဖြစ် မြင်ပါက ဘဝဟူသည် မွေးသည်မှ သေသည်အထိ တစ်ခုတည်းဖြစ်၏။ ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်နေသည် မဟုတ်ဘဲ မွေးသောအခါ ဖြစ်၍ သေသောအခါ ပျက်၏။ ဤမျှသာ ဖြစ်၏။ ရုပ်နာမ်ခန္ဓာတို့၏ အစုအဝေးအဖြစ် မြင်ပါက ဘဝဟူသည် မတည်မြဲ၊ ဖောက်လွဲဖောက်ပြန် ဖြစ်၏။ ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်နေ၏။

ဘဝကိုယ်တိုင်က မတည်မမြဲ ဖောက်လွဲဖောက်ပြန် ဖြစ်နေလေသောကြောင့် တပ်မက်စရာလည်း မဟုတ်။ မာန်ဝင့်စရာလည်း မဟုတ်။ အခိုင်အမာအနေဖြင့် အားကိုးစရာလည်း မဟုတ်။ ဤအမြင်သည်သာလျှင် တကယ်တမ်း မှန်ကန်သော အမြင်ဖြစ်၏။ တကယ်တမ်း မှန်ကန်သော အမြင် ဖြစ်သော်လည်း မှန်ကန်ကြောင်းကို လူတို့ လက်မခံနိုင်ကြ။ ထိုသို့ လက်မခံနိုင်ကြခြင်းမှာလည်း သူတို့၏ အတွေ့အကြုံနှင့် မညီညွတ်သောကြောင့် ဖြစ်ပါ၏။

မိမိတို့၏ အတွေ့အကြုံနှင့် မကိုက်ညီဘဲ မိမိကိုယ်ကို ပုဂ္ဂိုလ် မဟုတ်၊ သတ္တဝါ မဟုတ်၊ ငါ မဟုတ်၊ သူ မဟုတ်ဟူ၍ ပြောရခြင်းမှာလည်း အတော်တာဝန်လေးသော ပြောရခြင်းမျိုးသာ ဖြစ်၏။ ပတ်ဝန်းကျင်ကို ကြောက်၍ ပတ်ဝန်းကျင်နှင့် မဆန့်ကျင်ရလေအောင် လိုက်၍ ပြောရခြင်းမျိုးသာ ဖြစ်၏။ တကယ်တမ်း ယုံကြည်၍ ပြောခြင်းမျိုးတော့ မဟုတ်။ ယုံကြည်ပါသည် ဆိုရအောင်လည်း အခက်။ အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင်က သူ၏ ဘဝကို ရုပ်နာမ်ခန္ဓာအဖြစ် မမြင်ဘဲ၊ ငါ အဖြစ်သာ မြင်နေသောကြောင့်

ဖြစ်၏။ ထိုအမြင် မပျောက်ပါဘဲလျက် ငါ မဟုတ် ဟူ၍ ပြောရခြင်းမှာ ကြား၍ ကောင်းရုံမျှ မှန်ကန်သော အတု ပရမတ္ထသစ္စာ အမှန်မျှသာ ဖြစ်၏။ အစစ် ပရမတ္ထသစ္စာ အမှန် မဟုတ်။

အနုလောမရှုထောင့်အရ ပပဉ္စမျက်စိဖြင့် ဘဝကိုကြည့်သောအခါ ဘဝနှင့် ပတ်သက်၍ မြင်သော အမြင်ဟူသမျှ အားလုံးသည် ဝိဇ္ဇာအပေါ် အခြေတည်သည်ချည်း ဖြစ်၏။ ပဋိလောမ ရှုထောင့်အရ မဂ္ဂင်မျက်စိဖြင့် ဘဝကို ကြည့်သောအခါ ဘဝနှင့် ပတ်သက်၍ မြင်သမျှ အမြင်အားလုံးသည် အဝိဇ္ဇာအပေါ် အခြေတည်သည်ချည်း ဖြစ်ပါ၏။

အဝိဇ္ဇာအပေါ် အခြေတည်လျှင် ယင်းအမြင်အပေါ်၌ အဝိဇ္ဇာ၏ သတ္တိ လွှမ်းမိုးနေသည်မှာ အထူးဖော်ပြစရာ မလိုအောင် မှန်ကန်သော အမှန် ဖြစ်၏။ အဝိဇ္ဇာဟူသည်မှာ သိအပ်သည်ကို မသိ၊ မသိအပ်သည်ကို သိသော သဘောဖြစ်သည် ဟူ၍လည်း ဆို၏။ ထို့အပြင် ဒဿနကျမ်းများ၌ အဝိဇ္ဇာဟူသည် '**အတသ္မိံ တဗ္ဗုဒ္ဓိ**–ထိုဟာ မဟုတ်သည်၌ ထိုဟာဟူ၍ သိခြင်းမျိုး ဖြစ်သည်'ဟုလည်း ဆိုပါ၏။ ထို့အပြင် အဝိဇ္ဇာ၌ သတ္တိနှစ်မျိုး ရှိသည် ဟူ၍လည်း ဆိုပါ၏။ သတ္တိနှစ်မျိုးတွင် တစ်မျိုးသော သတ္တိမှာ ဝိက္ခေပသတ္တိဖြစ်၍ အခြားတစ်မျိုးသော သတ္တိမှာ အာဝရဏသတ္တိ ဖြစ်၏။

ဝိက္ခေပသတ္တိဟူသည်မှာ 'ဖော်ထုတ်'သော သတ္တိဖြစ်၏။ အာဝရဏ သတ္တိဟူသည်မှာ 'ဖုံးကွယ်'သော သတ္တိဖြစ်၏။ ထို့ကြောင့် အဝိဇ္ဇာသည် ဘဝနှင့် ပတ်သက်လျှင် 'ဖော်'လည်း ဖော်၏။ 'ဖုံး'လည်း ဖုံး၏။ ဤသို့လျှင် အဝိဇ္ဇာသည် သတ္တိနှစ်မျိုးဖြင့် လုပ်ငန်းနှစ်မျိုးကို လုပ်၏။

ဖော်သော ဝိက္ခေပသတ္တိအရ အဝိဇ္ဇာသည် အဓမ္မကို ဓမ္မဖြစ်အောင် လုပ်၏။ မဟုတ်ကို အဟုတ်ဖြစ်အောင် လုပ်၏။ အမှားကို အမှန်ဖြစ်အောင် လုပ်၏။ အပြန်အလှန်အားဖြင့် အဝိဇ္ဇာသည် ဓမ္မကို အဓမ္မဖြစ်အောင် လုပ်၏။ အဟုတ်ကို မဟုတ်ဖြစ်အောင် လုပ်၏။ အမှန်ကို အမှားဖြစ်အောင် လုပ်၏။ ဖုံးသော အာဝရဏသတ္တိအရ အဝိဇ္ဇာသည် ဓမ္မကို ဓမ္မအတိုင်း

မသိရလေအောင် ဖုံး၏။ အစမ္မကို အစမ္မအတိုင်း မသိရလေအောင် ဖုံး၏။ အဟုတ်ကို အဟုတ်အတိုင်း မသိရလေအောင် ဖုံး၏။ ထို့အပြင် အမှန်ကို လည်း အမှန်အတိုင်း မသိရလေအောင် ဖုံး၏။ အမှားကိုလည်း အမှား အတိုင်း မသိရလေအောင် ဖုံး၏။

အဝိဇ္ဇာ၏ ဤသတ္တိနှစ်မျိုး စွမ်းအားကြောင့် လူသည် မိမိကိုယ်တိုင် က အစမ္မကို လုပ်နေပါလျက် ဓမ္မဖြစ်အောင် ဖော်ထုတ်၍ ပြောဆို၏။ အစမ္မလုပ်နေမှန်း မသိရလေအောင် ဖုံးကွယ်၏။ မဟုတ်လုပ်နေပါလျက် အဟုတ်ဖြစ်အောင် ဖော်ထုတ်၍ ပြောဆို၏။ မဟုတ်လုပ်နေမှန်း မသိရလေ အောင် ဖုံးကွယ်၏။ အမှားလုပ်နေပါလျက် အမှန်ဖြစ်အောင် ဖော်ထုတ်၍ ပြောဆို၏။ အမှားလုပ်နေမှန်း မသိရလေအောင် ဖုံးကွယ်၏။

အနုလောမ ရှုထောင့်အရ ဘဝကို ပပဉ္စမျက်စိဖြင့် ကြည့်သူတိုင်း၏ သန္တာန်၌ ဤသတ္တိနှစ်မျိုးတို့၏ စွမ်းဆောင်မှုများကို ဖော်ပြပါအတိုင်း တွေ့ရသည်ချည်း ဖြစ်၏။ မိမိကိုယ်တိုင်က သူယုတ်မာအကျင့်ကို ကျင့်နေ ပါလျက် သူတော်ကောင်းဖြစ်သယောင် ပါးစပ်က စာပေကျမ်းဂန်များကို အော်ကြီးဟစ်ကျယ် ရွတ်ဆို၏။ မိမိ၏ အကျိုးစီးပွားကို လုပ်နေပါလျက် ပါးစပ်က အများ၏ အကျိုးစီးပွားကို ဆောင်နေပါသည် ဟူ၍ လည်းကောင်း၊ အမျိုးဘာသာ သာသနာအတွက် လုပ်နေပါသည် ဟူ၍ လည်းကောင်း ထုတ်ဖော် ပြောဆို၏။ ဤသို့ ဖြစ်ရသည်မှာ အဝိဇ္ဇာကြောင့်ပင် ဖြစ်၏။

ဤအဝိဇ္ဇာ၏ ဖိအားပေးမှုကြောင့် သူယုတ်မာက သူယုတ်မာမှန်း မသိနိုင်အောင် ဖုံးကွယ်၏။ သူတော်ကောင်းဖြစ်သယောင် ဖော်ထုတ်၏။ အတ္တဟိတသမားက အတ္တဟိတသမားမှန်း မသိနိုင်အောင် ဖုံးကွယ်၏။ ပရဟိတသမား ဖြစ်သယောင် ဖော်ထုတ်၏။ သို့ရာတွင် ဤလောက၌ ဘဝကို ပပဉ္စ မျက်စိဖြင့် ကြည့်တတ်သူများက အများစု ဖြစ်လေရာ၊ ထိုထို ပုဂ္ဂိုလ်တို့၏ သန္တာန်၌ အဝိဇ္ဇာ အပေါ်စီးရခိုက်၌ ပြောသူများကလည်း ဖော်ပြပါအတိုင်း ပြောကြသလို၊ ကြားသူများကလည်း ကြားတိုင်း ယုံကြည် တတ်ကြပါ၏။

အမှန်အားဖြင့် အဝိဇ္ဇာဟူသည် တကယ်တမ်း ခိုင်မာသော တရား မဟုတ်။ တစ်ခုသောနေ့တွင် ဝိဇ္ဇာ၏ သတ်ဖြတ်ခြင်းကို ခံရသော တရားဖြစ်၏။ ထိုအခါ အဝိဇ္ဇာ လွှမ်းမိုးစဉ်က ပြောဆိုချက်များ၊ လုပ်ဆောင်ချက်များ၊ ကြံစည်ချက်များ အားလုံးတို့သည် 'ဘူး'ပေါ်သလို ပေါ်ကြမြဲဖြစ်၏။ ရုက် ဖွယ်လိလိ ဖြစ်မြဲ ဖြစ်ကြပါ၏။ အဝိဇ္ဇာသတ္တိကြောင့် အဓမ္မက ဓမ္မအပေါ် နိုင်ခြင်းသည် လည်းကောင်း၊ မဟုတ်က အဟုတ်အပေါ် အသာစီးရခြင်း သည် လည်းကောင်း၊ အမှားက အမှန်အပေါ် လွှမ်းမိုးခြင်းသည် လည်း ကောင်း ဓမ္မတာအားဖြင့် ယာယီသာ ဖြစ်ချေ၏။ ထာဝရ မဟုတ်။

ဝိဇ္ဇာ၏ သတ္တိကြောင့် ဓမ္မက အဓမ္မအပေါ် နိုင်ခြင်းသည် သာလျှင် လည်းကောင်း၊ အဟုတ်က မဟုတ်အပေါ် အသာစီးရခြင်းသည် သာလျှင် လည်းကောင်း၊ အမှန်က အမှားအပေါ် လွှမ်းခြင်းသည်သာလျှင် လည်း ကောင်း ဓမ္မတာအားဖြင့် ထာဝရ ဖြစ်၏။ ယာယီ မဟုတ်။

ပဋိလောကရှုထောင့်အရ ဘဝကို မဂ္ဂင်မျက်စိဖြင့် ကြည့်သောအခါ ပုဂ္ဂိုလ် သတ္တဝါအဖြစ် မမြင်တော့ဘဲ ရုပ်နာမ်ခန္ဓာတို့၏ အစုအဝေး အဖြစ် မြင်သည်နှင့် တစ်ပြိုင်နက် ဓမ္မကိုလည်း ဓမ္မအတိုင်း မြင်လာ၏။ အဓမ္မကို လည်း အဓမ္မအတိုင်း မြင်လာ၏။ အမှန်ကိုလည်း အမှန်အတိုင်း မြင်လာ ၏။ အမှားကိုလည်း အမှားအတိုင်း မြင်လာ၏။ ဤသို့ မြင်လာသည်မှာ ဝိဇ္ဇာက အဝိဇ္ဇာကို ပယ်သတ်လိုက်သောကြောင့် ဖြစ်၏။

ဝိဇ္ဇာက အဝိဇ္ဇာကို ပယ်သတ်လိုက်သောအခါ လူသည် ဘဝနှင့် ပတ်သက်၍ မြင်စရာများကို အဖြစ်–အဖြစ်အတိုင်း၊ အရှိ–အရှိအတိုင်း မြင်လာ၏။ ဤသည်ကိုပင် ယထာဘူတဉာဏ်ဖြင့် မြင်ခြင်းဟူ၍ ဆိုရ၏။ မဂ္ဂင်မျက်စိဖြင့် ကြည့်ပါမှသာ ယထာဘူတဉာဏ်ဖြင့် မြင်ပါ၏။ ယထာ ဘူတဉာဏ်ဖြင့် လောကကို ကြည့်တတ်လာသောအခါ မှားယွင်းလျှင်လည်း မှားမှန်းသိ၏။ မှားမှန်းသိသည်နှင့် တစ်ပြိုင်နက် ယင်းအမှားကို ပြင်ဆင်ဖို့ ဝန်မလေး။ အလွယ်တကူပင် ပြင်ဆင်တတ်၏။ ဤသည်ကိုပင် သောဝ

စသဿတာဂုဏ်နှင့် ပြည့်စုံခြင်းဟူ၍ ဆိုရ၏။ သော၀စသဿတာ၏ အနက်မှာ ဆိုဆုံးမရ လွယ်ကူခြင်းဟူ၍ ဖြစ်၏။

အမှန်အားဖြင့် ဤလောက၌ မှားမှန်းသိပါလျက် မပြင်သူ မြောက်မြားစွာ ရှိ၏။ ထိုသူများကို ဒုဗ္ဗစ ဟူ၍ ကျမ်းဂန်များ၌ ဆို၏။ ဒုဗ္ဗစ၏ အနက်မှာ ပြောရဆိုရခက်သူဟူ၍ ဖြစ်၏။ ပြောရဆိုရ ခက်သူများသည် အနုလောမ ရှုထောင့်အရ ဘ၀နှင့် ပတ်သက်၍ မြင်စရာများကို ပပဥ္စမျက်စိဖြင့် ကြည့်တတ်သူများ ဖြစ်ကြ၏။ ထိုသူများသည် မိမိယူထားသော အယူကို မှားမှား၊ မှန်မှန် ဇွတ်အတင်း ဖက်တွယ်ထားတတ်ကြ၏။ ထို့ကြောင့် အာဓာနဂ္ဂါဟီ ဟူ၍ ဆို၏။ မိမိ၏ အယူ မှားမှန်းသိပါလျက် မစွန့်ဘဲ ရှိတတ်၏။ ထို့ကြောင့် ထိုသူမျိုးကို ဒုပ္ပဋိနိဿဂ္ဂီ ဟူ၍ ဆို၏။

လူဟူသည် အကြောင်းအမျိုးမျိုးကြောင့် ပပဥ္စမျက်စိဖြင့် လောကကို ကြည့်ပြီး မတော်မတရား လုပ်တတ်ပါသော်လည်း၊ ပဋိသန္ဓေဗီဇအားဖြင့်မူ ဓမ္မဘက်တော်သား ဖြစ်ချင်ကြသူချည်း ဖြစ်၏။ ဓမ္မတာအားဖြင့် မျိုးစေ့ရှိလျှင် အပင်ပေါက်အောင် လုပ်၍ ရ၏။ လူ့ဘ၀၏ ပဋိသန္ဓေမျိုးစေ့မှာ ကုသိုလ်၏ အကျိုး ကုသလဝိပါက်ချည်း ဖြစ်၏။ ထို့ကြောင့် ထိုကုသိုလ်မျိုးစေ့မှ ကုသိုလ်အပင်ပေါက်နိုင်စေရန် ပညာသင်ကျောင်း အမျိုးမျိုးဖွင့်၍ လူများအား အရွယ်မရွေး ပညာသင်ပေးရခြင်း ဖြစ်၏။ အရွယ်မရွေး လေ့ကျင့်ပေးရခြင်း ဖြစ်၏။

ပညာသင်ကြားပေးခြင်းနှင့် လေ့ကျင့်ပေးခြင်း၏ ရည်ရွယ်ချက်မှာ လောကကို မဂ္ဂင်မျက်စိဖြင့် ကြည့်ပြီး ယထာဘူတဉာဏ်ကို ရအောင် ဖြစ်ပါ၏။ အမှန်အားဖြင့်လည်း ပဋိလောမ ရှုထောင့်အရ လောကကို မဂ္ဂင်မျက်စိဖြင့် ကြည့်တတ်ပါမှသာ ယထာဘူတဉာဏ်ကို ရနိုင်၏။ သို့ရာတွင် မိမိတို့ကြည့်သော မျက်စိအလိုက် ဉာဏ်များကို ရကြပါ၏။ ထိုဉာဏ်များကို အုပ်စုဖွဲ့လိုက်လျှင် သုံးမျိုးဖြစ်၏။ ပထမမျိုးမှာ သုတဉာဏ်ဖြစ်၏။ ဒုတိယ

မျိုးမှာ အနုမိတဉာဏ် ဖြစ်၏။ တတိယမျိုးမှာ သစ္စိကတဉာဏ် ဖြစ်၏။ ဤဉာဏ်သုံးမျိုးမှာ ပညာရှင်တို့၏ အဆိုအမိန့်အရ ဖော်ပြခြင်း ဖြစ်၏။

သုတဉာဏ်ဖြင့် ဘဝကို သုံးသပ်လျှင် လောက၌ အထက်တန်းကျကျ နေနိုင်ရေးသာ ပဓာန၊ ပစ္စည်းဥစ္စာ ချမ်းသာရေးသာ ပဓာန၊ ရာထူးကြီးကြီး ရရှိရေးသာ ပဓာန ဟူ၍ မြင်၏။ ထိုအမြင်အတိုင်း အားထုတ်၏။

အနုမိတဉာဏ်ဖြင့် ဘဝကို သုံးသပ်လျှင် လောက၌ စာပေကျမ်းဂန်တတ်မြောက်ရေးသာ ပဓာန၊ ကြောင်းကျိုးဆင်ခြင်နိုင်သော ပညာရှိ ဖြစ်ရေးသာ ပဓာန ဟူ၍ မြင်၏။ ထိုအမြင်အတိုင်း အားထုတ်၏။ သစ္စိကတဉာဏ်ဖြင့် ဘဝကို သုံးသပ်သောအခါ လောက၌ ကိုယ်ကျင့်သိက္ခာ ကောင်းမွန်ရေးသာ ပဓာန ဟူ၍ မြင်၏။ ထိုအမြင်အတိုင်း အားထုတ်၏။

အမှန်အားဖြင့် ဉာဏ်သုံးမျိုးတို့တွင် သစ္စိကတဉာဏ်သည် သာလျှင် ပဓာန ဖြစ်၏။ သစ္စိကတဉာဏ် ရှိသူများသည်သာ ပစ္စည်းဥစ္စာများကို ဖြစ်စေ၊ ရာထူးကြီးများကို ဖြစ်စေ၊ အသိပညာနှင့် အတတ်ပညာများကို ဖြစ်စေ မိမိ အကျိုးစီးပွားထက် လောက၏ အကျိုးစီးပွားကို ဦးစားပေး၍ အသုံးချတတ်၏။ သစ္စိကတဉာဏ် မရှိလျှင် ပညာ ဘယ်လောက်ပင် ရှိစေကာမူ အရာရာတိုင်း၌ အများ၏ အကျိုးကို အယောင်ပြပြီး မိမိ၏ အကျိုးကို ဦးစားပေး ဆောင်ရွက်တတ်သော 'အတ္တဟိတ'သမားများသာ ဖြစ်လေ၏။

ပါရမီသဘောအရ 'အတ္တဟိတ'သမားများသည် လူ့ဘဝကို ထိုက်ထိုက် တန်တန်ရသူ မဟုတ်ဘဲ၊ 'ပရဟိတ'သမားသည်သာ လူ့ဘဝကို ထိုက်ထိုက်တန်တန်ရသူ ဖြစ်၏။ ထို့ကြောင့် လူ့ဘဝကို ထိုက်ထိုက်တန်တန် ရသော လူတစ်ယောက် ဖြစ်လာနိုင်စေရန် ပဋိလောမ ရှုထောင့်အရ လောကကို မဂ္ဂင်မျက်စိဖြင့် ကြည့်တတ်အောင် ကြိုးပမ်းအပ်ပါ၏။

[ မြတ်ပန်းဝေစာစောင်၊ နိုဝင်ဘာလ ၁၉၉၂ ]

# တူရူနှစ်ဖက် သို့မဟုတ် အတ္တနှင့်အနတ္တ

လူသည် ဘဝကို ရှု၍ သိတတ်သော အရွယ်မှ စကာ ဘဝခရီး၏ တူရူနှစ်ဖက် အနက် တစ်ဖက်ဖက်သို့ ခဏတိုင်း ခဏတိုင်း လျှောက်နေရ၏။ ဘဝခရီး၏ တူရူနှစ်ဖက်အနက် တစ်ဖက်သော တူရူသည် 'ငါ' ကောင်းစားရေးသို့ ဦးတည်သော တူရူဖြစ်၏။ ယင်းတူရူကို 'အတ္တသင်္ဂဟ'တူရူ ဟူ၍ ဆို၏။ အတ္တသင်္ဂဟဆိုသည်မှာ မိမိကိုယ်ကို ချီးမြှောက်ခြင်း ဖြစ်၏။ အခြား တစ်ဖက်သော တူရူသည်ကား 'လောက'ကောင်းစားရေးသို့ ဦးတည်သော တူရူ ဖြစ်၏။ ယင်းတူရူကို 'လောကသင်္ဂဟ'တူရူ ဟူ၍ ဆိုရ၏။ လောက သင်္ဂဟ ဟူသည်မှာ လောကကို ချီးမြှောက်ခြင်း (ဝါ) အများကို ချီးမြှောက် ခြင်း ဖြစ်၏။ အမှန်အားဖြင့် လူ သာမက သတ္တဝါဟူသမျှသည် ဤတူရူ နှစ်ဖက်အနက် တစ်ဖက်ဖက်သို့ မလွဲမသွေ ခဏတိုင်း ခဏတိုင်း လျှောက် နေရသည်သာ ဖြစ်၏။

ဤတူရူ နှစ်ဖက်အနက် အတ္တသင်္ဂဟ တူရူကို ဘာသာရေး ဝေါဟာရ အားဖြင့် 'လောက'တူရူ ဟူ၍ ဆိုရ၏။

ဘာသာရေး ဝေါဟာရဖြင့်ပင် လောကသင်္ဂဟ တူရူကိုမူကား 'လော ကုတ္တရာ'တူရူ ဟူ၍ ဆိုရ၏။

**ပညာ့ရိပ်မွန်**

ထို့ကြောင့် လောကနှင့် လောကုတ္တရာဟူသည် တူရှသာ ကွဲ၏။ လမ်းမကြီးကား မကွဲ။ တစ်မျိုးတည်းသာ ဖြစ်၏။

လမ်းမကြီး ဟူသည်ကား မိမိတို့၏ ဒွါရ (၆)ပါး၌ ထင်လာသော အာရုံ (၆)ပါး ဖြစ်၏။

ထိုအာရုံ (၆)ပါးတို့သည်လည်း အားလုံးတို့အတွက် အာရုံ (၆)ပါးပင် ဖြစ်သဖြင့် အပြောင်းအလဲ မရှိကြ။

ထိုကြောင့် လမ်းမကြီးကား မည်သူ့အတွက်ပင် ဖြစ်စေ၊ ကွဲပြားမှု မရှိ။ တစ်ခုတည်း။ ခြေလှမ်းများသည်လည်း ဘယ်သူပင် လျှောက်လျှောက်၊ ကြွ၍ ချခြင်းသာ ဖြစ်၏။

သူ လျှောက်လျှင်လည်း ခြေကို ကြွ၍ ချခြင်းသာ ဖြစ်၏။ အခြား တစ်ယောက် လျှောက်လျှင်လည်း ခြေကို ကြွ၍ ချခြင်းပင် ဖြစ်၏။

ထိုကြောင့် ခြေလှမ်းများသည်လည်း မည်သူ့အတွက်ပင် ဖြစ်စေ၊ အချင်းချင်း ကွဲပြားမှုမရှိ။ ကြွခြင်းနှင့် ချခြင်းပင် ဖြစ်၏။

ဤနေရာ၌ ခြေလှမ်းများ ဆိုသည်မှာ 'ကံ'ကို တင်စား၍ ဆိုခြင်း ဖြစ်၏။ 'ကံ'ဆိုသည်မှာလည်း ကိုယ်ဖြင့် လုပ်လုပ်၊ နှုတ်ဖြင့် လုပ်လုပ်၊ စိတ်ဖြင့် လုပ်လုပ်၊ လုပ်ခြင်း သာမညကို 'ကံ'ဟူ၍ ဆိုခြင်း ဖြစ်၏။

ဝိသေသအားဖြင့်မူ ကောင်းသော 'ကံ'နှင့် မကောင်းသော 'ကံ' ဟူ၍ ကွဲပြားချက် ရှိပါ၏။ အမှန်အားဖြင့် သတ္တဝါတို့သည် အထူးအားဖြင့် လူ့လောကနှင့် ပတ်သက်၍ ဆိုခြင်း ဖြစ်သဖြင့် လူတို့သည် ဘဝခရီးကို လျှောက်ကြရာ၌ လမ်းမကြီးကလည်း မကွဲ။ လမ်းမကြီးဟူသည် ဒွါရ (၆)ပါး၌ ထင်လာသော အာရုံ (၆)မျိုး ဖြစ်၏။

မည်သူ့အတွက်ပင် ဖြစ်စေ အာရုံဟူသည် (၆)မျိုးသာ ရှိ၏။ ထိုထက် မပိုချေ။ ခြေလှမ်းများသည်လည်း မကွဲ။ ခြေလှမ်းများဟူသည် အလုပ်ကို 'လုပ်'ခြင်း ဖြစ်၏။

ကိုယ်ဖြင့် လုပ်လုပ်၊ နှုတ်ဖြင့် လုပ်လုပ်၊ စိတ်ဖြင့် လုပ်လုပ်၊ အလုပ်ကို 'လုပ်'ခြင်း ဟူ၍သာ ဆိုရ၏။

ထို့ကြောင့် ခြေလှမ်းမှန်သမျှသည် မည်သူကပင် လှမ်းလှမ်း မိမိတို့၏ ခြေကို ကြွ၍ ချခြင်းသာ ဖြစ်သကဲ့သို့ အလုပ်မှန်သမျှသည်လည်း မည်သူကပင် လုပ်လုပ်၊ ကိုယ်ဖြင့်ပဲ လုပ်လုပ်၊ နှုတ်ဖြင့်ပဲ လုပ်လုပ်၊ စိတ်ဖြင့်ပဲ လုပ်လုပ်၊ အလုပ်ကို 'လုပ်'ခြင်းသာ ဖြစ်၏။

အလုပ်ကို 'လုပ်'ခြင်းကို ခြုံ၍ 'ကံ'ဟူ၍ ဆိုခြင်း ဖြစ်၏။ ထို့ကြောင့် ခြေလှမ်းများသည်လည်း မကွဲ ဟူ၍ ဆိုခြင်း ဖြစ်၏။

လူတို့သည် အာရုံ 'လမ်းမကြီး'အပေါ်၌ ကံ 'ခြေလှမ်းများ'ဖြင့် လျှောက်ကြသူချင်း အတူတူ ဖြစ်သော်လည်း အချင်းချင်း မတူသော အချက်ကား ရှိ၏။ ယင်းအချက်ကား တူရူဖြစ်၏။

အချို့ကား 'ငါ'ကောင်းစားရေးသို့ မျက်နှာမူ၍ လျှောက်ကြ၏။ အချို့ကား 'လောက'ကောင်းစားရေးသို့ မျက်နှာမူ၍ လျှောက်ကြ၏။

လမ်းကတော့ ဒီလမ်း၊ ခြေလှမ်းများကလည်း ဒီ ခြေလှမ်းများပင်။ သို့ရာတွင် မျက်နှာမူရာဘက်ချင်းကား မတူပါချေ။

တစ်ဦးက တောင်ဘက်သို့ မျက်နှာမူလျှင် အခြားတစ်ဦးက မြောက်ဘက်သို့ မျက်နှာမူသည့်သဖွယ် ဖြစ်ပါ၏။

"မိမိ၏ ဆိုလိုရင်း အနက်ကို ဥပမာဖြင့်ဆိုလျှင် သိလွယ်၏" ဟူသော အဆိုအမိန့်အတိုင်း ဘဝကို ခရီးဖြင့် လည်းကောင်း၊ အာရုံကို လမ်းမဖြင့် လည်းကောင်း၊ ကံကို ခြေလှမ်းများဖြင့် လည်းကောင်း၊ အတ္တသင်္ဂဟနှင့် လောကသင်္ဂဟကို တူရူများဖြင့် လည်းကောင်း ဥပမာပြု၍ ဆိုခဲ့ပါ၏။ ယခု တူရူကွဲမှုကို အခြေခံ၍ ဥပမာကို အစဉ်လျှောက်၍ ဆိုရသော်–

ပုဂ္ဂိုလ်သည် (၃) မျိုး ရှိ၏။ ပထမ ပုဂ္ဂိုလ်မျိုးသည် မိမိ၏ ဒွါရ (၆)ပါး၌ ထင်လာသော အာရုံများကို ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထုအဖြစ် မြင်၏။

ဒုတိယပုဂ္ဂိုလ်မျိုးကလည်း မိမိ၏ ဒွါရ (၆)ပါး၌ ထင်လာသော အာရုံများကိုပင် ကြည့်၏။ သူကြည့်သော အာရုံများသည် ပထမ ပုဂ္ဂိုလ်မျိုးက ကြည့်သော အာရုံများနှင့် ဘာမျှမထူး။ အားလုံး အတူတူပင် ဖြစ်၏။

သို့ရာတွင် သူကတော့ ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထုအဖြစ် မမြင်၊ ဖြစ်ပျက်ကိုသာ မြင်၏။ ဤတွင် ကြည့်စရာ အာရုံချင်းက 'အတူတူ'ဖြစ်ပါလျက် အမြင်ချင်းကျတော့ ခြားနားသွားလေပြီ။

တတိယ ပုဂ္ဂိုလ်မျိုးကျတော့ ပထမပုဂ္ဂိုလ်မျိုးနှင့် ဒုတိယ ပုဂ္ဂိုလ်မျိုးတို့က ကြည့်သည့် အာရုံများကိုပင် ကြည့်ပါ၏။ သို့ရာတွင် သူမြင်သည်ကတော့ ပုဂ္ဂိုလ်လည်း မဟုတ်၊ သတ္တဝါလည်း မဟုတ်၊ အရာဝတ္ထုလည်း မဟုတ်။ နောက်ပြီး ဖြစ်ပျက်လည်း မဟုတ်၊ ဖြစ်ပျက်တို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သာလျှင် ဖြစ်လေ၏။ ဆိုလိုသည်ကတော့ ပုဂ္ဂိုလ် (၃)မျိုးလုံးအတွက် ကြည့်စရာ အာရုံများကတော့ အားလုံး အတူတူချည်းပဲ ဖြစ်၏။ အမြင်ချင်းကျတော့ တစ်ဦးနှင့် တစ်ဦး မတူ။ ခြားနားပါ၏။ အားလုံး ခြားနားပါ၏။

ထိုပုဂ္ဂိုလ် (၃)မျိုးတွင် ပထမ ပုဂ္ဂိုလ်မျိုးကို 'သာမန်ပုထုဇဉ်'ဟူ၍ ဆိုရ၏။ ဒုတိယ ပုဂ္ဂိုလ်မျိုးကို 'ဝိပဿနာအမြင်ဖြင့် မြင်သော ပုထုဇဉ်'ဟူ၍ ဆို၏။ တတိယ ပုဂ္ဂိုလ်မျိုးကိုမူ 'အရိယာ'ဟူ၍ ဆို၏။ ဤသို့ ခြားနားသွားခြင်းမှာ မြင်အပ်သော အာရုံချင်း ခြားနားသွားသောကြောင့် မဟုတ်၊ အတ္တနှင့် အနတ္တဟူသော မြင်ထောင့်အလိုက် မြင်တတ်သော အမြင်ချင်း ခြားနားသွားသောကြောင့် ဖြစ်၏။ အမြင်ချင်း ခြားနားသွားခြင်းမှာလည်း မြင်ထောင့်နှင့် တူရှုချင်း ခြားနားသွားသောကြောင့် ဖြစ်၏။

သို့ဖြစ်လေရာ မြင်ထောင့်နှင့် တူရှုခြားနားလျှင် ပုဂ္ဂိုလ်ချင်းပါ ခြားနား၏။ ထို့ကြောင့် မြင်ထောင့်နှင့် တူရှုသည် အရေးကြီး၏။ မြင်ထောင့်နှင့် တူရှု ခြားနားနေလျှင် အမြင်ချင်းပါ ခြားနားလေ၏။ မြင်ထောင့်နှင့် တူရှု အရေးကြီးသဖြင့် ဘဝခရီးကို လျှောက်ကြရာတွင် မိမိတို့အတွက် မြင်ထောင့်နှင့် တူရှု အရွေးမှန်ဖို့ လိုအပ်ပါ၏။ မြင်ထောင့်နှင့် တူရှု ရွေးနည်း

သည်လည်း မြတ်စွာဘုရား ပွင့်တော်မူမှ၊ မြတ်စွာဘုရား ဟောကြားတော်မူမှ သိရသောနည်း ဖြစ်သည်။

ထိုပုဂ္ဂိုလ် (၃)မျိုးအနက် ဒုတိယပုဂ္ဂိုလ်နှင့် တတိယ ပုဂ္ဂိုလ်များ အတွက် မြင်ထောင့်နှင့် တူရူ အရွေးမှန်နေသဖြင့် အထူးပြောစရာ မရှိ။ ပထမ ပုဂ္ဂိုလ်မျိုးအတွက်မူ မြင်ထောင့်နှင့် တူရူ ရွေးနည်းနှင့် ပတ်သက်၍ ပြောစရာ ရှိ၏။ မိမိ ရွေးလိုရာကို ရွေးနိုင်ရန် ဖြစ်ပါ၏။

ဤလောက၌ လူတို့သည် များသောအားဖြင့် ပုထုဇဉ်များ ဖြစ်ကြ လေရာ ပုထုဇဉ် ဟူသမျှ၌ ပုထုဇဉ်စိတ်များသာ ဖြစ်ကြ၏။ အရိယာစိတ်များ မဖြစ်ကြ။ ထိုအခါ လောဘလည်း ဖြစ်တတ်၏။ ဒေါသလည်း ဖြစ်တတ် ၏။ မောဟလည်း ဖြစ်တတ်၏။ အခြား အကုသိုလ်များလည်း ဖြစ်တတ်၏၊ ကောင်းသောဘက်က ဆိုလျှင် အလောဘလည်း ဖြစ်တတ်၏။ အဒေါသ လည်း ဖြစ်တတ်၏။ အမောဟလည်း ဖြစ်တတ်၏။ အခြားကုသိုလ်များ လည်း ဖြစ်တတ်၏။ ဤသည်မှာ ဓမ္မတာ ဖြစ်၏။ ဤဓမ္မတာ အတိုင်းပင် ပုထုဇဉ်တို့သည် ဖြစ်ကြလေ၏။

တစ်ရံရောအခါက အစည်းအဝေးတစ်ခုကို ထိုင်ကြလေရာ အစည်း အဝေးတွင် သဘာပတိလုပ်သူက သူ၏ အဖွင့်မိန့်ခွန်း၌ ဤသို့ပြော၏။

> "ကျွန်တော် တက္ကသိုလ်မှာ ဆရာဘဝနဲ့ပဲ၊ အဲဒီတုန်းက ကမ္ဘာ့ဘောပွဲကို စိတ်ဝင်စားပါတယ်။ မြန်မာ့ လက်ရွေးစင် ဘောပွဲကို လည်း စိတ်ဝင်စားပါတယ်။ ဒါပေမဲ့ ကျွန်တော် စိတ်အဝင်စားဆုံး ကတော့ ကျွန်တော့်ရဲ့ အဆောင် အလုပ်သမားများနဲ့ တခြား အဆောင်က အလုပ်သမားများ 'ကန်'တဲ့ ဘောပွဲပဲ။ ဆရာတွေကပါ မခံချင်လို့ ရန်ဖြစ်မယ် လုပ်တော့ မနည်းကြီး ထိန်းထားရတယ်"

သဘာပတိသည် မှန်သော သစ္စာစကားကို ဆိုခြင်းဖြစ်၏။ ပုထုဇဉ် တို့၏ စရိုက်ကို ပီပီပြင်ပြင် ဖော်ပြခြင်း ဖြစ်၏။ ဤလောကတွင် မိမိလောက် ချစ်စရာကောင်းသူ မရှိဟူ၍ ကျမ်းဂန်များ၌ လာရှိ၏။ မိမိသည် ချစ်စရာ

အကောင်းဆုံးဖြစ်လျှင် မိမိနှင့် ပတ်သက်သူများလည်း အခြားသူများထက် ပို၍ ချစ်စရာကောင်းမည်မှာ အထူးပြောစရာ မလို။

ထိုအခါ မိမိကို လည်းကောင်း၊ မိမိနှင့် ပတ်သက်သူများကို လည်းကောင်း အခြားသူများထက် ပို၍ ချစ်ကြမည်။ ပို၍ ဂုဏ်ယူဝင့်ကြွားကြမည်။ ပို၍ အားကိုးကြမည်။ ဤသည်မှာ အတ္တ၏သဘော ဖြစ်၏။ အတ္တဟူသည် တဏှာဖြင့် စွဲသည်လည်း ရှိ၏။ မာနဖြင့် စွဲသည်လည်း ရှိ၏။ ဒိဋ္ဌိဖြင့် စွဲလျှင် ပို၍ အားကိုး၏။ ဤသဘောကို မိမိကိုယ်ကို ချီးမြှောက်ခြင်း 'အတ္တသင်္ဂဟ' ဟူ၍ ဆိုရ၏။

မြတ်စွာဘုရားသည် အတ္တကို ပယ်သတ်ရန် အရေးအကြီးဆုံး ထား၍ ဟောကြားတော်မူ၏။ ထိုသို့ ဟောကြားတော်မူရာ၌ ခဏသတ်ခြင်း 'တဒင်္ဂပဟာန်'လည်း ပါ၏။ အတော်ကြာကြာ သတ်ခြင်း 'ဝိက္ခမ္ဘနပဟာန်'လည်း ပါ၏။ မြင်ပြတ်သတ်ခြင်း 'သမုစ္ဆေဒပဟာန်'လည်း ပါ၏။ အတ္တကို ခဏသတ်နိုင်လျှင် မိမိ၏ အုပ်စုကို ချစ်နေရာမှ နိုင်ငံသားအားလုံးကို ချစ်တတ်လာ၏။ အတော်ကြာကြာ သတ်နိုင်လျှင် မိမိ၏ နိုင်ငံသားအားလုံးကို ချစ်နေရာမှ ကမ္ဘာလူသား အားလုံးကို ချစ်တတ်လာ၏။ မြစ်ပြတ်သတ်နိုင်လျှင်မူ ကမ္ဘာလူသား အားလုံးကို ချစ်နေရာမှ လောကသုံးပါးရှိ လူ နတ် ဗြဟ္မာ သတ္တဝါ အားလုံးကို ချစ်တတ်လာ၏။

ချစ်တတ်လာခြင်း ဟူသည်မှာ ထိုထိုသတ္တဝါတို့၏ အကျိုးစီးပွားသို့ ညွတ်သောစိတ် ရှိခြင်း ဖြစ်၏။ ဤသို့ ချစ်တတ်လာခြင်းသည် အတ္တကို ပယ်သတ်နိုင်ခြင်းကြောင့် ဖြစ်၏။ အကယ်၍ အတ္တကို မပယ်သတ်နိုင်လျှင် 'ငါ'မှ 'ငါ'ဟူ၍ 'ငါ'ကို ချီးမြှောက်ခြင်း အတ္တသင်္ဂဟဘက်သို့ မျက်နှာမူ၍ ဘဝခရီးကို လျှောက်ခြင်း၌သာ မွေ့လျော်တတ်၏။

ထိုအခါ ပါရမီသဘောသည် ထိုပုဂ္ဂိုလ်၏ သန္တာန်၌ ကိန်းအောင်းရန် ခဲယဉ်းလေ၏။ ပါရမီမှ မရှိလျှင် မြတ်စွာဘုရားရှင်တော်ကို ကိုယ်တိုင်ကိုယ်ကျ ဖူးမြင်ရပြီး မြတ်စွာဘုရား၏ တရားတော်ကို ကိုယ်တိုင် ကိုယ်ကျ

နာယူရပါလျက် သစ္စာလေးပါးကို မျက်မှောက်ပြု မသွားရရှာသော ပသေနဒီ ကောသလမင်းကြီးကဲ့သို့ သံသရာ၌ အနာကြီး နာပေလိမ့်မည်။

ထို့ကြောင့် အတ္တကို ပယ်သတ်နိုင်သမျှ ပယ်သတ်နိုင်အောင် ကြိုးစား အပ်၏။

ပါရမီဖြည့်ခြင်းနှင့် ပတ်သက်၍ မြတ်စွာဘုရား၏ ကြုံးဝါးချက်မှာ ကြည်ညိုဖွယ် ကောင်းလှ၏။ "ဘုရားဖြစ်ရန် အားထုတ်ခြင်းသည် ငါ၏ အကျိုးစီးပွားအတွက် မဟုတ်၊ လောကသုံးပါး၏ အစီးအပွားကို ထိထိ ရောက်ရောက် ဆောင်ရွက်နိုင်ရန် ဖြစ်၏။"

ဤသို့ မြတ်စွာဘုရားက ကြုံးဝါး၏။ အမှန်အားဖြင့် ထိုသို့ ဆောင် ရွက်နိုင်ရန်အတွက် မိမိကိုယ်တိုင်က အထွတ်အထိပ်သို့ ရောက်နေဖို့ လို၏။ အထွတ်အထိပ်သို့ ရောက်နေခြင်းကို 'ပဗ္ဗတဋ္ဌ'ဟု ပြောဆို၏။ တောင်ထိပ် သို့ ရောက်နေပါမှ တောင်အောက်က လူများကို စီး၍ မြင်နိုင်မည် ဖြစ်၏။

ထို့ကြောင့် လောကသုံးပါးရှိ လူ နတ် ဗြဟ္မာ သတ္တဝါ အားလုံးကို စီး၍ မြင်နိုင်ရန် ဘုရားအဖြစ်သို့ ရောက်အောင် ကျင့်တော်မူခြင်း ဖြစ်၏။

ထိုမျှသာ မကသေး၊ ဒေသနာတော်တစ်ခု၏ အဆုံး၌ ရဟန္တာ ဖြစ် သွားပါက 'ငါ၏ အကျိုးစီးပွားအတွက် နောက်ထပ် ဆောင်ရွက်ဖွယ် မရှိ။ အားလုံးပြီးပြီ။ နောက်ထပ် ငါ ဆောင်ရွက်သမျှ အားလုံးသည် လောက အတွက်သာ ဖြစ်၏'ဟူ၍ တွေ့ရလေရာ၊ မြင့်မြတ်သူတို့၏ စိတ်ထားသည် များစွာ ကြည်ညိုဖွယ် ရှိပါ၏။ များစွာ အားကျဖွယ်လည်း ကောင်းလှပါ၏။

ထို့ကြောင့် လူ့ဘဝကို ရတုန်းရခိုက်၊ မြတ်စွာဘုရား၏ သာသနာ တော်နှင့် ကြုံတုန်းကြုံခိုက် 'ငါ'ကောင်းစားရေး အတ္တသင်္ဂဟအထက် အများကောင်းစားရေး လောကသင်္ဂဟကို ဆောင်ရွက်ရာ၌ မွေ့လျော်သူ ဖြစ်အောင် အားထုတ်အပ်၏။

ထိုသို့ အားထုတ်ခြင်းသည် ပါရမီကို ဖြည့်ခြင်းဖြစ်၏။ အတ္တသင်္ဂဟ တူရူမှ လောကသင်္ဂဟ တူရူသို့ မျက်နှာမူ၍ ဘဝခရီးကို လျှောက်သူ မည်၏။

အတ္တသင်္ဂဟ တူရူမှ လောကသင်္ဂဟ တူရူသို့ မျက်နှာမူ၍ ဘဝခရီးကို လျှောက်ခြင်း ဟူသည်မှာလည်း ခက်ခဲလှသည် မဟုတ်။ နှလုံးသွင်းထားတတ်ဖို့သာ လို၏။ လုပ်ငန်းတိုင်း၌ နှစ်သက်ဖွယ် 'ရသ'သည် ရှိ၏။ ထို 'ရသ'ကို မြင်အောင် ကြည့်တတ်ဖို့တော့ လို၏။

ထိုကြောင့် မည်သည့်လုပ်ငန်းကို လုပ်သည်ဖြစ်စေ၊ ရရှိလာမည့် အကျိုးတရားကို မမျှော်ကိုးဘဲ လုပ်ငန်းကို လုပ်ရခြင်း၌သာ နှစ်သက်ခြင်း 'ရသ'ကို မြင်ပြီး ခံစားတတ်အောင် အားထုတ်ခြင်းသည် နှလုံးသွင်းတတ်ခြင်း ဖြစ်၏။

အတ္တကို စီးပွားရေးအတွက် ပါရမီ မထိုက်သော သာမန် ကာမာဝစရ ကုသိုလ်မျိုးကို မလိုဘဲ အတ္တကို ပယ်သတ်နိုင်ရေးအတွက် ပါရမီထိုက်သော ကာမာဝစရ ကုသိုလ်မျိုးကို လိုလျှင်တော့ တုံ့ပြန်မည့် အကျိုးကို မျှော်ကိုးအောင် ကျင့်တတ်ဖို့ လိုပါ၏။

ဥပမာအားဖြင့် ဒါနသဘောအရ သူတစ်ပါးကို ကူညီရာ၌ တုံ့ပြန်မည့် ကျေးဇူးကို မမျှော်ကိုးဘဲ သက်သက် ကူညီချင်၍ ကူညီခြင်းမျိုး ဖြစ်အောင်သာ နှလုံးသွင်းနိုင်အောင် ကြိုးပမ်းအပ်၏။

ဤသို့ နှလုံးသွင်းခြင်းသည်ပင် တဏှာကို သတ်ခြင်း မည်၏။ သမုဒယ သစ္စာကို ပယ်ခြင်း မည်၏။

တဏှာကို သတ်နိုင်အောင် အားထုတ်ခြင်း ဟူသမျှသည် နိဗ္ဗာန်သို့ ဦးတည်သည်ချည်း ဖြစ်သဖြင့် ပါရမီသဘော ရှိ၏။

ထို့ကြောင့် မည်သည့်လုပ်ငန်းမျိုးကို လုပ်လုပ် အယုတ်ဆုံးအားဖြင့် အကုသိုလ် လုပ်ငန်းပင်ဖြစ်စေ၊ မိမိလူမျိုးနှင့် နိုင်ငံကို ကျူးကျော်သူများအား ခေါင်းငုံ့မခံဘဲ ပြန်လည်စစ်ပြုရာ၌ အကုသိုလ်က သတ်သတ်၊ ကုသိုလ်က သတ်သတ် သဘောအရ 'ငါ့'အတွက်ဟူ၍ နှလုံးမသွင်းဘဲ အမျိုးသားရေးအတွက်၊ ဤမြေပြင်၌ အဓမ္မဝါဒ ကျဆုံး၍ ဓမ္မဝါဒ ထွန်းကားရေး

အတွက် နှလုံးသွင်း၍ အနစ်နာခံကာ စစ်ပြုမည်ဆိုပါက အတ္တကို ပယ်သတ်ခြင်း မည်၏။

အတ္တကို ပယ်သတ်ခြင်းသည် ပါရမီကို ဖြည့်ခြင်းပင် ဖြစ်၏။ ဤသဘောကို ဇာတ်တော်များ၌ များစွာ တွေ့ရ၏။

ပါရမီဖြည့်နေကြသော ဘုရားအလောင်းနှင့် ရဟန္တာလောင်းများ ဖြစ်ကြပါလျက် မျောက်၊ ဆင်၊ ငှက် စသည်ဖြင့် အပါယ်လေးဘုံ၌ ဖြစ်ရခြင်းသည် အကုသိုလ်ကံကို ကျူးလွန်ခဲ့၍သာ ဖြစ်သည်။

သို့ရာတွင် သူတို့သည် အကုသိုလ်ကံကို ကျူးလွန်ကြရာ၌ မိမိ၏ အတ္တအတွက် မဟုတ်ဘဲ၊ လောကအတွက် အနစ်နာခံခြင်းမျိုး ဖြစ်သဖြင့် ကုသိုလ်ဖြစ်ကြောင်း နားလည်အပ်၏။ ယုံမှားဖွယ် မရှိ။

ထိုသို့ လောကအတွက် အနစ်နာခံခြင်းသည် သာမန်ကုသိုလ် မဟုတ်၊ ပါရမီကုသိုလ် ဖြစ်၏။ ထိုပါရမီကုသိုလ်၏ အာနုဘော်ကြောင့်သာ မျောက်မင်း၊ ဆင်မင်း၊ ငှက်မင်း စသည်ဖြင့် မြင့်မားသော အဆင့်၌ ဖြစ်ကြ၏။ ပညာရှိကြ၏။

ထို့ကြောင့် မြန်မာနိုင်ငံသားတို့သည် များသောအားဖြင့် ပုထုဇဉ်များ ဖြစ်ကြသည့် အားလျော်စွာ နိုင်ငံတော်အရေးနှင့် ပတ်သက်လာလျှင် မလွဲသာ မရှောင်သာ အကုသိုလ်ပြုရမည့် အခါသမယကိုလည်း ကြုံရတတ်ပါ၏။

မိမိတို့၏ ဆန္ဒအလျောက် ကုသိုလ်ကို ပြုရမည့် အခါသမယကိုလည်း ကြုံရတတ်ပါ၏။ သို့ရာတွင် မည်သည့် အခါသမယကို ကြုံ၍ မည်သည့် 'ကံ'မျိုးကို ပြုရသည်ဖြစ်စေ ဘဝခရီးကို လျှောက်ကြရာ၌ 'ငါ' ကောင်းစားရေး 'အတ္တသင်္ဂဟ'တူရှုသို့ မျက်နှာမမူဘဲ၊ လောကကောင်းစားရေး 'လောက သင်္ဂဟ'တူရှုသို့ မျက်နှာမူပြီး ပါရမီကုသိုလ်မျိုးကို ပါဝင်နိုင်သမျှ ပါဝင်အောင် ဆောင်ရွက်သင့်ပါ၏။

အကယ်၍ ပါရမီကုသိုလ်သာ ပြည့်စုံလာမည်ဆိုပါက အနုတ္တရဉာဏ်ကို မလွဲမသွေ ရမည် ဖြစ်၏။

အနုတ္တရဉာဏ်ကို ရလျှင် သစ္စာလေးပါးကို သိ၏။ အရိယာသူတော်စင် ဖြစ်၏။ သံသရာ ဝဋ်ဆင်းရဲမှ လွတ်တော့၏။

ဤသည်မှာလည်း ထေရဝါဒ ဗုဒ္ဓဘာသာဝင်များအနေဖြင့် ယုံမှားအပ်သော အချက်မဟုတ်။ ထိုအပြင် မွေ့လျော်ဖွယ်ကောင်းသော နိုင်ငံ (ဝါ) ဒေသတစ်ခုကို တည်ထောင်မည်ဆိုလျှင် ဒုစရိုက်ကင်းပြီး သုစရိုက်ထွန်းကားအောင် ပဓာနပြု၍ ဆောင်ရွက်ရန်နှင့် အခြားသော ရုပ်ပိုင်းဆိုင်ရာထွန်းကားရေးအတွက်မူ အပဓာနပြု၍ ဆောင်ရွက်ရန် ထေရဝါဒ ဗုဒ္ဓဘာသာက ညွှန်ကြားထားပါကြောင်းကိုလည်း သိအပ်ပါ၏။

[ မဇ္ဈိမရသစာစောင်၊ ဒီဇင်ဘာလ ၁၉၉၂ ]

## လူ့ဘဝ

**မနုဿတ္တဘာဝေါ ဒုလ္လဘော** ဟူသည်နှင့်အညီ လူ့ဘဝသည် အလွန်ပင် ရခဲ၏။ လူ့ဘဝ ရခဲပုံကို ဤသို့ ဥပမာ ပြ၍ ဆို၏။ **ဗြဟ္မာ့ပြည်က အပ်တစ်စင်း၊ လူ့ပြည်က အပ်တစ်စင်း၊ အပ်သွားချင်းသာ၊ ထိဖွယ်ရာ၊ ပမာပုံသို့ခင်း။** ဤအဆိုအရ ဗြဟ္မာ့ပြည်က ချလိုက်သော အပ်နှင့် လူ့ပြည်က ထောင်ထားသော အပ်တို့သည် အချင်းချင်း ထိပ်တိုက်ဆုံဖွယ်ရာသာ ရှိ၏။ လူ့ဘဝကို ရဖို့ကား ထိုထက် ပို၍ ခက်၏။ ထို့ကြောင့် လူတို့သည် ရတောင့်ရခဲ ရလာသော လူ့ဘဝကို ထိုက်ထိုက်တန်တန် အသုံးကျအောင် အသုံးချသင့်၏။

အမှန်အားဖြင့် လူဟူသည်မှာ ပဋိသန္ဓေသဘောအရ ကုသိုလ်၏ အကျိုး ကုသလဝိပါက်ဖြင့် လူဖြစ်လာရသူချည်း ဖြစ်၏။ သူဌေးလည်း အတူတူ၊ ဆင်းရဲသားလည်း အတူတူ၊ ရှင်ဘုရင်လည်း အတူတူ၊ မင်းခစားလည်း အတူတူ။ ခြားနားလျှင် ပဋိသန္ဓေစိတ်၌ ပညာပါမှုနှင့် မပါမှု၊ ဤမျှလောက်သာ ထူးခြားမည် ဖြစ်၏။ အခြားသော ထူးခြားမှုမည်သည် မရှိ။ သူဌေးဖြစ်ရခြင်းနှင့် ဆင်းရဲသား ဖြစ်ရခြင်းတို့သည် လည်းကောင်း၊ ရှင်ဘုရင် ဖြစ်ရခြင်းနှင့် မင်းခစား ဖြစ်ရခြင်းတို့သည် လည်းကောင်း ပဝတ္တိ အကျိုးဆက်များ ဖြစ်ကြ၏။ ပဋိသန္ဓေအကျိုးနှင့် တိုက်ရိုက်မဆိုင်၊ ပဋိသန္ဓေအကျိုး

နှင့် တိုက်ရိုက်ဆိုင်သည်ကား အရိယသစ္စာကို သိနိုင်ရေးနှင့် မသိနိုင်ရေး ဘို့သာ ဖြစ်၏။ အကျဉ်းအားဖြင့် တိဟိတ်ဖြစ်လျှင် အရိယသစ္စာကို သိ၍ အရိယာ ဖြစ်နိုင်၏။ တိဟိတ်မဖြစ်လျှင် အရိယသစ္စာကို မသိ၍ အရိယာ ခဖြစ်နိုင်။

မြတ်စွာဘုရား လက်ထက်တော်အခါက ဆတ္တာသည် ဥပါလီသည် ပင် ဝိနည်းအရာ၌ ဧတဒဂ်ရ ရဟန္တာကြီး ဖြစ်ရသည်မှာ အရိယာသစ္စာကို သိရေး၌ ဆင်းရဲချမ်းသာနှင့် မဆိုင်ဘဲ ပဋိသန္ဓေပါရမီနှင့် ဆိုင်ခြင်း၏ အထောက်အထား ဖြစ်လေ၏။ လူ့သာ ဒြပ်ဖြစ်၍ ဆင်းရဲချမ်းသာတို့ကား ဂုဏ်တို့ ဖြစ်ကြ၏။ ဓမ္မတာအားဖြင့် ဂုဏ်မရှိဘဲ ဒြပ်ရှိနိုင်ပြီး ဒြပ်မရှိဘဲ ဂုဏ်ဟူ၍ မရှိနိုင်သောကြောင့် ဒြပ်က ဂုဏ်ထက် ပို၍ ပြဋ္ဌာန်းပါ၏။ လူ့ဘဝ က ဆင်းရဲခြင်း၊ ချမ်းသာခြင်းထက် လည်းကောင်း၊ ရှင်ဘုရင် ဖြစ်ရခြင်း၊ မင်းခစားဖြစ်ရခြင်းထက် လည်းကောင်း ပို၍ အရေးကြီးပါ၏။

သို့ရာတွင် လက်တွေ့အားဖြင့် ချမ်းသာခြင်းနှင့် ဆင်းရဲခြင်းက လည်းကောင်း၊ ရှင်ဘုရင်ဖြစ်ရခြင်းနှင့် မင်းခစားဖြစ်ရခြင်းက လည်းကောင်း လူ့ဘဝထက် ပို၍ အရေးကြီးကြောင်း တွေ့ရလေ၏။ ထိုအခါ ဗုဒ္ဓဘာသာ ဝင် ဖြစ်ကြသော ပုဂ္ဂိုလ်များသည် ဗုဒ္ဓဘာသာဝင် ဖြစ်ကြပါလျက် ဗုဒ္ဓ ရှင်တော်ဘုရား ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော **မနုဿတ္တဘာဝေါ ဒုလ္လဘော** ဟူသော ဒေသနာတော်ကို မယုံကြည်ရာ ရောက်လေတော့၏။ ထို့ကြောင့်ပင် လူတစ်ယောက်ကို ကြက်တစ်ကောင်၊ ငှက်တစ်ကောင်သဖွယ် သဘောထား၍ မလေးမစား ပြုနိုင်ခြင်း ဖြစ်လေ၏။

လူဟူသည် မိမိတစ်ဦးတည်း တစ်ယောက်တည်း နေ၍မဖြစ်ဘဲ ပတ်ဝန်းကျင်နှင့် နေရသူဖြစ်လေရာ မိမိနှင့် ပတ်ဝန်းကျင်တို့၏ ဆက်ဆံ ရေးသည် များစွာ အရေးကြီးပါ၏။ မိမိက ပတ်ဝန်းကျင်ကို ငြိမ်းချမ်းသော နည်းဖြင့် မဆက်ဆံလျှင် မိမိနှင့် ပတ်ဝန်းကျင်တို့၏ အကြား၌ ငြိမ်းချမ်းမှု သည် ရေရှည် ကြီးစိုးနိုင်လိမ့်မည် မဟုတ်။ မိမိက ပတ်ဝန်းကျင်ကို ငြိမ်းချမ်း

သော နည်းဖြင့် ဆက်ဆံဖို့ ဆိုသည်မှာလည်း မိမိ၏ သန္တာန်၌ ငြိမ်းချမ်းသော စိတ်နေသဘောထားများ ကိန်းဝပ်မှသာ ဖြစ်နိုင်၏။ ထို့ကြောင့် မိမိ၏ သန္တာန်၌ ငြိမ်းချမ်းသော စိတ်နေသဘောထားများ ကိန်းဝပ်နိုင်အောင် သင်ကြားဖို့ လို၏။ လေ့ကျင့်ဖို့ လို၏။ ထိုကဲ့သို့ သင်ကြားလေ့ကျင့်ထားပါမှသာ မိမိသည် ပတ်ဝန်းကျင်ကို အမှန်အတိုင်းမြင်ပြီး ပတ်ဝန်းကျင်နှင့် ဆက်ဆံရာတွင် ငြိမ်းချမ်းစွာ ဆက်ဆံနိုင်မည် ဖြစ်သည်။

လူသည် မိမိ၏ ပတ်ဝန်းကျင်နှင့် ဆက်ဆံရာတွင် အကြမ်းအားဖြင့် အမြင်သုံးမျိုးတို့ဖြင့် ဆက်ဆံလေ့ ရှိ၏။ ပထမအမြင်မှာ သုတဒိဋ္ဌိအမြင် ဖြစ်၏။ ဒုတိယအမြင်မှာ အနုမိတဒိဋ္ဌိအမြင် ဖြစ်၏။ တတိယအမြင်မှာ သစ္စိကတဒိဋ္ဌိအမြင် ဖြစ်၏။ ဤသို့ ပညာရှင်များက ဆိုပါ၏။ ဤအဆိုကို သဘောပေါက်နိုင်စေရန် ဥပမာဖြင့် ဖော်ပြရလျှင် ဤသို့ ဖော်ပြနိုင်ပါ၏။

ပန်းပင်တစ်ပင်ကို ကြည့်လျှင် လူတို့ အလေးထား၍ ကြည့်သော အပိုင်းမှာ အပွင့်ဖြစ်၏။ အပွင့်များ လှသည် မလှသည်မှာ မိမိတို့၏ မျက်စိဖြင့် ကိုယ်တိုင်ကိုယ်ကျ မြင်ရသော အပိုင်းဖြစ်၏။ လှလျှင် မြတ်နိုးခြင်း ခံရ၏။ မလှလျှင် မြတ်နိုးခြင်းကို မခံရ။ ထို့ကြောင့် ထိုအပိုင်းကို သုတဒိဋ္ဌိအမြင်ဖြင့် မြင်ရသော အပိုင်းဟူ၍ ဆိုရ၏။ အမှန်အားဖြင့် သုတဒိဋ္ဌိအမြင်သည် မိမိတို့၏ ပစ္ဆုပ္ပန္နအမြင်၌ အဆုံးသတ်ပါ၏။

နောက်အမြင်တစ်မျိုးမှာ အနုမိတဒိဋ္ဌိအမြင် ဖြစ်၏။ အနုမိတဒိဋ္ဌိအမြင်သည် သုတဒိဋ္ဌိအမြင်ထက် ပို၍ နက်ရှိုင်း၏။ ပို၍ အတွင်းကျ၏။ ဘာကြောင့် ပန်းများ လှလေသနည်း။ ဘာကြောင့် ပန်းများ မလှလေသနည်း။ ပန်းစိုက်ပညာဖြင့် စိုက်ပျိုးထားသော ပန်းများ ဖြစ်လေသလား။ အလေ့ကျ ပေါက်သော ပန်းများပင် ဖြစ်လေသလား။ နေရောင်ခြည်ကို ကြိုက်သလား၊ ဘယ်လောက် ကြိုက်သနည်း။ ရေ ဩဇာကို ကြိုက်သလား၊ ဘယ်လောက် ကြိုက်သနည်း။ အနုမိတဒိဋ္ဌိ အမြင်ဖြင့်ရ၏။ အမှန်အားဖြင့် အနုမိတဒိဋ္ဌိသည် မိမိတို့၏ မနောဒွါရအမြင်၌ လမ်းဆုံး၏။ မနောဒွါရ

အမြင်သည် အကြောင်းနှင့် အကျိုးတို့၏ အဆက်အစပ်ကို မြင်သော အမြင် ဖြစ်၏။ ဆင်ခြင်သောအမြင် ဖြစ်၏။

တတိယအမြင်မှာ သစ္စိကတဒိဋ္ဌိအမြင် ဖြစ်၏။ သစ္စိကတဒိဋ္ဌိအမြင်သည် အပွင့်နှင့် ပင်စည်ကို ကျော်၍ အမြစ်တိုင်အောင် ကြည့်၏။ ဤအမြင်သည် အဇ္ဈတ္တနှင့် စပ်၏။ ပထမအမြင် နှစ်မျိုးသည် အဇ္ဈတ္တနှင့် မစပ်။ ဗဟိဒ္ဓနှင့် စပ်၏။ ထို့ကြောင့် သစ္စိကတအမြင်သည် ကိုယ်ကျင့်သိက္ခာကို ကြည့်သော အမြင်ဖြစ်၏။ လောကမှ လောကလွန်သို့တက်သော အမြင် ဖြစ်၏။ ပန်းများ လှတော့ကော ဘာဖြစ်သနည်း။ သန္တိသုခ ဘယ်လောက် ပေးနိုင်သနည်း။ ဝေဒယိတသုခကိုသာ ပေးနိုင်သလား။ ပန်းများ မလှတော့ကော ဘာဖြစ်သနည်း။ သန္တိသုခကို မရနိုင်ဘူးလား။ ဝေဒယိတသုခကို ပေးနိုင်သလား စသည်ဖြင့် ပန်းတို့၏ သာယာဖွယ် 'အဿာဒ'၊ မသာယာဖွယ် 'အာဒိနဝ'၊ ယင်းနှစ်မျိုးတို့မှ လွတ်မြောက်ရာ 'နိဿရဏ'တို့ကို ကြည့်၏။ ဤတွင် ဝေဒယိတဟူသည်မှာ လောကနှင့် စပ်သော သဘော ဖြစ်၏။ ထို့ကြောင့် ဝေဒယိတသုခ ဆိုလျှင် လောကချမ်းသာ ဖြစ်၏။ ဝေဒယိတဒုက္ခ ဆိုလျှင် လောကဆင်းရဲ ဖြစ်၏။ သန္တိသုခကား လောကလွန် ချမ်းသာ ဖြစ်၏။ ယင်းကို အလောတိကသုခဟူ၍ လည်းကောင်း၊ သန္တ ရသ ဟူ၍ လည်းကောင်း ဆိုသေး၏။

လောကလွန်သဘော၌ ဒုက္ခဟူ၍ မရှိ။ အားလုံး သုခချည်း ဖြစ်၏။ လောကလွန်ချမ်းသာဟူသည်ကား ကိလေသာများမှ ကင်းခြင်းတည်း။ သစ္စာဉာဏ်ကို မရသေးသဖြင့် အရိယာ မဖြစ်သောကြောင့် ကိလေသာများမှ မြတ်ပြတ်မကင်းနိုင်စေကာမူ ကိလေသာများ ပါး၍ ပါး၍ သွားခြင်းသည် ပင် သန္တိသုခကို ရတန်သလောက် ရခြင်းဖြစ်၏။ ဤရနည်းကား ကလျာဏ ပုထုဇဉ်တို့၏ ရနည်း ဖြစ်လေ၏။

ပန်းပင်နှင့် ပတ်သက်၍ ဆိုရလျှင် ပန်းပွင့်ကိုမြင်သော အမြင်သည် သုတဒိဋ္ဌိဖြင့် မြင်သော အမြင်မျိုး ဖြစ်၏။ ပင်စည်ကို မြင်သော အမြင်သည်

အနုမိတဒိဋ္ဌိဖြင့် မြင်သော အမြင်မျိုး ဖြစ်၏။ အမြစ်ကို မြင်သော အမြင်သည် သစ္စိကတဒိဋ္ဌိဖြင့် မြင်သော အမြင်မျိုးဖြစ်၏။ အလားတူပင် အနုပညာ နယ်ပယ်၌ ပန်းပုရုပ်တုနှင့် ပတ်သက်၍ ဆိုရလျှင် ပန်းပုရုပ်တု၏ အသွင် သဏ္ဌာန်ကို သုတဒိဋ္ဌိဖြင့် ကြည့်မြင်နိုင်၏။ ပန်းပုဆရာ၏ အတတ်ပညာကို အနုမိတဒိဋ္ဌိဖြင့် ကြည့်မြင်နိုင်၏။ ပန်းပုဆရာ၏ စေတနာကို သစ္စိကတဒိဋ္ဌိ ဖြင့် ကြည့်မြင်နိုင်၏။ ထို့ကြောင့် သုတဒိဋ္ဌိသည် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် ပတ်သက်၏။ အနုမိတဒိဋ္ဌိသည် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် ပတ်သက်၏။ သစ္စိကတဒိဋ္ဌိသည် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုနှင့် ပတ်သက်၏။ ဤသို့ ပညာရှင်များက ဆိုကြ၏။

သို့ဖြစ်လေရာ လူ့ဘဝကို ရကြသူများသည် မိမိတို့၏ ဘဝအတွက် ပတ်ဝန်းကျင်ကို ကြည့်ရာတွင် သစ္စိကတဒိဋ္ဌိ အမြင်ဖြင့် မြင်အောင် ကြည့်အပ်၏။ သို့မဟုတ်ဘဲ သုတဒိဋ္ဌိ အမြင်ဖြင့်သာ ကြည့်ပါက မိမိတို့၌ ထိုက်တန်သော အရည်အချင်းများ ရှိသည်၊ မရှိသည်ကို ပဓာနမထားဘဲ၊ တရားသဖြင့် ဖြစ်သည်၊ မဖြစ်သည်ကို ပဓာနမထားဘဲ အားလုံးကို ကျော်လွှား၍ ပစ္စည်း ဥစ္စာများကို မရလျှင် ရသည့်နည်းဖြင့် ယူတတ်၏။ ရာထူး ဂုဏ်သိန်များ ကို မရလျှင် ရသည့်နည်းဖြင့် ယူတတ်၏။ ထင်ပေါ်ကျော်ကြားမှုများကို မရလျှင် ရသည့်နည်းဖြင့် ယူတတ်၏။

ထိုအခါ မိမိနှင့် ပတ်ဝန်းကျင်၏ ဆက်ဆံရေးသည် မလွဲမသွေ အဖုအထစ် ရှိလာမည် ဖြစ်၏။ အဖုအထစ် ဖြစ်လာလျှင်လည်း တရားသည်၊ မတရားသည်ကို ပဓာနမထားဘဲ ယင်းအဖုအထစ်ကို မရလျှင် ရသည့်နည်း ဖြင့် ကျော်လွှားနိုင်အောင် အားထုတ်တော့မည် ဖြစ်၏။ ထိုသို့ အားထုတ် လျှင် လူ့ဘဝကို ရခဲစွာ ရလာကြသော လူသားများကို မလွဲမသွေ ကြက် ကလေးများ၊ ငှက်ကလေးများပမာ ဆက်ဆံရပေတော့မည်။ ထိုသို့ ဆက်ဆံ ခြင်းသည် လူ့ဘဝကို ထိုက်ထိုက်တန်တန် ရလာသော လူသားတစ်ဦး၏

ဆက်ဆံနည်း မဟုတ်။ တောရိုင်းတိရစ္ဆာန်တစ်ကောင်၏ ဆက်ဆံနည်းမျိုးသာ ဖြစ်ချေ၏။

အနုမိတဒိဋ္ဌိအမြင်သည်လည်း ဘဝအတွက် ပတ်ဝန်းကျင်ကို ကြည့်ရာ၌ စာသိ ပေသိ ကျမ်းဂန်သိဖြင့် အကြောင်းအကျိုး ဆီလျော်မှုကို ပဓာနထား၍ ကြည့်သော အမြင်ဖြစ်၏။ မိမိ၌ ရှိသော 'ငါ'ကို နည်းပါးသည်ထက် နည်းပါးအောင် အားထုတ်ကြည့်သော အမြင်မဟုတ်။ ထို့ကြောင့် သုတဒိဋ္ဌိအမြင်နှင့် အနုမိတဒိဋ္ဌိအမြင်သည် 'ငါ'အပေါ် အခြေခံသည်ချည်းဖြစ်လေသောကြောင့် အခြေခံအားဖြင့် မခြားနား။ အတူတူပင် ဖြစ်၏။ ဆေးခါးကြီးကို သူ့အတိုင်း သောက်ခြင်းသည် သုတဒိဋ္ဌိသဘော ဖြစ်၏။ ဆေးခါးကြီးကို သကြားဖုံး၍ သောက်ခြင်းသည် အနုမိတဒိဋ္ဌိသဘော ဖြစ်၏။ ထို့ကြောင့် သကြားဖုံးခြင်းနှင့် မဖုံးခြင်းသာ ကွားခြားပြီး ဆေးခါးကြီးမှာမူ အတူတူ ဖြစ်သကဲ့သို့ ပညာပါခြင်းနှင့် မပါခြင်းသာ ခြားနား၏။ 'ငါ' အပေါ် အခြေခံသဖြင့် မိမိ တစ်ကိုယ်ကောင်းစိတ် ထားရှိခြင်းမှာမူ အတူတူပင် ဖြစ်၏။

ထို့ကြောင့် ပါရာဇိကကဏ္ဍပါဠိတော် ဝေရဉ္ဇကဏ္ဍ သိက္ခာပဒပညတ္တိယာစနကထာ၌ ကိုယ်ကျင့်သိက္ခာကို ထိန်းကျောင်းနိုင်ခြင်း မရှိသော စာတတ် ပေတတ် ကျမ်းဂန်တတ်ခြင်းသည် အာသဝေါတရားများ ပွားစီးခြင်း၏ အကြောင်း '**အာသဝဋ္ဌာနိယ**'သာ ဖြစ်သည်ဟု မြတ်စွာဘုရားက ရှင်သာရိပုတ္တရာအား ဟောကြားတော်မူထားခြင်း ဖြစ်၏။ အမှန်အားဖြင့် ထိုဒေသနာတော်အရ စာတတ် ပေတတ် ကျမ်းဂန်တတ်ခြင်းသည် ဗာဟုသစ္စမဟုတ္တသာ ဖြစ်ပါ၏။

ဘဝအတွက် ပတ်ဝန်းကျင်ကို ကြည့်ရာ၌ သစ္စိကတဒိဋ္ဌိအမြင်ဖြင့်သာ ကြည့်နိုင်အောင် ကြိုးပမ်းအပ်၏။ ယင်းအမြင်သည် မိမိ၏ သန္တာန်၌ ကိန်းနေသော 'ငါ'ကို ပါးသည်ထက် ပါးအောင် လုပ်နိုင်၏။ အမှန်အားဖြင့် 'ငါ'ဟူသည် တဏှာမာနဒိဋ္ဌိတို့၏ အမည်တစ်မျိုးဖြစ်လေရာ 'ငါ'

ပါးသည်နှင့်အမျှ တဏှာလည်း ပါး၏။ မာနလည်း ပါး၏။ ဒိဋ္ဌိလည်း ပါး၏။ ထိုအခါ ပတ်ဝန်းကျင်လောကကို ဦးစားပေးလာတတ်၏။ ပတ်ဝန်းကျင် ငြိမ်းချမ်းပါမှ မိမိ ငြိမ်းချမ်းနိုင်မည်ကို သိလာ၏။ မိမိ ငြိမ်းချမ်းလိုပါလျှင် မိမိနှင့် ပတ်ဝန်းကျင်တို့၏ ဆက်ဆံရေးသည်လည်း ငြိမ်းချမ်းသော ဆက်ဆံရေးဖြစ်ဖို့ လိုအပ်ကြောင်း သိလာ၏။ ထိုအခါ မိမိသည် ပတ်ဝန်းကျင် လူသားများကို မနုဿတ္တဘာဝေါ ဒုလ္လဘောနှင့်အညီ လေးလေးစားစားနှင့် မြတ်မြတ်နိုးနိုး ဆက်ဆံလာမည် ဖြစ်၏။ ထိုသို့ ဆက်ဆံနိုင်ပါမှလည်း လူသည် ရတောင့်ရခဲ ရလာသော လူ့ဘဝကို ထိုက်ထိုက်တန်တန် အသုံးကျအောင် အသုံးချသည် မည်ပါကြောင်း ယုံကြည်အပ်ပါ၏။

[ မြတ်ပန်းစေစာစောင်၊ မတ်လ ၁၉၉၃ ]

# သံသရာဇာတ်ဆောင်

သံသရာဟူသည်မှာ ခန္ဓာတို့၏ မပြတ်ဖြစ်နေခြင်းပင် ဖြစ်၏။ "မည်သည့် အချိန်မှစ၍ မပြတ်ဖြစ်နေပါသနည်း"ဟု မေးလျှင် "သံသရာ၏ အစကို မသိ" ဟူ၍သာ ဖြေရ၏။ သို့ရာတွင် သံသရာ၏ အဆုံးကိုတော့ သိကြ၏။ အရဟတ္တမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုသည်နှင့် တစ်ပြိုင်နက် သံသရာ ဆုံးပြီဟု သိ၏။ ထို့ကြောင့် သံသရာ၏ အဆုံးကား နိဗ္ဗာန်ဖြစ်၏။ ထို့ကြောင့် သံသရာ၏ အဆုံးကို သိနိုင်သော်လည်း သံသရာ၏ အစကိုမူ မသိနိုင်ချေ။ သံသရာ၏ အစကို မသိနိုင်သဖြင့် သံသရာ၏ အစ မရှိ ဟူ၍ ဆိုလိုခြင်း မဟုတ်။ သံသရာ၏ အစကား ရှိ၏။ ရှိပင် ရှိငြားသော်လည်း ဝေနေယျတို့ အနေဖြင့် သိရန် မတတ်ကောင်းသောကြောင့် မြတ်စွာဘုရားက ဝေနေယျတို့အား သံသရာ အစကို မဟောခြင်း ဖြစ်၏။

သတ္တဝါဟူသမျှသည် သံသရာ၌ ကျင်လည်ရ၏။ သံသရာ၌ ကျင်လည်ရခြင်းသည် ဇာတ်စင်အပေါ်၌ ဇာတ်ဆောင်အဖြစ် 'က'ပြနေခြင်းနှင့် တူ၏။ နတ်အဖြစ်လည်း 'က' ပြရ၏။ ဗြဟ္မာအဖြစ်လည်း 'က'ပြရ၏။ လူအဖြစ်လည်း 'က'ပြရ၏။ တိရစ္ဆာန်အဖြစ်လည်း 'က'ပြရ၏။ ငရဲသား အဖြစ်လည်း 'က'ပြရ၏။ သံသရာဇာတ်စင်၌ သတ္တဝါတစ်ဦးအနေဖြင့် မိမိ မကပြဖူးသော ဇာတ်ဆောင်ဟူ၍ မရှိ။ အားလုံး ကပြဖူးသည်သာ ဖြစ်၏။ သို့ရာတွင် ဇာတ်ဆောင်အဖြစ် မိမိ ကပြချင်သလို ကပြ၍တော့ မရ။ ဇာတ်ဆရာ စေခိုင်းသည့် အတိုင်းသာ ကပြရ၏။ ဇာတ်ဆရာ ဟူသည် မှာ 'ကံ'ဖြစ်၏။ ထို့ကြောင့် သတ္တဝါတို့သည် ကံစီမံသည့်အတိုင်း လိုက်နာ ရသည်။

**ပညာ့ရိပ်မွန်**

ကံဟူ၍ ရှိနေသမျှ ကာလပတ်လုံး သတ္တဝါတို့သည် သံသရာ ဓာတ်ဆောင်အဖြစ် တစ်မျိုးမဟုတ် တစ်မျိုးအနေဖြင့် အမြဲ ကပြနေကြရမည် ဖြစ်၏။ ထိုအခါ သတ္တဝါ၏ ဓာတ်သည်လည်း မည်သည့်အခါမှ အဆုံး သတ်နိုင်တော့မည် မဟုတ်။ အကယ်၍ မိမိ၏ ဘဝဓာတ်လမ်းကို အဆုံး သတ်လိုပါက ဓာတ်ဆရာဖြစ်သော 'ကံ'ကို နောက်ထပ် မညွှန်ကြားနိုင် အောင် လုပ်မှ ဖြစ်ပေမည်။ ကံဓာတ်ဆရာ မညွှန်ကြားနိုင်တော့မှလည်း သတ္တဝါတို့၏ ဘဝဓာတ်လမ်းသည် အဆုံးသတ်ချေမည်။ သို့ဖြစ်လျှင် 'ကံ' ဓာတ်ဆရာ မရှိအောင် မည်သို့ လုပ်မည်နည်း။

ပဋိစ္စသမုပ္ပါဒ် အနုလောမနည်းအရ ကံသည် ဓာတ်ဆရာဖြစ်၏။ ကံသည် ဓာတ်ဆရာ ဖြစ်နေသမျှ ကာလပတ်လုံး သတ္တဝါများကို သံသရာ ဓာတ်လမ်း၌ ဓာတ်ဆောင်အဖြစ် ကံက တာဝန်ပေးနေမည် ဖြစ်၏။ အကယ် ၍ သံသရာဓာတ်ဆောင်အဖြစ် မကပြလိုတော့လျှင် ပဋိစ္စသမုပ္ပါဒ် ပဋိလောမ နည်းအရ ကံကို ဖယ်ရှားဖို့ လို၏။ ပဋိစ္စသမုပ္ပါဒ် အနုလောမနည်းတွင် ကံသည် ကေရာဇ်သဖွယ် ကြီးစိုး၏။ ပဋိစ္စသမုပ္ပါဒ် အနုလောမနည်းတွင် ဉာဏ်သည် ကေရာဇ်သဖွယ် ကြီးစိုး၏။

ထို့ကြောင့် ကံကို ဓာတ်ဆရာအဖြစ် ထား၍ သူ၏ ညွှန်ကြားချက် အတိုင်း လိုက်နာဆောင်ရွက်နေမည်ဆိုပါက ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် လည်ပြီး သံသရာဓာတ်ဆောင်အဖြစ် အတောမသတ်နိုင်အောင် ကပြနေရ မည် ဖြစ်၏။ အကယ်၍ ဉာဏ်ကို ဓာတ်ဆရာအဖြစ်ထား၍ ညွှန်ကြားချက် အတိုင်း လိုက်နာဆောင်ရွက်မည်ဆိုပါက ပဋိစ္စပသမုပ္ပါဒ် စက်ရဟတ်လည် ခြင်း ဆိုသည်မှာ ထိုထိုဘုံဘဝတို့၌ အဖန်ဖန်လည်ခြင်းပင် ဖြစ်၏။

ထိုထိုဘုံဘဝတို့၏ အဖန်ဖန်ဖြစ်ရာတွင် ဘဝစည်းစိမ်ကို တောင့်တ ပြီး ဒါနကို ပြုမည်၊ သီလကို ဆောက်တည်မည်၊ ဘာဝနာကို ပွားများမည် ဆိုပါက မိမိပြုထားသော ကံအားလျော်စွာ လူမင်း စည်းစိမ်ကို ရမည်၊ နတ်မင်း စည်းစိမ်ကို ရမည်၊ ဗြဟ္မာမင်း စည်းစိမ်ကို ရမည်။ ထိုသို့မဟုတ်ဘဲ

ဒါနကိုလည်း မပြု၊ သီလကိုလည်း မဆောက်တည်၊ ဘာဝနာကိုလည်း မပွားများဘူး ဆိုပါက လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာတို့ကို ရမည် မဟုတ်။

အမှန်အားဖြင့် လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာတို့ကို တောင့်တ၍ ဒါနကို ပြုသည်၊ သီလကို ဆောက်တည်သည်၊ ဘာဝနာကို ပွားများသည် ဆိုလျှင်လည်း ထိုကဲ့သို့ပြုသော ဒါန၊ သီလ၊ ဘာဝနာတို့သည် မိစ္ဆာပဋိပဒါအရ ပြုသည်မည်၏။ အဘယ်ကြောင့်ဆိုသော် သံသရာမှ မထွက်လိုဘဲ သံသရာတွင်း၌သာ မွေ့လျော်လိုသောကြောင့် ဖြစ်၏။ ဤသို့ နိဒါန ဝဂ္ဂ သံယုတ္တအဋ္ဌကထာ ပဋိပဒါသုတ်၌ တိုက်ရိုက်ဖော်ပြထား၏။

အကယ်၍ သံသရာမှ ထွက်မြောက်လိုသဖြင့် ဒါနကို ပြုသည်၊ သီလကို ဆောက်တည်သည်၊ ဘာဝနာကို ပွားများသည် ဆိုပါက ထိုကဲ့သို့ ပြုသော ဒါန၊ သီလ၊ ဘာဝနာတို့သည်သာ သမ္မာပဋိပဒါအရ ပြုသည် မည်၏။ သမ္မာပဋိပဒါကား မြတ်စွာဘုရား ပွင့်တော်မူပါမှသာ သိရသော အကျင့်မြတ်ဖြစ်၏။ မြတ်စွာဘုရား ပွင့်တော်မမူမီက ဆိုလျှင် မှားယွင်းသော အကျင့် မိစ္ဆာပဋိပဒါဖြင့်ပြုသော ဒါန၊ သီလ၊ ဘာဝနာတို့သည် အလွန်ဆုံး အကျိုးပေးနိုင်ပါက လူမင်းဘဝ၊ နတ်မင်းဘဝ၊ ဗြဟ္မာမင်းဘဝကိုသာ ပေးနိုင်၏။ ဘဝသုံးပါးမှ လွတ်မြောက်ရန် နိဗ္ဗာန်ကို မပေးနိုင်ချေ။ လူမင်း ချမ်းသာ၊ နတ်မင်းချမ်းသာ၊ ဗြဟ္မာမင်းချမ်းသာ ဟူသည် သမ္မုတိသစ္စာအရသာ ချမ်းသာဖြစ်၏။ အရိယသစ္စာအရဆိုလျှင် ချမ်းသာမဟုတ်၊ ဆင်းရဲသာ ဖြစ်၏။ အရိယသစ္စာအရ တကယ်တမ်း စစ်မှန်သော ချမ်းသာဟူသည်ကား နိဗ္ဗာန်ချမ်းသာ သာလျှင် ဖြစ်၏။

လူတို့သည် ခဏတိုင်း ခဏတိုင်း၌ 'ကံ'ကို ပြုနေကြသည်။ ထိုသို့ ပြုရာတွင် ကာယကံ ဖြစ်ချင် ဖြစ်မည်။ ဝစီကံ ဖြစ်ချင် ဖြစ်မည်။ မနောကံ ဖြစ်ချင် ဖြစ်မည်။ တစ်ခုခုသော ကံကိုတော့ ပြုနေသည်ကား အမှန်ပင် ဖြစ်၏။ ထိုသို့ ပြုနေရခြင်းသည်လည်း ကံနှင့်ကင်း၍ သတ္တဝါဟူသည် မရှိကောင်းသောကြောင့် ဖြစ်၏။

ကံသည်လည်း ကုသိုလ်ကံနှင့် အကုသိုလ်ကံဟူ၍ နှစ်မျိုးရှိပြန်ရာ ဤနေရာ၌ အကုသိုလ်ကံကို မဆိုလိုဘဲ ကုသိုလ်ကံကိုသာ ဆိုလိုပါ၏။ အကုသိုလ်ကံဟူက မကောင်းကျိုးကိုသာ ပေးကြောင်း အထူးပြောစရာ မလို။ အားလုံးလက်ခံ ယုံကြည်ပြီးသား ဖြစ်၏။ ထို့ကြောင့် အကုသိုလ်ကံကို မဆိုလိုဘဲ ကုသိုလ်ကံကိုသာ ဆိုလိုခြင်း ဖြစ်၏။ ကုသိုလ်ကံကလည်း ကောင်းကျိုးပေးကြောင်း သိပြီးသား ဖြစ်၏။ သို့ရာတွင် ကောင်းကျိုးဟူသည် သမ္မုတိသစ္စာအရ ကောင်းကျိုးနှင့် အရိယသစ္စာအရ ကောင်းကျိုးဟူ၍ နှစ်မျိုးရှိပြန်၏။ သမ္မုတိသစ္စာအရ ကောင်းကျိုးဟူသည်မှာ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာတို့ ဖြစ်ကြ၏။ အရိယသစ္စာအရ ကောင်းကျိုးဟူသည်မှာ နိဗ္ဗာန်ချမ်းသာ ဖြစ်၏။ မြတ်စွာဘုရား၏ ဒေသနာတော်အရ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ဟူသည်မှာ အမည်မျှသာ ချမ်းသာ ဖြစ်၏။ တကယ်တော့ ဆင်းရဲသာတည်း။

ထို့ကြောင့် နိဗ္ဗာန်ချမ်းသာကို တောင့်တကြခြင်း ဖြစ်၏။ တောင့်တသည့်အတိုင်း လိုချင်ရိုးမှန်ပါလျှင် ဘဝဇာတ်ကို သိမ်းမှ ဖြစ်ပေမည်။ သံသရာဇာတ်ခုံပေါ်၌ ဗြဟ္မာဘဝဖြင့် 'က'လိုက်၊ နတ်ဘဝဖြင့် 'က'လိုက်၊ လူ့ဘဝဖြင့် 'က'လိုက်၊ တိရစ္ဆာန်ဘဝဖြင့် 'က'လိုက်၊ ငရဲသားဘဝဖြင့် 'က' လိုက်ဖြင့် 'က'ခဲ့ရလေရာ ပွဲကြည့်ပရိသတ်များ အနေဖြင့် သာယာဖွယ် ဖြစ်သော်လည်း ကာယကံရှင်များ အနေဖြင့်မူ ပင်ပန်းလှပါ၏။ ဆင်းရဲလှပါ၏။ ထို့ကြောင့် ထိုဆင်းရဲမျိုးမှ လွတ်မြောက်နိုင်ရန် ဘဝဇာတ်ကို သိမ်းဖို့ အားထုတ်ရပေမည်။

ဘဝဇာတ်သိမ်းဖို့ အားထုတ်ခြင်းဆိုသည်မှာ ဘဝဇာတ်ဆရာဖြစ်သော 'ကံ'ကို မညွှန်ကြားနိုင်အောင် အားထုတ်ခြင်း ဖြစ်၏။ 'ဘဝပစ္စယာ ဇာတိ'အရ ဘဝဖြစ်သော 'ကံ'ရှိနေပါလျှင် သံသရာ ဇာတ်ဆောင်အဖြစ်ဖြင့် သံသရာ၌ အတောမသတ် ကျင်လည်ရမည် ဖြစ်၏။ ထို့ကြောင့် 'ကံ'ကို 'ဘဝနိရောဓာ၊ ဇာတိနိရောဓော'အရ ချုပ်သွားအောင် လုပ်ရမည် ဖြစ်၏။

'ကံ'ကို ချုပ်သွားအောင် လုပ်ခြင်း ဆိုသည်မှာ ဒါနကံ၊ သီလကံ၊

ဘာဝနာကံတို့ကို 'လုပ်သမျှ ဒုက္ခ'ဟူသော အမြင်ဖြင့် 'မလုပ်ခြင်း'ကို ဆိုလိုသည် မဟုတ်။ အမှန်ဆိုလိုသည်ကတော့ ဒါနကံကိုလည်း စွမ်းအား ရှိသလောက် လုပ်ရမည်။ သို့ရာတွင် ထိုသို့လုပ်ရာ၌ 'ဥပါဒါန နိရောဓာ ဘဝနိရောဓာ'အရ ဥပါဒါန်မပါဝင်အောင် လုပ်ရမည်။ ဥပါဒါန် မပါဝင် တော့လျှင် 'ကံ'သည် ချုပ်ပြီးသား ဖြစ်၏။ ဥပါဒါန် မပါဝင်အောင် လုပ် ရာ၌ 'တဏှာနိရောဓာ ဥပါဒါန နိရောဓော'အရ တဏှာ မပါဝင်အောင် လုပ်ရ၏ ဟူ၍ ဖြစ်ပါ၏။

အကျဉ်းချုပ်အားဖြင့်ဆိုရလျှင် ကောင်းမှုကုသိုလ်ဟူသမျှကို မနား မနေ လုပ်ရမည်။ ထိုသို့လုပ်ရာတွင် ရလတ္တံ့သော အကျိုးဟူသမျှကို လုံးဝ တွယ်တာခြင်း၊ တပ်မက်ခြင်း မပြုဘဲ လုပ်ရမည်။ ထိုသို့ လုပ်ခြင်းမျိုးကိုသာ 'ကံ'ကို ချုပ်သွားအောင်၊ မညွန့်ကြားနိုင်အောင် လုပ်ခြင်း မည်၏။ 'ကံ'ချုပ် မှတော့ ဘဝဇာတ်သည် ချုပ်ပြီးသား ဖြစ်တော့၏။ ဘဝဇာတ်ချုပ်လျှင် စစ်မှန်သောချမ်းသာ 'သန္တိသုခ'ကို ရတော့၏။ ထိုအခါ သံသရာဇာတ် ကောင် အဖြစ်မှ လွတ်ပြီ။

ဘဝဇာတ်လမ်းများကို ဖန်တီးခြင်း၌ 'ကံ'သည် ကေရာဇ် ဖြစ်၏။ ဘဝပြတ်လမ်းကို ဖန်တီးခြင်း၌ 'ဉာဏ်'သည် ကေရာဇ် ဖြစ်၏။ ဘဝဇာတ် လမ်းကို ဖန်တီးရာ၌ တွေ့မြင်သမျှ အရာရာကို မိမိအတွက် သိမ်းပိုက်၏။ ဘဝပြတ်လမ်းကို ဖန်တီးရာ၌ တွေ့မြင်သမျှ အရာရာကို လောကအတွက် စွန့်လွှတ်၏။ စွန့်လွှတ်ရာ၌လည်း ဘာကိုမျှ မျှော်ကိုးခြင်းမရှိဘဲ လွတ်လွတ် စွန့်လွှတ်ခြင်းသာ ဖြစ်၏။ ဘာကိုမျှ မျှော်ကိုးမှု မရှိခြင်းသည်ပင် တဏှာကို ချုပ်အောင် လုပ်ခြင်းမည်၏။ တဏှာကိုချုပ်အောင် လုပ်ခြင်းဖြင့် ရအပ် သော အကျိုးသည် တဏှာကို ပွားစည်းအောင် လုပ်ခြင်းဖြင့် ရအပ်သော အကျိုးထက် အတိုင်းမသိ ပို၍ ကြီးမား၏။

အမှန်အားဖြင့် လိုချင်၍ ရအပ်သော အကျိုးတရား၏ ဝမ်းပိုက်ထဲ၌ 'သောက'သည် ပါဝင်လာ၏။ အဘယ်ကြောင့်ဆိုသော် မိမိ ရထားသော

အကျိုးတရား လက်လွတ်ဆုံးရှုံးသွားရမည်ကို အမြဲတမ်း စိုးရိမ်ပူပန်နေရသော ကြောင့် ဖြစ်၏။ မလိုချင်ပါဘဲလျက် ရအပ်သော အကျိုးတရား၏ ဝမ်းဗိုက် ထဲ၌မူ 'သောက'သည် ပါဝင်လာခြင်း မရှိ။ အဘယ်ကြောင့်ဆိုသော် အစ ကတည်းက မိမိအနေဖြင့် မလိုချင်သော အကျိုးတရား လက်လွတ်ဆုံးရှုံး သွားသော်လည်း ထိုသို့ ဆုံးရှုံးသွားသည့်အတွက် စိုးရိမ်ပူပန်စရာ ဘာမျှ မရှိဘဲ ဝန်ထုပ်ဝန်ပိုးမှ လွတ်မြောက်သွားသဖြင့် ဝမ်းသာစရာသာ ရှိလေသော ကြောင့် ဖြစ်၏။

လူသည် မိမိတစ်ယောက်တည်းဖြင့် နေခြင်းဖြင့် အသက်ရှင်၍ နေနိုင် သူ မဟုတ်။ ပတ်ဝန်းကျင်၏ အထောက်အကူ များစွာကို ရယူပြီးမှသာ နေနိုင်သူ ဖြစ်၏။ ထို့ကြောင့် လူအပေါ်၌ ပတ်ဝန်းကျင်၏ ကျေးဇူး များစွာ ရှိ၏။ ပတ်ဝန်းကျင်၌ မိမိမှ တစ်ပါးသော အခြား လူသားများ ရှိ၏။ တိရစ္ဆာန်များ ရှိ၏။ နတ်ဒေဝါများ ရှိ၏။ တောတောင်ရေမြေများ ရှိ၏။ ထိုသက်ရှိ သက်မဲ့အားလုံးသည် လူအတွက် ကျေးဇူးရှင်များ ဖြစ်၏။ ထို ကျေးဇူးရှင်များ၏ ကျေးဇူးကို ပထမသိဖို့ လို၏။ ကျေးဇူးရှင်များ၏ ကျေးဇူးကို သိပြီးလျှင် ထိုကျေးဇူးကို ဆပ်ရန်လို၏။ ကျေးဇူးဆပ်ခြင်း ဟူသည်မှာ မိမိ၏ ဘဝ၊ မိမိ၏ ခန္ဓာကို ပတ်ဝန်းကျင်အတွက် အသုံးပြုရာ၌ မိမိ၏ စည်းစိမ်ဥစ္စာများ ကုန်ချင်လည်း ကုန်သွားနိုင်၏။ မိမိ၏ ခန္ဓာအစိတ် အပိုင်းများ ဆုံးရှုံးချင်လည်း ဆုံးရှုံးသွားနိုင်၏။ ဤသို့ အဆုံးရှုံးခံပြီး ကျေးဇူးဆပ်ခြင်းကို ပါရမီဖြည့်ခြင်းဟူ၍ ဆိုရ၏။ အမှန်အားဖြင့်လည်း ပါရမီဖြည့်ခြင်း ဟူသည်မှာ လူတစ်ယောက်အနေဖြင့် လူ့တာဝန်ကို ကျေပွန် စွာ ထမ်းဆောင်ခြင်းပင် ဖြစ်၏။

လောကအပေါ် ကရုဏာနှင့် မေတ္တာထားနိုင်သူများ အနေဖြင့် မိမိ၏ အကျိုးစီးပွားထက် လောက၏ အကျိုးစီးပွားကို ဦးစားပေး၍ ဆောင်ရွက် ရာတွင် ပီတိသုခကို တွေ့နိုင်ပါ၏။ ပီတိသုခကို တွေ့ပါမှလည်း ပါရမီကို ဖြည့်ကျင့်နိုင်မည် ဖြစ်၏။ ပါရမီကို ဖြည့်ကျင့်ရာတွင် ဓမ္မသည် သဘာဝအား

ဖြင့် ပါရမီဖြည့်သူက စွန့်လွှတ်လိုက်သော ပစ္စည်းဥစ္စာများ၊ ခြေလက်အင်္ဂါများ၊ အသက်ခန္ဓာများကို သူခိုးအနေဖြင့် ယူသွားသည် မဟုတ်။ တရားသူကြီး အနေဖြင့်သော ယူပြီး ပြန်လည်ရသင့်သော အကျိုးကို ပြန်လည်ပေး၍ ပေးလေ၏။ ထိုအကျိုးသည် စကြဝဠာမင်း၏ စည်းစိမ်ထက် အတိုင်းအဆမရှိ ကြီးမားပါ၏။ ချမ်းသာရာတွင်လည်း အနှိုင်းမရှိ ချမ်းသာပါ၏။ မိမိ၏ ကိုယ်ကျိုးထက် လောက၏ အကျိုးကို ဦးစားပေး၍ ဆောင်ရွက်သူများသည် အကယ်၍ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မရသေးလျှင်တောင်မှ လောလောဆယ် ပစ္စက္ခ၌ အများ၏ ကြည်ညိုမှု၊ အများ၏ လေးစားမှု၊ အများ၏ အားထားမှုတို့ကို မယူနိုင်လောက်အောင်ပင် ရလေ၏။ တမလွန်၌ကား ပါရမီဘုန်းကံကြောင့် မြတ်သော ဘုံဘဝသို့ ရောက်ရမည်မှာ မလွဲဧကန် အမှန် ဖြစ်လေ၏။

ထို့ကြောင့် သံသရာဇာတ်ဆောင်အဖြစ်မှ လွတ်မြောက်ရေးအတွက် 'ကံ'ကို ဖျက်လိုလျှင် 'ဉာဏ်'ကို ပွားစီးအောင် လုပ်အပ်ပါ၏။ ဉာဏ်ကို ပွားစီးအောင် လုပ်ရာတွင်လည်း 'ပါရမီ'ရှိဖို့ လိုအပ်ပါ၏။ ပါရမီရှိအောင် လုပ်ရာ၌လည်း လောက၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွားကို စွန့်လွှတ်ခြင်း 'ဒါနပါရမီ'မှ စရမည် ဖြစ်ပါ၏။ ပါရမီများ ပြည့်လာသော အခါ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရလာမည် ဖြစ်၏။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရသည်နှင့် တစ်ပြိုင်နက် 'ကံ'သည် ပျက်လေပြီ။ သံသရာဇာတ်ဆောင် အဖြစ်မှ လွတ်လေပြီ။

ထို့ကြောင့် သံသရာဇာတ်ဆောင်အဖြစ်မှ လွတ်မြောက်လိုပါလျှင် မိမိ၏ ကိုယ်ကျိုးကို စွန့်၍ အများ၏ အကျိုးကို ဆောင်ရွက်ခြင်း တည်းဟူသော ပါရမီလမ်းစဉ်မှ တစ်ပါး အခြားလမ်းစဉ်ဟူ၍ မရှိပြီ ဟူ၍ နားလည်ရာ၏။

[ ဓမ္မရသစာစောင်၊ မတ်လ ၁၉၉၂ ]

# အမျိုးဘာသာ သာသနာ

အမျိုးဘာသာ သာသနာဟူ၍ ကျွန်တော်တို့ ကြွေးကြော်ခဲ့သည်မှာ ကြာမြင့်ခဲ့ချေပြီ။ ကြွေးကြော်ခဲ့သည့် အတိုင်းလည်း ကျွန်တော်တို့သည် မိမိတို့၏ အမျိုး၊ မိမိတို့၏ ဘာသာ စာပေနှင့် မိမိတို့၏ သာသနာတော်ကို ဤကမ္ဘာမြေပြင်၌ အစွန့်ရှည်စွာ တည်စေခြင်းငှာ ဆန္ဒရှိပါ၏။ ဆန္ဒရှိသည့်အလျောက်လည်း ကြိုးပမ်းကြပါ၏။ ကြိုးပမ်းသည့် အလျောက်လည်း ကျွန်တော်တို့၏ မြန်မာလူမျိုးသည် လည်းကောင်း၊ မြန်မာဘာသာသည် လည်းကောင်း၊ ကျွန်တော်တို့၏ ကိုးကွယ်ရာ ဗုဒ္ဓသာသနာတော်သည် လည်းကောင်း ဤကမ္ဘာမြေပြင်၌ လွတ်လပ်စွာ တည်တံ့လျက် ရှိပါ၏။

သို့ရှိပါသော်လည်း ကျွန်တော်တို့သည် ကျွန်တော်တို့၏ အမျိုး၊ ကျွန်တော်တို့၏ ဘာသာ၊ ကျွန်တော်တို့၏ ဗုဒ္ဓသာသနာတော်ကို ဤကမ္ဘာမြေပြင်၌ အစွန့်ရှည်စွာ တည်ရှိစေရန် အားထုတ်ရာ၌ မြတ်စွာဘုရား၏ အဆုံးအမတော်အတိုင်းသာ တည်ရှိစေရန် အားထုတ်ခြင်း ဖြစ်၏။ အခြားသော နည်းဖြင့် တည်ရှိစေရန် အားထုတ်ခြင်း မဟုတ်။ အခြားသောနည်းဖြင့် တည်ရှိစေရန် အားထုတ်သောကြောင့် တည်ရှိလာပါကလည်း ထိုကဲ့သို့သော တည်ရှိခြင်းမျိုးကို ကျွန်တော်တို့သည် မမြတ်နိုး။ မမြတ်နိုးသည့် အလျောက်လည်း ကျွန်တော်တို့သည် အလေးအမြတ် မပြုကြ။ ဤသည်မှာ ထေရဝါဒ ဗုဒ္ဓဘာသာ၏ သွန်သင်ချက်အရ ကျွန်တော်တို့၏ ကိုယ်ပိုင်ခံယူချက် ဖြစ်၏။

မြတ်စွာဘုရား၏ အဆုံးအမတော်ကို 'ဓမ္မဝိနယ'ဟု ခေါ်၏။ ယင်း၏ မြန်မာပြန် အနက်မှာ 'တရားသဖြင့် ဆုံးမခြင်း'ဟူ၍ ဖြစ်၏။ ထေရဝါဒ

ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့် အားလျော်စွာ ကျွန်တော်တို့သည် ဓမ္မဝိနယကို ဦးထိပ်ထက် ပန်ဆင်လျက်၊ မြန်မာလူမျိုးကို ဤကမ္ဘာမြေပြင်၌ အစွန့်ရှည်စွာ တည်စေခြင်းငှာ တရားသဖြင့်သာ အားထုတ်လိုသူများ ဖြစ်ကြ၏။ အနိုင်အထက် ပြု၍ အားထုတ်လိုသူများ မဟုတ်ကြ။ ထိုနည်းအတူပင် မိမိတို့၏ ဗုဒ္ဓဘာသာစာပေကို လည်းကောင်း၊ မိမိတို့၏ ဗုဒ္ဓသာသနာတော်ကို လည်းကောင်း ဤကမ္ဘာမြေပြင်၌ အစွန့်ရှည်စွာ တည်စေခြင်းငှာ ကြိုးပမ်းရာ၌ တရားသဖြင့် ဖြစ်ရေးကိုသာ လိုလားကြပါ၏။

အမှန်အားဖြင့် ကျွန်တော်တို့သည် တရားသဖြင့် ဆုံးမရာနယ်မြေ 'ဓမ္မဝိနယ'၌ ကြီးပြင်းလာသူများ ဖြစ်ကြ၏။ ထို့ကြောင့် ကျွန်တော်တို့သည် မတရားသဖြင့် အနိုင်ကျင့်၍ မိမိအမျိုးသားများ ကြီးပွားလာလျှင်လည်း ကြီးပွားခြင်းကို မနှစ်ခြိုက်။ မိမိစာပေများ တိုးတက်လာလျှင်လည်း ထိုသို့ တိုးတက်လာခြင်းကို မမြတ်နိုး။ မိမိတို့၏ ဗုဒ္ဓဘာသာ ပြန့်ပွားလာလျှင်လည်း ထိုသို့ ပြန့်ပွားလာခြင်းကို အလေးအမြတ် မပြု။ ဤသို့ ခံယူမိခြင်းမှာ တရားသဖြင့် ဆုံးမရာ 'ဓမ္မဝိနယ'နယ်မြေ၌ ကြီးပြင်းရခြင်း၏ အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပါ၏။

မြတ်စွာဘုရား၏ ဒေသနာတော်အရ မတရားခြင်းကို 'အဓမ္မ'ဟု ဆို၏။ အနိုင်ကျင့်ခြင်းကို 'အဝိနယ'ဟု ဆို၏။ ထို့ကြောင့် မတရားသဖြင့် အနိုင်ကျင့်ခြင်းကို '**အဓမ္မအဝိနယ**'ဟု ဆို၏။ ကမ္ဘာ့သမိုင်းတွင် အဓမ္မအဝိနယနည်းဖြင့် ဆိုင်ရာ ဆိုင်ရာ လူမျိုးများ ထူထောင်ခဲ့သည်ကိုလည်း တွေ့ရ၏။ ဆိုင်ရာဆိုင်ရာ ဘာသာစာပေများ ထူထောင်ခဲ့သည်ကိုလည်း တွေ့ရ၏။ ဆိုင်ရာ ဆိုင်ရာ သာသနာတော်များ ထူထောင်ခဲ့သည်ကိုလည်း တွေ့ရ၏။ အဓမ္မအဝိနယနည်းဖြင့် ထူထောင်ခြင်းဆိုသည်မှာ စစ်အေးအသွင်ဖြင့် ဖြစ်စေ၊ စစ်ပူအသွင်ဖြင့် ဖြစ်စေ မတရားသဖြင့် အနိုင်ကျင့်၍ ထူထောင်ခြင်းပင် ဖြစ်၏။

ဤသို့ ထူထောင်ခြင်းဖြင့်လည်း လောက အမြင်အရ ဆိုလျှင် အဓမ္မ

ဆိုသော်လည်း အဓမ္မဟု အထင်သေး၍ မရ။ အဝိနယ ဆိုသော်လည်း အဝိနယဟု အထင်သေး၍ မရ။ အဘယ်ကြောင့်ဆိုသော် လောကသည်ပင် အဝိဇ္ဇာခြံရံ၍ တဏှာ အရင်းခံသော မတရားမှု ‘အဓမ္မ’နှင့် အနိုင်ကျင့်မှု ‘အဝိနယ’တို့၏ ဘုမိနက်သန် စိုးစံရာဖြစ်၏။ ထို့ကြောင့် မတရားမှုနှင့် အနိုင်ကျင့်မှုတို့သည် မိမိတို့ စိုးစံရာလောက၌ အာဏာလွှမ်းနိုင်ကြခြင်း ဖြစ်၏။ အရှိန်အဝါ ပြနိုင်ကြခြင်း ဖြစ်၏။

သို့ဖြစ်၍သာ လူမျိုးရေးဖြစ်စေ၊ ဘာသာရေးဖြစ်စေ၊ ကိုးကွယ်ရာ သာသနာရေးဖြစ်စေ ထိုထိုရေးရာတို့သည် မတရားမှုနှင့် အနိုင်ကျင့်မှုတို့၏ အကူအညီဖြင့် ဤကမ္ဘာမြေပြင်၌ ထွန်းထွန်းပြောင်ပြောင် ထူထောင်နိုင်ကြခြင်း ဖြစ်၏။

သို့ရာတွင် ကျွန်တော်တို့သည် လောကကို စုန်သူများ မဟုတ်၊ လောကကို ဆန်သူများ ဖြစ်ကြ၏။ ထို့ကြောင့် လောကကို လည်းကောင်း၊ လောက၏ စွမ်းပကားဖြစ်သော မတရားမှုနှင့် အနိုင်ကျင့်မှုကို လည်းကောင်း မြတ်နိုးနေပါက၊ အလေးအမြတ် ပြုနေပါက လောကမှ မလွတ်မြောက်နိုင်ဘဲ ရှိနေပေလိမ့်မည်။ အမှန်အားဖြင့် ကျွန်တော်တို့သည် လောကမှ ထွက်မြောက်လိုသူများ ဖြစ်ကြ၏။ ထို့ကြောင့် ကျွန်တော်တို့သည် လောကကို ဆန်သောအားဖြင့် မတရားမှုမှန်လျှင် မည်သည့်ပုံစံမျိုးဖြင့် ရှိရှိ၊ အနိုင်ကျင့်မှု မှန်လျှင် မည်သည့်ပုံစံမျိုးဖြင့် ရှိရှိ မမြတ်နိုးနိုင်ကြဘဲ၊ အလေးအမြတ် မပြုနိုင်ကြဘဲ တရားသဖြင့် ဆုံးမမှုကိုသာ မြတ်နိုးတတ်ကြ၏။ အလေးအမြတ် ပြုတတ်ကြ၏။

တရားသဖြင့် ဆုံးမမှုကိုသာ မြတ်နိုးကြသည် မှန်ပါ၏။ သို့ရာတွင် ကျွန်တော်တို့သည် လောက၌ နေကြသူများ ဖြစ်ကြရလေရာ လောကကို လည်းကောင်း၊ လောက၏ စွမ်းပကားဖြစ်သော မတရားမှုနှင့် အနိုင်ကျင့်မှုကိုလည်းကောင်း တစ်စုံတစ်ခုသော အတိုင်းအတာအထိ ခွင့်ပြုရသော အခြေအနေမျိုး၌ ရှိကောင်း ရှိနိုင်ပါ၏။ ထိုသို့ ရှိခဲ့သော် စေတီတော်ထီးကို တင်ရာ၌

ငြမ်းမဆင်ဘဲ မဖြစ်နိုင်သဖြင့် ငြမ်းဆင်ရသကဲ့သို့ ထို့အတူ မတရားမှုနှင့် အနိုင်ကျင့်မှုကို မပြုဘဲ နေနိုင်ခွင့် မရှိသဖြင့် ပြုခြင်းသာ ဖြစ်သည်ဟု ခိုင်မာစွာ ခံယူထားအပ်ပါ၏။

ထိုသို့ ခံယူထားပါက ထီးတော်ကို တင်ပြီးသောအခါ ငြမ်းကို ဖျက်သကဲ့သို့ မိမိတို့၏ တရားသဖြင့် ဆုံးမမှုအတွက် ဆောင်ရွက်ပြီးသောအခါ မတရားမှုနှင့် အနိုင်ကျင့်မှုကို ဖျက်အပ်၏။ ဤအမြင်မျိုးဖြင့် ဆောင်ရွက်ခြင်းမျိုးကို ရှေးခေတ် ဗုဒ္ဓဘာသာ နိုင်ငံတော်များ၌ တွေ့နိုင်ပါ၏။ ထို့ကြောင့် ဗုဒ္ဓ ဒေသနာတော်၌ အကုသိုလ်ပင် ဖြစ်စေ 'အကုသိုလ်'မှန်း သိပြီး သခ်ါရတရားအနေဖြင့် ဖြစ်ပျက်ရှု၍ ပယ်ဖျောက်နိုင်ပါက စိတ္တာနုပဿနာ သတိပဋ္ဌာန်အဖြစ် ရှုမှတ်ပွားများအပ်ကြောင်း ထားရှိ၏။ ထို့ကြောင့် ကျွန်တော်တို့သည် ပုထုဇဉ်များ ဖြစ်ကြသည့် အားလျော်စွာ ထီးတင်ရန် ငြမ်းဆင်ရသလို ဓမ္မဝိနယအတွက် အဓမ္မ အဝိနယကို လုပ်ရလျှင်လည်း အဓမ္မ အဝိနယမှန်း သိပြီး ထိုအဓမ္မ အဝိနယကို ပယ်ဖျက်နိုင်အောင် ကြိုးစားအပ်ပါ၏။

အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်ရာ၌ 'ငါ့အမျိုးမှ ငါ့အမျိုး'၊ 'ငါ့ဘာသာမှ ငါ့ဘာသာ'၊ 'ငါ့သာသနာမှ ငါ့သာသနာ' ဟူသော အစွဲအလမ်းမျိုး ကျွန်တော်တို့၌ မပြင်းထန်။ အကယ်၍ ပြင်းထန်လျှင်လည်း ဓမ္မဝိနယနှင့် ညီမည် မဟုတ်။

ဗောဓိပက္ခိယ ကျင့်စဉ်အရဆိုလျှင် အရာဝတ္ထုတိုင်းတွင် လက္ခဏာသည် သုံးဆင့်ရှိ၏။ ပထမ 'မတူသော လက္ခဏာ'၊ ဒုတိယ 'တူသော လက္ခဏာ'၊ တတိယ 'တူ မတူ နှစ်မျိုးစုံမှ လွတ်သော လက္ခဏာ'ဟူ၍ သုံးဆင့်ဖြစ်၏။ ဥပမာအားဖြင့် ဆိုရလျှင် သရက်ပင် ဖြစ်၏။ သရက်ပင်ဟူသည် သရက်ပင်သာ ဖြစ်၏။ မရမ်းပင် မဟုတ်။ ထို့ကြောင့် သရက်ပင်၌ မရမ်းပင်နှင့် မတူသော လက္ခဏာ ရှိ၏။ သို့ရာတွင် သရက်ပင်သည်

အခြားသစ်ပင်များနှင့် သစ်ပင် သာမညအားဖြင့် တူသော လက္ခဏာ ရှိပြန်၏။

ထို့နောက် သက်မဲ့ရုပ်လောက တစ်ခုလုံးသည် အဋ္ဌကလာပ်ရုပ် အနေဖြင့် တူ မတူ လက္ခဏာ နှစ်မျိုးလုံးကို လွန်ပြန်၏။ တူ မတူ လက္ခဏာ နှစ်မျိုးလုံးကို လွန်ပြီး တူ မတူ လက္ခဏာ နှစ်မျိုးလုံးမှ လွတ်မြောက်ခြင်း ကြောင့် အဋ္ဌကလာပ်ရုပ်ကို သစ်ပင်လက္ခဏာ ရှိသည်ဟုလည်း ဆိုနိုင်၏။ သစ်ပင်လက္ခဏာ မရှိဟုလည်း ဆိုနိုင်၏။ ထိုနည်းအတူ သရက်ပင် လက္ခဏာ ရှိသည်ဟုလည်း ဆိုနိုင်၏။ သရက်ပင် လက္ခဏာ မရှိဟုလည်း ဆိုနိုင်၏။

အမှန်အားဖြင့် သစ်ပင်နှင့် ပတ်သက်၍ အဋ္ဌရုပ်ကလာပ်ကို ဆိုချင် သလို ဆိုနိုင်၏။ ဤသည်မှာ အဋ္ဌကလာပ်ရုပ်သည် သစ်ပင်နှင့် ပတ်သက် ၍ တူ မတူ နှစ်မျိုးစုံမှ လွတ်သော လက္ခဏာ ရှိသောကြောင့် ဖြစ်၏။ ထို သဘောကို ရှင်းအောင် ပြန်၍ဆိုရလျှင် ကမ္ဘာတည်စဉ် ပထမ အဋ္ဌကလာပ် ရုပ်သာ ရှိ၏။ ထို့နောက် သစ်ပင်မျိုးစု ဖြစ်လာ၏။ ထို့နောက် သစ်ပင် မျိုးစုထဲမှ သရက်ပင်၊ မရမ်းပင် စသည်ဖြင့် တစ်မျိုးနှင့်တစ်မျိုး မတူသော သစ်ပင်များ ဖြစ်လာ၏။

ဤဒွိ ဆိုလိုရင်းမှာ အရာဝတ္ထုတိုင်းတွင် 'မတူ'လက္ခဏာ၊ 'တူ' လက္ခဏာနှင့် 'တူ မတူ'မှ လွတ်လက္ခဏာဟူ၍ လက္ခဏာ သုံးမျိုးရှိကြောင်း တင်ပြလိုရင်း ဖြစ်၏။ ဤဓမ္မတာအရ ဝိပဿနာ နယ်မြေတွင်လည်း ပရမတ္ထ တရားများတွင် သဘာဝလက္ခဏာ၊ သာမည လက္ခဏာနှင့် သန္တိလက္ခဏာ ဟူ၍ လက္ခဏာသုံးမျိုးပင် ရှိ၏။ အမျိုးဘာသာ သာသနာနှင့် ပတ်သက်ရာ ၌လည်း မတူ လက္ခဏာ၊ တူ လက္ခဏာနှင့် တူ မတူ နှစ်ပါးစုံမှ လွတ် လက္ခဏာဟူ၍ လက္ခဏာသုံးမျိုးပင် ရှိ၏။ ဤသို့ ရှိလာခြင်းမှာ ဓမ္မတာအရ ရှောင်လွှဲ၍ မရခြင်းကြောင့် ရှိလာခြင်း ဖြစ်၏။

ဓမ္မတာအရ ရှောင်လွှဲ၍ မရသဖြင့် မိမိတို့၏ အမျိုးနှင့် ပတ်သက်၍

ထူထောင်ရာ၌ ဤလက္ခဏာ သုံးဆင့်ကို ကြည့်လင် ပြတ်သားစွာ မြင်နိုင်ရမည် ဖြစ်၏။ ဤသို့ မြင်နိုင်ပါမှလည်း ဓမ္မဝိနယနှင့် အညီ ဆောင်ရွက်ရာ ရောက်၏။ ထိုသို့ ဆောင်ရွက်ရာတွင် ပထမအနေဖြင့် မိသားစု အကျိုးစီးပွားကို ဆောင်ရွက်ရ၏။ ထို့နောက် အမျိုးသား အကျိုးစီးပွားကို ဆောင်ရွက်ရ၏။ ထို့နောက် လူသားများ သို့မဟုတ် ကမ္ဘာ့ အကျိုးစီးပွားကို ဆောင်ရွက်ရ၏။ အကျိုးစီးပွား သုံးမျိုးလုံးသည် အချင်းချင်း မှီလျက် ရှိကြ၏။ ထို့ကြောင့် အကျိုးစီးပွား သုံးမျိုးလုံးကို သူ့အတိုင်းအတာနှင့်သူ အလေးအမြတ် ပြုအပ်၏။ မိသားစု အကျိုးစီးပွား ကွက်ကွက်ကိုသာ ဦးတည်၍ ဆောင်ရွက်ရန် မဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော် မိသားစု အကျိုးစီးပွား၏ နောက်ကွယ်၌ အမျိုးသား အကျိုးစီးပွားသည် ရှိပြန်၏။ ယင်း၏ နောက်ကွယ်၌ ကမ္ဘာ့အကျိုးစီးပွားသည် ရှိပြန်လေ၏။ ဤသို့လျှင် (၁) မိမိ၊ (၂) မိမိ၏ အမျိုးသား၊ (၃) ကမ္ဘာဟူ၍ ဖြစ်စဉ်များသည် ဓမ္မတာအားဖြင့် သုံးမျိုးရှိကြ၏။ သို့ဖြစ်၍ အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်ရာ၌ ဓမ္မတာကို ကျော်လွန်ပြီး ဆောင်ရွက်၍ မရ။

ထို့ကြောင့် 'ငါ့အတွက် ကွက်ကွက်လေးကိုသာ ကြည့်ပြီး ဆောင်ရွက်လျှင်လည်း ဓမ္မတာကို ကျော်လွန် ဆောင်ရွက်ရာ ရောက်သောကြောင့် အောင်မြင်ရန် ခဲယဉ်း၏။ အကယ်၍ အောင်မြင်ပါကလည်း ပူပူလောင်လောင် အောင်မြင်ခြင်းမျိုးဖြစ်၍ ရေရှည်တည်တံ့ရန် ခဲယဉ်းပြန်၏။ ထို့ကြောင့် မိမိ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်တော့မည်ဆိုလျှင် အမျိုးသား အကျိုးစီးပွားနှင့် ထိပ်တိုက် ရင်မဆိုင်ရလေအောင် ဆင်ခြင်ရ၏။ တစ်ဖန် အမျိုးသား အကျိုးစီးပွားအတွက် ဆောင်ရွက်တော့မည် ဆိုလျှင်လည်း ကမ္ဘာ့အကျိုးစီးပွားနှင့် ဆန့်ကျင်ဘက် မဖြစ်ရလေအောင် အမြဲတမ်း သတိသမ္ပဇဉ် ဉာဏ်ယှဉ်၍ ဆင်ခြင်အပ်၏။ ဘာသာအတွက် ဆောင်ရွက်ရာ၌ လည်းကောင်း၊ သာသနာတော်အတွက် ဆောင်ရွက်ရာ၌ လည်းကောင်း ထိုနည်းအတူ ဓမ္မတာကို မကျော်လွန်ဘဲ မိမိအဆင့်၊ အမျိုးသား အဆင့်၊

ကမ္ဘာ့အဆင့်ဟူ၍ အဆင့်လိုက် ဆောင်ရွက်ရ၏။ ဤသို့ ဆောင်ရွက်မှ လည်း ဓမ္မဝိနယနှင့် အညီ ဆောင်ရွက်ရာ ရောက်၏။ 'ငါ့မိသားစု ကိစ္စ၊ ငါ ကောင်းသည်ထင်သလို လုပ်မည်'ဟူ၍ လည်းကောင်း၊ 'ငါ့ အမျိုးသားရေး ကိစ္စ၊ ငါ ကောင်းသည်ထင်သလို လုပ်မည်'ဟူ၍ လည်းကောင်း ခံယူချက်မျိုး မရှိကောင်းပေ။ အကယ်၍ ထိုခံယူချက်မျိုး ရှိလျှင်လည်း ဗုဒ္ဓဘာသာ ခံယူချက် မဟုတ်။ မတရားသဖြင့် အနိုင်ကျင့်၍ ဆောင်ရွက်ခြင်းမျိုးသာ ဖြစ်၏။

ဗုဒ္ဓဘာသာ အမြင်အရဆိုလျှင် 'မိမိအဆင့်'၏ နယ်နိမိတ် အလွန်၌ 'အမျိုးသားရေးအဆင့်'သည် ရှိ၏။ 'အမျိုးသားရေးအဆင့်'၏ နယ်နိမိတ် အလွန်၌ 'ကမ္ဘာ့အဆင့်'သည် ရှိ၏။ လက္ခဏာ ဟာရနေတ္တိနည်းအရ ဆိုလျှင် 'မိမိအဆင့်'သည် မတူသော လက္ခဏာကို ဆောင်၏။ 'အမျိုးသားရေး အဆင့်'သည် တူသော လက္ခဏာကို ဆောင်၏။ 'ကမ္ဘာ့အဆင့်'သည် တူ မတူ နှစ်မျိုးလုံးမှ လွတ်သော လက္ခဏာကို ဆောင်၏။ ဤသဘောအရ 'တူ'သော လက္ခဏာသည် 'မတူ'သော လက္ခဏာထက် အားကောင်းသဖြင့် 'မတူ'သော လက္ခဏာကို ချေဖျက်နိုင်၏။

ဝါဒအမြင်ဖြင့် ပြောရမည်ဆိုလျှင် 'အမျိုးသားရေးဝါဒ'သည် 'မိသားစုဝါဒ'ထက် အားကောင်းသဖြင့် အချင်းချင်း ဆန့်ကျင်လာလျှင် 'အမျိုးသားရေးဝါဒ'က 'မိသားစုဝါဒ'ကို ချေဖျက်နိုင်၏။ 'ကမ္ဘာ့ဝါဒ'သည် 'အမျိုးသားရေးဝါဒ'ထက် အားကောင်းသဖြင့် အချင်းချင်း ဆန့်ကျင်လာလျှင် 'ကမ္ဘာ့ဝါဒ'က 'အမျိုးသားရေးဝါဒ' ကို ချေဖျက်နိုင်၏။ ဤသဘောကို ဝိပဿနာ နယ်ပယ်၌ တိုက်ရိုက်တွေ့နိုင်၏။ ဝိပဿနာ နယ်ပယ်တွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ တည်းဟူသော သာမည လက္ခဏာသည် ရုပ်နာမ်နှင့် ကြောင်းကျိုးတို့၏ သဘာဝလက္ခဏာထက် အားကောင်းသဖြင့် သာမည လက္ခဏာက သဘာဝ လက္ခဏာကို ချေဖျက်၏။

တစ်ဖန် သန္တိလက္ခဏာက သာမည လက္ခဏာထက် အားကောင်း

သဖြင့် နိဗ္ဗာန်၏ သန္တိလက္ခဏာက ရုပ်နာမ်တို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တတည်းဟူသော သာမည လက္ခဏာကို ချေဖျက်၏။ ဤဖြစ်စဉ်မှာ အရိယသစ္စာတိုင်အောင် မှန်ကန်သော ဖြစ်စဉ်ဖြစ်သဖြင့် လောကရေးရာအရ **သမ္မုတိသစ္စာ** နယ်ပယ်၌လည်း မှန်ကန်သည်ပင် ဖြစ်၏။ ထို့ကြောင့် ပရမတ္ထနယ်ပယ်၌ အရိယာသစ္စာတိုင်အောင် မှန်ကန်သောဖြစ်စဉ် သုံးမျိုးကို လောကရေးရာ၌လည်း သမ္မုတိသစ္စာအရ မှန်ကန်အောင် အသုံးပြုနိုင်ပါသည်။

ထို့ကြောင့် ကျွန်တော်တို့သည် မြန်မာလူမျိုးကို ဤကမ္ဘာမြေပြင်၌ အဓွန့်ရှည်စွာ တည်ပါစေခြင်းငှာ ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံသားတစ်ဦးချင်း၏ ပုဂ္ဂလိက တာဝန်အနေဖြင့်လည်း ကြည့်ရမည် ဖြစ်၏။ အမျိုးသားရေး တာဝန်အနေဖြင့်လည်း ကြည့်ရမည် ဖြစ်၏။ ကမ္ဘာ့လူသားတို့၏ တာဝန်အနေဖြင့်လည်း ကြည့်ရ၏။ ဘာသာရေးကို ထူထောင်ရာ၌ လည်းကောင်း၊ သာသနာရေးကို ထူထောင်ရာ၌ လည်းကောင်း ထို့အတူပင် မြန်မာနိုင်ငံသား လူတစ်ယောက်၏ ပုဂ္ဂလိက တာဝန်အနေဖြင့်လည်း ကြည့်ရ၏။ အမျိုးသားရေး တာဝန်အနေဖြင့်လည်း ကြည့်ရ၏။ ကမ္ဘာ့လူသားများ၏ တာဝန်အနေဖြင့်လည်း ကြည့်ရ၏။ ဤသို့ ကြည့်ပြီးမှသာ ကျွန်တော်တို့သည် အမျိုးဘာသာ သာသနာတော်အတွက် ဆောင်ရွက်ဖွယ် ဟူသမျှကို ဆောင်ရွက်ရပေလိမ့်မည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဆရာနှင့် ဒကာတို့သည် အချင်းချင်း အမှီသဟဲပြု၍ ဆောင်ရွက်ရမည် ဖြစ်၏။ ဆရာ၏ တာဝန်ကား ဓမ္မာနုဂ္ဂဟ တာဝန်ဖြစ်၏။ ဒကာ၏ တာဝန်ကား ပစ္စယာနုဂ္ဂဟ တာဝန်ဖြစ်၏။ ဓမ္မာနုဂ္ဂဟဟူသည်မှာ ဓမ္မဖြင့် ချီးမြှောက်ခြင်း ဖြစ်၏။ ပစ္စယာနုဂ္ဂဟ ဟူသည်မှာ ပစ္စည်းဖြင့် ချီးမြှောက်ခြင်း ဖြစ်၏။ မြန်မာနိုင်ငံ၌ အမျိုးဘာသာ သာသနာအတွက် ဆောင်ရွက်သောအခါ ဒကာများသည် တကယ်တမ်း ဆောင်ရွက်ကြသူများ ဖြစ်ကြ၏။ တိုက်ရိုက် တာဝန်ယူ၍ ဆောင်ရွက်ကြသူများ ဖြစ်ကြ၏။ သို့ရာတွင် သူတို့ဆောင်ရွက်သောအခါ သူတို့၏ သန္တာန်၌ ခိုင်မာသော

'ဓမ္မဝိနယ'ရှိရေးသည် ပဓာန ဖြစ်၏။ 'ဓမ္မဝိနယ'အုတ်မြစ်ပေါ်၌ အမျိုး ဘာသာ သာသနာကို တည်ဆောက်နိုင်မှသာ ထေရဝါဒ ဗုဒ္ဓဘာသာနှင့် ညီညွတ်သော တည်ဆောက်မှု ဖြစ်၏။ ထိုတည်ဆောက်မှုမျိုးကိုသာ ကျွန် တော်တို့ မြတ်နိုး၏။ ကျွန်တော်တို့ အလေးအမြတ် ပြု၏။ ထိုကဲ့သို့ တည် ဆောက်နိုင်ရေးအတွက် ဒကာတို့၏ သန္တာန်၌ အခြေခံအုတ်မြစ်အနေဖြင့် 'ဓမ္မဝိနယ'ကို ဆရာများဘက်က ပြုစုပျိုးထောင်ပေးဖို့ လို၏။ ထိုသို့ ပြုစု ပျိုးထောင်ပေးမှုလည်း ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက်ရာ ရောက်၏။

ဒကာများဘက်ကလည်း အမျိုးဘာသာ သာသနာကို မြန်မာနိုင်ငံ၌ တည်ဆောက်ရာတွင် မိမိတို့၏ သန္တာန်၌ 'ဓမ္မဝိနယ' ကိုသာ အခြေခံ အုတ်မြစ် အနေဖြင့် ခံယူထားဖို့ လို၏။ အကယ်၍ ဓမ္မဝိနယကို အခြေခံ အုတ်မြစ် အနေဖြင့် ခံယူမထားဘဲ ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ အရင်းရှင်ဝါဒ စသည်ဖြင့် ကိလေသာတန်းလန်းရှိသော ပုထုဇဉ်တို့၏ ဝါဒ များကိုသာ အခြေခံအုတ်မြစ်အနေဖြင့် ခံယူပြီး အမျိုးဘာသာ သာသနာကို တည်ဆောက်မည်ဆိုပါက မြန်မာနိုင်ငံ၌ စစ်မှန်သော ငြိမ်းချမ်းမှုနှင့် စစ်မှန် သော ချမ်းမြေ့မှုကို ရရှိရန် ခက်ခဲပါ၏။ အဘယ်ကြောင့်ဆိုသော် ကွန်မြူနစ် ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ အရင်းရှင်ဝါဒ စသည်တို့သည် ကိုယ်ကျင့်သိက္ခာ မြင့်မားမှုအပေါ်၌ အခြေမခံဘဲ စိတ်ဓာတ်ခိုင်မာမှုနှင့် အသိပညာ ကြွယ်ဝမှု အပေါ်၌သာ အခြေခံသောကြောင့် ဖြစ်၏။

အမှန်အားဖြင့် ကိုယ်ကျင့်သိက္ခာမြင့်မားမှု အပေါ်၌ အခြေမခံဘဲ ရရှိလာသော စိတ်ဓာတ်ခိုင်မာမှုနှင့် အသိပညာ ကြွယ်ဝမှုသည် အတ္တကို ကြီးသည်ထက် ကြီးအောင်၊ ခိုင်မာသည်ထက် ခိုင်မာအောင်သာ တည် ဆောက်ပေးနိုင်ပါ၏။ အတ္တ ကြီးမားလာသည်နှင့်အမျှ၊ အတ္တ ခိုင်မာလာ သည်နှင့်အမျှ 'ငါ့မိသားစု ကောင်းစားရေးသာ ပဓာန'ဟူသော ခံယူချက် သည် ခိုင်မာလာ၏။ ထိုထက် ရင့်လျှင် 'ငါ့လူမျိုး ကောင်းစားရေးသာ ပဓာန' ဟူသော အမြင်သည် ခိုင်မာလာ၏။

ကမ္ဘာ့သမိုင်းကိုကြည့်လျှင် ငါ့မိသားစု ကောင်းစားရေးသာ ပဓာန ဟူသော 'သက်ဦးဆံပိုင်'စနစ်သည်လည်း ဓမ္မတာနှင့် ဆန့်ကျင်သောကြောင့် ကျဆုံးခဲ့ရကြောင်း တွေ့မြင်ရ၏။ လူမျိုး ကောင်းစားရေးသာ ပဓာနဟူသော 'ဖက်ဆစ်ဝါဒ'နှင့် 'နာဇီဝါဒ'များသည်လည်း ဓမ္မတာနှင့် ဆန့်ကျင်သော ကြောင့် ကျဆုံးခဲ့ရကြောင်း တွေ့မြင်ရ၏။ သို့ဖြစ်လေရာ အတ္တအပေါ် အခြေခံသော ဝါဒဟူသမျှသည် ဓမ္မတာနှင့် ဆန့်ကျင်သောကြောင့် စစ်မှန် သော ငြိမ်းချမ်းမှုနှင့် စစ်မှန်သော ချမ်းမြေ့မှုကို မဖြစ်နိုင်စေသဖြင့် တစ်ခု သော နေ့၊ တစ်ခုသော အချိန်တွင် မလွဲမသွေ ကျဆုံးမည်ဖြစ်ကြောင်း ယုံမှားသံသယ မရှိအပ်ပါချေ။

အနတ္တအပေါ် အခြေခံသော ထေရဝါဒသည်သာလျှင် ဓမ္မတာနှင့် မဆန့်ကျင်သောကြောင့် စစ်မှန်သော ချမ်းမြေ့မှုကို ဖြစ်စေနိုင်သဖြင့် ကမ္ဘာ တည်သရွေ့ တည်ရှိမည် ဖြစ်၏။ ထေရဝါဒ ဗုဒ္ဓဘာသာသည်သာလျှင် စိတ်ဓာတ်ခိုင်မာမှုနှင့် အသိကြွယ်ဝမှုကို ကိုယ်ကျင့်သိက္ခာ မြင့်မားမှုအပေါ်၌ တည်ဆောက်ထားသောကြောင့် အခြားဝါဒများက တည်ဆောက်ပေးသော စိတ်ဓာတ်ခိုင်မာမှုနှင့် အသိပညာ ကြွယ်ဝမှုတို့နှင့်မတူဘဲ ဓမ္မတာအရ မိမိ၏ မိသားစုကိုလည်း ကောင်းစားစေ၏။ မိမိလူမျိုးကိုလည်း ကောင်းစားစေ၏။ ကမ္ဘာလောကအတွင်းရှိ လူသားအားလုံးကိုလည်း ကောင်းစားစေ၏။

ထေရဝါဒနှင့် အခြားဝါဒများ၏ အဓိကခြားနားချက်မှာ ဤသို့ ဖြစ်၏။ ထေရဝါဒသည် ဉာဏ်စွမ်းရှိသလောက်၊ ဝီရိယစွမ်း ရှိသလောက် ကြိုးစား၍ ရလာသော အကျိုးအမြတ် ဟူသမျှကို လောကအတွက် စွန့်လွှတ် ခြင်း 'အလောဘ' ၌ ရသကို ရှာ၏။ အခြားဝါဒများကား ဉာဏ်စွမ်းရှိ သလောက်၊ ဝီရိယစွမ်း ရှိသလောက် ကြိုးစား၍ ရလာသော အကျိုးအမြတ် ဟူသမျှကို မိမိအတွက် သိမ်းပိုက်ခြင်း 'လောဘ' ၌ 'ရသ' ကို ရှာ၏။ ဤသို့လျှင် ဝါဒနှစ်မျိုးသည် ဦးတည်ချက် ပန်းတိုင်ချင်း ခြားနား၏။

မြန်မာနိုင်ငံသားတို့သည် မြန်မာနိုင်ငံ၌ ပစ္စယာနုဂ္ဂဟဖြင့် အမျိုး

အတွက်လည်း ကြိုးစားကြ၏။ ဘာသာအတွက်လည်း ကြိုးစားကြ၏။ သာသနာအတွက်လည်း ကြိုးစားကြ၏။ ထိုသို့ ကြိုးစားကြရာတွင် သူတို့၏ သန္တာနှန်၌ 'ဓမ္မဝိနယ'ကို အခြေခံသူများလည်း ရှိနိုင်ကြ၏။ အခြားဝါဒများကို အခြေခံသူများလည်း ရှိနိုင်ကြ၏။ ဓမ္မဝိနယကို အခြေခံသည် ဆိုစေဦး၊ တရားသိ 'ဓမ္မဝိနယ'ဟုတ်ချင်မှ ဟုတ်မည်။ စာပေသိ 'ဓမ္မဝိနယ'မျိုးဖြစ်ချင်လည်း ဖြစ်နိုင်၏။ အမှန်အားဖြင့် ဓမ္မဝိနယဟူသော အမည်သည် စာပေသိ၌လည်း ပါနိုင်၏။ တရားသိ၌လည်း ပါနိုင်၏။ သာမည အားဖြင့်ဆိုလျှင် နှစ်မျိုးလုံး၌ပင် ပါနိုင်၏။ တရားသိ ဟူသည်မှာ ကိုယ်ကျင့်သိက္ခာကို ပြောင်းလဲသွားစေနိုင်သော 'အသိ' ဖြစ်၏။

အမေရိက၌ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ သာသနာပြုမှုနှင့် စပ်လျဉ်း၍ ဆရာတော်တစ်ပါးက ဤသို့ အမိန့်ရှိဖူး၏။ 'သူတစ်ပါးနိုင်ငံ၌ ပိဋကတ်တော်များကို သင်ကြားပို့ချပေးခြင်းအားဖြင့် စာသိပေသိ ပညာသိအနေဖြင့်တော့ ဖြစ်နိုင်တယ်လို့ ယုံကြည်ပါတယ်။ တရားသိအဆင့်သို့ ရောက်အောင်တော့ ဖြစ်မှ ဖြစ်နိုင်ပါမလားလို့ သံသယ ရှိမိတယ်' ဟူ၍ ဖြစ်၏။

မြန်မာနိုင်ငံ၌လည်း မိမိတို့၏ သန္တာနှန်၌ ဓမ္မဝိနယကို အခြေခံ၍ အမျိုးဘာသာ သာသနာတော်အတွက် ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ခုနစ်သံချီ၍ ကြွေးကြော်သူများ ရှိပါ၏။ ထိုသူတို့သည် အတ္တ မာန ဒိဋ္ဌိ စသော ပါဠိဝေါဟာရများကို တကယ် ကျွမ်းကျွမ်းကျင်ကျင် ဖွင့်ဆိုနိုင်သူများလည်း ဖြစ်ကြပါ၏။ သို့ရာတွင် သူတို့၏ လက်တွေ့ဆောင်ရွက်ချက်ကို ကြည့်သော အခါ 'မိသားစု ကောင်းစားရေး' နယ်နိမိတ်ကို မကျော်လွန်နိုင်သူများသာ ဖြစ်ကြောင်း တွေ့ရ၏။ အမျိုးသား ကောင်းစားရေး နယ်နိမိတ်နှင့် လောကလူသားများအားလုံး ကောင်းစားရေး နယ်နိမိတ်ကို သူတို့သည် စိတ်ကူးယဉ်ကမ္ဘာ၌သာ ထားကြ၏။ လက်တွေ့ကမ္ဘာ၌ မထားကြပါချေ။

သို့ဖြစ်၍သာ မြန်မာနိုင်ငံ၌ အမျိုးဘာသာ သာသာနာတော်၏

ခိုင်မာမှုသည် ပုဂံခေတ်မှစ၍ ရေတွက်လျှင် နှစ်ပေါင်း (၉၀၀) ကျော် ရှိပြီ ဖြစ်သော်လည်း ခိုင်မာသင့်သလောက် ခိုင်မာသောအဆင့်သို့ မရောက်သေး ကြောင်း တွေ့ရပါ၏။ တကယ် ခိုင်မာရိုးမှန်ပါလျှင် မြန်မာနိုင်ငံသည် ကိုယ်ကျင့်သိက္ခာကို အလေးအမြတ်ပြုသော၊ ထေရဝါဒ၌ သက်ဝင်ယုံကြည် သော နိုင်ငံဖြစ်သည့် အားလျော်စွာ ဤကမ္ဘာမြေပြင်တွင် အကုသိုလ်ဒုစရိုက် အကင်းဆုံးနိုင်ငံ ဖြစ်ပေလိမ့်မည်။

မြန်မာနိုင်ငံကို ကမ္ဘာ့နိုင်ငံကြီးများနှင့် နှိုင်းယှဉ်လျှင် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု၌ နောက်ကျချင် ကျမည်။ အတတ်ပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှု၌လည်း နောက်ကျချင် ကျမည်။ ကျပါစေ ကိစ္စမရှိ။ သို့ရာတွင် ကိုယ်ကျင့်သိက္ခာ မြင့်မားမှု နယ်ပယ်၌မူ ရှေ့ဆုံး၊ ထိပ်တန်းအကျဆုံးနိုင်ငံ ဖြစ်စေချင်ပါ၏။ လမ်းညွှန်သာသနာအဖြစ် ထေရဝါဒလည်း ရှိပြီး ဖြစ်ပါ၏။ ထို့ကြောင့် ထိုအဆင့်သို့ ရောက်နိုင်ရေးအတွက် ဆရာနှင့် ဒကာတို့သည် မြန်မာနိုင်ငံ ၌ ဓမ္မဝိနယကို အခြေခံအုတ်မြစ်အဖြစ် ထားပြီး အမျိုးဘာသာ သာသနာကို ဤကမ္ဘာမြေပြင်၌ အစွန့်ရှည်စွာ တည်ပါစေခြင်း အကျိုးငှာ ကိုယ်စီ အဓိ ပတိ တပ်ပြီး အားထုတ်အပ်ပါ၏။ ထိုသို့ အားထုတ်ပါက လက်သမား၏ ပဲခွပ်ရိုး၌ လက်သမား၏ လက်ရာသည် အစ ပထမ၌ ဘာမျှမထင်ဟု ထင်ရသော်လည်း၊ ဓမ္မတာသဘောအားဖြင့်မူ တစ်နေ့ထက် တစ်နေ့ ပို၍ ပို၍ ထင်လာရသကဲ့သို့ မြန်မာနိုင်ငံသည်လည်း တစ်နေ့ထက် တစ်နေ့ အကုသိုလ် ဒုစရိုက် အကင်းဆုံး၊ အငြိမ်းချမ်းဆုံး နိုင်ငံအဖြစ်သို့ ရောက်လာရ မည်မှာ သေချာကြောင်း ယုံကြည်အပ်ပါ၏။

[ ဗျာဒိတ်ပန်းမဂ္ဂဇင်း၊ ဇန်နဝါရီလ ၁၉၉၂ ]

# အမျိုးဘာသာ သာသနာ ( ၂ )

လူတို့သည် မိမိတို့၏ အမျိုးကို စောင့်အပ်၏။ မိမိတို့၏ သာသနာကို မြတ်နိုးအပ်၏။ မိမိတို့၏ သာသနာကို ထိန်းသိမ်းအပ်၏။ ဤသည်မှာ နိယာမဖြစ်၏။ နိယာမကို ဓမ္မကျင့်စဉ်ဖြင့် လိုက်နာကြသော လူမျိုးတို့သည် လည်း ဤကမ္ဘာမြေအပြင်၌ ရှိကြ၏။ အဓမ္မကျင့်စဉ်ဖြင့် လိုက်နာကြသော လူမျိုးတို့သည်လည်း ဤကမ္ဘာမြေပြင်၌ ရှိကြ၏။

အဓမ္မကျင့်စဉ်ဖြင့် လိုက်နာကြသောအခါ မိမိတို့၏ အမျိုးမှ အမျိုး၊ မိမိတို့၏ ဘာသာမှ ဘာသာ၊ မိမိတို့၏ သာသနာမှ သာသနာဟူ၍ မြင်ကြ၏။ ဤသို့သော အမြင်ကို ဗုဒ္ဓဘာသာ အမြင်အရဆိုလျှင် **'ဣဒမေဝ သစ္စံ၊ မောဃမညံ'** ဟူ၍ ဆိုရ၏။ ငါ့လူမျိုးသည်သာ သစ္စာနှင့်ယှဉ်၏။ အခြားလူမျိုးသည် သစ္စာနှင့်မယှဉ်၊ အချည်းနှီး လူမျိုးဖြစ်၏။ ငါ့ဘာသာ သည်သာ သစ္စာနှင့်ယှဉ်သော ဘာသာဖြစ်၏။ အခြားဘာသာသည် သစ္စာနှင့် မယှဉ်သော အချည်းနှီးဘာသာ ဖြစ်၏။ ငါ့သာသနာသည်သာ သစ္စာနှင့် ယှဉ်၏။ အခြားသော သာသနာသည် သစ္စာ မယှဉ်၊ အချည်းနှီးသာသနာ ဖြစ်၏။ ဤသို့ယူပါက မိစ္ဆာဒိဋ္ဌိအယူကို ယူခြင်းဖြစ်သည်ဟူ၍ ဆိုလေ၏။

ကျွန်တော်တို့သည် ကျွန်တော်တို့၏ လူမျိုး၊ ကျွန်တော်တို့၏ ဘာသာ၊ ကျွန်တော်တို့၏ သာသနာကို ဓမ္မကျင့်စဉ်ဖြင့် စောင့်ထိန်း၏။ ဓမ္မကျင့်စဉ်ဖြင့် မြတ်နိုး၏။ ဓမ္မကျင့်စဉ်ဖြင့် ပျိုးထောင်၏။ ထို့ကြောင့်

အမျိုးဘာသာ သာသနာနှင့် ပတ်သက်လျှင် ကျွန်တော်တို့သည် ဓမ္မကျင့်စဉ်ဖြင့် လိုက်နာကြသော လူမျိုးတို့၏ စာရင်း၌ ပါဝင်ကြ၏။

အဓမ္မကျင့်စဉ်ဖြင့် လိုက်နာသော လူမျိုးတို့၏ စာရင်း၌ ကျွန်တော်တို့ မပါဝင်။ တစ်နည်းအားဖြင့် ဆိုရလျှင် ကျွန်တော်တို့သည် ဓမ္မဝါဒီအုပ်စု၌သာ ပါဝင်ကြ၏။ အဓမ္မဝါဒီအုပ်စု၌ မပါဝင်ကြ။

ဤအစဉ်အလာသည် ကျွန်တော်တို့အား မြတ်စွာဘုရား၏ အဆုံးအမက သင်ပေးထားသဖြင့် ထိုသင်ကြားချက်အတိုင်း သမိုင်းတစ်လျှောက်လုံး ကျွန်တော်တို့ လိုက်နာခဲ့ကြသော အစဉ်အလာ ဖြစ်၏။ ဗုဒ္ဓဘာသာမှန်လျှင် ဤအစဉ်အလာအတိုင်း လိုက်နာကြသည်ချည်း ဖြစ်၏။ ထိုသဘောကို အသောကမင်းကြီး၏ သတ္တမကျောက်စာ၌ ဤသို့ တွေ့ရ၏။

**ဒေဝါနံ ပိယော ပိယဒသိ ရာဇာ သဝတြ ဣဆတိ သဝေ ပါသံဍာ ဝသေယုံဟိ–**

**သဝေ**–အလုံးစုံကုန်သော၊ **ပါသံဍာ**–အယူအမျိုးမျိုး ရှိကုန်သူတို့သည်၊ **ဝသေယုံ**–နေနိုင်ကြပါစေ။ **ဣတိ**–ဤသို့၊ **ဒေဝါနံ**–နတ်တို့သည်၊ **ပိယော**–ချစ်အပ်သော၊ **ပိယဒသိ**–ချစ်စရာကိုသာ မြင်အောင်ကြည့်တတ်သော၊ **ရာဇာ**–အသောကမင်းကြီးသည်၊ **သဝတြ**–နေရာတိုင်း၌၊ **ဣဆတိ**–အလိုရှိ၏။

ကျွန်တော်တို့သည် အမျိုးဘာသာ သာသနာနှင့် ပတ်သက်လျှင် ဓမ္မဝါဒီအုပ်စု၌ ပါဝင်ကြသည် မှန်ပါ၏။ သို့ရာတွင် ကျွန်တော်တို့၏ ဓမ္မသည် အခြားသူများ၏ ဓမ္မနှင့်ကား မတူချေ။ ကျွန်တော်တို့၏ ဓမ္မကား ဗုဒ္ဓဓမ္မ ဖြစ်၏။ ကျွန်တော်တို့၏ ဓမ္မသည် ဗုဒ္ဓဓမ္မ ဖြစ်သည့်အလျောက် ကျွန်တော်တို့၏ လောကအမြင်သည်လည်း ဗုဒ္ဓဓမ္မနှင့်ယှဉ်သော လောကအမြင် ဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့၏ လောကအမြင်သည် အခြားသူများ၏ လောကအမြင်နှင့် မတူ ဟူ၍ ဆိုခြင်း ဖြစ်ပါ၏။

လူတို့သည် လောကကို ကြည့်ရာတွင် အမြင်သုံးမျိုးဖြင့် ကြည့်တတ်

ကြ၏။ အမြင်သုံးမျိုးဖြင့် ကြည့်တတ်ကြခြင်းမှာလည်း မျက်စိသုံးမျိုးရှိသောကြောင့် ဖြစ်၏။ မျက်စိသုံးမျိုးဖြင့် ကြည့်လျှင် အမြင်သုံးမျိုးဖြင့် လောကကို မြင်မည်မှာ သေချာ၏။

လောကကို ကြည့်ရာတွင် ပထမမျက်စိကို **'ပပဉ္စမျက်စိ'** ဟူ၍ ဆိုရ၏။ ပပဉ္စမျက်စိဟူသည်မှာ တဏှာမျက်စိ၊ မာနမျက်စိ၊ ဒိဋ္ဌိမျက်စိ ဖြစ်၏။ ထို့ကြောင့် လောကကို ပပဉ္စမျက်စိဖြင့် ကြည့်သောအခါ တဏှာအမြင်၊ မာနအမြင်၊ ဒိဋ္ဌိအမြင်ဖြင့်သာ မြင်၏။ တဏှာအမြင်၊ မာနအမြင်၊ ဒိဋ္ဌိအမြင်ဟူသည်မှာ ပင်ရင်းဇာစ်မြစ်ကို မမြင်ဘဲ ယင်း၏ ဂုဏ်ထူးဝိသေသဖြစ်သော 'ဥပါဓိ'ကို မြင်သော လူသားစစ်စစ်ကို တွေ့ပါလျက် အမြင်ဖြစ်၏။

ပုဂ္ဂိုလ်နှင့် ပတ်သက်လျှင် မိမိ၏ ရှေ့တည့်တည့်၌ 'လူသား'လူသား စစ်စစ်ကို တွေ့ပါလျက်၊ စစ်စစ်ကို မမြင်ဘဲ ယင်း၏ ဘွဲ့တံဆိပ် 'ဥပါဓိ'များကိုသာ မြင်လေ၏။ ဤသူကား ဝန်ကြီး၊ ဤသူကား ရုံးလုလင်၊ ဤသူကား သူဌေး၊ ဤသူကား ဆင်းရဲသား စသော အမြင်များဖြင့် မြင်ကြ၏။ ဤသို့ မြင်သောအခါ မျက်နှာချိုသွေးလိုသော စိတ်၊ မောက်မာလိုသော စိတ်၊ တပည့်ခံလိုသော စိတ်တို့သည် ဖြစ်ပေါ်လာတတ်ကြ၏။ ဤစိတ်များမှာ တဏှာ၊ မာန၊ ဒိဋ္ဌိတို့အပေါ် အခြေခံသော စိတ်များ ဖြစ်ကြ၏။

နိုင်ငံနှင့် ပတ်သက်လျှင်လည်း ပပဉ္စမျက်စိဖြင့် ကြည့်ပါက ကြောက်ရမည့်နိုင်ငံ၊ နိုင်ရမည့်နိုင်ငံ၊ ဆရာတင်ရမည့် နိုင်ငံ၊ တပည့်အဖြစ် မွေးရမည့်နိုင်ငံ၊ ရန်သူအဖြစ် ဆန့်ကျင်ရမည့်နိုင်ငံ စသော အမြင်များဖြင့် မြင်ကြ၏။ ဘာသာနှင့် ပတ်သက်ရာ၌ လည်းကောင်း၊ သာသနာနှင့် ပတ်သက်ရာ၌ လည်းကောင်း ပပဉ္စမျက်စိဖြင့် ကြည့်ပါက ထိုနည်းအတူ မြင်ရမည်ပင်ဖြစ်၏။ ဤသည်မှာ အများက ကပ်ထားသော အမှတ်တံဆိပ်ကိုသာ ကြည့်တတ်သော အမြင်ဖြစ်၏။ အမှတ်တံဆိပ်ဟူသည်မှာ ကွာကျတတ်သော သဘော ရှိသည်ကို သူတို့ အလေးမထား။ ထို့ကြောင့် ဤအမြင်မျိုးဖြင့် လောကကို မကြည့်မိအောင် မြတ်စွာဘုရားက သွန်သင်ဟောတော်မူ၏။

ဒုတိယမျက်စိကို **'ဗြဟ္မစိုရ်မျက်စိ'** ဟု ဆိုရ၏။ ဗြဟ္မစိုရ်မျက်စိဖြင့် လောကကို ကြည့်သောအခါ ပုဂ္ဂိုလ်နှင့်ပတ်သက်လျှင် ချစ်စရာများကိုသာ မြင်တတ်၏။ ကြင်နာစရာများကိုသာ မြင်တတ်၏။ ဝမ်းသာစရာများကိုသာ မြင်တတ်၏။ ခွင့်လွှတ်စရာများကိုသာ မြင်တတ်၏။ အသောက မင်းကြီးသည်လည်း ပိယဒဿိ အမည် ရလောက်အောင်ပင် လောကကို ကြည့်သောအခါ ဗြဟ္မစိုရ် မျက်စိဖြင့်သာ ကြည့်ခဲ့၏။ ထို့ကြောင့် ကမ္ဘာက အသောက မင်းကြီးကို ပိယဒဿိ ဟူ၍ ဘွဲ့အမည် သခဲ့ခြင်း ဖြစ်၏။ ပိယဒဿိ၏ အနက်မှာ ချစ်စရာကောင်းသော အချက်အလက်များ၊ ချစ်ကွက်များကိုသာ မြင်အောင်ကြည့်တတ်သူ ဟူ၍ ဖြစ်၏။ ချစ်စရာအကွက်များကို မြင်တတ်မှ တော့ ကြင်နာစရာ အကွက်များ၊ ဝမ်းသာစရာ အကွက်များ၊ ခွင့်လွှတ်စရာ အကွက်များကိုလည်း မြင်တော့မည်မှာ သေချာ၏။

ဗြဟ္မစိုရ်မျက်စိဖြင့် ကြည့်မည်ဆိုပါလျှင် အသား၊ အရောင်အဆင်း၊ အမှတ်တံဆိပ်များကို ကျော်လွန်ပြီး မူရင်းဇာစ်မြစ်ကို မြင်အောင် ကြည့်ရမည် ဖြစ်၏။ ဗြဟ္မစိုရ်ကို 'အပ္ပမညာ' ဟူ၍လည်း ခေါ်၏။ အပ္ပမညာ၏ အနက်မှာ အကန့်အသတ်ပမာဏ မခွဲခြားဘဲ သတ္တဝါများ၌ အားလုံး တစ်သားတည်းဖြစ်သော တရားဟူ၍ ဖြစ်၏။ ဘုရင့်သားမှ ချစ်သည်၊ သူတောင်းစားသားကို မချစ်–ဟူ၍ မခွဲခြားဘဲ ထပ်တူချစ်သည့် သဘောမျိုးကို ဆို၏။ ကြောင်းကျိုးနိယာမအားဖြင့် အာရုံထင် ထပ်တူဖြစ်မှ သိစိတ်ထပ်တူ ဖြစ်နိုင်၏။ ထိုနိယာမအရ အားလုံး 'လူ' ချည်းဖြစ်၏။ လူစာရင်း၌ အားလုံးပါဝင်၏။ အားလုံးပင် 'မနုဿတ္တဘာဝေါ ဒုလ္လဘော' အရ ရခဲသော လူ့ဘဝကို ရကြသူချည်း ဖြစ်၏။ အမှန်အားဖြင့် အမည်နာမ တံဆိပ်ဟူသည်–

'ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း'

ဟူသော အနန္တသူရိယအမတ်ကြီး၏ အဆိုအတိုင်း ယနေ့ဝန်ကြီးသည် နက်ဖြန်အရပ်သား ဖြစ်နိုင်၏။ ယနေ့ သူဌေးသည် နက်ဖြန် ဆင်းရဲ

သား ဖြစ်နိုင်၏။ ဘာမျှ ခိုင်မာတည်မြဲသော အရာဝတ္ထုများ မဟုတ်ကြ။ အမှန်အားဖြင့် ပပဥ္စမျက်စိဟူသည် မခိုင်မြဲသော၊ အမှတ်တံဆိပ်ဖြစ်သော 'ဥပါဓိ' ကိုမှ မြင်လို၏။ သို့မှသာ တဏှာဝင်နိုင်မည်၊ မာနဝင်နိုင်မည်၊ ဒိဋ္ဌိဝင်နိုင်မည်။

ထို့ကြောင့် ဗြဟ္မစိုရ်မျက်စိဖြင့် လူများကို ဖြစ်စေ၊ ဘာသာကို ဖြစ်စေ၊ သာသနာကို ဖြစ်စေ ကြည့်မည်ဆိုပါလျှင် အားလုံး လူသားတည်းဟူသော မူရင်းဓာတ်မြစ်ကို မြင်အောင်ကြည့်နိုင်မှ ဖြစ်၏။ မူရင်းဓာတ်မြစ်ကို မြင်အောင် မကြည့်ဘဲ တရုတ်၊ မြန်မာ၊ ကုလားဟု လူမျိုးအလိုက် ခွဲခြား၍ ကြည့်လျှင် ဖြစ်စေ၊ သူဌေး ဆင်းရဲသားဟု ဥစ္စာဓနအလိုက် ခွဲခြား၍ ကြည့်လျှင် ဖြစ်စေ၊ ဝန်ကြီး ရုံးလုလင်ဟု ရာထူးအဆင့်အလိုက် ခွဲခြား၍ ကြည့်လျှင်ဖြစ်စေ ချစ်ကွက်ကို မြင်ဖို့ ခက်၏။ ကြင်နာကွက်ကို မြင်ဖို့ ခက်၏။ ဝမ်းသာကွက်ကို မြင်ဖို့ ခက်၏။ ခွင့်လွှတ်ကွက်ကို မြင်ဖို့ ခက်၏။ တဏှာကွက်၊ မာနကွက်၊ ဒိဋ္ဌိကွက်များကိုသာ မြင်ဖို့ များပါ၏။ ထို့ကြောင့် ဗြဟ္မစိုရ် မျက်စိဖြင့် လောကကို ကြည့်ရန် မြတ်စွာဘုရားက သွန်သင်တော်မူပါ၏။

တတိယမျက်စိလည်း ရှိသေး၏။ တတိယမျက်စိ ဟူသည်မှာ လောကကို ကျေးဇူးတင်တတ်သော မျက်စိဖြစ်၏။ ယင်းကို **'ကတညုတ မျက်စိ'** ဟူ၍ ဆိုနိုင်၏။ လူကို လူအဖြစ်သာ မြင်အောင် ကြည့်နိုင်လျှင် မိမိနှင့် ထပ်တူအားလုံး ချစ်စရာ၊ ကြင်နာစရာ၊ ဝမ်းသာစရာ၊ ခွင့်လွှတ်စရာ ချည်း ကိုသာ မြင်မည်ဖြစ်၏။ မိမိလည်း လူဖြစ်၏။ မိမိကိုယ်ကို မိမိ ချစ်နိုင်၊ ကြင်နာနိုင်၊ ဝမ်းသာနိုင်၊ ခွင့်လွှတ်နိုင်ပါလျှင် မိမိနှင့် မူရင်းဓာတ်မြစ် အားဖြင့် တစ်ခုတည်းဖြစ်သော အခြားလူများကို ဘာကြောင့် မချစ်နိုင်၊ မကြင်နာနိုင်၊ ဝမ်းမသာနိုင်၊ ခွင့်မလွှတ်နိုင် ဖြစ်ရမည်နည်း။ ထို့ကြောင့် ဗြဟ္မစိုရ် မျက်စိဖြင့် လောကကို ကြည့်သောအခါ မူရင်းဓာတ်မြစ်ကိုသာ မြင်အောင် ကြည့်နိုင်ပါက အားလုံး ချစ်စရာ၊ ကြင်နာစရာ၊ ဝမ်းသာစရာ၊ ခွင့်လွှတ်စရာကိုချည်း မြင်ရသည်ဟူ၍ ဆိုခြင်း ဖြစ်၏။

အားလုံး ချစ်စရာ၊ ကြင်နာစရာ၊ ဝမ်းသာစရာ၊ ခွင့်လွှတ်စရာများထဲမှ ကျေးဇူးတင်စရာကို မြင်အောင် ကြည့်တတ်ဖို့ လိုသေး၏။ ကျေးဇူးတင်စရာကို 'ကတညုတမျက်စိ' ဖြင့် ကြည့်မှ မြင်၏။ လောကအပေါ် ကျေးဇူးတင်တတ်လျှင် ထိုကျေးဇူးကို တစ်နည်းနည်းဖြင့် လောကအား ပြန်ဆပ်မည် ဖြစ်၏။ အခြားတစ်စုံတစ်ရာ မျှော်လင့်ခြင်းမရှိဘဲ ကျေးဇူးရှင် ကျေနပ်ခြင်းကိုသာ မျှော်လင့်ခြင်းသည် ကျေးဇူးဆပ်ခြင်း၏ အနက်ဖြစ်ပါ၏။ လောကတွင် ဤအမြင်မျိုးဖြင့် ဆောင်ရွက်ခြင်းသည် အမြတ်ဆုံးဖြစ်ကြောင်း မြတ်စွာဘုရားက ဟောကြားတော်မူ၏။

ကျွန်တော်တို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြ၏။ ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့်အားလျော်စွာ ကျွန်တော်တို့၏ အမျိုးဘာသာ၊ သာသနာအတွက် ဖွံ့ဖြိုးတိုးတက်အောင် အားထုတ်ရာ၌ ဤကတညုတ အမြင်မျိုးသာ အားထုတ်အပ်ပါ၏။

ကျွန်တော်တို့သည် မိမိတို့၏ အမျိုးကို ချစ်ကြ၏။ ကမ္ဘာပေါ်ရှိ အခြားလူမျိုးများကိုလည်း ဗြဟ္မစိုရ်မျက်စိဖြင့် ကြည့်၍ ချစ်သည်ပင် ဖြစ်ပါ၏။ သို့ရာတွင် ကတညုတမျက်စိဖြင့် ကြည့်သောအခါ ပဋ္ဌာန်းပါဠိတော် ဥပနိဿယပစ္စည်းအရ ကျွန်တော်တို့အပေါ်၌ ကျွန်တော်တို့ လူမျိုးက ပို၍ ကျေးဇူးကြီး၏။ ထို့ကြောင့် အခြားလူမျိုးများအပေါ်ထက် ကျွန်တော်တို့ လူမျိုးများအပေါ် ကျွန်တော်တို့က ပို၍ ကျေးဇူးဆပ်ရ၏။ ဤသို့ ကျေးဇူးဆပ်ခြင်းကို စရဏကျမ်းများကလည်း 'နရယည' ဟူ၍ ဆို၏။ နရယည ဟူသည်မှာ ကြီးမြတ်သော ပူဇော်ခြင်းဖြင့် ပူဇော်အပ်သော မိမိတို့၏ လူမျိုးများ ဟူ၍ ဖြစ်၏။

ထိုနည်းအတူ ကျွန်တော်တို့သည် မိမိတို့၏ ဘာသာကို မြတ်နိုးကြ၏။ ကမ္ဘာပေါ်ရှိ အခြားလူမျိုးတို့၏ ဘာသာများကိုလည်း ဗြဟ္မစိုရ်မျက်စိဖြင့် ကြည့်၍ မြတ်နိုးသည်ပင် ဖြစ်၏။ သို့ရာတွင် ကတညုတမျက်စိဖြင့် ကြည့်ပါက ကျွန်တော်တို့၏ ဘာသာက အခြားလူမျိုးများ၏ ဘာသာထက် ကျွန်တော်

တို့အပေါ် ပို၍ ကျေးဇူးများ၏။ ထို့ကြောင့် ကျွန်တော်တို့သည် အခြားလူမျိုးများ၏ ဘာသာများအပေါ်ထက် ကျွန်တော်တို့၏ ဘာသာအပေါ် ပို၍ ကျေးဇူးဆပ်ရ၏။ ဤသို့ ကျေးဇူးဆပ်ခြင်းကို စရဏကျမ်းများက 'ဗြဟ္မယည'ဟူ၍ ဆို၏။ ဗြဟ္မယည ဟူသည်မှာ ကြီးမြတ်သော ပူဇော်ခြင်းဖြင့် ပူဇော်အပ်သော မိမိတို့၏ စာပေများ ဟူ၍ ဖြစ်၏။

အလားတူပင် ကျွန်တော်တို့သည် ဗြဟ္မစိုရ်မျက်စိဖြင့်ကြည့်၍ အခြားလူမျိုးများ၏ ဘာသာ၊ သာသနာကို လေးစားသည်ပင် ဖြစ်၏။ သို့ရာတွင် ကတညုတမျက်စိဖြင့် ကြည့်သောအခါ ကျွန်တော်တို့၏ သာသနာက ကျွန်တော်တို့အပေါ် ပို၍ ကျေးဇူးများ၏။ ထို့ကြောင့် ကျွန်တော်တို့သည် ကျွန်တော်တို့၏ သာသနာအပေါ် ပို၍ ကျေးဇူးဆပ်ရ၏။ ထိုသို့ ကျေးဇူးဆပ်ခြင်းကို စရဏကျမ်းများက 'ဒေဝယည' ဟူ၍ ဆို၏။ ဒေဝယည၏ အနက်မှာ ကြီးမြတ်သော ပူဇော်ခြင်းဖြင့် ပူဇော်အပ်သော ဘုရား ဟူ၍ ဖြစ်၏။

သို့ရာတွင် ကျွန်တော်တို့၏ ဘုရားကား အခြားသူများ၏ ဘုရားနှင့် မတူ။ ထို့ကြောင့် ကျွန်တော်တို့၏ သာသနာသည်လည်း အခြားသူများ၏ သာသနာနှင့် မတူချေ။ ဤသည်မှာ ကတညုတမျက်စိဖြင့် လောကကို ကြည့်သောအခါ မြင်ရသော အမြင်များ ဖြစ်၏။ ဤအမြင်မျိုးဖြင့်သာ ကျွန်တော်တို့သည် ကျွန်တော်တို့၏ အမျိုးဘာသာ သာသနာကို တိုးတက်သည်ထက် တိုးတက်အောင်၊ သန့်ရှင်းသည်ထက် သန့်ရှင်းအောင်၊ ပြန့်ပွားသည်ထက် ပြန့်ပွားအောင် အားထုတ်အပ်ပါ၏။

အမှန်အားဖြင့် အရေအတွက်ထက် အရည်အချင်းသည် ပြဿနာ်း၏။ အရေအတွက်သည် 'အားသစ်'ကို မဖြစ်ပေါ်စေနိုင်ဘဲ အရည်အချင်းသည်သာ 'အားသစ်'ကို ဖြစ်ပေါ်စေနိုင်၏။ ဒသနကျမ်းများ၌ အရေအတွက်အရ ဖွဲ့စည်းခြင်းကို 'သံယောဂသမ္ဗန္ဓ'ဟူ၍ ခေါ်ပြီး အရည်အချင်းအရ ဖွဲ့စည်းခြင်းကို 'သမဝါယသမ္ဗန္ဓ' ဟူ၍ ခေါ်၏။ အမှန်အားဖြင့် အရည်အချင်းအရ

ဖွဲ့စည်းနိုင်ပါမှလည်း ကျွန်တော်တို့၏ အမျိုး ဘာသာ သာသနာသည် တကယ်တမ်း တိုးတက်နိုင်မည် ဖြစ်၏။

ထို့ကြောင့် ကျွန်တော်တို့သည် ကျွန်တော်တို့၏ အမျိုး ဘာသာ သာသနာကို တကယ်တမ်း တိုးတက်စေလိုပါလျှင် လောကကို ကတည္ဍတ မျက်စိဖြင့် ကြည့်ပြီး၊ အရေအတွက်အရ ဖွဲ့စည်းမှု သံယောဂသမ္ဗန္ဓနည်းထက် အရည်အချင်းအရ ဖွဲ့စည်းမှု သမဝါယသမ္ဗန္ဓနည်းဖြင့် လုပ်သင့်ပါ၏။ ဤနည်းမှာ ဗုဒ္ဓအလိုကျနည်းလည်း ဖြစ်ပါ၏။

ကျွန်တော်တို့နှင့် (၃၁)ဘုံကို သံယောဇဉ်ကြိုးများဖြင့် နှောင်ဖွဲ့ထားခြင်း ဖြစ်လေရာ၊ ကျွန်တော်တို့က လုပ်သလို (၃၁)ဘုံကလည်း လိုက်၍ လုပ်မည်ဖြစ်၏။ ကျွန်တော်တို့က ဓမ္မအရ လုပ်လျှင် (၃၁)ဘုံကလည်း ဓမ္မအရပင် လိုက်၍ လုပ်မည်ဖြစ်၏။ ကျွန်တော်တို့က အဓမ္မအရ လုပ်လျှင် (၃၁) ဘုံကလည်း အဓမ္မအရပင် လိုက်၍ လုပ်မည်ဖြစ်၏။ ထို့ကြောင့် ကျွန်တော်တို့၏ အမျိုးဘာသာ သာသနာလုပ်ငန်းများ၌ ကတည္ဍတ မျက်စိဖြင့် ကြည့်၍ ဓမ္မအရ လုပ်နိုင်အောင် ကြိုးပမ်းအပ်ပါ၏။

[ ဓမ္မဂီရိစာစောင်၊ ဖေဖော်ဝါရီလ ၁၉၉၃ ]

# ရတနာသုံးပါးကို ဆည်းကပ်ခြင်း

ရတနာသုံးပါးကို ဆည်းကပ်လျှင် ကုသိုလ်ရ၏။ ကုသိုလ်ရလျှင် လူချမ်းသာ နတ်ချမ်းသာကို ရ၏။ ဤသို့ရည်ရွယ်၍ ဆည်းကပ်သူများလည်း ရှိ၏။ ကုသိုလ်သည် စွမ်းအားကြီး၏။ ပတ်ဝန်းကျင်နှင့် ဆက်ဆံရာတွင် အသာစီး ယူချင်သော လောဘကို သတ်နိုင်၏။ လောဘသတ်ခြင်းသည် နိဗ္ဗာန်ကို ရခြင်း ဖြစ်၏။ ဤသို့သော ခံယူချက်ဖြင့် ဆည်းကပ်သူများလည်း ရှိ၏။ အမှန်အားဖြင့် ဤလောက၌ ဓမ္မသည် လောကနှင့် လောကုတ္တရာဟူ၍ နှစ်မျိုးရှိ၏။ လောကဟူသည် (၃၁)ဘုံပင် ဖြစ်၏။ ယင်းကို သံသရာဟူ၍ လည်း ခေါ်၏။ တစ်ဖန် လောကကို သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက ဟူ၍လည်း သုံးမျိုးခွဲပြီး ဆိုကြ၏။ ထိုသုံးမျိုးတွင်လည်း သင်္ခါရလောကသည် အပြဋ္ဌာန်းဆုံး ဖြစ်၏။ အမှန်အားဖြင့် သင်္ခါရလောက သည်ပင် တည်ရာအသွင်ဖြင့် ရှိလာသောအခါ ဩကာသလောက အမည်ကို ရ၏။ တစ်ဖန် သင်္ခါရလောကသည်ပင် သတ္တဝါအသွင်ဖြင့် ရှိလာသော အခါ သတ္တလောက အမည်ကို ရ၏။ သို့ရာတွင် မည်သည့်အသွင်ကို ရ၍ မည်သည့် လောကအမည်ကိုပင် ခေါ်ခေါ် လောကဟူသမျှသည် ဖြစ်ခြင်း၊ တည်ခြင်း၊ ပျက်ခြင်းတို့ဖြင့် အမြဲတစေ ပြုပြင်ပြောင်းလဲခြင်း တည်းဟူသော သင်္ခါရသဘောကို အတွင်းသရုပ် ပြုထားသည်ချည်း ဖြစ်ပါ၏။

**ပညာ့ရိပ်မွန်**

လောကသုံးပါးတွင် သတ္တလောကသည် အပြဋ္ဌာန်းဆုံး ဖြစ်၏။ ထိုတွင်လည်း လူသည် အပြဋ္ဌာန်းဆုံး ဖြစ်၏။ လူ၌ ပတ်ဝန်းကျင် ရှိ၏။ ပတ်ဝန်းကျင်တွင် သက်မဲ့များလည်း ရှိ၏။ သက်ရှိများလည်း ရှိ၏။ သက်ရှိများတွင်လည်း ပကတိမျက်စိဖြင့် မြင်နိုင်သော သက်ရှိများနှင့် ပကတိမျက်စိဖြင့် မမြင်နိုင်သော သက်ရှိများဟူ၍ သက်ရှိနှစ်မျိုး ပါဝင်ပြန်၏။ ထို့ကြောင့် လူသည် မိမိ၏ သက်ရှိသက်မဲ့ ပတ်ဝန်းကျင်နှင့် မလွဲသာမရှောင်သာ အမြဲတစေ ဆက်ဆံရ၏။ ထိုသို့ ဆက်ဆံရာတွင် လူသည် မိမိဘက်က အမြဲတစေ ကာယသုခကိုလည်း ရချင်၏။ ထို့ကြောင့် ပတ်ဝန်းကျင်နှင့် ဆက်ဆံရာတွင် မိမိအနေဖြင့် အကောင်းဆုံး၊ အမှန်ဆုံး၊ အငြိမ်းချမ်းဆုံးဟူ၍ ယူဆရသော ဆက်ဆံနည်းဖြင့် ဆက်ဆံသည်ချည်း ဖြစ်ပါ၏။ ထိုသို့ ဆက်ဆံခြင်းအားဖြင့်သာ မိမိအတွက် ကာယသုခနှင့် စိတ္တသုခ နှစ်မျိုးစလုံးကို ဖြစ်စေ၊ တစ်မျိုးမျိုးကို ဖြစ်စေ ရစေနိုင်မည်ဟု ခံယူချက်လည်း ရှိပါ၏။

အမှန်အားဖြင့် လူဟူသည် ဒုလ္လဘပင်ဖြစ်သည့် အားလျော်စွာကြီးမားသော အတိတ်ကုသိုလ်ကံကြောင့် လူ့ဘဝကို ရခဲ့သူချည်း ဖြစ်၏။ သာမန်ကုသိုလ်ကံကြောင့် ရနိုင်သည် မဟုတ်၊ သာမန်ကုသိုလ်ကံများသည် အင်အားကြီးမားသော အကုသိုလ်ကံများ၏ နှင်းပြားအဆင့်၌သာ ရှိပြီး မိမိတို့၏ အကျိုးပေးခွင့် အလှည့်ကို ရဖို့ ခက်လှပါ၏။ ထို့ကြောင့် လူဖြစ်လာသည် ဆိုလျှင်ပင် အင်အားကြီးမားသော အတိတ်ကုသိုလ်ကံများက အင်အားကြီးမားသော အကုသိုလ်ကံများကို တွန်းဖယ်ပြီး မိမိတို့၏ အကျိုးပေးခွင့် အလှည့်ကို ရယူနိုင်သောကြောင့်သာ လူဖြစ်လာရခြင်း ဖြစ်၏။

သို့ဖြစ်၍သာ–

'ဗြဟ္မာ့ပြည်က အပ်တစ်စင်း၊ လူ့ပြည်က အပ်တစ်စင်း၊
အပ်သွားချင်းသာ၊ ထိဖွယ်ရာ၊ ပမာပုံသို့ခင်း'

ဟူ၍ လူ့ဘဝ ရနိုင်ခဲပုံကို လူ့ပြည်၌ အပ်တစ်စင်းကို ထောင်ထား

ပြီး ဖြဟ္မာ့ပြည်က အပ်တစ်စင်းကို ပစ်ချလိုက်လျှင် အပ်သွားချင်းသာ ထိပ်ချင်း ဆုံကောင်း ဆုံနိုင်မည်။ လူ့ဘဝကို ရဖို့ကား အပ်သွားချင်း ထိပ်တိုက်ဆုံနိုင်သည်ထက် ပို၍ ခက်သည်ဟု ဆိုခြင်း ဖြစ်၏။

ထို့ကြောင့် လူသည် ဘုန်းကံကြီးမားသူ ဖြစ်၏။ ဘုန်းကံကြီးမားသလောက်လည်း ပင်ကို ပဋိသန္ဓေ ဗီဇအားဖြင့်လည်း မြင့်မြတ်သူ ဖြစ်၏။ ထို့ကြောင့် လူသည် မိမိ၏ လုပ်ဆောင်မှု ဟူသမျှ၌ ကာယကံဖြစ်စေ၊ ဝစီကံဖြစ်စေ၊ မနောကံဖြစ်စေ မည်သည့် ကံမျိုးကို လုပ်လုပ် မိမိအနေဖြင့် ဓမ္မအကျဆုံးဟူ၍ မှတ်ယူထားသည့်အတိုင်း ထိုမှတ်ယူချက်နှင့်အညီ လုပ်သည်ချည်း ဖြစ်ပါ၏။ ထိုအတိုင်းလည်း ယုံကြည်သည်ချည်း ဖြစ်ပါ၏။

သို့ရာတွင် ပတ်ဝန်းကျင်နှင့် ဆက်ဆံရေးအတွက် မိမိ၏ လုပ်ငန်းများကို ဆောင်ရွက်ရာ၌ မိမိ၏ ဆောင်ရွက်ချက်များသည် မိမိ ထင်မှတ်သည့်အတိုင်း၊ မိမိ ယုံကြည်သည့်အတိုင်း တကယ်တမ်း ဓမ္မကျပါ၏လော။ မိမိအနေဖြင့် ဘာကိုပဲ လုပ်လုပ်၊ ဓမ္မကိုပဲ လုပ်လုပ်၊ အဓမ္မကိုပဲ လုပ်လုပ် မိမိကိုယ်ကို မိမိ ချစ်သောစိတ်၊ မိမိကိုယ်ကို မိမိ ခွင့်လွှတ်သောစိတ်ဖြင့် မိမိ လုပ်သမျှသည် ဓမ္မကျသည်ဟု ထင်ခြင်းမျှသာ ဖြစ်ပါလေသလော။

မြတ်စွာဘုရား၏ ဒေသနာတော်အရ ဆိုလျှင် '**အန္ဓဘူတော အယံ လောကော**–လောကသည် အဝိဇ္ဇာ ဦးစီးသဖြင့် အမိုက်တိုက်သဖွယ်သာ ဖြစ်၏'။ ဤသို့ လောကအမြင်နှင့် ပတ်သက်၍ မြတ်စွာဘုရားက ဟောကြားထားပါ၏။ လောကုတ္တရာအမြင်နှင့် ပတ်သက်လျှင်မူ '**အလောကော ဥဒပါဒိ** – ဝိဇ္ဇာ ဦးစီးသဖြင့် အလင်းသည် ဖြစ်ပေါ်လာပြီ'ဟူ၍ မြတ်စွာဘုရားက ဟောကြားတော်မူပါ၏။

ထို့ကြောင့် အလင်းနှင့်အမှောင်တွင် လောကသည် အဝိဇ္ဇာ ဦးစီးသဖြင့် အမှောင်ဖြစ်၍၊ လောကုတ္တရာသည်သာ ဝိဇ္ဇာဦးစီးသဖြင့် အလင်းဖြစ်ပါ၏။ သို့ဖြစ်လေရာ လောကအမြင်ဖြင့် လုပ်ဆောင်ချက်ဟူသမျှသည် တိတိကျကျဟူ၍ ဘာမျှမမြင်ဘဲ၊ စမ်းတဝါးဝါး လုပ်ဆောင်ချက်မျိုးသာ

ဖြစ်၏။ လောကအမြင်ဟူသည် တဏှာအမြင်၊ မာနအမြင်၊ ဒိဋ္ဌိအမြင် ဖြစ်၏။ ယင်းကို ပပဉ္စအမြင်ဟူ၍လည်း ဆိုရ၏။ ထို့ကြောင့် လူသည် ပတ်ဝန်းကျင်ရှိ လူများနှင့် မလွဲသာ မရှောင်သာ ဆက်ဆံရာတွင် မိမိ၏ မြင့်မြတ်သော ပဋိသန္ဓေစိတ်ဓာတ်အရ အကောင်းဆုံးနည်း၊ အမှန်ဆုံးနည်း၊ အငြိမ်းချမ်းဆုံးနည်း၊ ဓမ္မအကျဆုံးနည်းဖြင့် ဆက်ဆံခြင်း ဖြစ်သည်ဟု မိမိအနေဖြင့် မှတ်ထင်သည်မှာ အမှန်ဖြစ်၏။ မိမိအနေဖြင့် ယုံကြည်သည်မှာလည်း အမှန်ပင်ဖြစ်၏။ ထိုသို့ပင် အမှန်ဖြစ်သော်လည်း ထိုယုံကြည်ချက်နှင့် ထိုမှတ်ထင်ချက်သည် တကယ်တမ်းအားဖြင့် အမှန် မဟုတ်။ စမ်းတဝါးဝါးဖြင့် လုပ်ကိုင်သော လုပ်ငန်းများသည် တိတိကျကျ မှန်ရိုး မရှိ။

သို့ဖြစ်၍သာ မိမိ၏ ဆောင်ရွက်ချက်သည် မိမိအတွက် အကောင်းဆုံး ဖြစ်သော်လည်း လောကအတွက် အကောင်းဆုံး မဖြစ်။ ထို့ကြောင့် မိမိနှင့် ပတ်ဝန်းကျင်ကြားတွင် မငြိမ်းချမ်းခြင်း ဖြစ်၏။ မိမိ၏ ဆောင်ရွက်ချက်သည် မိမိအတွက် အမှန်ဆုံး ဖြစ်သော်လည်း လောကအတွက် အမှန်ဆုံး မဖြစ်။ ထို့ကြောင့် မိမိနှင့် ပတ်ဝန်းကျင်ကြားတွင် မငြိမ်းချမ်းခြင်း ဖြစ်၏။ မိမိ၏ ဆောင်ရွက်ချက်သည် မိမိအတွက် ဓမ္မအကျဆုံးဖြစ်သော်လည်း လောကအတွက် ဓမ္မအကျဆုံး မဖြစ်။ ထို့ကြောင့် မိမိနှင့် ပတ်ဝန်းကျင်ကြားတွင် မငြိမ်းချမ်းခြင်း ဖြစ်၏။ မိမိနှင့် ပတ်ဝန်းကျင်ကြားတွင် မငြိမ်းချမ်းသရွေ့ ကာလပတ်လုံး လောကသည်လည်း မငြိမ်းချမ်းနိုင်ဘဲ အမြဲတမ်း ဆူပွက်နေမည် ဖြစ်၏။ ပူလောင်နေမည် ဖြစ်၏။ ယနေ့ ကမ္ဘာသည် ဤအတိုင်းပင် ဆူပွက်နေသည် မဟုတ်ပါလား၊ ပူလောင်နေသည် မဟုတ်ပါလား။

မိမိ၏ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်ခန္ဓာတို့သည် အပြင်ဘက်သို့ချည်း မျက်နှာမူထားသဖြင့် အပြင်ဘက်မှလာသော အာရုံများကိုသာ အသိများ၏။ မိမိ၏ အတွင်း အဇ္ဈတ္တမှ လာသော အာရုံကိုမူ အသိနည်းပါး၏။

အပြင် ဗဟိဒ္ဓမှ လာသော အာရုံများသည် ကာမဂုဏ်များ ဖြစ်ကြ၏။ ကာမအာရုံများ ဖြစ်ကြ၏။ အတွင်း အဇ္ဈတ္တမှလာသော အာရုံသည်သာ ဓမ္မာရုံဖြစ်၏။ ဓမ္မာရုံသည်သာ ဓမ္မအမည်နှင့် စပ်သဖြင့် ဓမ္မကျသည်ဟု ဆိုသော် ဆိုနိုင်၏။ ကာမအာရုံများကား ကာမအမည်နှင့် စပ်သဖြင့် ကာမဘက်သို့သာ ဆွဲဆောင်မည် ဖြစ်၏။ ဓမ္မဘက်သို့ ဆွဲဆောင်ဖို့မှု ခက်ပါ၏။ ထို့ကြောင့် လူသည် ပင်ကိုပဋိသန္ဓေ ဗီဇစိတ်များအရ မြင့်မြတ်သူ ဖြစ်ပါသော်လည်း လက်တွေ့တွင်မူ ဇောစိတ်များအရ မြင့်မြတ်သူ မဖြစ်ခဲ့။ ပဋိသန္ဓေ ဗီဇစိတ်များအရ ဓမ္မကို မြတ်နိုးသူ ဖြစ်ပါသော်လည်း လက်တွေ့တွင်မူ ဇောစိတ်များအရ ဓမ္မကျအောင် ဆောင်ရွက်သူ မဖြစ်ခဲ့။

လူသည် ပဋိသန္ဓေ ဗီဇစိတ်အရ မြင့်မြတ်သူ၊ ဓမ္မကို မြတ်နိုးသူ ဖြစ်ပါသော်လည်း လက်တွေ့တွင်မူ ဇောစိတ်များအရ တကယ်တမ်း မြင့်မြတ်သူ၊ ဓမ္မကျအောင် ဆောင်ရွက်သူ မဖြစ်ခြင်းမှာ လောက၏ အမှောင်အတွင်း၌ စမ်းတဝါးဝါး ဆောင်ရွက်ရခြင်းကြောင့်သာ ဖြစ်ပါ၏။ အမှောင်အတွင်း၌ နေပြီး အမှောင်အမြင်ဖြင့် ဆောင်ရွက်ရသော ဆောင်ရွက်ချက်များသည် အမှောင်သဘောကို ဆောင်နေမည်သာ ဖြစ်၏။

အကယ်၍ လူသည် တစ်နည်းနည်းအားဖြင့် တခြားလူများ၏ ဘဝကြမ္မာကို ဖန်တီးနိုင်သော အဆင့်၌ ရှိပါမူ အခြားသူများကလည်း သူ့အကြောင်းနှင့်သူ ထိုပုဂ္ဂိုလ်နှင့် ပတ်သက်လျှင်၊ ရေးတတ်ကြသဖြင့် ရေးကြပါကလည်း အကောင်းဆုံးကိုသာ ရေးတတ်ကြ၏။ ပြောတတ်ကြသဖြင့် ပြောကြပါကလည်း အကောင်းဆုံးကိုသာ ပြောတတ်ကြ၏။ ဆက်ဆံတတ်ကြသဖြင့် ဆက်ဆံပါကလည်း အကောင်းဆုံးနည်းဖြင့်သာ ဆက်ဆံတတ်ကြ၏။ ဤသို့ ပြောကြခြင်း၊ ရေးကြခြင်း၊ ဆက်ဆံကြခြင်းမှာ လောကအမှောင်အတွင်းက နေပြီး အမှောင်အမြင်ဖြင့်သာ ရေးကြခြင်း၊ ပြောကြခြင်း၊ ဆက်ဆံကြခြင်း ဖြစ်သဖြင့် အမှောင်သဘောကို ဆောင်နေမည်သာ ဖြစ်၏။ အမှောင်သဘောကို ဆောင်သည်ဆိုကတည်းက မှန်ကန်ခြင်း သဘောပါဖို့ ခဲယဉ်း

၏။ အကယ်၍ အားလုံးအမှန်ချည်းဟု ထင်ပါလျှင် အညာခံရခြင်းသာ ဖြစ်၏။

သို့ရာတွင် အမှောင်လောကသား ပုထုဇဉ်များ၏ ဓမ္မတာအရ မိမိကို မြှောက်ပင့်နေမှန်း၊ ညာနေမှန်း သိလျက်လည်း နှစ်နာထိခိုက်စေလိုသော စေတနာမပါလျှင် အညာခံရမှု၌ သာယာတတ်၏။ နှစ်သက်တတ်၏။ ကျေနပ်တတ်၏။ သို့ရာတွင် အညာခံရအားကြီးသောအခါ အစ ပထမရှိသော အညာခံနေရမှန်း သိပြီး၊ နောက်ပိုင်း ဤညာနေခြင်းကိုပင် တကယ့်အမှန်အဖြစ် ထင်မှတ်တတ်လေ၏။

အကယ်၍များ ညာနေကြသည်ကို ညာနေကြမှန်းမသိဘဲ အမှန်အဖြစ်သာ သိနေမည်ဆိုပါလျှင် ထိုအသိသည် ပို၍သာယာဖွယ်၊ နှစ်သက်ဖွယ်၊ ကျေနပ်ဖွယ် ဖြစ်ပါသော်လည်း လောလောဆယ် နှစ်နာမှုကို မဖြစ်ပေါ်စေကာမူ အဆုံးတစ်နေ့တွင် ထိုပုဂ္ဂိုလ်၏ ဘဝကို ပျက်စေတတ်ပါ၏။ ဘဝပျက်ခြင်းသည် ပစ္စက္ခပျက်ခြင်းလည်း ဖြစ်နိုင်၏။ တမလွန်ပျက်ခြင်းလည်း ဖြစ်နိုင်၏။ နှစ်မျိုးလုံး ပျက်ခြင်းလည်း ဖြစ်နိုင်၏။ ထိုသို့သော ဘဝပျက်ခြင်းများကို သမိုင်းများနှင့် စာပေကျမ်းဂန်များ၌ တွေ့နိုင်ပါ၏။

ထို့ကြောင့် လူသည် ကာယသုခနှင့် စိတ္တသုခကို ရချင်ရိုး မှန်ပါလျှင် ပတ်ဝန်းကျင် ငြိမ်းချမ်းမှ ဖြစ်မည်။ ပတ်ဝန်းကျင်သာ မငြိမ်းချမ်းဘဲ ပူလောင်ဆူပွက်နေပါက မည်သည့်နည်းနှင့်မျှ ကာယသုခနှင့် စိတ္တသုခကို မရနိုင်ချေ။ ပတ်ဝန်းကျင် ငြိမ်းချမ်းသာယာဖို့ ဆိုသည်မှာလည်း မိမိအနေနှင့် ပတ်ဝန်းကျင်နှင့် ဆက်ဆံရာတွင် အကောင်းဆုံး၊ အမှန်ဆုံး၊ ဓမ္မအကျဆုံး ဆက်ဆံပါမှ ဖြစ်မည်။ အကောင်းဆုံး၊ အမှန်ဆုံး၊ ဓမ္မအကျဆုံး ဆိုသည်မှာလည်း မိမိအတွက် မိမိအမြင်ဖြင့် အကောင်းဆုံး၊ အမှန်ဆုံး၊ ဓမ္မအကျဆုံး မဟုတ်။ လောကအတွက် လောကအမြင်ဖြင့် အကောင်းဆုံး၊ အမှန်ဆုံး၊ ဓမ္မအကျဆုံး ဖြစ်ပါ၏။ ဤအမြင်ကို အနတ္တအမြင်ဟု ဆိုနိုင်ပါ၏။ အနတ္တအမြင်ဟူသည်မှာ အတ္တအမြင်နှင့် ဆန့်ကျင်ဘက် ဖြစ်၏။ အတ္တအမြင်သည် တဏှာ၊

မာန၊ ဒိဋ္ဌိတို့အပေါ် အခြေခံ၏။ အနတ္တအမြင်သည် အလောဘ၊ အဒေါသ၊ အမောဟတို့အပေါ် အခြေခံ၏။ တဏှာအပေါ် အခြေခံလျှင် 'အသာစံ'ခြင်းသို့ ဦးတည်၏။ အလောဘအပေါ် အခြေခံလျှင် 'အနာခံ'ခြင်းသို့ ဦးတည်၏။

လူသည် မိမိ၏ ပတ်ဝန်းကျင်နှင့် ဆက်ဆံရာတွင် အနာခံတတ်ဖို့ ဆိုသည်မှာ အလင်းမျက်စိဖြင့် ပတ်ဝန်းကျင်ကို ကြည့်တတ်မှ ဖြစ်၏။ အလင်း ဟူသည်မှာလည်း 'အလောကော ဥဒပါဒိ' အရ လောကုတ္တရာမှ လာ၏။ လောကုတ္တရာ စစ်စစ်သည်လည်း အလင်းစစ်စစ် ဖြစ်၏။ သို့ရာတွင် ပုထုဇဉ်များအနေဖြင့် လောကုတ္တရာစစ်စစ်ကို ရဖို့ မရှိသေး။ ထို့ကြောင့် ပုထုဇဉ်များသည် အလင်းစစ်စစ်ဖြင့် မိမိ၏ ပတ်ဝန်းကျင်ကို မကြည့်တတ်သေး။ သို့ရာတွင် လောကုတ္တရာသို့ ဦးတည်သော ဗောဓိပက္ခိယ အုပ်စုဝင် ကုသိုလ်ကောင်းမှုများမှ အလင်းသည် လာ၏။ ထိုကောင်းမှုကုသိုလ်များတွင် အလောဘသည် ပါ၏။ အလောဘဟူသည် အနာခံခြင်း ဖြစ်၏။ အဒေါသလည်း ပါ၏။ အဒေါသဟူသည် မေတ္တာတရားကိုယ် ဖြစ်၏။ ထို့ကြောင့် အဒေါသ ဟူသည် လောကကို ချစ်တတ်ခြင်း ဖြစ်၏။ အမောဟလည်း ပါ၏။ အမောဟ ဟူသည် အမှန်ကို အမှန်အတိုင်း၊ အရှိကို အရှိအတိုင်း ယထာဘူတကျကျ သိခြင်း ဖြစ်၏။

သို့ဖြစ်လေရာ အလောဘ၊ အဒေါသ၊ အမောဟတို့သည် မိမိအတွက်၊ သံသရာသုခအတွက် ဦးတည်သော ဝဋ္ဋာသိသ သဘောကို မဆောင်ဘဲ၊ လောကအတွက် သန္တိသုခသို့ ဦးတည်သော ဝဋ္ဋာသိသ သဘောကို ဆောင်ပါက ဗောဓိပက္ခိယ အုပ်စုဝင် ဖြစ်၏။ ဗောဓိပက္ခိယ အုပ်စုဝင် ဖြစ်ပါက အလင်းကို ပေးနိုင်၏။ ထိုအလင်းဖြင့် လောကကို ကြည့်ပြီး လောကအတွက် ဆောင်ရွက်မှသာ တကယ်တမ်း အကောင်းဆုံး၊ အမှန်ဆုံး၊ ဓမ္မအကျဆုံး ဆောင်ရွက်ချက် ဖြစ်၏။

လောကအတွက် ဆောင်ရွက်ခြင်း ဟူသည်မှာလည်း အထူးအဆန်း

မဟုတ်၊ မိမိ၏ လောဘကို သတ်ခြင်းပင် ဖြစ်၏။ သို့မဟုတ်ပါက အဝိဇ္ဇာ၏ မာယာမျက်လှည့်ဖြင့် လောကအတွက် အယောင်ဆောင်ပြီး မိမိအတွက် ဆောင်ရွက်မိလျက်သား ဖြစ်တတ်ပါ၏။ လောကအတွက် တကယ်တမ်း မှန်မှန်ကန်ကန် ဆောင်ရွက်လေသောအခါ မိမိ၏ ဆောင်ရွက်ချက်ဟူသမျှသည် အောင်မြင်သည် ဖြစ်စေ၊ မအောင်မြင်သည် ဖြစ်စေ မိမိ၏ စေတနာကို လောကသည် အမှန်အတိုင်း နားလည်သဘောပေါက်ပြီး လောကသည် ငြိမ်းချမ်း၏။ လောကငြိမ်းချမ်းလျှင် မိမိလည်း ငြိမ်းချမ်းသည်ပင် ဖြစ်၏။ ထိုအခါမှသာ စစ်မှန်သော ကာယသုခနှင့် စိတ္တသုခကို ရနိုင်ပါ၏။

ထိုအသိနှင့် ထိုအမြင်ကို ရဖို့၊ ထိုအသိနှင့် ထိုအမြင်အတိုင်း ကျင့်ဖို့ လွယ်ကူသည် မဟုတ်။ ထိုအသိနှင့် ထိုအမြင်ကို ရတနာသုံးပါးကသာ ပေးနိုင်၏။ အခြားပုဂ္ဂိုလ်များနှင့် အခြားဒဿနများက မပေးနိုင်။ ပေးနိုင်သော အလွန်ဆုံး အသိ၊ အလွန်ဆုံး အကျင့်၊ အလွန်ဆုံး ချမ်းသာနှင့် အလွန်ဆုံး ငြိမ်းချမ်းရေးမှာ သံသရာချမ်းသာနှင့် သံသရာ ငြိမ်းချမ်းရေးသို့ ဦးတည်သည်သာ ဖြစ်၏။ ယင်းချမ်းသာနှင့် ယင်းငြိမ်းချမ်းရေးသည်လည်း ဝဋ္ဋသီသ အနေဖြင့် လောကအတွက် မဟုတ်။ လောကအတွက် မဟုတ်လေသမျှ ကာလပတ်လုံး မည်သည့်ချမ်းသာ၊ မည်သည့်ငြိမ်းချမ်းရေးမှ စစ်မှန်သော ချမ်းသာနှင့် စစ်မှန်သော ငြိမ်းချမ်းရေး မဖြစ်နိုင်။ ထို့ကြောင့် ထိုချမ်းသာနှင့် ထို ငြိမ်းချမ်းရေး ရှာနည်းကို မိစ္ဆာပဋိပဒါဟူ၍ နိဒါနဝဂ္ဂသံယုတ္တ အဋ္ဌကထာ ပဋိပဒါသုတ်၌ ဖော်ပြထားခြင်း ဖြစ်၏။

အမှန်အားဖြင့် စစ်မှန်သော ချမ်းသာနှင့် စစ်မှန်သော ငြိမ်းချမ်းရေး ရှာနည်းသည် မြတ်စွာဘုရား၏ ဒေသနာတော်၌သာ ရှိ၏။ ယင်းသို့သော ရှာနည်းကို သမ္မာပဋိပဒါဟူ၍ ဆို၏။ ထိုရှာနည်းကို ရဟန်းသံဃာတော်များက ဒေသနာတော်အတိုင်း သင်ကြားပေးနိုင်၏။ ထို့ကြောင့် ရတနာသုံးပါးကို ဆည်းကပ်အပ်၏။ ရတနာသုံးပါးကို ဆည်းကပ်ရာ၌ မိမိ၏ လောဘကို သတ်နိုင်သော အကျင့်မြတ် သမ္မာပဋိပဒါအတိုင်း ကျင့်နိုင်ရန် ဗောဓိပက္ခိယ

အလင်း ရရှိရေးအတွက် ရည်စူး၍ ဆည်းကပ်အပ်၏။ မိမိ၏ လောဘကို သတ်နိုင်သည်နှင့်အမျှ မိမိနှင့် ဆက်ဆံရသူများ၏ အကျိုးစီးပွားကို ဆောင်ရွက်ရာ ရောက်၏။ ထိုအခါ မိမိနှင့် ဆက်ဆံရသူများသည် ချမ်းသာကြ၏။ ငြိမ်းချမ်းကြ၏။ မိမိကြောင့် သူတို့ ချမ်းသာကြလျှင်၊ ငြိမ်းချမ်းကြလျှင် မိမိလည်း ချမ်းသာ၏။ ငြိမ်းချမ်း၏။ မိမိ၏ လောဘ ပွားစီးစေသော အကျင့်မှား မိစ္ဆာပဋိပဒါအတိုင်း ကျင့်နိုင်ရန် ရည်စူး၍ ဆည်းကပ်ခြင်းမျိုး မပြုအပ်ကြောင်း မှတ်သားအပ်ပါသည်။

[ မဇ္ဈိမ ရသစာစောင်၊ မေလ ၁၉၉၂ ]

# သံဃာ့ကျေးဇူး

မြတ်စွာဘုရား အလောင်းတော်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၌ သဗ္ဗညုတ ဉာဏ်တော်ကို ရ၍၊ သုံးလောကထွတ်ထား သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ထိုနောက် ၄၅ ဝါတိုင်တိုင် ဝေနေယျ သတ္တဝါများအား တရားဒေသနာများကို ဟောကြားတော်မူ၏။ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားဒေသနာများကို မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် ရှင်မဟာကဿပ ဦးဆောင်၍ သုတ်သင်တည်းဖြတ်တော်မူ၏။ ထိုနောက် စုပေါင်းရွတ်ဆို၍ အတည်ပြုခြင်းကို သင်္ဂါယနာဟူ၍ ခေါ်ဆိုကြသည်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်က ၄၅ ဝါ တိုင်တိုင် ဟောကြားတော်မူခဲ့သော တရားဒေသနာတော်များကို ဓမ္မဝိနယဟူ၍ ခေါ်ကြသည်။ ထိုတွင် ဓမ္မသည် ဝိဇ္ဇာနှင့် ပတ်သက်၍၊ ဝိနယသည် စရဏနှင့် ပတ်သက်၏။ ထို့ကြောင့် ဓမ္မနှင့် ဝိနယသည် ဒင်္ဂါးပြား၏ ခေါင်းဘက်နှင့် ပန်းဘက်သဖွယ် ဖြစ်၏။ ခေါင်းဘက်နှင့် ပန်းဘက် နှစ်မျိုးစလုံး အစုံပါဝင်ပါမှ ဒင်္ဂါးပြားသည် မှန်မှန်ကန်ကန် အသုံးဝင်၏။ ထိုနည်းအတူ တရားဒေသနာတော်သည်လည်း အသိ–ဝိဇ္ဇာနှင့် အကျင့်–စရဏ နှစ်မျိုးစုံ ပါဝင်ပါမှ မှန်မှန်ကန်ကန် အသုံးဝင်၏။ လူနတ်နိဗ္ဗာန် သုံးတန်သော အကျိုးကို ပေး၏။

ပညာ့ရိပ်မွန်

ထို့ကြောင့် ဓမ္မသည် မျက်စိနှင့် တူ၍၊ ဝိနယသည် ခြေနှင့် တူသည်ဟု ဆိုကြ၏။ ဓမ္မချည်းသက်သက်ရှိလျှင်လည်း မျက်စိကောင်းသော ခြေကျိုးသဖွယ် ဖြစ်သည် ဟူ၍ လည်းကောင်း၊ ဝိနယချည်းသက်သက် ရှိလျှင်လည်း သွားနိုင်လာနိုင်သော အကန်းသဖွယ် ဖြစ်သည် ဟူ၍ လည်းကောင်း ဥပမာပြု၍ ဆိုကြလေ၏။

သတ္တဝါတို့သည် သံသရာခရီးသည်များ ဖြစ်ကြလေရာ သံသရာခရီးကို သွားရာ၌ မျက်စိလည်း ပါဖို့ လို၏။ ခြေလည်း သန်မာဖို့ လို၏။ မျက်စိပါမှ လိုရာခရီးကို လှမ်းနိုင်မည် ဖြစ်၏။ ခြေသန်ပါမှလည်း လိုရာခရီးကို သွားနိုင်မည် ဖြစ်၏။ ထို့ကြောင့် မျက်စိချည်း သက်သက်ပါလျှင် အကျိုးဖြစ်၍၊ ခြေချည်းသက်သက်ပါလျှင် အကန်းဖြစ်သည်ဟု ဆိုခြင်း ဖြစ်လေ၏။ ထိုအခါ သံသရာခရီးသည်အနေဖြင့် အကျိုးဖြစ်နေပါကလည်း မိမိလိုရာပန်းတိုင်သို့ ရောက်မည် မဟုတ်။ အကန်းဖြစ်နေပါကလည်း မိမိလိုရာပန်းတိုင်သို့ ရောက်မည် မဟုတ်။ ထို့ကြောင့် မိမိလိုရာ ပန်းတိုင်သို့ ရောက်နိုင်ရေးအတွက် မျက်စိ မြင်ဖို့လည်း လို၏။ ခြေ သန်မာဖို့လည်း လို၏။ မျက်စိနှင့်ခြေ နှစ်မျိုးစုံ ရှိပါမှ မိမိလိုရာ ပန်းတိုင်သို့ ရောက်မည်ဖြစ်၏။

ဤတွင် မျက်စိဆိုသည်မှာ ဓမ္မဖြစ်၏။ ယင်းကို ဝိဇ္ဇာဟူ၍လည်း ခေါ်၏။ ခြေဆိုသည်မှာ ဝိနယ ဖြစ်၏။ ယင်းကို စရဏ ဟူ၍လည်း ခေါ်၏။ ထို့ကြောင့် သံသရာခရီးသည်အနေဖြင့် ၃၁ ဘုံ အတွင်း လှည့်လည်ရေးအတွက် လည်းကောင်း၊ ၃၁ ဘုံမှ လွတ်မြောက်ရေးအတွက် လည်းကောင်း အားထုတ်ရာတွင် မျက်စိနှင့်တူသော ဓမ္မ၊ ခြေနှင့် တူသော ဝိနယ မစုံလျှင် ဘဝခရီးသည် တစ်မျိုးဖြစ်၏။ မျက်စိနှင့်တူသော ဓမ္မ၊ ခြေနှင့်တူသော ဝိနယ စုံလျှင် ဘဝခရီးသည် တစ်မျိုး ဖြစ်လေ၏။

အမှန်အားဖြင့် မိမိလိုရာပန်းတိုင်သို့ ရောက်နိုင်ရေးအတွက် မျက်စိနှင့် ခြေတို့ကို အစုံလိုက် အသုံးချဖို့ လိုပါ၏။ ထိုအခါမှသာ လူတော်လည်း ဖြစ်နိုင်၏။ လူကောင်းလည်း ဖြစ်နိုင်၏။ ဓမ္မနှင့် ပြည့်စုံလျှင် လူတော်ဖြစ်

၏။ ဝိနယနှင့် ပြည့်စုံလျှင် လူကောင်းဖြစ်၏။ သို့မဟုတ်ပါက လူတော်က သတ်သတ်၊ လူကောင်းက သတ်သတ် အနေဖြင့် သီးခြားစီ သီးခြားစီ ဖြစ်နေပေလိမ့်မည်။ အမှန်အားဖြင့် သံသရာခရီးသည်အနေဖြင့် မိမိ၏ သန္တာန်၌ ဓမ္မနှင့် ဝိနယ ဘာသာအစုံလိုက် ရှိနေပါက သဘောတရား ဓမ္မကိုသိလေလေ ကိုယ်ကျင့်သိက္ခာ ဝိနယ ကောင်းလေလေ၊ ကိုယ်ကျင့် သိက္ခာ ဝိနယ ကောင်းလေလေ သဘောတရား ဓမ္မကို သိလေလေ ဟူ၍ ဖြစ်မည်မှာ မုချဖြစ်၏။ ယုံမှားဖွယ် မရှိ။ ဤသို့ဖြစ်အောင် ရှင်မဟာကဿပ ဦးဆောင်သော သံဃာတော်အရှင်မြတ်များသည် ဓမ္မနှင့် ဝိနယကို သင်္ဂါယနာ တင်ခဲ့ခြင်း ဖြစ်၏။

ရှင်မဟာကဿပ၏ ရည်ရွယ်ချက်အတိုင်း ထေရဝါဒ ပိဋကတ်တော်များသည် အနှစ်သာရအားဖြင့် ယနေ့တိုင်အောင်ပင် ဓမ္မသဘောကို လည်း ဆောင်၏။ ဝိနယသဘောကိုလည်း ဆောင်၏။ ထေရဝါဒ ပိဋကတ်၌ တရားသစ်များကို ထည့်သွင်းထားခြင်းလည်း မရှိ။ ရှိပြီးသားမှ နုတ်ပယ်ထားခြင်းလည်း မရှိ။ ထို့ကြောင့် ဓမ္မနှင့် ဝိနယသည် အနက်အဓိပ္ပာယ်အားဖြင့် မြတ်စွာဘုရား ဟောကြားတော်မူထားသည့် အတိုင်းသာ ဖြစ်ပါ၏။

ဓမ္မနှင့် ဝိနယကို အဘိဓမ္မ၊ သုတ္တန္တ၊ ဝိနယ ဟူ၍ ပိဋကတ်အားဖြင့် ခွဲခြား၍ သတ်မှတ်ခဲ့၏။ အဘိဓမ္မပိဋကတ်၌ သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ ပုဂ္ဂိုလ် သတ္တဝါ အရာဝတ္ထု အားလုံးတို့၏ အခြေခံအချက် ပရမတ္ထကို ဖော်ပြ၏။ ဝိနယပိဋကတ်၌ ပုဂ္ဂိုလ် သတ္တဝါများ အနေဖြင့် လိုက်နာကျင့်သုံး ရမည့် ကျင့်ဝတ်သိက္ခာများကို ဖော်ပြ၏။ သုတ္တန္တပိဋကတ်၌မူ ပြယုဂ် အနေဖြင့် ဓမ္မနှင့် ဝိနယ နှစ်မျိုးလုံး ပြည့်စုံသူများနှင့် မပြည့်စုံသူများကို ဖော်ပြ၏။ ထိုသို့ ဖော်ပြရာတွင် ပြည့်စုံခြင်း၏ အကျိုးနှင့် မပြည့်စုံခြင်း၏ အပြစ်များကို ဖော်ပြ၏။ ထိုသို့ ဖော်ပြရာတွင် သံဃာတော်များကို ပဓာနပြု၍ ဖော်ပြခြင်း ဖြစ်သော်လည်း၊ လူပုဂ္ဂိုလ်များကိုလည်း အပဓာနအားဖြင့် ဖော်ပြ သည်ပင် ဖြစ်ပါ၏။

**ပညာ့ရိပ်မွန်**

ဓမ္မနှင့် ဝိနယတွင် အနှစ်သာရအားဖြင့် ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ ဟူ၍ သာသနာတော်သုံးမျိုး ပါဝင်လေ၏။ ထိုတွင် ပရိယတ္တိသည် စာပေနှင့် ဆိုင်၏။ ပဋိပတ္တိသည် လက်တွေ့ကျင့်သုံးမှုနှင့် ဆိုင်၏။ ပဋိဝေဓသည် ကိုယ်တိုင်ကိုယ်ကျ ထိုးထွင်း၍ သိရသော အသိနှင့် ဆိုင်၏။ ယင်းသုံးမျိုးတို့၏ သဘောကို နားလည်နိုင်စေရန် သစ်ပင်နှင့် နှိုင်းယှဉ်၍ လေ့လာနိုင်၏။ ထိုသို့ လေ့လာပါက ယင်းတို့ အချင်းချင်း ဆက်သွယ်မှုကို ပို၍ နားလည်၏။

သစ်ပင်တွင် 'အခွံ'လည်း ပါ၏။ 'အကာ'လည်း ပါ၏။ 'အနှစ်' လည်း ပါ၏။ သစ်ပင်တွင် 'အခွံ'သည် 'အကာ'ကို ကျေးဇူးပြုရန် အတွက် ဖြစ်၏။ 'အကာ'သည် 'အနှစ်'ကို ကျေးဇူးပြုရန်အတွက် ဖြစ်၏။ ထိုသို့ ကျေးဇူးပြုပါမှလည်း သစ်ပင်သည် ရှင်သန်နေမည် ဖြစ်၏။ ထိုသုံးမျိုးတွင် ပရိယတ္တိသည် 'အခွံ' နှင့် တူ၏။ ပဋိပတ္တိသည် 'အကာ'နှင့် တူ၏။ ပဋိဝေဓသည် 'အနှစ်' နှင့် တူ၏။ ထိုသဘောအရဆိုလျှင် 'အခွံ' မရှိဘဲ 'အကာ'ရှိ၍ မရကောင်း။ 'အကာ' မရှိဘဲလည်း 'အနှစ်'ရှိ၍ မရကောင်း။

ထို့ကြောင့် အခွံသည် သစ်ပင်အတွက် များစွာ ပြဋ္ဌာန်းသကဲ့သို့ ဓမ္မဝိနယအတွက် ပရိယတ္တိသည် များစွာ ပြဋ္ဌာန်းပါ၏။ ထို့ကြောင့်ပင် လေးဆယ့်ငါးဝါ ကာလပတ်လုံး မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဓမ္မနှင့် ဝိနယတို့ကို ဤလောက၌ မူရင်းအတိုင်းပင် ပုံမပျက် ပန်းမပျက် တည်ပါစေခြင်း အကျိုးငှာ ရှင်မဟာကဿပသည် သင်္ဂါယနာ တင်တော်မူခဲ့ခြင်း ဖြစ်၏။ သင်္ဂါယနာ တင်တော်မူခြင်းအားဖြင့် ဤလောက၌ သစ္စာနှင့် ယှဉ်သော အလင်းရောင်ကို ပေးနိုင်စိမ့်သောငှာ ဓမ္မနှင့် ဝိနယမီးတိုင်ကို ရှင်မဟာကဿပသည် ရာဇဂြိုဟ်၌ စတင်ထွန်းညှိခြင်း ဖြစ်ပါ၏။ ရှင်မဟာကဿပ ထွန်းညှိလိုက်၍သာလျှင် ဓမ္မဝိနယ၏ အလင်းရောင်ကို ကမ္ဘာ၌ ဗုဒ္ဓဘာသာဝင်များက တွေ့မြင်နေရခြင်း ဖြစ်ပါ၏။ ထို့ကြောင့် ရှင်မဟာကဿပ အမှူးပြုတော်မူသော ပထမ သင်္ဂါယနာတင် သံဃာတော်များ၏

ကျေးဇူးတော်များသည် ဖော်ပြ၍ မကုန်နိုင်လောက်အောင်ပင် ကြီးတော်မူပါ၏။

ဓမ္မဝိနယမီးတိုင်သည် ရာဇဂြိုဟ်မှ စတင်ခဲ့သော်လည်း ယနေ့တွင် ကမ္ဘာ၏ နေရာအနှံ့၌ ရှိလေပြီ။ သံဃာတော်များ၏ ကျေးဇူးပင် ဖြစ်၏။ အမှန်အားဖြင့် ဓမ္မဝိနယမီးတိုင်သည် အကန်းများအတွက် အသုံးမဝင်ဟု ဆိုသော်လည်း မျက်စိအမြင်ရှိသူများအတွက် များစွာ အသုံးဝင်ပါ၏။ လူ့ပြည်သို့ သွားချင်သူများအတွက် ဤမီးတိုင်၏ အလင်းရောင်ဖြင့် သွားနိုင်၏။ ဗြဟ္မာ့ပြည်သို့ သွားချင်သူများအတွက်လည်း ဤမီးတိုင်၏ အလင်းရောင်ဖြင့် သွားနိုင်၏။ အပါယ်သို့ သွားချင်သူများအတွက်လည်း ဤမီးတိုင်၏ အလင်းရောင်ဖြင့် သွားနိုင်၏။ ၃၁ ဘုံမှ လွတ်မြောက်ချင်သူများအတွက်လည်း ဤမီးတိုင်၏ အလင်းရောင်ဖြင့် သွားနိုင်၏။

ထို့ကြောင့် ဤမီးတိုင်၏ အလင်းရောင်သည် သစ္စာတရားနှင့် ယှဉ်သော အလင်းရောင်ဖြစ်၏။ ထို့ကြောင့် ဤမီးတိုင်၏ အလင်းရောင်သည် လူတို့က ပြစေချင်သလို လမ်းများကို ပြသည်မဟုတ်၊ သူ့သဘော သူဆောင်ကာ အမှန်အတိုင်းသာ ပြပါ၏။ လူတို့က ကောင်းသော သုဂတိလမ်းဟူ၍ ယူဆကြသော်လည်း ဤမီးတိုင်က ကောင်းသော သုဂတိလမ်းအဖြစ် ပြချင်မှ ပြမည်။

ထို့ကြောင့် ကုသိုလ်ဟူ၍ ယူဆပြီး ယဇ်ပူဇော်မှုပြုပါက ကုသိုလ်ဖြစ်မလာဘဲ အကုသိုလ်သာ ဖြစ်၏။ လောက၏ အကျိုးစီးပွားအတွက်ဟူ၍ ယူဆပြီး သူတစ်ပါး၏ အသက်ကို သတ်ခြင်း စသည်ဖြင့် ဒုစရိုက်မှုများကို ပြုပါကလည်း နတ်ပြည်သို့ သွားရာလမ်းကို မပြဘဲ အပါယ်သို့ သွားရာလမ်းကိုသာ ဓမ္မဝိနယမီးတိုင်၏ အလင်းရောင်က ပြမည်ဖြစ်၏။ ထို့ကြောင့် ဤမီးတိုင်၏ အလင်းရောင်သည် လူတို့၏ ဆန္ဒနှင့်ကင်းလွတ်စွာ လမ်းများကို သစ္စာတရားအတိုင်း ပြသည်ဟု ဆိုရ၏။

ဤဓမ္မဝိနယ မီးတိုင်ကို လက်ဆင့်ကမ်း ယူဆောင်သူများကို စာပေ

ဝေါဟာရအားဖြင့် ဂန္ထဓုရ ဟူ၍ ခေါ်၏။ မိမိတို့ သွားလိုရာလမ်းအတွက် ဓမ္မဝိနယမီးတိုင်ကို အသုံးပြုသူများကို ဝိပဿနာဓုရ ဟူ၍ ခေါ်၏။ အမှန် အားဖြင့် ရှင်မဟာကဿပသည် ဓမ္မဝိနယမီးတိုင်ကို ဂန္ထဓုရနှင့် ဝိပဿနာဓုရ နှစ်မျိုးလုံးအတွက် တစ်ပြိုင်တည်း အသုံးပြုရန် ထွန်းညှိခြင်းဖြစ်သော်လည်း ရှင်မဟာကဿပ၏ ရည်ရွယ်ချက်အတိုင်း တစ်ပြိုင်တည်း အသုံးပြုသူများ လည်း ရှိ၏။ နောက်ပိုင်းတွင် ဓမ္မဝိနယမီးတိုင်ကို သီးခြားစီ သီးခြားစီ အသုံးပြုရုံသာမက ဓမ္မဝိနယ၌ အသစ်ထည့်ခြင်းနှင့် ရှိပြီးသားမှ ဖြုတ်ပယ် ခြင်းများပင် ရှိလာကြလေ၏။ ထိုအခါ သံဃာတော်များသည် ကြောင့်ကြမဲ့ မနေကြဘဲ ဓမ္မဝိနယကို ပြန်လည်၍ သုတ်သင်ကြ၏။ သင်္ဂါယနာ တင်ကြ ရပြန်၏။ သံဃာတော်များ၏ ကျေးဇူးကား ကြီးမားပေစွ။

[ လောကဓမ္မပဒေသာ စာစောင်၊ ဩဂုတ်လ ၁၉၉၃ ]

# သံဃာ့ကျေးဇူး ( ၂ )

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော် ကာလ ဗုဒ္ဓစာပေများကို ယနေ့ ကမ္ဘာ၌ တွေ့နေရ၏။ မြင်နေရ၏။ ဖတ်နေရ၏။ ထိုစာပေကို ပိဋက ဟူ၍ ခေါ်၏။ ပိဋကဟူသည်မှာ အသွင်နှင့် ပတ်သက်သော အမည်ဖြစ်၏။ အတွင်းသရုပ်နှင့် ပတ်သက်၍ ခေါ်ရလျှင် ထိုစာပေကို ဓမ္မဝိနယ ဟူ၍ ခေါ်ရ၏။ ဓမ္မဝိနယတွင် ဓမ္မသည် အသိနှင့် ပတ်သက်၏။ ဝိနယသည် အကျင့်နှင့် ပတ်သက်၏။ အသိကို ဝိဇ္ဇာဟူ၍လည်း ခေါ်သေး၏။ အကျင့်ကို စရဏဟူ၍လည်း ခေါ်သေး၏။ ထို့ကြောင့် ဓမ္မနှင့် ဝိဇ္ဇာသည် အနက်သဘောအားဖြင့် တူ၏။ ဝိနယနှင့် စရဏသည်လည်း အနက်သဘော အားဖြင့် တူ၏။

မြတ်စွာဘုရားက လောကသည် အမိုက်မှောင်သဖွယ် ဖြစ်သည်ဟု ဟောကြားတော်မူ၏။ ပါဠိ ဝေါဟာရအားဖြင့်ဆိုရလျှင် '**အန္ဓီဘူတော အယံ လောကော**'ဟူ၍ ဖြစ်၏။ **အယံလောကော**–ဤလောကသည်၊ **အန္ဓီဘူတော** – အမိုက်မှောင်သဖွယ် ဖြစ်၏။ ဤသို့ မြန်မာပြန်နိုင်၏။ မြတ်စွာဘုရားက ဤသို့ ဟောကြားတော်မူခြင်းမှာ အရိယသစ္စာအမြင်ဖြင့် ဟောကြားတော်မူ ခြင်း ဖြစ်၏။ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း အရိယသစ္စာ အမြင်ဖြင့် လောကကို ကြည့်ပါလျှင် လောကသည် တကယ်ပင် အမှောင်

ဖြစ်၏။ အဝိဇ္ဇာကို အစိုင်အခဲပြုလုပ်၍ ရကောင်းသဖြင့် ရုပ်တု အစိုင်အခဲ သာ ပြုလုပ်နိုင်မည်ဆိုပါက အဝိဇ္ဇာ၏ ရုပ်တု အစိုင်အခဲသည် လောက ဖြစ်လေ၏။

ထို့ကြောင့် အဝိဇ္ဇာကို အမိုက်မှောင်ဟူ၍ နားလည်လျှင်၊ အဝိဇ္ဇာ၏ ရုပ်တုဖြစ်သော လောကသည်လည်း အမိုက်မှောင်သာ ဖြစ်ပေလိမ့်မည်။ လောကသည် အမိုက်မှောင်ဖြစ်ပါက လောကလူသားတို့သည် မိမိတို့ အချင်း ချင်းကို အဘယ်သို့လျှင် အမှန်အတိုင်း မြင်နိုင်စေလိမ့်မည်နည်း။ မိမိတို့ ကိုယ်ကို မိမိတို့က အဘယ်သို့လျှင် အမှန်အတိုင်း မြင်နိုင်ပေလိမ့်မည်နည်း။

အမှန်အားဖြင့် လောကလူသားတို့သည် မိမိတို့အချင်းချင်းကို လည်း ကောင်း၊ မိမိတို့ကိုယ်ကို လည်းကောင်း၊ မိမိတို့၏ ပတ်ဝန်းကျင်ကို လည်း ကောင်း အမှန်အတိုင်းမြင်ဖို့ လို၏။ အမှန်အတိုင်း မြင်နိုင်အောင် အလင်း ရောင် လို၏။ အလင်းရောင်ဖြင့် ကြည့်မှသာ မိမိတို့ အချင်းချင်းကိုလည်း အမှန်အတိုင်း မြင်နိုင်မည် ဖြစ်၏။ မိမိတို့ကိုယ်ကိုလည်း အမှန်အတိုင်း မြင်နိုင်မည် ဖြစ်၏။ အကယ်၍သာ လောကကို အမှန်အတိုင်း မြင်မည်ဆိုပါ က မိမိသည်လည်း ဘာမှမဟုတ်၊ သနားစရာ 'ဒုက္ခသည်' သာ ဖြစ်၏။ အခြားသူများသည်လည်း ဘာမျှမဟုတ်၊ အားလုံး သနားစရာ ဝေနေယျ သတ္တဝါချည်းသာ ဖြစ်ကြ၏။ အားလုံးအတူတူ၊ သံသရာဝဋ်ဆင်းရဲ၌ ဝဋ်ခံ နေရသူချည်း ဖြစ်လေရာ ဘယ်သူက ဘယ်သူ့အပေါ် မောက်မာစရာ ဘာမျှ မရှိ။ ဤသို့မြင်မည် ဖြစ်၏။

ထိုအပြင် ဝဋ်ဆင်းရဲမှ လွတ်မြောက်ရာသည်လည်း ရှိ၏။ ဤသို့ လည်း မြင်မည်ဖြစ်၏။ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ လမ်းစဉ်သည်လည်း ရှိ၏။ ဤသို့လည်း မြင်မည်ဖြစ်၏။ မစင်သည် စက်ဆုပ်စရာ စင်စစ်ဖြစ်ပါ လျက် မစက်ဆုပ်ဘဲ နှစ်သက်မြတ်နိုးနေသော သတ္တဝါများကဲ့သို့ လောက လူသားတို့အား ဝဋ်ဆင်းရဲကိုပင် ချမ်းသာသုခဟု ထင်မှတ်စေနိုင်သော အမြင်မှားခြင်းသည် ရှိ၏။ ဤသို့လည်း မြင်မည်ဖြစ်၏။ ဤသို့ လောကကို

အမှန်အတိုင်း မြင်ခြင်း၌ အရေးအကြီးဆုံးမှာ အလင်းရောင်ကို မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်စုံစုံ ရရှိရေးပင် ဖြစ်၏။ သို့မှသာ မြင်စရာများကို မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်စုံစုံ မြင်မည် ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် (၄၅)ဝါတို့ ကာလပတ်လုံး လောကရှိ မြင်စရာများကို မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်စုံစုံမြင်အောင် ကြည့်ဖို့အတွက် အလင်းရောင်ကို ထွန်းညှိတော်မူခဲ့၏။ ထိုအလင်းရောင်ကား ပိဋကစာပေများပင် ဖြစ်ပါ၏။ အလင်းရောင်ဖြစ်သော ပိဋကစာပေများကို လောကအား ထွန်းညှိပေးဖို့ဆိုသည်မှာ လွယ်သည်မဟုတ်။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် အားထုတ်တော်မူပြီးမှ မြတ်စွာဘုရားသည် အမှောင်ထုဖုံးလွှမ်းနေသော လောကအား ထွန်းညှိပေးနိုင်ခြင်း ဖြစ်၏။ မြတ်စွာဘုရားထွန်းညှိပေးတော်မူသော အလင်းရောင်ဖြင့် လောကရှိ မြင်စရာများကို ကြည့်ကြသူများသည် အမှန်အတိုင်လည်း မြင်ကြ၏။ ပြည့်ပြည့်စုံစုံလည်း မြင်ကြ၏။ ထိုအခါ လောကသားတို့သည် မြင်စရာများကို အရိယသစ္စာဉာဏ်အမြင်ဖြင့် မြင်ကြပြီဟူ၍ ဆိုရလေ၏။ အရိယသစ္စာဉာဏ်အမြင်ဖြင့် မြင်ကြသူများကို အရိယာများဟူ၍ ဆိုပြီး၊ အရိယသစ္စာဉာဏ် အမြင်ဖြင့် မမြင်ကြသေးသူများကို ပုထုဇဉ်များဟူ၍ ဆိုကြ၏။

အမှန်အားဖြင့် အရိယာနှင့် ပုထုဇဉ်ဟူ၍ ကွဲပြားသွားခြင်းမှာ မြင်စရာကွဲပြားသောကြောင့် အရိယာနှင့် ပုထုဇဉ်ဟူ၍ ကွဲပြားသွားခြင်း မဟုတ်။ အမြင်ကွဲပြားသွားသောကြောင့် အရိယာနှင့် ပုထုဇဉ်ဟူ၍ ကွဲပြားသွားခြင်း ဖြစ်၏။ အမြင်ကွဲပြားသွားခြင်းမှာလည်း အလင်းရောင်ရမှုနှင့် မရမှုအပေါ် အခြေတည်၍ ကွဲပြားသွားခြင်း ဖြစ်၏။ လောကသားတို့သည် အလင်းရောင်ကို မရလေသောအခါ လောကကို အဝိဇ္ဇာမျက်စိဖြင့် ကြည့်ကြ၏။ လောကသားတို့သည် အလင်းရောင်ကို ရလေသောအခါ လောကကို ဝိဇ္ဇာမျက်စိဖြင့် ကြည့်ကြ၏။ အဝိဇ္ဇာမျက်စိဖြင့် ကြည့်လျှင် တစ်မျိုးဖြစ်၏။ ဝိဇ္ဇာမျက်စိဖြင့် ကြည့်လျှင် တစ်မျိုးမြင်၏။ ကြည့်စရာကား ဘာမှခြားနားသည် မဟုတ်။

လောကကို ကြည့်ပါလျှင် အဝိဇ္ဇာ၏ သိပ်သည်းမှု အထုအပါးကို လိုက်၍ ပုဂ္ဂိုလ် သတ္တဝါအဖြစ် မြင်သူများက မြင်ကြ၏။ ပုဂ္ဂိုလ် သတ္တဝါ အဖြစ် မြင်သောအခါ လောကဟူသည် သတ္တလောက ဖြစ်သည်ဟု ဆိုကြ၏။ သတ္တလောကကိုပင် အင်္ဂလိပ်၊ တရုတ်၊ မြန်မာ ဟူ၍ ဆိုသူများက ဆိုကြ၏။ အားလုံး လူချည်းသာ ဖြစ်သည်ဟု ဆိုသူများက ဆိုကြ၏။ ငါ၊ ငါ့မိသားစု ဆိုသူများက ဆိုကြ၏။ ဤသို့ဆိုခြင်းမှာ လောကကို သတ္တလောကအဖြစ် မြင်သူများ၏ အဆိုဖြစ်၏။ တစ်ဖန် လောကကို ဩကာသလောကအဖြစ် မြင်သူများကမူ လောကကို သူ့ဒေသ၊ ငါ့ဒေသ ဟူ၍ လည်းကောင်း၊ သူ့နိုင်ငံ ငါ့နိုင်ငံဟူ၍ လည်းကောင်း၊ မြေကမ္ဘာဟူ၍ လည်းကောင်း ဆိုကြပြန်၏။

တစ်ဖန် လောကကို သင်္ခါရလောကအဖြစ် မြင်သူများကမူ သတ္တလောကနှင့် ဩကာသလောကဟူသည် ပရမတ္ထသစ္စာအားဖြင့် တကယ်တမ်း ရှိသည် မဟုတ်။ သတ်မှတ်ချက် သမုတိသစ္စာအရသာ ရှိခြင်း ဖြစ်၏။ ပရမတ္ထသစ္စာအားဖြင့် တကယ်တမ်းရှိသည်ကား သင်္ခါရများသာ ဖြစ်၏။ သင်္ခါရဟူသည်မှာလည်း ထာဝစဉ် ဖြစ်–တည်–ပျက် သဘောကို ဆောင်နေသော ရုပ် နာမ် ခန္ဓာများသာ ဖြစ်ကြ၏။ ထို့ကြောင့် လောကဟူသည် သင်္ခါရလောကသာ ဖြစ်၏။ သတ္တလောကနှင့် ဩကာသလောကသည် "သင်္ခါရလောက အသွင်သဏ္ဌာန်များသာ ဖြစ်ကြသည်"ဟူ၍ ဆိုကြလေသည်။

ဤအဆိုများသည် အဝိဇ္ဇာ၏ သိပ်သည်းမှု အထုအပါးအလိုက် ဆိုသော အဆိုများဖြစ်၍ သူ့အဆင့်နှင့်သူ မှန်ကြသည်ပင် ဖြစ်လေ၏။ ထိုကဲ့သို့သော အမှန်များကို **'အနိဗ္ဗ စနိယ'** ဟူ၍ **ဝေဒန္တဒဿန** က ဆို၏။ **'အနိဗ္ဗ စနိယ'** ၏ အနက်မှာ တကယ်တမ်း တိတိကျကျ မှန်ပါသည်ဟု ပြော၍ မရကောင်းသော သဘောဖြစ်၏။ ယင်းကို သမုတိသစ္စာဟူ၍ ဗုဒ္ဓစာပေများ၌ သုံးပါ၏။

**ပညာ့ရိပ်မွန်**

အဝိဇ္ဇာကို မြစ်ပြတ် ပယ်သတ်တော်မူပြီးသော ရဟန္တာများ၏ အမြင်အရ ဆိုပါလျှင် လောကဟူသည် သုညသာ ဖြစ်၏။ ထို့ကြောင့် **'သုညတော လောကံ အဝေက္ခဿု–လောကကို သုညအဖြစ်သာ မြင်အောင် ကြည့်ရမည်'** ဟူ၍ ပိဋကတ်တော်၌ ဆိုခြင်းဖြစ်၏။ သင်္ချာသဘောအရ သုညဟူသည် အရေအတွက်အားဖြင့် ဘာမျှ တန်ဖိုးမရှိသော်လည်း၊ အရည် အချင်း အားဖြင့်မူ အတိုင်းမသိ တန်ဖိုးရှိ၏။ အမှန်အားဖြင့် သုညကို မဏ္ဍိုင်ပြု၍ အနုတ်ကိန်းများသည် လည်းကောင်း၊ အပေါင်းကိန်းများသည် လည်းကောင်း ပေါ်ပေါက်လာရခြင်း ဖြစ်၏။ လောက အတွေ့အကြုံ အရလည်း ဘာမျှမရှိသော သုညကို အခြေပြု၍ ရှုံးသည် ဟူ၍ လည်းကောင်း၊ မြတ်သည် ဟူ၍ လည်းကောင်း ဆိုရ၏။

သို့ဖြစ်လေရာ သင်္ချာသဘောအရ အပေါင်းနှင့် အနုတ်တို့သည် လည်းကောင်း၊ လောကအတွေ့အကြုံအရ အရှုံးနှင့် အမြတ်တို့သည် လည်း ကောင်း သုညမှ ထွက်ပေါ်လာခြင်း ဖြစ်သည်ဟူ၍ ဆိုရ၏။ ထို့ကြောင့် သုညသည် အတိုင်းမသိ တန်ဖိုးရှိသည်ဟူ၍ ဆိုခြင်း ဖြစ်၏။ အရိယသစ္စာ အမြင်အရလည်း သုညတည်းဟူသော လောကကို မြင်ပါမှ သန္တိသုခတည်း ဟူသော နိဗ္ဗာန်ကို မြင်မည် ဖြစ်၏။ သန္တိသုခ တည်းဟူသော နိဗ္ဗာန်ကား လောကုတ္တရာ ဖြစ်၏။

ဝိပဿနာအရ နိဗ္ဗာန်ကို တိုက်ရိုက်ကြည့်ရသည် မဟုတ်။ ရုပ်နာမ် ကိုသာ တိုက်ရိုက်ကြည့်ရ၏။ ရုပ်နာမ်ဟူသည် လောကပင် ဖြစ်၏။ ရုပ်နာမ် တည်းဟူသော လောကကို တိုက်ရိုက် ကြည့်ရင်း ကြည့်ရင်း နောက်ဆုံး၌ လောကုတ္တရာတည်းဟူသော နိဗ္ဗာန်ကို မြင်ခြင်း ဖြစ်၏။ ထို့ကြောင့် အဝိဇ္ဇာ မကင်းသော ပုထုဇဉ်များအနေဖြင့် လောကကို ကြည့်လျှင် သတ္တလောက အဖြစ် မြင်ချင်လည်း မြင်၏။ ဩကာသ လောကအဖြစ် မြင်ချင်လည်း မြင်၏။ သင်္ခါရလောကအဖြစ် မြင်ချင်လည်း မြင်၏။ အမှန်အားဖြင့် သတ္တ လောကဟူသည်လည်း သုညပင် ဖြစ်၏။ ဩကာသ လောကဟူသည်လည်း

သုညပင် ဖြစ်၏။ သင်္ခါရ လောကဟူသည်လည်း သုညပင် ဖြစ်၏။ အဝိဇ္ဇာ ကင်းပြီးသော ရဟန္တာများအနေဖြင့်မူ လောကကို ကြည့်လျှင် လောကသုံးပါးတို့၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို မြင်၏။ လောကသုံးပါးတို့၏ ချုပ်ငြိမ်းခြင်းကိုပင် လောကကို လွန်မြောက်ခြင်း လောကုတ္တရာဟူ၍ ဆိုရ၏။ ဤသို့ အမြင်ချင်း ကွဲပြားသွားသည်မှာ ကြည့်စရာ ကွဲပြားသွားသောကြောင့် မဟုတ်။ အလင်းရောင် အရချင်း ကွဲပြားသွားသောကြောင့် ဖြစ်၏။

လောကကို ကြည့်ဖို့ရန် အလင်းရောင်ကို စတင်ထွန်းညှိပေးသူမှာ မြတ်စွာဘုရား ဖြစ်ပါ၏။ မြတ်စွာဘုရားသည် (၄၅)နှစ်တိုင်တိုင် အလင်းရောင်ကို ထွန်းညှိပေးတော်မူပြီးနောက် ပရိနိဗ္ဗာန်ပြုသွားတော် မူခဲ့၏။ ထိုအခါ အလင်းရောင်သည် မေးမှိန်အံ့သကဲ့သို့ ဖြစ်လေ၏။ အကယ်၍သာ အလင်းရောင်သည် မေးမှိန်ရုံသာမက လုံးဝချုပ်ငြိမ်းသွားခဲ့ပါလျှင် လောကသည် အမိုက်မှောင်အတိ ပြန်လည်၍ ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် မြတ်စွာဘုရား ထွန်းညှိပေးတော်မူခဲ့သော အလင်းရောင် မငြိမ်းပါစိမ့်သောငှာ အရှင်မဟာကဿပ အမှူးပြုသော ရဟန္တာ မထေရ်ကြီးများသည် ပဌမ သင်္ဂါယနာတင်သောအားဖြင့် ဆီဖြည့်တော်မူခဲ့ပါ၏။ ထို့ကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် မြတ်စွာဘုရား ထွန်းညှိပေးတော်မူခဲ့သော အလင်းရောင်သည် မငြိမ်းခြင်းဖြစ်၏။ ထို့ကြောင့် အရှင်မဟာကဿပ အမှူးပြုသော သံဃာတော်များ၏ ကျေးဇူးကား ကြီးမားလှပါ၏။ ထိုအပြင် သံဃာတော်များ၏ ကြီးမားသော ကျေးဇူးကို သိဖို့လည်း လို၏။ သိပြီးနောက် ပြန်ဆပ်ဖို့လည်း လို၏။ ဤနေရာ၌ ကျေးဇူးဆပ်ခြင်းဟူသည်မှာ လောကကို ပိဋကတ်စာပေ အလင်းရောင်ဖြင့် ကြည့်ခြင်း ဖြစ်ပါ၏။

ပိဋကတ်စာပေ အလင်းရောင်ဖြင့် လောကကို ကြည့်သောအခါ အသိ မှားယွင်းမှု အဓမ္မသဘောကိုလည်း မြင်လာမည် ဖြစ်၏။ အသိ မှန်ကန်မှု ဓမ္မသဘောကိုလည်း မြင်လာမည် ဖြစ်၏။ ထိုအခါ မှားယွင်းမှု

အစမှသဘောကို ရှောင်၍ အသိမှန်ကန်မှု စမှသဘောကို ဆောင်လာမည် ဖြစ်၏။ ထို့အပြင် ကိုယ်ကျင့်သိက္ခာပျက်ပြားမှု အဝိနယသဘောကိုလည်း မြင်လာမည် ဖြစ်၏။ ကိုယ်ကျင့်သိက္ခာ ဖြူစင်မြင့်မြတ်မှု ဝိနယသဘောကို လည်း မြင်လာမည် ဖြစ်၏။

ထိုအခါ ကိုယ်ကျင့်သိက္ခာပျက်ပြားမှု အဝိနယသဘောကို ရှောင်၍ ကိုယ်ကျင့်သိက္ခာ ဖြူစင်မြင့်မြတ်မှု ဝိနယသဘောကို ဆောင်လာမည် ဖြစ်၏။ ဤသို့ ဖြစ်လာမှသာ သံဃာတော်များအား ကျေးဇူးဆပ်ရာ ရောက်မည် ဖြစ်၏။ လောကအတွက် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် အနစ်နာ ခံတော်မူခဲ့သော မြတ်စွာဘုရားအားလည်း ကျေးဇူးဆပ်ရာ ရောက်မည် ဖြစ်ပါ၏။

[ လောကစမှပဒေသာ စာစောင်၊ စက်တင်ဘာလ ၁၉၉၃ ]

## သံဃာ့ကျေးဇူး (၃)

ဓမ္မနှင့် ဝိနယတွင် ဓမ္မဟူသည် ဝိဇ္ဇာလည်း ဖြစ်၏။ ဝိနယဟူသည် စရဏ လည်း ဖြစ်၏။ ဝိဇ္ဇာကို ဒိဋ္ဌိဟူ၍လည်း ဆိုရ၏။ စရဏကို သီလဟူ၍လည်း ဆိုရ၏။ ထိုတွင် ဒိဋ္ဌိဟူသည်မှာ အမြင်ဖြစ်၏။ သီလဟူသည်မှာ အကျင့်ဖြစ် ၏။ လောကတွင် လူတစ်ယောက်နှင့် တစ်ယောက် ဆက်ဆံရာ၌ အမြင်ချင်း လည်း တူဖို့ အရေးကြီး၏။ အကျင့်ချင်းလည်း တူဖို့ အရေးကြီး၏။ အမြင် ချင်းလည်း တူပါမှ၊ အကျင့်ခြင်းလည်း တူပါမှ အချင်းချင်း ဆက်ဆံ၍ ရ၏။ အမြင်ချင်းတူမှုနှင့် အကျင့်ချင်းတူမှုကို ပါဠိဝေါဟာရအားဖြင့် **ဒိဋ္ဌိ သီလသာမညဟု** ခေါ်၏။ မြတ်စွာဘုရားသည် သံဃာ့အဖွဲ့အစည်းကို ထူ ထောင်တော်မူသောအခါ အမြင်ချင်းတူမှုနှင့် အကျင့်ချင်းတူမှုကို အခြေပြု ၍ ထူထောင်တော်မူခြင်း ဖြစ်၏။ ထို့ကြောင့် သံဃာ့အဖွဲ့အစည်းသည် ကျစ်လျစ်၏။ သိပ်သည်း၏။ တစ်သွေး တစ်သံ တစ်မိန့်တည်း ဖြစ်၏။ သို့ဖြစ်၍သာ သံဃာ့အဖွဲ့အစည်းသည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ကျော် က တည်ထောင်ခြင်းဖြစ်သော်လည်း ယနေ့တိုင်အောင် အခိုင်အမာ တည်ရှိ နိုင်ခြင်း ဖြစ်၏။

သံဃာ့အဖွဲ့အစည်းတွင် လူတန်းစားအားဖြင့် အထက်တန်းစား လည်း ပါဝင်၏။ အောက်တန်းစားလည်း ပါဝင်၏။ သို့ရာတွင် သံဃာ့အဖွဲ့ အစည်း အတွင်းသို့ ရောက်သောအခါ လူတန်းစားသည် ပျောက်၏။

အားလုံး အတူတူဖြစ်၏။ သံဃာ့အဖွဲ့အစည်းတွင် လူမျိုးအားဖြင့် ကုလားလည်း ပါဝင်၏။ တရုတ်လည်း ပါဝင်၏။ အင်္ဂလိပ်လည်း ပါဝင်၏။ မြန်မာလည်း ပါဝင်၏။ အခြားလူမျိုးများလည်း ပါဝင်၏။ သို့ရာတွင် သံဃာ့အဖွဲ့အစည်း အတွင်းသို့ ရောက်သောအခါ လူမျိုးကွဲပြားမှုသည် ပျောက်၏။ အားလုံး အတူတူ ဖြစ်၏။ သံဃာ့အဖွဲ့အစည်းဝင် အဖြစ်သာ ထင်ရှား၏။ ထို့ကြောင့် စည်းရုံးရေး လုပ်ငန်းတွင် အမြင်ချင်းတူဖို့နှင့် အကျင့်ချင်းတူဖို့ အရေးကြီးသည်ဟူ၍ ဆိုခြင်းဖြစ်၏။ ဤလောက၌ အမြင်ချင်းလည်းတူ၊ အကျင့်ချင်းလည်း တူကြကုန်သော နိုင်ငံနှင့်လူမျိုးတို့၏ စည်းလုံးရေးသည် ကျစ်လျစ်သိပ်သည်းလေသောကြောင့် မိမိနိုင်ငံနှင့် မိမိလူမျိုးကို ကမ္ဘာမြေအပြင်၌ ကြာမြင့်စွာ တည်ရှိနိုင်စေမည်မှာ မလွဲဧကန် အမှန်ဖြစ်၏။

ဤ၌ အမြင်ဟူသည်မှာ မိမိသန္တာန်၌ တပ်မက်တတ်သော တဏှာကို မြင်ခြင်းဖြစ်၏။ ကာမဂုဏ်များကို မြင်ခြင်းမဟုတ်။ စည်းစိမ်ဥစ္စာများကို မြင်ခြင်းမဟုတ်။ ရာထူးဂုဏ်သိန်များကို မြင်ခြင်းမဟုတ်။ အကျင့်ဟူသည်မှာ မိမိသန္တာန်၌ ကိန်းနေသော တဏှာကို လျှော့နည်းနိုင်သမျှ လျှော့နည်းအောင် ကျင့်ခြင်းဖြစ်၏။ ကာမဂုဏ်များကို ခံစားနိုင်သမျှ ခံစားရန် ကျင့်ခြင်း မဟုတ်။ စည်းစိမ်ဥစ္စာများကို ခံစားနိုင်သမျှ ခံစားရန် ကျင့်ခြင်း မဟုတ်။ ရာထူးဂုဏ်သိန်များကို ခံစားနိုင်သမျှ ခံစားရန် ကျင့်ခြင်း မဟုတ်။

အမြင်နှင့် အကျင့်ကိုတူအောင် အားထုတ်ရာ၌ မဇ္ဈိမပဋိပဒါကျဖို့ များစွာ အရေးကြီး၏။ မဇ္ဈိမပဋိပဒါကျအောင် အားထုတ်ပါမှလည်း မှန်ကန်သော အားထုတ်ခြင်း မည်၏။ ဤလောကတွင် မိမိတစ်ဦးတည်း ရှိသည်မဟုတ်။ အခြားသူများလည်း ရှိသည်ပင် ဖြစ်၏။ ထို့ကြောင့် မည်သည့်လုပ်ငန်းကို လုပ်လုပ်၊ လုပ်ငန်းတစ်ခုကို လုပ်ရာတွင် မိမိ၏ အကျိုးစီးပွားနှင့်လည်း ပတ်သက်၏။ သူတစ်ပါး၏ အကျိုးစီးပွားနှင့်လည်း ပတ်သက်၏။

သို့ဖြစ်လေရာ မိမိ၏ အကျိုးစီးပွားချည်း လုပ်ပါကလည်း အစွန်းရောက်ပါ၏။ ယင်းကို အန္တပဋိပဒါဟု ခေါ်၏။ ဤအစွန်းသည် ကာမ

သုခလ္လိကာနုယောဂ အစွန်း၌ ပါဝင်၏။ သူတစ်ပါး၏ အကျိုးစီးပွားအတွက် ချည်း လုပ်ပါကလည်း အစွန်းရောက်ပါ၏။ ယင်းကိုလည်း အတ္တပင်ိုပဒါ ဟု ခေါ်၏။ ဤအစွန်းသည် အတ္တကိလမထာနုယောဂ အစွန်း၌ ပါဝင်၏။ ထို့ကြောင့် လုပ်ငန်းတစ်ခုကို လုပ်သောအခါ အစွန်းနှစ်ဖက်မှ လွတ်အောင် လုပ်ရ၏။ အစွန်းနှစ်ဖက်မှ လွတ်လျှင် မဇ္ဈိမပဋိပဒါကျသည် မည်၏။ အမှန်အားဖြင့် မဇ္ဈိမပဋိပဒါကျအောင် လုပ်မည်ဆိုပါလျှင် ဒိဋ္ဌိဖြင့် တဏှာ ကို မြင်အောင်ကြည့်ပြီး၊ သီလဖြင့် တဏှာကိုသတ်ရန် ကျင့်ပါမှ လုပ်၍ ရ၏။ သို့မဟုတ်ပါက မဇ္ဈိမပဋိပဒါ ကျအောင် လုပ်၍ မရပါချေ။

ဤလောက၌ မည်သူမဆို မိမိ၏ ဘဝကို ကြီးပွားအောင် လုပ်ရ၏။ သူဌေးကြီး ဖြစ်အောင်လည်း လုပ်ရ၏။ အရာရှိကြီး ဖြစ်အောင်လည်း လုပ်ရ၏။ မိမိ၏ ဘဝကို ကြီးပွားသည်ထက် ကြီးပွားအောင် လုပ်ရာတွင် နဖူးမှ ချွေး ခြေမ ကျအောင် လုပ်ရ၏။ နေပူသည်၊ မိုးရွာသည်၊ အေးသည်၊ ပူသည်၊ မှောင်သည်၊ လင်းသည်ကို ငဲ့ကွက်ဖို့ မလို။ လိုအပ်ပါက စည်းစိမ် ကိုလည်း စွန့်ရ၏။ မိသားစုကိုလည်း စွန့်ရ၏။ ကိုယ်အင်္ဂါကိုလည်း စွန့်ရ၏။ အသက်ကိုပင် စွန့်ရ၏။ ထိုသို့ လုပ်ပါမှလည်း လူ့လောက၌ လူ့တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ရာ ရောက်၏။ ဤသို့ လုပ်ခြင်းကို မိမိ၏ အကျိုးစီးပွားအတွက် လုပ်ခြင်းဟူ၍ ဆိုရ၏။

မိမိဘဝ ကြီးပွားရေးအတွက် သက်စွန့်ကြိုးပမ်းလုပ်ရာတွင် မိမိ အတွက် စည်းစိမ်ခံစားဖို့ မဟုတ်။ နိုင်ငံတော်နှင့် လူမျိုးအတွက် အကျိုးပြု ဖို့ ဖြစ်၏။ နိုင်ငံတော်နှင့် လူမျိုးအတွက်ကိုပင် သာသနာတော်အတွက် ဟူ၍လည်း ဆိုကြ၏။ မိမိစီးပွားကို မရလျှင် ရအောင် ရှာခြင်းသည် မိမိ စားဖို့ ရှာခြင်း မဟုတ်။ လှူဖို့ တန်းဖို့၊ ပေးကမ်းဖို့၊ နိုင်ငံတော်နှင့် လူမျိုးကို လိုအပ်သည့်ဘက်မှ ပံ့ပိုးဖို့ ရှာခြင်း ဖြစ်၏။ အရာရှိကြီးဖြစ်အောင် အားထုတ် ခြင်းမှာလည်း မိမိအတွက် အရာရှိကြီး ဖြစ်လို၍ အားထုတ်ခြင်း မဟုတ်။ နိုင်ငံတော်နှင့် လူမျိုးအတွက် အစွမ်းကုန် ဆောင်ရွက်နိုင်ရန် အရာရှိကြီး

ဖြစ်လို၍ အားထုတ်ခြင်း ဖြစ်၏။ မိမိအတွက်မူ သန္တုဋ္ဌိမဂ်လာအရ ရောင့်ရဲနိုင်သမျှနှင့် ရောင့်ရဲရ၏။ ရောင့်ရဲရခြင်းလည်း ပီတိဖြစ်ရ၏။ ဤသို့ ဆောင်ရွက်ခြင်းကို သူတစ်ပါး၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းဟူ၍ ဆိုရ၏။ အကျဉ်းအားဖြင့် ဆိုရလျှင် မဇ္ဈိမပဋိပဒါဟူသည် မိမိ၏ ဘဝကို တိုးတက်နိုင်သမျှ တိုးတက်အောင် ဆောင်ရွက်ပြီး ထိုသို့တိုးတက်လာသော ဘဝကို နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချခြင်း ဖြစ်၏။

အရာရာတိုင်း၌ မဇ္ဈိမပဋိပဒါသည် ရှိ၏။ ထို့ကြောင့် အုပ်ချုပ်ရေးစနစ်၌လည်း မဇ္ဈိမပဋိပဒါသည် ရှိသည်ပင် ဖြစ်၏။ ဝါဒရေးရာအရ အုပ်ချုပ်ရေး စနစ်၌ မိသားစုဝါဒသည်လည်း ရှိ၏။ အုပ်ချုပ်သူများအနေဖြင့် မိမိ၏ မိသားစု ကောင်းစားရေးအတွက် အဂတိလိုက်၍ ဆောင်ရွက်ပါကလည်း အစွန်းတစ်ဖက် ရောက်၏။ မိမိနိုင်ငံနှင့် မိမိလူမျိုး ကောင်းစားရေးအတွက် အနိုင်ကျင့်ဝါဒဖြင့် ဆောင်ရွက်ပါကလည်း အစွန်းတစ်ဖက် ရောက်၏။

ထို့ကြောင့် မိသားစုဝါဒအပေါ်၌ အခြေတည်သော ပဒေသရာဇ်စနစ်သည်လည်း အစွန်းတစ်ဖက်သို့ ရောက်သောအခါ ပျက်သုဉ်းခဲ့၏။ အမျိုးသားရေး ဝါဒအပေါ်၌ အခြေတည်သော နာဇီဖက်ဆစ် စနစ်သည်လည်း အစွန်းတစ်ဖက်သို့ ရောက်သောအခါ ပျက်သုဉ်းခဲ့၏။ ထို့ကြောင့် အုပ်ချုပ်ရေး စနစ်၌လည်း မဇ္ဈိမပဋိပဒါကျအောင် သုံးဖို့လို၏။ ထိုသို့သုံးရာ၌ မိမိတို့၏ သန္တာန်၌ ကိန်းနေသော တဏှာကို မြင်အောင်ကြည့်ပြီး ထိုတဏှာကို ပယ်သတ်ရန် ကျင့်ပါမှလည်း မဇ္ဈိမပဋိပဒါ ကျ၏။

ဝါဒရေးရာနယ်ပယ်၌ လူလူချင်း စာနာတတ်သော လူသားဝါဒသည် မဇ္ဈိမပဋိပဒါကျသော ဝါဒဖြစ်၏။ လူသားဝါဒ၌ မိသားစု ဝါဒသည်လည်း ဝင်၏။ အမျိုးသားရေးဝါဒသည်လည်း ဝင်၏။ လူသားဝါဒ၌ဝင်သော မိသားစုဝါဒအရ မိသားစုကောင်းစားအောင် အားထုတ်ခြင်းမှာ မိသားစု အကျိုးစီးပွားအတွက်ချည်း မဟုတ်။ နိုင်ငံနှင့်လူမျိုးကို ပံ့ပိုးချင်၍ ဖြစ်၏။ လူသားဝါဒ၌ ဝင်သော အမျိုးသားရေးဝါဒအရ နိုင်ငံနှင့်လူမျိုး ကောင်းစား

အောင် အားထုတ်ခြင်းမှာလည်း မိမိနိုင်ငံနှင့် မိမိလူမျိုး ကောင်းစားရေး အတွက်ချည်း မဟုတ်၊ လောကလူသားများ အားလုံးကို ပံ့ပိုးချင်၍ ဖြစ်၏။ ထို့ကြောင့် လူသားဝါဒသည် မိမိ၌ မိသားစုဝါဒလည်း ဝင်၏။ မိသားစု ဝါဒကိုလည်း လွန်၏။ အမျိုးသားရေး ဝါဒလည်း ဝင်၏။ အမျိုးသားရေး ဝါဒကိုလည်း လွန်၏။

သို့ဖြစ်၍ လူသားဝါဒ ဝါဒရေးရာနယ်ပယ်၌ မဓျိမပဋိပဒါဟူ၍ ဆိုရ၏။ အမှန်အားဖြင့် မိသားစုဝါဒကို တစ်ဖက်စွန်း ရောက်မသွားရလေ အောင် လူလူချင်း စာနာထောက်ထားသော လူသားဝါဒက ထိန်း၏။ အမျိုး သားရေး ဝါဒကိုလည်း တစ်ဖက်စွန်း ရောက်မသွားရလေအောင် လူလူချင်း စာနာထောက်ထားသော လူသားဝါဒက ထိန်း၏။

ထို့ကြောင့် လူသားဝါဒအရ လူကိုကြည့်သောအခါ မိမိ၏ ဆွေမျိုး အဖြစ်လည်း မြင်၏။ မိမိ၏ လူမျိုးအဖြစ်လည်း မြင်၏။ ဤသို့ အဆင့်ဆင့် မြင်အောင် ကြည့်ရ၏။ ဆွေမျိုးအဖြစ်ကိုသာ မြင်ပါက **'ဂေဟာဿိတ တဏှာ'** အရ မြင်သည်မည်၏။ မိမိ၏ လူမျိုးအဖြစ်ကို မြင်ပါမှ ဂေဟာဿိတ တဏှာ ကို သတ်ရာရောက်၏။ မိမိ လူသားအဖြစ်လည်း မြင်၏။ လူမျိုးအဖြစ်ကိုသာ မြင်ပါကလည်း **'ပပဉ္စတဏှာ'**အရ မြင်သည် မည်၏။ ပပဉ္စ တဏှာဟူသည် သူ့လူမျိုး၊ ငါ့လူမျိုးဟူ၍ ခွဲခြားလိုခြင်း ဖြစ်၏။ လူသားအချင်းချင်းအဖြစ် ကို မြင်ပါမှ ပပဉ္စတဏှာကို သတ်ရာ ရောက်၏။

လောကစည်းရုံးရေး လုပ်ငန်းတွင် အချင်းချင်း တစ်ယောက်နှင့် တစ်ယောက် အမြင်ချင်းတူမှု၊ အကျင့်ချင်းတူမှုအပေါ် အခြေခံ၍ စည်းရုံးပါ မှ ကျစ်လျစ်သိပ်သည်းသော စည်းလုံးမှုကို ရနိုင်ကြောင်း ဗုဒ္ဓဒေသနာတော် အရ သိရ၏။ အမှန်အားဖြင့် တဏှာကိုမြင်အောင် ကြည့်ပြီး တဏှာကို သတ်နိုင်အောင် ကျင့်ခြင်းသည်သာ စည်းရုံးရေး၏ 'သော့ချက်'ဖြစ်လေ၏။

ဤ 'သော့ချက်'ကို မြတ်စွာဘုရား၏ ဓမ္မဝိနယမှ ရ၏။ အမှန်အား ဖြင့် ဓမ္မဝိနယသည် လောက၏ အလင်းရောင်ဖြစ်၏။ သက်တော်ထင်ရှား

မြတ်စွာဘုရား၏ ကိုယ်စားလည်း ဖြစ်၏။ ထို့ကြောင့် ရှင်မဟာကဿပ စသော မထေရ်ကြီးများသည် လောက၌ အလင်းရောင် မငြိမ်းသွားအောင်၊ သက်တော်ထင်ရှား မြတ်စွာဘုရား အပြီးအပြတ် မစံလွန်ရလေအောင် သင်္ဂါယနာ အကြိမ်ကြိမ်တင်ခြင်းဖြင့် ဓမ္မဝိနယကို လက်ဆင့်ကမ်းခဲ့ခြင်း ဖြစ်၏။ ဤသည်မှာ လောက၌ ကျေးဇူးဆပ်၍ မကုန်နိုင်အောင် အလွန်ကြီးမားသော သံဃာ့ကျေးဇူး ဖြစ်၏။

သံဃာတော်များအား အထူးကျေးဇူးတင်ထိုက်သော ဆောင်ရွက်ချက် တစ်မျိုးလည်း ရှိသေး၏။ ယင်းကား တစ်ကိုယ်ကောင်း မဆန်ခြင်း ဖြစ်၏။ လောက၌ ဓမ္မဝိနယအလင်းရောင်ကို မှေးမှိန်စေနိုင်သော အဓမ္မ အဝိနယ ပေါ်ပေါက်သည်ကို မြင်ရလျှင်ဖြစ်စေ၊ ကြားရလျှင်ဖြစ်စေ၊ သံသယ ရှိလျှင်ဖြစ်စေ 'ငါနှင့်မဆိုင်ဘူး'ဟူ၍ ကြောင့်ကြမဲ့ နေတော်မမူကြဘဲ ဓမ္မဝိနယ သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် အပင်ပန်း အနစ်နာခံ၍ ဆောင်ရွက်ကြခြင်းပင် ဖြစ်၏။ သံဃာတော်များက အကယ်၍သာ 'သူ့အပြစ်နှင့်သူပဲ၊ ငါကောင်းလျှင် ပြီးရော'ဟူသော တစ်ကိုယ်ကောင်းစိတ်ဖြင့် သာသနာတော်ကို မငဲ့ဘဲ မိမိ ကိုယ်ကိုသာ ငဲ့ခဲ့ကြမည်ဆိုပါလျှင် မြတ်စွာဘုရား၏ ဓမ္မဝိနယ သာသနာတော်သည် ကမ္ဘာပေါ်တွင် ယနေ့အတိုင်းပင် ရှိလိမ့်မည်ဟု မည်သူ ပြောနိုင်ပါမည်နည်း။

[ လောကဓမ္မပဒေသာ စာစောင်၊ အောက်တိုဘာလ ၁၉၉၃ ]

# သံဃာ့ကျေးဇူး (၄)

မြတ်စွာဘုရားသည် (၄၅) နှစ် တိုင်တိုင် သတ္တဝါများအတွက် တရားတော်များကို ဟောကြားတော်မူခဲ့၏။ ထိုသို့ တရားတော်များကို ဟောကြားတော်မူရာတွင် တစ်နေရာတည်း၌သာ ဟောကြားတော်မူသည် မဟုတ်။ နေရာအနှံ့၌ ဟောကြားတော်မူခြင်း ဖြစ်၏။ နေရာအနှံ့တွင် ဗြဟ္မာပြည်လည်းပါ၏။ နတ်ပြည်လည်း ပါ၏။ လူ့ပြည်လည်း ပါ၏။ လူ့ပြည်တွင်လည်း ဆိုင်ရာဆိုင်ရာဒေသများ အားလုံးပါ၏။ မြတ်စွာဘုရားသည် ပူသည်ကိုလည်း အလေးမထား၊ အေးသည်ကိုလည်း အလေးမထား၊ မကျန်းမာသည်ကိုပင် အလေးမထား။ မြတ်စွာဘုရား အလေးထားတော်မူသည်မှာ သတ္တဝါများ အကျိုးစီးပွားရေးသာ ဖြစ်၏။ မြတ်စွာဘုရားသည် လောကတွင် အနိုင်းမဲ့ အနစ်နာခံသူ ဖြစ်၏။ သူတစ်ပါး၏ အကျိုးကို အနိုင်းမဲ့ ဆောင်ရွက်သူ ဖြစ်၏။

မြတ်စွာဘုရား ဟောတော်မူခဲ့သော တရားတော်များကို ဓမ္မဝိနယဟု ခေါ်၏။ ဓမ္မသည် အသိနှင့် ဆိုင်၏။ ဝိနယသည် အကျင့်နှင့် ဆိုင်၏။ အမှန်အားဖြင့် အသိရှိရုံမျှနှင့်လည်း မပြီးသေး၊ အကျင့်ရှိဖို့လည်း လိုသေး၏။ အသိနှင့် အကျင့်သည် ဒင်္ဂါးပြား တစ်ပြား၏ ခေါင်းနှင့် ပန်းသဖွယ် ဖြစ်၏။ ခေါင်းနှင့် ပန်းပါသော ဒင်္ဂါးပြားသည်သာ လောကတွင် အသုံးဝင်သကဲ့သို့ အသိနှင့် အကျင့်ပါသော တရားသည် လောကတွင် အသုံးဝင်လေ၏။ မြတ်စွာဘုရား (၄၅) နှစ်တိုင်တိုင် ဟောကြားတော်မူခဲ့သော တရားများ

တွင် အသိလည်း ပါ၏။ အကျင့်လည်း ပါ၏။ ထို့ကြောင့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားများသည် လောကအတွက် အဖိုးဖြတ်၍ မရနိုင်လောက်အောင် အသုံးဝင်သော တရားတော်များ ဖြစ်၏။

ထိုတရားတော်များသည် လောကအတွက် မီးရှူးတန်ဆောင်များ ဖြစ်ကြ၏။ လောကသည် မီးရှူးတန်ဆောင်၏ အလင်းရောင်များဖြင့် မိမိ သွားလိုရာကို သွားနိုင်၏။ လူ့ပြည်သို့ သွားလိုကလည်း သွားနိုင်၏။ နတ်ပြည်သို့ သွားလိုကလည်း သွားနိုင်၏။ ဗြဟ္မာ့ပြည်သို့ သွားလိုကလည်း သွားနိုင်၏။ နိဗ္ဗာန်သို့ သွားလိုကလည်း သွားနိုင်၏။ အမှန်အားဖြင့် မြတ်စွာ ဘုရား၏ တရားတော်များသည် မိမိ သွားလိုရာသို့ သွားနိုင်စေရန် လမ်းများ အားလုံးအတွက် အလင်းရောင်များကို ထွန်းညှိပေးထားလေ၏။ ထို့ကြောင့် လူတို့သည် မိမိတို့ လိုလားရာသို့ သွားနိုင်ရေးအတွက် တရားမီးတိုင်ကို ဆောင်ထားဖို့ လို၏။ တရားမီးတိုင်ကို မဆောင်ထားဘဲ သွားပါက အမှောင်တွင်း၌ သွားခြင်းမျိုး ဖြစ်သောကြောင့် သွားလိုရာက တခြား၊ ရောက်သွားသည်က တစ်မျိုး ဖြစ်နိုင်၏။ နတ်ပြည်ရောက်လို၍ သတ္တဝါများကို သတ်ပြီး ယဇ်ပူဇော်ပါလျှင် နတ်ပြည်သို့ မရောက်ဘဲ ငရဲပြည်သို့သာ ရောက်မည်ဖြစ်၏။ ထို့ကြောင့် လူတို့သည် မိမိတို့ ရောက်လိုရာဒေသသို့ မှန်မှန်ကန်ကန် ရောက်အောင် သွားနိုင်ရေးအတွက် တရားမီးတိုင်ကို ဆောင်ထားဖို့ လိုခြင်း ဖြစ်၏။

တရားမီးတိုင်ကို ငြိမ်းမသွားရလေအောင် ဆောင်ရွက်ရမည့် တာဝန်ကား ရဟန်းသံဃာတော်များ၏ တာဝန်ဖြစ်၏။ တရားမီးတိုင် လိုသူတို့အား အချိန်မရွေး ပေးရမည့်တာဝန်ကား ရဟန်းသံဃာတို့ တာဝန်ဖြစ်၏။ တရားမီးတိုင်ကို အစဉ်သဖြင့် အညစ်အကြေး မဝင်အောင် ဆောင်ရွက်ရမည့် တာဝန်ကား ရဟန်းသံဃာတို့၏ တာဝန်ဖြစ်၏။ လောကငြိမ်းချမ်းသာယာရေး အတွက် တာဝန်ကိုယ်စီ ရှိကြ၏။ လူသည်လည်း လူ့အလိုက် တာဝန်ရှိ၏။ ရဟန်းတော်များသည်လည်း ရဟန်းတော်များအလိုက် တာဝန်ရှိကြ

၏။ တာဝန်ကိုယ်စီ ရှိသည့်အတိုင်း မိမိတို့၌ရှိသော တာဝန်ကို ကျေပွန်အောင် ထမ်းရွက်ကြပါမှသာ လောကသည် မြတ်စွာဘုရား၏ အလိုတော်အတိုင်း ငြိမ်းချမ်းမည် ဖြစ်၏။

လောကတွင် ရုပ်ပိုင်းဆိုင်ရာ တန်ဖိုး၊ စိတ်ပိုင်းဆိုင်ရာ တန်ဖိုးနှင့် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ တန်ဖိုးဟူ၍ တန်ဖိုးသုံးမျိုး ရှိ၏။ ထိုတန်ဖိုးသုံးမျိုးတို့တွင် ရုပ်ပိုင်းဆိုင်ရာ တန်ဖိုးထက် စိတ်ပိုင်းဆိုင်ရာ တန်ဖိုးက ပို၍ မြတ်နိုးဖွယ်ကောင်း၏။ တစ်ဖန် စိတ်ပိုင်းဆိုင်ရာ တန်ဖိုးထက် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ တန်ဖိုးက ပို၍ မြတ်နိုးဖွယ် ကောင်း၏။ ထို့ကြောင့် လောကတွင် တန်ဖိုးသုံးမျိုးအနက် ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ တန်ဖိုးသည်သာ မြတ်နိုးဖွယ်အကောင်းဆုံး ဖြစ်၏။ ဤအမြင်နှင့် ဤအသိကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဓမ္မဝိနယက ပြလေ၏။ ဓမ္မဝိနယ အလင်းရောင်ဖြင့် ကြည့်မှသာ ဤအမြင်နှင့် ဤအသိကို မြင်နိုင်၏။ အခြားအလင်းရောင်ဖြင့် ကြည့်က မမြင်နိုင်ချေ။

ရုပ်ပိုင်းဆိုင်ရာ တန်ဖိုးဟူသည်မှာ ပစ္စည်းဥစ္စာများနှင့် ပြည့်စုံမှု ဖြစ်၏။ စိတ်ပိုင်းဆိုင်ရာ တန်ဖိုးဟူသည်မှာ အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံမှု ဖြစ်၏။ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ တန်ဖိုးဟူသည်မှာ မကောင်းမှုဒုစရိုက်များကို မပြုဘဲ စိတ်ကို ဖြူစင်စွာထားပြီး ကောင်းမှု သုစရိုက်များကို ပြုခြင်းဖြစ်၏။ ယင်းကို ကိုယ်ကျင့်သီလနှင့် ပြည့်စုံမှုဟူ၍ ဆို၏။ ထို့ကြောင့် ဤလောကတွင် ပစ္စည်းဥစ္စာများနှင့် မည်မျှပင် ပြည့်စုံစေကာမူ ကိုယ်ကျင့်သိက္ခာ မကောင်းဘူးဆိုပါက ထိုပုဂ္ဂိုလ်မျိုးသည် လောကကိုလှအောင် တန်ဆာ ဆင်နိုင်သူ မဟုတ်။ ထို့အပြင် ဤလောကတွင် အသိပညာများ၊ အတတ်ပညာများနှင့် မည်မျှပင် ပြည့်စုံစေကာမူ ကိုယ်ကျင့်သီလနှင့် မပြည့်စုံဘူးဆိုပါက ထိုပုဂ္ဂိုလ်မျိုးသည်လည်း လောကကို လှအောင် တန်ဆာဆင်နိုင်သူ မဟုတ်။ အမှန်အားဖြင့် ကိုယ်ကျင့်သီလနှင့် ပြည့်စုံသူများသာလျှင် လောကကို လှအောင် တန်ဆာဆင်နိုင်သူ ဖြစ်လေ၏။

**ပညာ့ရိပ်မွန်**

လောကကို လှအောင် တန်ဆာဆင်ခြင်းဟူသည်မှာ လောကကို ငြိမ်းချမ်းသာယာပြီး နေချင့်စဖွယ် ဖြစ်ရလေအောင် ဖန်တီးခြင်း ဖြစ်၏။ ငြိမ်းချမ်းသာယာပြီး နေချင့်စဖွယ်ကောင်းသော လောကဟူသည်မှာလည်း မကောင်းမှု အကုသိုလ် ဒုစရိုက်များ ကင်းမှ ဖြစ်ပေလိမ့်မည်။ အထပ်ပေါင်း တစ်ရာ မကရှိသော တိုက်ကြီးများ ဆောက်နိုင်အောင် ပစ္စည်းဥစ္စာများ ကြွယ်ဝ ချမ်းသာနေရုံမျှနှင့်လည်း မဖြစ်။ အခြားကမ္ဘာသို့ သွားနိုင်အောင် အသိပညာရပ်များနှင့် အတတ်ပညာရပ်များ ထွန်းကားနေရုံမျှနှင့်လည်း မဖြစ်။

ဓမ္မဝိနယ အလင်းရောင်ဖြင့် လောကကို မကြည့်ဘူးဆိုပါလျှင် အသိနှင့် အမြင်သည် တစ်မျိုးဖြစ်သွားနိုင်၏။ ကိုယ်ကျင့်သိက္ခာတန်ဖိုးထက် ရုပ်ပိုင်းဆိုင်ရာတန်ဖိုးကို အလေးအမြတ်ပြုပြီး မိမိတို့၏ ကိုယ်ကျင့်သိက္ခာကို ပစ္စည်းများနှင့် လဲလှယ်တတ်၏။ တစ်ဖန် ကိုယ်ကျင့်သိက္ခာတန်ဖိုးထက် စိတ်ပိုင်းဆိုင်ရာတန်ဖိုးကို အလေးအမြတ်ပြုပြီး မိမိတို့၏ ကိုယ်ကျင့်သိက္ခာကို အသိပညာ၊ အတတ်ပညာများနှင့် လဲလှယ်တတ်ကြ၏။ ထိုအခါ လောကသည် ကမောက်ကမ ဖြစ်သွားတတ်၏။ ထိုသို့ လဲလှယ်ရာတွင် မိမိတို့ လိုချင်သည်က ငြိမ်းချမ်းသာယာမှု၊ ရလာသည်က ဆူပွက်လောင်မြိုက်မှု။ ထို့ကြောင့် မိမိတို့ လိုချင်သည့်အတိုင်း မှန်မှန်ကန်ကန် ရနိုင်လေအောင် လောကကို ဓမ္မဝိနယ အလင်းရောင်ဖြင့် ကြည့်အပ်၏။

ထိုသို့ကြည့်ပါလျှင် လောက၌ မည်သည့်လုပ်ငန်းကို လုပ်လုပ်၊ ကိုယ်ကျင့်သိက္ခာကို အခြေခံအုတ်မြစ်အဖြစ် ထားပြီးမှ အပေါ်ထပ် အဆောက်အအုံများအဖြစ်ဖြင့် ဆိုင်ရာဆိုင်ရာ လုပ်ငန်းများကို လုပ်ကိုင်ရမည် ဖြစ်ကြောင်း သိမြင်လာ၏။ သို့ဖြစ်၍ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် ပစ္စည်းဥစ္စာများကို ရှာဖွေမည်ဆိုလျှင်လည်း ကိုယ်ကျင့်သိက္ခာကို အုတ်မြစ်အဖြစ် ထားရ၏။ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် အသိပညာများနှင့် အတတ်ပညာများကို ရှာဖွေမည်ဆိုလျှင်လည်း ကိုယ်ကျင့်သိက္ခာကို အုတ်မြစ်

အဖြစ် ထားရ၏။ လောက ငြိမ်းချမ်းသာယာရေးအတွက် ဤသို့ဆောင်ရွက်ရန် ဓမ္မဝိနယက ပြ၏။ ဓမ္မဝိနယ အလင်းရောင်ဖြင့် ကြည့်ပါက ဤသို့သာ မြင်ရလေ၏။

ဘဝခရီးကို လျှောက်ကြတော့မည်ဆိုလျှင် မိမိတို့၏ ဘဝခရီး၌ တူရူနှစ်ဖက် ရှိ၏။ တစ်ဖက်သော တူရူမှာ အသာစံခြင်းသို့ ဦးတည်၏။ အခြားတစ်ဖက်သော တူရူမှာ အနာခံခြင်းသို့ ဦးတည်၏။ မိမိတို့ နှစ်သက်သလို လျှောက်နိုင်၏။ ဓမ္မဝိနယကလည်း တူရူနှစ်ဖက်လုံးကိုပင် အလင်းရောင် ပေး၏။ ရောက်ရမည့် ပန်းတိုင်ကိုလည်း ပြ၏။ အသာစံခြင်း တူရူအတိုင်း လျှောက်ပါက ဆူပွက်လောင်မြိုက်ခြင်း ပန်းတိုင်သို့ ရောက်၏။ အနာခံခြင်း တူရူအတိုင်း လျှောက်ပါက ငြိမ်းချမ်းသာယာခြင်း ပန်းတိုင်သို့ ရောက်၏။

သို့ရာတွင် မိမိတို့က ငြိမ်းချမ်းသာယာခြင်း ပန်းတိုင်သို့ ရောက်ချင်၏။ လျှောက်နေသည်က ဆူပွက်လောင်မြိုက်ခြင်း ပန်းတိုင်ဘက် ဖြစ်နေလျှင်မူ ခုတ်ရာတခြား ရှရာတလွဲကဲ့သို့ ဖြစ်နေပေလိမ့်မည်။ ဤတွင် အသာစံခြင်းဟူသည်မှာ ကိုယ်ကျင့်သိက္ခာ မဖွံ့ဖြိုးခြင်းဖြစ်၍၊ အနာခံခြင်းဟူသည်မှာ ကိုယ်ကျင့်သိက္ခာ ဖွံ့ဖြိုးခြင်း ဖြစ်၏။

အနာခံခြင်းဟူသည်မှာ မိမိ၏ သန္တာန်၌ ကိန်းနေသော လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာနများကို ပယ်သတ်နိုင်မှ ဖြစ်၏။ အသာစံခြင်းဟူသည်မှာ မိမိသန္တာန်၌ ကိန်းနေသော လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာနများကို မပယ်သတ်ပါမှ ဖြစ်၏။ လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာနများ ပယ်သတ်ခြင်းကို ကိုယ်ကျင့်သိက္ခာ ပြည့်စုံအောင် ကျင့်ခြင်းဟူ၍ ဆို၏။

ထို့ကြောင့် အနာခံသည့်ဘက်မှ နေနိုင်အောင် ကြိုးပမ်းခြင်းသည် ကိုယ်ကျင့်သိက္ခာကို ဖွံ့ဖြိုးအောင် တည်ဆောက်ခြင်း ဖြစ်၏။ သူတော်စင်ဟူသမျှသည် လောဘ၊ ဒေါသ၊ မောဟနှင့် မာန်မာန နည်းပါးသူများ ဖြစ်

ကြ၏။ ထို့ကြောင့် သူတော်စင်များသည် အနာခံသည့်ဘက်မှ နေသူများ ဖြစ်ကြ၏။ သူတို့သည် လောကခရီးတွင် အနာခံခြင်း တူရူအတိုင်း လျှောက်ကြသူများ ဖြစ်ကြ၏။ ထို့ကြောင့် သူတော်စင်များသည် ငြိမ်းချမ်းသာယာခြင်း ပန်းတိုင်သို့ ရောက်ကြပေလိမ့်မည်။ ဤအသိ ဤအမြင်ကို ရဟန်းသံဃာတော်များက ပေး၏။ ထိုသို့ပေးရာတွင် ရဟန်းသံဃာတော်များက ဤအသိ ဤအမြင်ကို သူတို့ ခေတ်အဆက်ဆက် ဆောင်ယူလာကြသော ဓမ္မဝိနယမှ ထုတ်နုတ်၍ ပေးခြင်းဖြစ်၏။ အကယ်၍သာ ရဟန်းသံဃာတော်များသည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဓမ္မဝိနယကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်း၍ မဆောင်ခဲ့ဘူးဆိုပါလျှင် သူတို့သည် ဤအသိ ဤအမြင်မျိုးကို လောကအား ပေးနိုင်လိမ့်မည် မဟုတ်။ ထို့ကြောင့် လောကအား ဤအသိ ဤအမြင်မျိုးကို ပေးနိုင်ရန် ဓမ္မဝိနယကို ခေတ်အဆက်ဆက် လက်ဆင့်ကမ်း၍ ဆောင်တော်မူခဲ့ကြသော သံဃာတော်များ၏ ကျေးဇူးသည် လောကအပေါ် ကြီးမားပါလေစွ။

[ လောကဓမ္မပဒေသာ စာစောင်၊ ဒီဇင်ဘာလ ၁၉၉၃ ]

# မြန်မာနိုင်ငံနှင့် တန္တရဝါဒ

တန္တရဝါဒအကြောင်း ပြောရမည်ဆိုလျှင် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ညဉ့်၏ နောက်ဆုံးယံကို ဗဟိုပြု၍ ပြောရမည် ဖြစ်၏။ ထိုကာလတွင် ရှေ့ပိုင်းလည်း ရှိ၏။ နောက်ပိုင်းလည်း ရှိ၏။ ရှေ့ပိုင်းကာလတွင် အတ္တသည် အရာရာကို စိုးမိုး၏။ ဤသို့ ယူကြ၏။ နောက်ပိုင်းကာလတွင် အနတ္တသည် အရာရာကို စိုးမိုး၏။ ဤသို့ ယူကြ၏။

ရှေ့ပိုင်းကာလအရ အတ္တဟူသည် မပျက်မစီး အမြဲရှိနေသော ဓမ္မ ဖြစ်၏။ ယင်းကို ဗြဟ္မာဟူ၍လည်း ခေါ်၏။ ထို့ကြောင့် အရာဝတ္ထုတစ်ခု သည် မပျက်မစီး အမြဲရှိသော ဓမ္မဖြစ်ရိုးမှန်လျှင် အတ္တ သို့မဟုတ် ဗြဟ္မာ ဖြစ်ရမည်။ မပျက်မစီးဘဲ အမြဲရှိနေနိုင်မှတော့ ထိုဓမ္မသည် အတိုင်းမသိ သော စွမ်းအားကို ပိုင်ဆိုင်မည်မှာ ယုံမှားစရာ ဘာမျှမရှိ။

လက်တွေ့မျက်မြင်အားဖြင့် မပျက်မစီးဘဲ အမြဲတည်ရှိနိုင်သော ဓမ္မကိုရှာလျှင် 'အသံ'ကို တွေ့ရ၏။ 'အသံ'ဟူသည် အစိတ်အပိုင်းလည်း မရှိ၊ အားလုံး တစ်ခုတည်း ဖြစ်၏။ ယင်းသဘောကို 'နိရဝယဝ'ဟု ဆို၏။ ထိုအပြင် နေရာတိုင်း၌ ရှိ၏။ ယင်းသဘောကို 'သဗ္ဗဗျာပီ' ဟု ဆို၏။ နိရဝယဝနှင့် သဗ္ဗဗျာပီ ဟူသော ဝေါဟာရတို့သည် ဤ အတ္တ သို့မဟုတ် ဗြဟ္မာတို့နှင့် ပတ်သက်၍ ပြောရာဆိုရာ၌ သုံးနှုန်းသော ဝေါဟာရများ ဖြစ်ကြ၏။ ထို့ကြောင့် 'အသံ'ဟူသည် အတ္တ သို့မဟုတ် ဗြဟ္မာ ဖြစ်လေ၏။

'အသံ'သည် အတ္တ သို့မဟုတ် ဗြဟ္မာဖြစ်သဖြင့် ဓမ္မတာအတိုင်း လောကကို ဖန်ဆင်း၏။ ထိုသို့ ဖန်ဆင်းရာ၌ လောကရှိ အရာရာတိုင်း၏ အနှစ်သာရအနေဖြင့် ဖန်ဆင်းခြင်း ဖြစ်၏။ ဤလောက၌ တွေ့နေ မြင်နေ ရသော သက်ရှိသက်မဲ့ အရာဝတ္ထုဟူသမျှသည် 'အခွံ'များနှင့် 'အကာ'များ

သာ ဖြစ်ပါ၏။ ထို့ကြောင့် အနှစ်သာရဖြစ်သော 'အသံ'ကို ဖယ်လိုက်၊ နုတ်လိုက်လျှင် လောကရှိ အရာဝတ္ထုမှန်သမျှသည် 'အခွံ'ချည်း သို့မဟုတ် 'အကာ' ချည်း ကျန်ရှိတော့သဖြင့် ဘာမျှ တန်ဖိုးဟူ၍ မရှိတော့ချေ။

'အသံ'ဟူသည် နေရာတိုင်း၌ ရှိ၏။ အရာရာတိုင်း၌ ရှိ၏။ သစ်သားတုံးကို ခေါက်ကြည့်ပါက ဒေါက်ဒေါက်ဟူ၍ အသံထွက်၏။ ထိုသို့ သစ်သားတုံးမှ 'အသံ'ထွက်လာခြင်းမှာ သစ်သားတုံး၌ မူလကတည်းက 'အသံ' ရှိနေသောကြောင့် ဖြစ်၏။ လူတို့သည်လည်း ဘာသာစကားကို ပြောကြ၏။ ဆိုကြ၏။ ထိုသို့ ပြောကြ၊ ဆိုကြခြင်းမှာ လူတို့၌ မူလကတည်းက 'အသံ' ရှိနေသောကြောင့် ဖြစ်၏။ သို့ရာတွင် 'အသံ'ထွက်ရာ၌မူ ခြားနားခြင်းတော့ ရှိ၏။ ထိုသို့ ခြားနားခြင်းမှာလည်း အကြောင်းတရားများ အနေဖြင့် ခြားနားကြသောကြောင့် ဖြစ်၏။ ဘာသာစကားအနေဖြင့် အသံထွက်ရာ၌ ဌာန် ကရိုဏ်း ပယတ်တို့ကြောင့် ဖြစ်၏။ သက်မဲ့အရာဝတ္ထုများမှ အသံထွက်ရာ၌မူ ဌာန် ကရိုဏ်း ပယတ်တို့ကြောင့် မဟုတ်။ အရာဝတ္ထုများ အချင်းချင်း ထိခိုက်သောကြောင့် ဖြစ်၏။

သက်ရှိမှ ဖြစ်စေ၊ သက်မဲ့မှ ဖြစ်စေ အသံထွက်ရာ၌ သက်ရှိပဲ ဖြစ်ဖြစ်၊ သက်မဲ့ပဲ ဖြစ်ဖြစ် ထိုထိုအရာဝတ္ထုများက 'အသံ'ကို မရှိသော သဘောမှ ရှိသော သဘောသို့ ဖြစ်ပေါ်လာအောင် လုပ်ခြင်းသာ မဟုတ်။ မထင်ရှားသော သဘောမှ ထင်ရှားသော သဘော ဖြစ်ပေါ်လာအောင်သာ လုပ်ခြင်းဖြစ်၏။ **'မရှိသော သဘောမှ မရှိသောသဘော ဖြစ်ပေါ်လာနိုင်၏။ ရှိသော သဘောသည် ဖြစ်ပေါ်မလာနိုင်ချေ'** ဟူ၍ ဆိုကြသော ဒဿနပညာရှင်တို့၏ အဆိုအမိန့်အရ အကယ်၍သာ အသံသည် မူလကတည်းက ကြိုတင်ပြီး ရှိမနေဘူးဆိုပါလျှင် သက်ရှိဖြစ်စေ၊ သက်မဲ့ဖြစ်စေ မည်သည့် အရာဝတ္ထုကမျှ အသံကို ဖြစ်ပေါ်လာအောင် ဆောင်ရွက်နိုင်စွမ်း ရှိမည် မဟုတ်။ ဤသို့သော အဓိပ္ပာယ်ကို ရည်၍ ဒဿနပညာရှင် နီလဏ္ဍက–

**'အဟမပိ ပိဗ္ဗကမ္မပေက္ခာ ယော၀ တံ ပ၀တ္တာယာမိ'**

**ပညာ့ရိပ်မွန်**

**အဟမပိ**– 'ငါ' ဖန်ဆင်းရှင်သော်မှ၊ **ပုဗ္ဗကမ္မပေက္ခယ ဧဝ**– မဖန်ဆင်းမီ မူလက ရှိနှင့်နေသော ဖန်ဆင်းစရာ အရာဝတ္ထုကို မြင်သဖြင့်သာလျှင်၊ **တံ**– ဖန်ဆင်းအပ်သော ထိုထို သက်ရှိ သက်မဲ့ အရာဝတ္ထုကို၊ **ပဝတ္တာယာမိ**– ဖန်ဆင်းနိုင်ပါ၏။' ဟူ၍ ဆိုခြင်း ဖြစ်တန်ရာ၏။

ထို့ကြောင့် အသံဟူသည် မူလရှိပြီးသား နိစ္စတရား ဖြစ်၏။ အကြောင်းကင်းသော တရားလည်း ဖြစ်၏။ အမှန်အားဖြင့် အကြောင်းကင်းမှ နိစ္စဖြစ်၏။ သို့ရာတွင် ကြားနေကြရသော အသံများကား အကြောင်းမကင်းကြ။ အကြောင်းတို့၏ ပေါင်းဆုံမှုကြောင့်သာ ဖြစ်ရခြင်း ဖြစ်၏။ အကြောင်းမကင်းသဖြင့်လည်း အနိစ္စ ဖြစ်ရလေ၏။ သို့ဖြစ်လေရာ မူလရှိနှင့်သော အသံသည် နိစ္စဖြစ်၏။ အစိတ်စိတ်ဟူ၍ မရှိ။ နေရာတိုင်း အရာဝတ္ထုတိုင်း၌ ရှိ၏။ မပျက်မစီး အမြဲ တည်၏။ အကြောင်း ကင်း၏။ ထို့ကြောင့် ထိုနိစ္စဖြစ်သော အသံကို ဖြစ်ပေါ်လာအောင် လုပ်၍ မရ။ ထင်ရှားလာအောင်သာ လုပ်၍ ရလေ၏။ ဖြစ်ပေါ်လာအောင် လုပ်ခြင်းကို 'ဥပ္ပါဒက' ဟူ၍ ဆို၏။ ထင်ရှားလာအောင် လုပ်ခြင်းကို 'အဘိဗျဉ္ဇက' ဟူ၍ ဆို၏။

နိစ္စဖြစ်သော အသံသည် ဖြစ် တည် ပျက် သဘောမရှိ။ အားလုံးမှ 'တစ်ခု'တည်း ဖြစ်၏။ ထို 'တစ်ခု'တည်းမှ အင်္ဂလိပ်သံ၊ မြန်မာသံ၊ သက်ရှိသံ၊ သက်မဲ့သံ စသည်အားဖြင့် အမျိုးမျိုး ဖြစ်လာ၏။

အမျိုးမျိုးသည် ဖြစ် တည် ပျက် သဘောရှိ၏။ အနိစ္စ ဖြစ်၏။ နိစ္စအသံသည် တကယ်ရှိသော အတ္တ သို့မဟုတ် ဗြဟ္မာဖြစ်၏။ အတ္တ သို့မဟုတ် ဗြဟ္မာဖြစ်၍လည်း တန်ခိုးတော်အနန္တနှင့် ပြည့်စုံ၏။ အနိစ္စ အသံကား တကယ်မရှိဘဲ အထင်ရှိသော 'လောက' ဖြစ်၏။ တကယ်မရှိဘဲ အထင်ရှိသာ ဖြစ်သော်လည်း ယင်း၏ အတွင်း၌ အနန္တစွမ်းအင်နှင့် ပြည့်စုံသော တကယ်ရှိသော အသံသည် ပျံ့နှံ့၍ တည်၏။ ထို့ကြောင့် အနိစ္စ အသံသည်လည်း နိစ္စအသံမှ အနန္တစွမ်းအင်ကို ရရှိလေ၏။

သို့ဖြစ်လေရာ အနန္တစွမ်းအင်ရှိသော အသံကို မန္တန်အဖြစ် စနစ်

တကျ အသုံးချတတ်ပါက မိမိလိုချင်သော အကျိုးတရားကို ရနိုင်၏။ ဤသို့သော အယူသည် အထဗ္ဗဝေဒ၌ စတင်၍ ဖြစ်ပေါ်လာ၏။ ဤအယူကို တန္တရဝါဒဟု ဆို၏။ တန္တရဝါဒအရ စီးပွားဖြစ်လိုလျှင်လည်း မန္တန်ကို ရွတ်ရ၏။ ရာထူးတက်လိုလျှင်လည်း မန္တန်ကို ရွတ်ရ၏။ အန္တရာယ်ကင်းလိုလျှင်လည်း မန္တန်ကို ရွတ်ရ၏။ ကောက်ပင်ကို သန်စွမ်းစေလိုလျှင်လည်း မန္တန်ကို ရွတ်ရ၏။ အယုတ်ဆုံးအားဖြင့် ချစ်ခြင်းမေတ္တာကို ရလိုလျှင်တောင်မှ မန္တန်ကို ရွတ်ရ၏။ ဤသို့လျှင် မန္တန်သည် ဖြစ်စေချင်သမျှ ဖြစ်စွမ်းစေနိုင်သော၊ ရစေချင်သမျှကို ရစွမ်းစေနိုင်သော အနန္တစွမ်းအားရှင် ဖြစ်လာလေ၏။

တန္တရဝါဒ၏ အဆိုအမိန့်အတိုင်း မန္တန်သည် တကယ်တမ်း အစွမ်းထက်သည်၊ မထက်သည်ကိုမူ ထိုထိုမန္တန်ကို ရွတ်ဆိုဖူးသူများသာ သိကြပေမည်။ သို့မဟုတ် ထိုသူများသည်ပင် သိချင်မှ သိကြပေမည်။ အဘယ့်ကြောင့်ဆိုသော် လောကရေးသည် သိနိုင်ခဲသောကြောင့် ဖြစ်၏။ အမှန်အားဖြင့် တန္တရဝါဒသည် ဖြတ်လမ်း၌ သက်ဝင်ယုံကြည်သော ဝါဒဖြစ်၏။ စပါးအထွက် ကောင်းအောင် အားသွန်ခွန်စိုက် ထွန်ယက်စိုက်ပျိုးဖို့ မလို၊ မန္တန်ကိုသာ ရွတ်ဖို့လို၏။ ရာထူးတက်အောင် အလုပ်ကြိုးစားဖို့ မလို၊ မန္တန်ရွတ်ဖို့သာ လို၏။ ဤသို့လျှင် တန္တရဝါဒသည် ဘာသာရေး၌ ဖြတ်လမ်းကို ဖောက်လုပ်ပေး၏။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ ညဉ့်၏ ပစ္ဆိမယာမ်၌ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သဗ္ဗညုတ ဉာဏ်တော်ကို ရ၍ လောကသုံးပါး၌ အနှိုင်းမဲ့ မြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ထိုကာလ၏ နောက်ပိုင်းသည် ရှေ့ပိုင်းနှင့် မတူ၊ လုံးလုံးထူး၏။

ထိုနှစ် ဝါဆိုလပြည့် စနေနေ့မှစ၍ (၄၅) ဝါတို့ ကာလပတ်လုံး တရားဓမ္မများကို မနားမနေ ဟောကြားတော်မူခဲ့၏။ ထိုတရားတော်များအရ အနန္တစွမ်းအားကို 'အသံ'မှ 'စေတနာ'သို့မဟုတ် 'ကံ'အပေါ်၌ ပြောင်းရွှေ့၍ ထားတော်မူခဲ့၏။ စေတနာဆိုသော်လည်း စေတနာသက်သက်ကို

ဆိုသည် မဟုတ်။ သိက္ခာသုံးပါးပေါ်၌ တည်ဆောက်ထားသော စေတနာကို ဆိုခြင်း ဖြစ်၏။ သိက္ခာသုံးပါးပေါ်၌ တည်ဆောက်ထားရုံမက တန်ခိုး ဣဒ္ဓိပါဒ် ရှိလာအောင်လည်း လုပ်ဖို့လိုသေး၏။ တကယ်ဖြစ်လိုသော ဆန္ဒ လည်း ရှိမည်၊ မလျှော့သော ဝီရိယလည်း ရှိမည်၊ စိတ်ဓာတ်လည်း ခိုင်မာ မည်၊ အသိဉာဏ်ပညာနှင့်လည်း ပြည့်စုံမည်ဆိုပါလျှင် တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသည် မည်၏။ ထိုကဲ့သို့ သိက္ခာသုံးပါးလည်း မြင့်မားမည်၊ တန်ခိုး ဣဒ္ဓိပါဒ် လေးပါးနှင့်လည်း ပြည့်စုံမည်ဆိုလျှင် ယင်းတို့အပေါ်၌ တည် ဆောက်ထားသော စေတနာသည် မိမိတို့ အလိုရှိသော အကျိုးကို ပေးစွမ်း နိုင်၏။ ဤသို့ မြတ်စွာဘုရားက ဟောကြားတော်မူ၏။

ဤသည်မှာ ဗုဒ္ဓဝါဒဖြစ်၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီး နောက် ရှင်မဟာကဿပ စသော မထေရ်ကြီးများသည် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဒေသနာတော်များကို လိုက်နာကျင့်သုံးရေးနှင့် ပတ်သက်၍ 'မူ' ချမှတ်တော်မူခဲ့၏။ မထေရ်ကြီးများ ချမှတ်တော်မူခဲ့သော 'မူ'မှာ–

"နောက်ထပ် အသစ်လည်း မထည့်ရန်၊ မူလရှိပြီးသားကိုလည်း မဖြုတ်ရန်" ဟူ၍ ဖြစ်၏။ အမှန်အားဖြင့် မြတ်စွာဘုရား၏ ဒေသနာတော် သည် တိုးစရာလည်း မလို၊ ဖြုတ်စရာလည်း မလို၊ ပြုပြင်စရာလည်း မလို။ အဘက်ဘက်မှ အားလုံးပြီးပြည့်စုံသော ဒေသနာတော် ဖြစ်၏။ ယင်းသို့ ဖြစ်ခြင်းကို 'ကေဝလပရိပုဏ္ဏ'ဟူ၍ ဆို၏။ အမှန်အားဖြင့် မြတ်စွာဘုရား သည် အလုံးစုံကို သိစွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်ရှင် ဖြစ်တော်မူ၏။ ထို့ကြောင့် မြတ်စွာဘုရားထက် မည်သူမျှ ပို၍ မတတ်သည်မှာ ထင်ရှား ပါ၏။ အကယ်၍ သဗ္ဗညုတဉာဏ်တော်ကို ယုံကြည်ပါသည် ဆိုလျှင် သဗ္ဗညုတ ဉာဏ်တော်ဖြင့် ဟောကြားတော်မူထားသော ဒေသနာတော်၌ အသစ် ထပ်ထည့်စရာလည်း မလို၊ ရှိပြီးသားကို ဖြုတ်စရာလည်း မလို၊ ပြုပြင်စရာလည်း မလို။ ရှင်မဟာကဿပ စသော မထေရ်ကြီးများ ချမှတ် တော်မူထားသည့် 'မူ'အတိုင်း လိုက်နာရန်သာ ရှိပါ၏။

မြတ်စွာဘုရား၏ ဒေသနာတော်၌ 'မန္တန်'ဟူသော ဝေါဟာရကို တွေ့နိုင်ပါ၏။ ထိုသို့တွေ့ရာတွင် မြတ်စွာဘုရား၏ ဒေသနာတော်သည်လည်း တန္တရဝါဒလာ မန္တန်နှင့် တစ်တန်းတစ်စားတည်း အနေဖြင့် 'မန္တန်' ပင် ဖြစ်သည်ဟု ဆိုလိုသည် မဟုတ်။ တန္တရဝါဒလာ မန္တန်က ပေးသည်ဟု ယုံကြည်ကြသော အကျိုး အာနိသင်များကိုလည်း ဒေသနာတော်များက ပေးပါ၏။ ထိုထက် ပို၍လည်း ပေးပါ၏။ ထို့ကြောင့် တန္တရဝါဒလာ မန္တန်များကိုသာ အားကိုးမနေကြနှင့်။ မိမိကိုယ်ကိုသာ အားကိုးကြ။ မိမိကိုယ်ကို အားကိုးဖို့ဆိုသည်မှာ ပိဋကတ်တော်များ၌ လာရှိသည့်အတိုင်း သိက္ခာသုံးပါးကို မြင့်မားအောင် ဆောက်တည်ကြရန် ဖြစ်၏။ ဣဒ္ဓိပါဒ်လေးပါးကို ပွားများကြရန် ဖြစ်၏။ ထိုအခါ မန္တန်က ပေးနိုင်သော အကျိုးကိုလည်း ရ၏။ ထိုထက် ပို၍လည်း ရ၏။ ဤသို့ ဆိုလိုရင်း ဖြစ်၏။

ဗုဒ္ဓဝါဒ၌ ဖြတ်လမ်း မရှိ။ အစဉ်အတိုင်း လျှောက်ရသော လမ်းသာ ရှိ၏။ အစဉ်အတိုင်း လျှောက်ရသော လမ်းကို **'အနုပုဗ္ဗပဋိပဒါ'**ဟူ၍ ဆို၏။ တန္တရဝါဒ၌ စွမ်းအင်ကို မန္တန်၌ ထား၏။ ဗုဒ္ဓဝါဒ၌ စွမ်းအင်ကို 'စေတနာ' သို့မဟုတ် 'ကံ'၌ ထား၏။ သို့ဖြစ်လေရာ တန္တရဝါဒအရ မန္တန်က အကျိုးပေးသည်ဟု ဆိုနိုင်၏။ ဗုဒ္ဓဝါဒအရမူ 'ကံ' က သို့မဟုတ် 'စေတနာ'က အကျိုးပေးသည်ဟု ဆိုပါ၏။ မန္တန်က အကျိုးပေးလျှင် မန္တန်ကို ထက်မြက်အောင် လုပ်ဖို့ လို၏။ စေတနာက အကျိုးပေးလျှင် စေတနာကို ထက်မြက်အောင် လုပ်ဖို့ လို၏။

ဗုဒ္ဓဝါဒသည် တန္တရဝါဒအပေါ် စစ်မှန်သောချမ်းသာ ရရှိရေးနှင့် ပတ်သက်ပြီး မယုံကြည်၍ ဖြစ်ပေါ်လာသော ဝါဒဖြစ်၏။ ထို့ကြောင့် ချမ်းသာသုခ ရရှိရေးနှင့် ပတ်သက်၍ လုပ်နည်းလုပ်ဟန်လည်း မတူ။ မိမိအလိုရှိသော ချမ်းသာသုခကို ရရှိနိုင်ရန် ရှာရာတွင် တန္တရဝါဒက မိမိအတွက် 'ပန်းတိုင်' အဖြစ် ခံယူ၍ တဏှာဖြင့် သိမ်းပိုက်ရန် ရှာခြင်းဖြစ်၏။ ဗုဒ္ဓဝါဒက မိမိအတွက် ရရှိသော ချမ်းသာသုခကို 'လက်နက်ကောင်း'အဖြစ်

အသုံးပြု၍ တဏှာကို ဖျက်ဆီးရန် ရှာခြင်းဖြစ်၏။ တန္တရဝါဒသည် 'ပစ္စည်းဥစ္စာ ပြည့်စုံခြင်း၊ ထင်ပေါ်ကျော်ကြားခြင်း၊ တန်ခိုးအာဏာ ထက်မြက်ခြင်း၌ မြတ်နိုးဖွယ်'ကို ရှာ၏။ ဗုဒ္ဓဝါဒကား 'အကျင့်သိက္ခာ ဖြူစင်မြင့်မြတ်မှု၌ မြတ်နိုးဖွယ်'ကို ရှာ၏။ အကျင့်သိက္ခာ ဖြူစင်မြင့်မြတ်လေသောအခါ လောကအတွက် မိမိ၏ စည်းစိမ်ဥစ္စာကိုသာမက မိမိ၏ ခန္ဓာအစိတ်အပိုင်းများကို ဖြစ်စေ၊ မိမိ၏ အသက်ကိုပင် ဖြစ်စေ စွန့်လွှတ်ရခြင်း၌ 'မြတ်နိုးဖွယ်' ကို ရှာနိုင်လာ၏။ ဝါဒနှစ်ရပ်သည် အချင်းချင်း ဤသို့ ဆန့်ကျင်၏။

တန္တရဝါဒသည် လောလောဆယ် အသက်မွေးမြူရာ၌ ဘဝစည်ပင်ရေးအတွက် ချမ်းသာကို ရှာပေးနိုင်သဖြင့် လူအပေါင်းတို့၏ စိတ်ကို ဆွဲဆောင်နိုင်၏။ ဗုဒ္ဓဝါဒကား အသက်မွေးမြူရာ၌ ဒုက္ခကို တွေ့ပြီး ဘဝချုပ်ငြိမ်းရေး၌သာ ချမ်းသာကို ရှာပေးနိုင်သဖြင့် လူအပေါင်းတို့၏ စိတ်ကို ဆွဲဆောင်ခြင်း မပြုနိုင်ပေ။ ရှာမှရှားသော လူမွန် လူမြတ်များ၏ စိတ်ကိုသာ ဆွဲဆောင်နိုင်ပါ၏။ ထို့ကြောင့် လူညံ့များ ပျော်မွေ့လေရာ ဤလောက၌ တန္တရဝါဒ စိုးမိုးနိုင်ခြင်း ဖြစ်ပါ၏။

တန္တရဝါဒသည် အထဗ္ဗဝေဒ၌ သန္ဓေတည်ခဲ့၏။ ဗြဟ္မဏဝါဒ၌ လူလားမြောက်ခဲ့၏။ မဟာယာနဝါဒ၌ အသက်မွေးမြူခဲ့၏။ ထိုနည်းဖြင့် တန္တရဝါဒသည် မဇ္ဈိမဒေသမှ မြန်မာနိုင်ငံသို့ ရောက်လာ၏။ တန္တရဝါဒသည် မြန်မာနိုင်ငံအတွင်း၌ မိမိပိုင် ဂါထာမန္တန်များဖြင့် မိမိကိုယ်ကို ထင်စွာ ပြသည်လည်း ရှိ၏။ ဇားမဲ့ ဇားတမော့ဟူသော အမည်များသည် တန္တရဝါဒနှင့် စပ်၍ ထင်ရှားသော အမည်များ ဖြစ်ကြ၏။ တန္တရဝါဒသည် မဟာယာန အသွင်ဖြင့် မိမိကိုယ်ကို ထင်စွာ ပြသည်လည်း ရှိ၏။ 'ဥုံ မဏိပဒ္မေဟုံ' ဟူသော မန္တန်သည် ထင်ရှားသော သာဓကပင် ဖြစ်၏။ သို့ရာတွင် တန္တရဝါဒသည် ထိုမျှလောက်နှင့် အားမရသေးဘဲ ထေရဝါဒအတွင်းသို့ပါ ချဉ်းနင်း ဝင်ရောက်လာ၏။ ထေရဝါဒအတွင်းသို့ ချဉ်းနင်းဝင်ရောက်သောအခါ၌မူ မိမိကိုယ်ကို ထင်စွာ မပြဝံ့။ အရိပ်အနေဖြင့်သာ

ပြ၀ံ့၏။ အကယ်၍ တန္တရ၀ါဒသည် ထေရ၀ါဒအတွင်း၌ မိမိကိုယ်ကို ထင်စွာ ပြမိပါချေက ထေရ၀ါဒ၌ သက်ဝင်ယုံကြည်ကြသော မြန်မာနိုင်ငံသားများက လက်မခံမည်ကို စိုးရိမ်သောကြောင့် ဖြစ်၏။ ဤသည်မှာ တန္တရ၀ါဒ၏ သိမ်မွေ့သော နည်းပရိယာယ် ဖြစ်၏။

**"ဖုဋ္ဌဿ လောကဓမ္မေဟိ"** ဂါထာရွတ်လျှင် မြွေ ပြေးသည်ဟု ဆို၏။ "သဗ္ဗုဒ္ဓေ" ဂါထာရွတ်လျှင် မကောင်းဆိုး၀ါးများ၏ အန္တရာယ်မှ လွတ်သည်ဟု ဆို၏။ "အဋ္ဌာနမေတံ ဘိက္ခဝေ"ကို ရွတ်လျှင် ကပ်ရောဂါများမှ ကင်းသည်ဟု ဆို၏။ ဤအဆိုများသည် 'မမှန်ဘူးလား'ဟု မေးလျှင် 'မှန်ပါသည်'ဟုပင် ပြောမည် ဖြစ်ပါ၏။ သို့ရာတွင် ထိုထက် ပို၍ မှန်သော 'အမှန်' လည်း ရှိပါသေး၏။ မူရင်းညွှန်ပြသူများ၏ အာဘော်မှာ 'နတ်သမီးများကို လိုချင်လျှင် သာသနာတော်၌ မြတ်သောအကျင့် "ဗြဟ္မစရိယ" ကျင့်လော့' ဟူ၍ နန္ဒမင်းသားအား ညွှန်ပြသော မြတ်စွာဘုရား၏ အာဘော်မျိုး အတိုင်းသာ ဖြစ်တန်ရာ၏။

သို့ရာတွင် နောက်ပိုင်းဆရာတို့၏ ညွှန်ပြခြင်းမျိုးကား တန္တရ၀ါဒ အတိုင်း လိုက်နာကျင့်သုံးရန် ညွှန်ပြခြင်းမျိုး ဖြစ်နေကြောင်း တွေ့ရပါ၏။ ထိုကဲ့သို့သော ညွှန်ပြခြင်းမျိုး၌ တန္တရ၀ါဒကို ထင်စွာ မတွေ့ရသော်လည်း၊ တန္တရ၀ါဒ၏ အရိပ်ကိုကား ကြည့်တတ်သူများက မြင်နေကြပါ၏။ ကြည့်တတ်သူများသည် မိမိကိုယ်ကို ထင်စွာမပြဘဲ အရိပ်အနေဖြင့်သာ ထေရ၀ါဒ အတွင်းသို့ ဝင်ရောက်လာသော တန္တရ၀ါဒ၏ သိမ်မွေ့သော နည်းပရိယာယ်ကို မြင်အောင် ကြည့်တတ်သူများ ဖြစ်ကြလေ၏။

မြတ်စွာဘုရား၏ သဗ္ဗညုတဉာဏ် ဒေသနာဉာဏ်တော်ဖြင့် ဟောကြားတော်မူထားသည့်အတိုင်း ပုံမပျက်ပန်းမပျက် ရှိနေရလေအောင် အမြီးတပ်ခြင်း၊ ခေါင်းတပ်ခြင်းအားဖြင့် တစ်စုံတစ်ရာကိုမျှ မပြုဘဲ မြတ်စွာဘုရားကိုယ်စား သံဃာတော်များ အဆက်ဆက် ဆောင်ယူလာခဲ့သော 'ဓမ္မ'ကို ပူဇော်သောအားဖြင့် ရွတ်ဆိုမည်ဆိုပါက 'လောကီသစ္စာလေးပါးသိ'အဆင့်

သို့ ရောက်အောင် ရွတ်ဆို၍ ပူဇော်အပ်ပါ၏။ သို့မဟုတ်ပါလျှင် ထေရဝါဒ သာသနာတော်ကို ဖျက်ဆီးရာ ရောက်ပေလိမ့်မည်။ လောကီသစ္စာ လေးပါး သိနည်းကို နားလည်စေရန် ဥပမာဖြင့် ဆိုရလျှင်–

ငွေစက္ကူတစ်ရွက်တွင် (၁) စက္ကူလည်းပါ၊ (၂) ခေါင်းနှင့် ပန်းလည်း ပါ၏။ (၃) ရေးထားသော တန်ဖိုးလည်း ပါ၏။ (၄) စက္ကူပင် ဖြစ်စေကာ 'ငွေ'အဖြစ် 'ဥပဒေ'အရ သတ်မှတ်ထားသော သဘောလည်း ပါ၏။ ထိုအင်္ဂါ လေးရပ်နှင့် ပြည့်မှသာ ငွေစက္ကူသည် တန်ဖိုးရှိပါ၏။ သို့မဟုတ်ပါက တန်ဖိုးဟူ၍ မရှိ။

ဤနည်းအတိုင်းပင် ဂါထာမူရင်းအကြောင်းအရာ သဒ္ဒါနက်သည် 'ဒုက္ခသစ္စာ'သဘောရှိ၏။ အဓိပ္ပာယ်နက်အားဖြင့် ထိုအကြောင်းအရာ၌ ဆောင်စရာနှင့် ရှောင်စရာကို တွေ့ရ၏။ ထိုတွင် ခံစားမှုအနက် 'ဘာဝတ္ထ'အားဖြင့် မိမိနှင့်စပ်ပြီး မိမိသဏ္ဍာန်၌ ရှောင်စရာသည် သမုဒယသစ္စာ သဘောရှိ၏။ ဆောင်စရာသည် 'မဂ္ဂသစ္စာ'သဘောရှိ၏။ မိမိ၌ လောဘ၊ ဒေါသနှင့် မာနမာန်များ ပါသွားခြင်းသည် 'နိရောဓသစ္စာ'သဘောရှိ၏။

ငွေစက္ကူ ဥပမာနှင့် ဟပ်လိုက်သော် ဒုက္ခသစ္စာသည် စက္ကူသားနှင့် တူ၏။ သမုဒယသစ္စာသည် ခေါင်းနှင့် ပန်းနှင့် တူ၏။ မဂ္ဂသစ္စာသည် ရေးထားသော တန်ဖိုးနှင့် တူ၏။ နိရောဓသစ္စာသည် ဥပဒေအရ 'ငွေ' အဖြစ် သတ်မှတ်ထားသော သဘောနှင့် တူ၏။

ထို့ကြောင့် တန္တရဝါဒ ပိဋကတ်တော်လာ ဂါထာကိုဖြစ်စေ၊ စကားပြေကို ဖြစ်စေ ရွတ်ဆိုပါက 'လောကီသစ္စာလေးပါးသိ'အဆင့်သို့ ရောက်အောင် ရွတ်ဆိုအပ်ပါ၏။ ဤသည်မှာ တန္တရဝါဒထက် ပို၍ မှန်သော 'အမှန်' ဖြစ်ပါ၏။ ထို 'အမှန်'ကို ထိန်းပါမှသာ ထေရဝါဒသာသနာတော် ကို သန့်ရှင်းအောင်၊ တည့်တံ့အောင်၊ ပြန့်ပွားအောင် ဆောင်ရွက်ရာ ရောက်မည် ဖြစ်ကြောင်း ခံယူအပ်ပါ၏။

[ မေ့ရှုသစာစောင်၊ နိဝင်ဘာလ ၁၉၉၁ ]

## မဇ္ဈိမပဋိပဒါ

လူ့သမိုင်းတွင် 'လူ' ဟူ၍ စတင်ဖြစ်ပေါ်ချိန်မှစပြီး ယနေ့တိုင်အောင်ပင် လူတို့သည် မိမိတို့၏ ဘဝ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထုတ်နေကြ၏။ နောင်လည်း အားထုတ်နေကြမည်သာ ဖြစ်၏။ အကြမ်းဖျင်း အားဖြင့် ဆိုရလျှင် ဤကမ္ဘာမြေအပြင်၌ လူသားများ ပျောက်ကွယ်သွားသည် အထိ အားထုတ်နေကြမည် ဖြစ်၏။

ထိုသို့ အားထုတ်ကြရာတွင် လူတို့သည် မိမိ၏ ပတ်ဝန်းကျင်ရှိ အခြားသူများနှင့် မလွဲမသွေ ဆက်ဆံနေကြရမည် ဖြစ်၏။ ထိုသို့ ဆက်ဆံရာတွင် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခြင်းခံရသူ အနေဖြင့်လည်း ဆက်ဆံရ၏။ ရောင်းသူနှင့် ဝယ်သူ အနေဖြင့်လည်း ဆက်ဆံရ၏။ ပညာသင်ကြားပေးသူ နှင့် ပညာသင်ယူသူ အနေဖြင့်လည်း ဆက်ဆံရ၏။ မိတ်ဆွေအချင်းချင်း အနေဖြင့်လည်း ဆက်ဆံရ၏။ မိဘနှင့် သားသမီး အနေဖြင့်လည်း ဆက်ဆံရ၏။ ညီအစ်ကိုမောင်နှမ အနေဖြင့်လည်း ဆက်ဆံရ၏။ ဤသို့သော ဆက်ဆံရေးများကို နိုင်ငံရေးဟူ၍ ခေါ်လိုကလည်း ခေါ်နိုင်၏။ စီးပွားရေး ဟူ၍ ခေါ်လိုကလည်း ခေါ်နိုင်၏။ ပညာရေးဟူ၍ ခေါ်လိုကလည်း ခေါ်နိုင် ၏။ လူမျိုးရေးဟူ၍ ခေါ်လိုကလည်း ခေါ်နိုင်၏။

ပညာ့ရိပ်မွန်

သို့ရာတွင် မည်သို့ပင် ခေါ်စေကာမူ ယင်းရေးရာဟူသမျှ အားလုံးသည် **'အပေါ်ထပ် အဆောက်အအုံများ'** သာ ဖြစ်ကြ၏။ ထို့ကြောင့် ယင်းတို့၏ အောက်ခြေ၌ အုတ်မြစ်သည် ရှိ၏။ ထိုအုတ်မြစ်ကို **'ဒဿန'** ဟူ၍ ဆိုကြ၏။ အမှန်အားဖြင့် နိုင်ငံရေး၊ စီးပွားရေး စသော ရေးရာ အဖြာဖြာတို့၏ အောက်ခြေ၌ အုတ်မြစ်အဖြစ် ဒဿနသည် ရှိပါ၏။

**'အတ္တာဟိ အတ္တနော နာထော'** အရ အခြားနိုင်ငံများနှင့် ပတ်သက်၍ ဆိုရန်မရှိသော်လည်း မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဆိုရလျှင်၊ ယနေ့ မြန်မာနိုင်ငံ၏ အပေါ်ထပ် အဆောက်အအုံများ ဖြစ်သော နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး စသော ရေးရာအဖြာဖြာတို့၏ အခြေခံအုတ်မြစ်ဖြစ်သော ဒဿနကိုကြည့်လျှင် ပီပီပြင်ပြင် မရှိသည်ကို တွေ့ရ၏။ ပီပီပြင်ပြင် မရှိသည့် အထဲတွင် အရင်းရှင် ဒဿနကိုလည်း တွေ့နိုင်၏။ လက်ဝဲ ဒဿနကိုလည်း တွေ့နိုင်၏။ ဗုဒ္ဓ ဒဿနကိုလည်း တွေ့နိုင်၏။ သို့ဖြစ်၍သာ မြန်မာနိုင်ငံသား တို့သည် မိမိတို့ အချင်းချင်း ဆက်ဆံကြရာ၌ အမျိုးမျိုးသော ဆက်ဆံရေးများ ရှိနေကြခြင်း ဖြစ်၏။

အခြေခံအုတ်မြစ်ဖြစ်သော၊ ဒဿနအပေါ်မှာ တည်ဆောက်ရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသော အပေါ်ထပ် အဆောက်အုံများသည် အဆောက်အအုံတို့၏ ဓမ္မတာအတိုင်း အုတ်မြစ်ခိုင်လျှင် ခိုင်၏။ အုတ်မြစ်ယိုင်လျှင် ယိုင်၏။ သို့ရာတွင် အုတ်မြစ်ကိုကား မမြင်သာသဖြင့် မတွေ့ရ။ အပေါ်ထပ် အဆောက်အအုံကိုသာ မြင်သာသဖြင့် တွေ့ရ၏။ တွေ့မြင်ရသော အပေါ်ထပ် အဆောက်အုံကိုသာ ကြည့်၍ ပြောရမည်ဆိုလျှင် အမြင်သာဆုံး အနေဖြင့် ပြောပါက မိဘနှင့် သားသမီးတို့၏ ဆက်ဆံရေးသည်လည်း ကျေနပ်ဖွယ်ရှိလှသည် မဟုတ်။ ဆရာနှင့် တပည့်တို့၏ ဆက်ဆံရေးသည်လည်း ကျေနပ်ဖွယ် ရှိလှသည် မဟုတ်။

ထိုနည်းအတူ ရောင်းသူနှင့် ဝယ်သူတို့၏ ဆက်ဆံရေးသည် လည်းကောင်း၊ နိုင်ငံသူ နိုင်ငံသားတို့ အချင်းချင်းဆက်ဆံရေးသည် လည်းကောင်း

ကျေနပ်ဖွယ် မရှိလှ။ ထိုသို့ ဖြစ်ရခြင်းမှာ ယင်းတို့ မ တည်ရာ အခြေခံ အုတ်မြစ်ဖြစ်သော ဒဿနကိုယ်တိုင်က ကျေနပ်ဖွယ် မရှိသောကြောင့်သာ ဖြစ်ရမည် ဟူ၍ ကောက်ချက်ချနိုင်မည် ဖြစ်ပါ၏။

ဒဿနနှင့် ပတ်သက်၍ ဒေါက်တာ ရာမာကရစ်ရှနန်က သူ၏ **'ဘဂဝဒ္ဂီတာ'** စာအုပ်၊ စာမျက်နှာ (၉၆) ၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ရ၏။

> **ဒဿနဟူသည်မှာ မပြောင်းလဲဘဲ အမြဲရှိနေသော ဓမ္မနှင့်သာ ပတ်သက်သည်။ အမြဲတစေ ပြောင်းလဲနေသော ဘဝနှင့် မပတ်သက်။ ဤအမြင်သည် ခေါမဒဿန၌ မြစ်ဖျားခံသည်။ မာ့က်စ်ကလည်း ဒဿနဆရာများသည် 'လောက'ကို မိမိတို့ အမြင်အတိုင်း အမျိုးမျိုး အဓိပ္ပာယ် ဖွင့်ဆိုနေကြသည်။ အမှန်အားဖြင့် ဒဿနဆရာများ အနေဖြင့် လုပ်ရမည့်အလုပ်မှာ အမြဲတမ်း ပြောင်းလဲနေသော 'လောက' ကို မိမိတို့ ကြိုက်နှစ်သက်သည့် အသွင်အတိုင်း ရှိလာအောင် လုပ်ရန်သာဖြစ်သည်ဟု ဝေဖန်ထား** လေသည်။

ဤဖော်ပြချက်အရဆိုလျှင် အသိ 'ဝိဇ္ဇာ'နှင့် အကျင့် 'စရဏ'တွင် ဝိဇ္ဇာက တခြား၊ စရဏက တခြားဖြစ်၏။ ဝိဇ္ဇာနှင့် စရဏသည် တစ်သားတည်း အနေဖြင့် ရောနှောခြင်းမရှိ ဟူ၍ ဆိုရာ ရောက်လေ၏။ ခေါမဒဿနဆရာတို့၏ အလိုအရ ဘဝသည် ဒုက္ခဖြစ်၍ ဘဝမှ လွတ်မြောက်ခြင်းသည် သုခဖြစ်သည် မှန်သော်လည်း၊ ဘဝနှင့် ဘဝမှ လွတ်မြောက်ခြင်းသည် သီးခြားစီ ဖြစ်၏။ ဤသည်မှာ ဝိဇ္ဇာကိုသာ ဦးစားပေးသော အမြင်ဖြစ်၏။

မာ့က်စ်၏ အလိုအရ ဘဝသည် ဒုက္ခဖြစ်သည်။ ဘဝမှ လွတ်မြောက်ခြင်းသည် သုခဖြစ်သည်ဟူ၍ ခွဲခြားစရာ မလို။ လောက၌သာ ဒုက္ခ ရှိသည်။ လောက၌သာ သုခရှိသည်။ ဒုက္ခနှင့် သုခရှိနိုင်သော အခြားနေရာဟူ၍ မရှိ။ ထို့ကြောင့် ဘဝအတွက် ဒုက္ခနှင့် သုခကို လိုချင်လျှင် လောကကို

သာ မိမိတို့လိုချင်သော အသွင်အတိုင်း ဖြစ်လာအောင် ပြောင်းရန်သာ ဖြစ်၏။ ဤသည်မှာ စရဏကိုသာ ဦးစားပေးသော အမြင်ဖြစ်၏။

ဗုဒ္ဓဒဿနအရ ဆိုရလျှင် ထိုအမြင်နှစ်မျိုးစလုံးသည် အစွန်းရောက်သော အမြင်များ ဖြစ်ကြ၏။ ဝိဇ္ဇာကို စရဏနှင့် ခွဲ၍ မရ။ စရဏကိုလည်း ဝိဇ္ဇာနှင့် ခွဲ၍ မရ။ ဝိသုဒ္ဓိမဂ်၏ စကားကို ယူ၍ သုံးရလျှင် စရဏ မပါသော ဝိဇ္ဇာသည် အကျိုးဖြစ်၍၊ ဝိဇ္ဇာမပါသော စရဏသည် အကန်းသာ ဖြစ်၏။ ထို့ကြောင့် ဝိဇ္ဇာကို ဝိဇ္ဇာသတ်သတ်၊ စရဏကို စရဏသတ်သတ် ဖယ်၍ ထားလျှင် ထိုဝိဇ္ဇာသည်လည်း ဝိဇ္ဇာအတုသာ ဖြစ်၏။ မှန်ကန်စွာ အသုံးချ၍ ရသော ဝိဇ္ဇာမဟုတ်။ ထိုစရဏသည်လည်း စရဏအတုသာ ဖြစ်၏။ မှန်ကန်စွာ အသုံးချ၍ရသော စရဏမဟုတ်။

ဗုဒ္ဓဟူသည် 'မဇ္ဈိမပဋိပဒါ'ပင် ဖြစ်၏။ ယင်းကို မဂ္ဂသစ္စာ ဟူ၍လည်း ဆိုရ၏။ ဉာဏဒဿန ဟူ၍လည်း ဆိုရ၏။ ဗုဒ္ဓဒဿနတွင် ဝိဇ္ဇာနှင့် စရဏကို သတ်သတ်စီ ခွဲခြားထား၍ မရ။ တစ်သားတည်းဖြစ်မှ ရ၏။ ဗုဒ္ဓဒဿနသည် ခေါမဒဿနလို ဘဝနှင့် ဘဝမှ လွတ်မြောက်ခြင်းကို သတ်သတ်စီ ခွဲ၍ မကြည့်။ ဘဝမရှိဘဲနှင့် ဘဝမှ လွတ်မြောက်ခြင်းဟူ၍ မရှိနိုင်။ ရွှံ့ညွန်မရှိဘဲ ကုမုဒြာကြာသည် မရှိနိုင်သကဲ့သို့ပင် ဖြစ်၏။

ကုမုဒြာကြာသည် ရွှံ့ညွန်မှ ထွက်ပေါ်လာခြင်းဖြစ်သော်လည်း ရွှံ့ညွန်၏ အညစ်အကြေးများ လိမ်းကျံရခြင်း မရှိ။ ထိုနည်းအတူပင် ဘဝမှ လွတ်မြောက်ခြင်းသည် ဘဝနှင့် စပ်သော်လည်း ဘဝ၏ အညစ်အကြေးများ လိမ်းကျံခြင်း မရှိ။ ဘဝ၏ အညစ်အကြေးများဟူသည် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတို့ပင် ဖြစ်ကြ၏။ ယင်း အညစ်အကြေးများသည် တပ်မက်မှု တဏှာ၌ မြစ်ဖျားခံကြ၏။ ထို့ကြောင့် တပ်မက်မှုတဏှာကို ဒုက္ခ၏ အကြောင်းရင်း ဒုက္ခသမုဒယဟူ၍ ဆိုခြင်း ဖြစ်၏။

ဗုဒ္ဓဒဿနသည် မာ့က်စ်ဒဿနလို လောက၌ တွေ့ရသောသုခကို စစ်မှန်သော သုခအဖြစ် မသတ်မှတ်။ စစ်မှန်သော သုခသည် လောကနှင့်

စပ်သော်လည်း လောကအတွင်း၌ မရှိ။ လောကကို လွန်မြောက်မှု၌သာ ရှိ၏။ လောကအတွင်း၌ တွေ့ရသော သုခဟူသမျှသည် ကုသိုလ်ကြောင့်ပင် ဖြစ်ရသော ဧကရာဇ်မင်း၏ သုခပင် ဖြစ်စေကာမူ၊ အနုသယအဆင့်ရှိ တပ်မက်မှု တဏှာအပေါ်မှာ အခြေခံသည်ချည်း ဖြစ်သည်။

ထို့ကြောင့် ထိုသုခကို အကြောင်းပြု၍ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတို့ ပေါ်ပေါက်လာရခြင်း ဖြစ်၏။ အသံထွက်သော ငိုခြင်းနှင့် အသံမထွက်သော ငိုခြင်းတို့ဖြင့် ရင်ဆိုင်နေရခြင်း ဖြစ်၏။ အမှန်အားဖြင့် ဒေါမနဿသည် လည်းကောင်း၊ မှာက်စ်ဒဿနသည် လည်းကောင်း အဝိဇ္ဇာကို လွန်မြောက်နိုင်ခြင်း မရှိ။

အဝိဇ္ဇာကို မလွန်မြောက်နိုင်သရွေ့ ကာလပတ်လုံး **‘အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ’** ဟူသော ‘ပဋိစ္စသမုပ္ပာဒ်’ဒေသနာတော်အရ ကုသိုလ်၏ အကျိုးပင် ဖြစ်ဖြစ်၊ အကုသိုလ်၏ အကျိုးပင် ဖြစ်ဖြစ် အားလုံးသော အကျိုးတရားများ ပင် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿမှ လွတ်မြောက်နိုင်ရိုး မရှိ။

‘ဗုဒ္ဓဒဿန’သို့မဟုတ် မဇ္ဈိမပဋိပဒါသည် စစ်မှန်သော ချမ်းသာမှုကို ဘဝနှင့် စပ်၍သာ ရှာ၏။ ဘဝမှ သီးခြားပြု၍ မရှာ။ ဘဝအတွင်း၌လည်း မရှာ။ ဘဝ၏ အလွန်၌သာ ရှာ၏။ ထိုသို့ရှာရာတွင် ‘သမ္မာအာဇီဝ’ ကို များစွာ အရင်းခံရ၏။ ‘သမ္မာအာဇီဝ’ ကို အရင်းခံနိုင်လျှင် သမ္မာကမ္မန္တနှင့် သမ္မာဝါစာတို့သည် ‘သမ္မာအာဇီဝ’ ၌ အလိုလို ပါဝင်ပြီးသား ဖြစ်ကြ၏။

ဤလောက၌ အမှန်အားဖြင့် လှုပ်ရှားမှုဟူသမျှသည် ဝမ်းရေးကို အကြောင်းပြုရသည်သာ များ၏။ ထို့ကြောင့် ဝမ်းရေးသည် မှန်ကန်သော ဝမ်းရေးသာ ဖြစ်ရိုးမှန်ပါလျှင် လုပ်ကိုင်မှု ဟူသမျှသည်လည်း မှန်ကန်သော လုပ်ကိုင်မှုသာ ဖြစ်၏။ ပြောဆိုမှု ဟူသမျှသည်လည်း မှန်ကန်သော ပြောဆိုမှုသာ ဖြစ်၏။ မှန်ကန်သော ဝမ်းရေးဟူသည်မှာ သုံးဆင့်ရှိ၏။

မိမိအတွက် ရသမျှနှင့် ရောင့်ရဲနိုင်ခြင်းသည် ပထမအဆင့် ဖြစ်၏။

ပိုသောပစ္စည်းသည် လောကအတွက် ဖြစ်၏။ မိမိအတွက် ရသမျှထဲမှ မိမိအတွက် လုံလောက်ရုံမျှနှင့် ရောင့်ရဲနိုင်ခြင်းသည် ဒုတိယအဆင့် ဖြစ်၏။ ထိုအထဲမှ မိမိအဆင့်နှင့် လိုက်ဖက်ညီရုံမျှနှင့် ရောင့်ရဲနိုင်ခြင်းသည် တတိယအဆင့်ဖြစ်၏။ ထိုအခါ ကိုယ်ကျင့်တရားဆိုင်ရာ သီလသိက္ခာသည် ပြည့်စုံပြီးသား ဖြစ်လာသည်။ သီလသိက္ခာ ပြည့်စုံလျှင် သမာဓိသိက္ခာလည်း ပြည့်စုံသည်။ သမာဓိသိက္ခာ ပြည့်စုံလျှင် ပညာသိက္ခာလည်း ပြည့်စုံရန် မခက်ခဲ။ သိက္ခာသုံးပါး ပြည့်စုံသည်နှင့်အမျှ တပ်မက်မှုလောဘကို နိုင်၏။ လောဘကို နိုင်လျှင် လောကကို နိုင်လေသည်။

ထိုအခါ စစ်မှန်သော ချမ်းသာမှုကို ဘဝမှပင် ရှာနိုင်လာ၏။ ဗုဒ္ဓဒဿနအရ စစ်မှန်သော ချမ်းသာမှုကို ဘဝနှင့် စပ်၍သာ ရှာရသည် ဖြစ်လေရာ၊ ဘဝရှိနေသရွေ့ စစ်မှန်သောချမ်းသာကို ရှာရန် **'ကုန်ကြမ်း'**သည် ပြည့်စုံပြီးသား ဖြစ်၏။ ကုန်ကြမ်းလည်း ရှိပြီ၊ ရှာနည်းကိုလည်း သိပြီဆိုလျှင် ကိုယ်တိုင်ကြိုးစား၍ ရှာရန်သာ လို၏။ ထိုသို့ရှာရာ၌ မဇ္ဈိမပဋိပဒါအရ ဘဝဟူသည် မည်သည့်ဘဝမျိုးပင် ဖြစ်ဖြစ် အဖိုးမဖြတ်နိုင်သော ကုန်ကြမ်းသဘောကို ဆောင်သည်ဖြစ်လေရာ ထိုကုန်ကြမ်းနှင့် ပတ်သက်၍ စစ်မှန်သော ချမ်းသာကို ရှာ၍ ရပါ၏။

ဘဝနှင့် မပတ်သက်ဘဲ ရှာလျှင်ဖြစ်စေ၊ ဘဝကို မကျော်လွန်ဘဲ ဘဝအတွင်း၌သာ ရှာလျှင်ဖြစ်စေ စစ်မှန်သောချမ်းသာကို မရနိုင်ခြင်း ဖြစ်၏။ အကယ်၍ ချမ်းသာကို တွေ့သည်ဆိုပါကလည်း ထိုချမ်းသာသည် အတုသာ ဖြစ်လေ၏။ ထိုအတုချမ်းသာ၏ နောက်ကွယ်၌ ထိုအတုချမ်းသာကို တိုက်ဖျက်ရန် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ တို့သည် အင်နှင့်အားနှင့် စောင့်လျက် နေကြကုန်၏။

မဇ္ဈိမပဋိပဒါအရ ဝမ်းရေးအတွက် အားထုတ်ရာတွင် ပစ္စည်းဥစ္စာရခြင်းလည်း ပါ၏။ အများ၏ အသိအမှတ်ပြု ခံရခြင်းလည်း ပါ၏။ ထင်ပေါ်ကျော်ကြားမှုလည်း ပါ၏။ ထိုသို့ ပါဝင်သော်လည်း ယင်းတို့သည်

မိမိတို့၏ လူနေမှုအဆင့်နှင့် လိုက်လျောရုံရကာမျှနှင့် ကျေနပ်လျှင် အမြတ်စား သမ္မာအာဇီဝ ဖြစ်၏။ ထိုမျှနှင့် မကျေနပ်သေးဘဲ မိမိအတွက် လိုအပ်ရုံမျှနှင့် ကျေနပ်လျှင် အလတ်စား သမ္မာအာဇီဝ ဖြစ်၏။ ထိုမျှမကသေးဘဲ မိမိအတွက် ရသင့်သမျှနှင့် ကျေနပ်လျှင် အညံ့စား သမ္မာအာဇီဝ ဖြစ်၏။

ထိုမျှနှင့် မကျေနပ်သေးဘဲ ရှေ့သို့တက်ပါက သမ္မာအာဇီဝ မဟုတ်တော့ပါ။ မိစ္ဆာအာဇီဝ ဖြစ်သွားလေပြီ။ အကယ်၍ သမ္မာအာဇီဝ အဆင့်၌ ရှိသေးသည်ဆိုလျှင်ပင် ထိုသမ္မာအာဇီဝသည် မဇ္ဈိမပဋိပဒါ ထိုက်သော သမ္မာအာဇီဝ မဟုတ်။ ဘဝသမ္ပတ္တိ၌ ပျော်မွေ့သော သမ္မာအာဇီဝသာ ဖြစ်၏။ ထို့ကြောင့် ထိုသမ္မာအာဇီဝမျိုးကိုလည်း နိဒါနဝဂ္ဂ သံယုတ္တအဋ္ဌကထာ ပဋိပဒါသုတ် အဖွင့်၌ မိစ္ဆာပဋိပဒါအဖြစ် ဖွင့်ဆိုထားခြင်း ဖြစ်ကြောင်း တွေ့ရပါသည်။

ထို့ကြောင့် မိစ္ဆာအာဇီဝဖြစ်စေ၊ မဇ္ဈိမပဋိပဒါ မထိုက်သော ရိုးရိုး သမ္မာအာဇီဝဖြစ်စေ၊ ထိုနှစ်မျိုးလုံးသည် လောဘဖွားမြင်မှု၌ အခြေခံ၏။ မဇ္ဈိမပဋိပဒါထိုက်သော သမ္မာအာဇီဝသည်သာလျှင် လောဘကို ပယ်သတ်ခြင်း၌ အခြေခံ၏။ လောဘကို ဖွားမြင်ပေးလျှင် ဤကမ္ဘာ၌ လက်ဝါးကြီးအုပ်လိုမှု၊ ကယ်တင်ရှင်အဖြစ် အထင်ခံလိုမှု၊ လုပ်ချင်သည့်အတိုင်း ဖြစ်စေလိုမှုတို့သည် လွှမ်းလာမည် ဖြစ်၏။

ထို့ကြောင့် လောဘ ဖွားမြင်မှုအပေါ်၌ အခြေခံသော ဒဿနကို အုတ်မြစ်အဖြစ် အသုံးပြု၍ တည်ဆောက်ထားသော နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသော အပေါ်ထပ် အဆောက်အအုံများကြောင့် မငြိမ်းမချမ်း ဖြစ်နေကြသော မျက်မှောက်ကမ္ဘာ့အခြေအနေများကို သံဝေဂယူ၍ ယနေ့ မြန်မာနိုင်ငံ၌ ပျော်မွေ့ဖွယ်ကောင်းသော၊ သာယာချမ်းမြေ့သော၊ ငြိမ်းချမ်းသော ဘဝများကို ဖြစ်ပေါ်စိမ့်သောငှာ လောဘကို ပယ်သတ်နိုင်သည်နှင့်အမျှ အနစ်နာခံလိုစိတ်တို့ကို ပေါက်ဖွားစေနိုင်သော မဇ္ဈိမပဋိပဒါ (ဝါ) ဗုဒ္ဓဒဿနကို အုတ်မြစ်အဖြစ် အခြေခံ၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှု

ရေး၊ ပညာရေး စသော အပေါ်ထပ် အဆောက်အအုံများကို ဆောက်နိုင်အောင် အားထုတ်အပ်၏။

ထိုသို့ အားထုတ်မှသာလျှင် မိဘနှင့် သားသမီး၊ ဆရာနှင့် တပည့်၊ ညီအစ်ကိုနှင့် မောင်နှမ၊ အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံသူ၊ ရောင်းသူနှင့် ဝယ်သူ၊ နိုင်ငံသူ နိုင်ငံသားတို့သည် မိမိတို့အချင်းချင်း ဆက်ဆံရာ၌ ဂါရဝနှင့် နိဝါတသဘောကို ဆောင်နိုင်ပေလိမ့်မည်။ ထိုသို့ ဆောင်နိုင်ပါမှလည်း မြန်မာနိုင်ငံသားတို့၏ ဘဝသည် ကမ္ဘာ့နိုင်ငံကြီးများနှင့် စာလျှင် ရုပ်ပိုင်းတိုးတက်မှုဘက်၌ အဆင့်နိမ့်သော်ငြား၊ ကိုယ်ကျင့်သိက္ခာ တိုးတက်မှုဘက်၌မူ မနှိုင်းယှဉ်သာအောင် အဆင့်မြင့်ပြီး များစွာ ချမ်းမြေ့သာယာပေလိမ့်မည်။ ထိုသို့ ချမ်းမြေ့သာယာသော ဘဝမျိုး ရရှိအောင် မြန်မာနိုင်ငံသူ နိုင်ငံသားတို့သည် မင်္ဂလာပင့်ပဒါကို လူ့ဘောင် တိုးတက်ဖြစ်ထွန်းမှုအတွက် အသုံးချရန် လေ့ကျင့်အပ်ကြောင်း ယုံကြည်၍ လိုက်နာကျင့်သုံးအပ်ပါ၏။

[ မဇ္ဈိမရသစာစောင်၊ ဇန်နဝါရီလ ၁၉၉၂ ]

# သမုဒယသစ္စာ

ဂေါတမမြတ်စွာဘုရားသည် သဗ္ဗညုတဉာဏ်တော်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ပထမဦးဆုံး ကျူးရင့်သော ဥဒါန်းမှာ အနေကဇာတိ သံသာရံဖြင့် စသော ဂါထာများ ဖြစ်ကြ၏။ ယင်းဂါထာများကို စိတ်တော်ဖြင့်သာ ကျူးရင့်တော်မူသဖြင့် **'မနသာဥဒါန်း'**ဟူ၍ ဆိုတော်မူ၏။ နှုတ်တော်ဖြင့် မြွက်၍ ကျူးရင့်တော်မူသော ဂါထာများလည်း ရှိကြသေး၏။ ယင်း ဂါထာများကို **'ဝစသာဥဒါန်း'**ဟူ၍ ဆိုတော်မူကြ၏။ ဝစသာဥဒါန်း ဂါထာတော်များမှာ ယဒါ ဟဝေ ပါတုဘဝန္တိဓမ္မာဖြင့် အစချီသော ဂါထာ တော်များ ဖြစ်ကြ၏။

ထိုဥဒါန်းနှစ်မျိုးအနက် အနေကဇာတိ သံသာရံဖြင့် အစချီတော်မူသော မနသာဥဒါန်း၏ မြန်မာဘာသာအနက်မှာ အကျဉ်းအားဖြင့် ဤသို့ ဖြစ်၏။ "တဏှာလက်သမား၊ ငါသည် သင့်ကို ရှာခဲ့ပါ၏။ သို့ ရှာခဲ့သော်လည်း သင့်ကို မတွေ့နိုင်ခဲ့သဖြင့် ငါသည် မရေတွက်နိုင်သော ဘဝများစွာဖြင့် သံသရာ၌ ကျင်လည်ခဲ့ရ၏။ ထိုသို့ကျင်လည်နိုင်အောင်လည်း သင်သည် ငါ၏ ခန္ဓာအိမ်ကို ဆောက်လုပ်ပေးခဲ့၏။ ယခု ငါသည် သင့်ကို မြင်ပြီ။ ထို့ကြောင့် နောက်ထပ်တစ်ဖန် သင်သည် ငါ့အတွက် ခန္ဓာအိမ်ကို ဆောက်လုပ်ပေးရတော့မည် မဟုတ်။ သင်၏ ဆောက်လုပ်ရေးဆိုင်ရာ ပစ္စည်းအရပ်ရပ်တို့ကို ငါ ဖျက်ဆီးပြီးပြီ။ ငါသည် သင် မလိုက်နိုင်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုအပ်လေပြီ။"ဤသည်မှာ မြတ်စွာဘုရား ကျူးရင့်တော်မူသော မနသာ ဥဒါန်းဂါထာ၏ အနက်အကျဉ်း ဖြစ်၏။ အဓိပ္ပာယ်ကျ လိုရင်းအနက်လည်း ဖြစ်၏။

**ပညာ့ရိပ်မွန်**

ဤဥဒါန်းဂါထာ၌ မြတ်စွာဘုရား အလေးအနက်ထား၍ မြွက်ကြားတော်မူသော ပါဠိဝေါဟာရနှစ်လုံး ပါဝင်၏။ တစ်လုံးမှာ **တဏှာ**ဖြစ်၍ အခြား တစ်လုံးမှာ **နိဗ္ဗာန်** ဖြစ်၏။ ယင်းဝေါဟာရ နှစ်လုံးတို့သည် အချင်းချင်း ဆန့်ကျင်ကြ၏။ တဏှာဟူသည် လောက၏ အနှစ်ဖြစ်၍၊ နိဗ္ဗာန်ဟူသည် လောကုတ္တရာ၏ အနှစ်ဖြစ်၏။ သို့ ဆန့်ကျင်သဖြင့် ဆန့်ကျင်ကြောင်း ပြရန်အလို့ငှာ နိဗ္ဗာန်ကို တဏှာဖြင့် ဝိသေသနပြု၍ ဆိုခြင်းဖြစ်၏။ တဏှာဖြင့် ဝိသေသနပြု၍ ဆိုထားသော်လည်း အလျော်အနေဖြင့် ဝိသေသနပြု၍ ဆိုထားခြင်း မဟုတ်။ ဆန့်ကျင်ဘက် အနေဖြင့်သာ ဝိသေသန ပြု၍ ဆိုထားခြင်း ဖြစ်၏။ ထို့ကြောင့် နိဗ္ဗာန်၏ အနက်မှာ တဏှာ၏ ကုန်ခြင်းဟူ၍ 'ပဋိသေဓ'အနက် ဖြစ်လေ၏။

ဤ၌ တဏှာကို သမုဒယသစ္စာဟု ခေါ်၍၊ နိဗ္ဗာန်ကို နိရောဓသစ္စာဟု ခေါ်ပါ၏။ သစ္စာဟူသည်မှာ မှန်ကန်ခြင်း ဖြစ်၏။ ယင်းမှန်ကန်ခြင်းသည်လည်း ပြင်ပအကြောင်းများအပေါ် အခြေတည်၍ မှန်ကန်ခြင်းမျိုး မဟုတ်ဘဲ မိမိဘာသာမိမိ မှန်ကန်ခြင်း ဖြစ်၏။ ဤကဲ့သို့သော မှန်ကန်ခြင်းမျိုးကို 'သယံသိဒ္ဓ'ဟူ၍ ဒဿနိကဗေဒ ပညာရှင်များက ဆိုကြ၏။ သယံသိဒ္ဓ၏ အနက်မှာ 'မိမိဘာသာ မိမိ မှန်ကန်ကြောင်း သက်သေပြပြီးသား သဘော' ဟူ၍ ဖြစ်၏။

ပညာရှင်တို့က သယံသိဒ္ဓ၏ သဘောကို အလင်းရောင်ဖြင့် ဥပမာဆောင်၍ ဆိုကြ၏။ အရာဝတ္ထု တကယ် ရှိ မရှိကို အလင်းရောင်ဖြင့် သက်သေပြရ၏။ အလင်းရောင်ဖြင့် ထိုးကြည့်လိုက်ပါက အရာဝတ္ထုရှိလျှင်လည်း မျက်စိဖြင့် ရှိကြောင်း တွေ့ရ၏။ အရာဝတ္ထု မရှိလျှင်လည်း မရှိကြောင်း မျက်စိဖြင့် တွေ့ရ၏။ ဤသည်မှာ အလင်းရောင်ဖြင့် သက်သေပြခြင်းသဘော ဖြစ်၏။

သို့ဖြစ်လျှင် 'အလင်းရောင်' ရှိ မရှိကိုမူ ဘာဖြင့် သက်သေပြမည်နည်းဟူ၍ မေးလေသော် အလင်းရောင် ရှိ မရှိကို အလင်းရောင်ဖြင့်ပင်

သက်သေပြရ၏။ ထို့ကြောင့် အလင်းရောင်သည် အခြား အရာဝတ္ထုများ ရှိ မရှိကိုလည်း သက်သေပြနိုင်၏။ မိမိ ရှိ မရှိကိုလည်း သက်သေပြနိုင်၏။ ထို့ကြောင့် ပညာရှင်များက သယ်သိဒ္ဓ သဘောကို နားလည်နိုင်စေရန် အလင်းရောင်ဖြင့် ဥပမာပြု၍ ဆိုခြင်း ဖြစ်ပါ၏။

ထိုနည်းအတူပင် အရိယသစ္စာများသည် အလင်းရောင်သဖွယ် လောက ရှိ မရှိကိုလည်း သက်သေပြ၏။ နိစ္စ ဟုတ် မဟုတ်ကိုလည်း သက်သေပြ၏။ သုခ ဟုတ် မဟုတ်ကိုလည်း သက်သေပြ၏။ အတ္တ ဟုတ် မဟုတ်ကိုလည်း သက်သေပြ၏။ မိမိတို့၏ ဒုက္ခ၊ သမုဒယ၊ နိရောဓ၊ မဂ္ဂ တည်းဟူသော အရိယသစ္စာ သဘောကိုလည်း မိမိတို့ဘာသာပင် သက်သေပြလေ၏။ ဤသည်ကိုပင် သစ္စာဟူ၍ ဆိုရ၏။

မနသာဥဒါန်းအရ မြတ်စွာဘုရားသည် အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ်တော်ကို မရမီ သံသရာ၌ မရေမတွက်နိုင်သော ဘဝပေါင်း များစွာပတ်လုံး တဏှာကို ရှာခဲ့၏။ မိမိ၏ ဘဝ၊ မိမိ၏ ခန္ဓာကို ဆောက်ပေးသူသည် မည်သူ ဖြစ်လေသနည်း ဟူ၍ စူးစမ်းခဲ့၏။ သို့ရာတွင် မိမိ၏ ဘဝ၊ မိမိ၏ ခန္ဓာကို ဆောက်လုပ်ပေးသူ တဏှာ ယောက်ျား လက်သမားကို ရှာဖွေ၍ မတွေ့ခဲ့။ ရှာ၍ မတွေ့ခဲ့သဖြင့်လည်း မိမိအတွက် ဘဝတစ်ခုပြီး တစ်ခု၊ ခန္ဓာအိမ် တစ်လုံးပြီး တစ်လုံး ဆောက်လုပ်ခြင်း ခံခဲ့ရ၏။ သံသရာ၌ စုန်ချည်ဆန်ချည်ဖြင့် အတောမသတ် မျောခဲ့ရ၏။ တဏှာယောက်ျား လက်သမားကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် နောက်ထပ် ဘဝကိုလည်း အဆောက် မခံရတော့။ ခန္ဓာအိမ်ကိုလည်း အဆောက်မခံရတော့။ တဏှာယောက်ျား လက်သမားအနေဖြင့် လက်လှမ်း မမီရာ နိဗ္ဗာန်သို့ ကူးမြောက်သွားနိုင်ခဲ့ပါပြီ။

သို့ဖြစ်လျှင် တဏှာသည် အလွန်အစွမ်းထက်သည်မှာ ထင်ရှား၏။ မာယာများသည်မှာ ထင်ရှား၏။ အရဟတ္တမဂ်ဉာဏ် မျက်စိဖြင့်သာ မကြည့်နိုင်ပါက မည်သို့သော ပုဂ္ဂိုလ်မျိုးက မည်သို့သော မျက်စိမျိုးဖြင့် ကြည့်စေကာမူ မမြင်ရအောင် ပုန်းကွယ်တတ်၏။ မိမိကသာ နောက်ကွယ်မှနေ၍

ပုထုဇဉ်တို့အား မိမိမြင်စေချင်သလို မြင်အောင် စီမံတတ်၏။ ဖန်တီးတတ်၏။ အမှန်အားဖြင့် ပုထုဇဉ်များကိုသာမက အနာဂါမ်များတိုင်အောင်ပင် တဏှာသည် မိမိ၏ အစွမ်းပကားကို ပြတတ်ပါ၏။

အချို့သော သတ္တဝါတို့အား ခွေးသေကောင်ပုပ်ကို နှစ်သက်စရာ အာဟာရအဖြစ် မြင်တတ်အောင် ပြတတ်၏။ အဓမ္မဝါဒီတို့အား မိမိတို့ကိုယ်ကို ဓမ္မဝါဒီအဖြစ် မြင်တတ်အောင် ပြတတ်၏။ သူယုတ်မာတို့အား မိမိတို့ကိုယ်ကို သူတော်စင်အဖြစ် မြင်တတ်အောင် ပြတတ်၏။ တစ်ကိုယ်ကောင်းသမားတို့အား မိမိတို့ကိုယ်ကို အများအကျိုးဆောင်အဖြစ် မြင်တတ်အောင် ပြတတ်၏။ အလွန်ရက်စက်သူများအား မိမိတို့ကိုယ်ကို ကရုဏာရှင်အဖြစ် မြင်တတ်အောင် ပြတတ်၏။ တဏှာသည် မာယာဖြင့် မိမိ၏ ဆန္ဒအတိုင်းဖြစ်အောင် ဖန်တီးရာ၌ အစွမ်းထက်ပေစွ။

တစ်ချိန်သောအခါက ဖြစ်ရပ်မှန် တစ်ခုကို ကြားရ၏။ လေ့လာရေးအဖွဲ့ တစ်ဖွဲ့သည် စိတ္တဇလူနာများကို လေ့လာရန် သွားကြ၏။ ဆေးရုံသို့ရောက်သောအခါ လူတစ်ယောက်ကို တွေ့ရ၏။ ထိုလူကပင် လေ့လာရေးအဖွဲ့ဝင်တို့အား နှုတ်ခွန်းဆက်ပြီး–

'ဤသူက ဥစ္စာရူး၊ ဤသူက သမီးရူး၊ ဤသူက ထွက်ရပ်ပေါက်ရူး၊ ဤသူက မယားရူး၊ ဤသူက လင်ရူး စသည်ဖြင့် ဝေဒနာရှင်များကို ပြ၍ ရှင်းပြ၏။ နောက်ဆုံး၌ ဝေဒနာရှင် တစ်ယောက်ကို တွေ့ပြန်ရာ ဤသူက ' "နပိုလီယန်"ဆိုပြီး သူ့ကိုယ်သူ ဘဝင်မြင့်ရူး ရူးနေတာ။ အမှန်က နပိုလီယန် အစစ်က ကျွန်တော်ဗျ၊ သူ မဟုတ်ဘူး'

ဟူ၍ ဆိုတော့မှ....

အစက လူကောင်းထင်၍ အဖွဲ့ဝင်များက နားထောင်နေရာ လိုက်လံရှင်းပြသူလည်း စိတ္တဇဝေဒနာရှင် တစ်ဦးပါကလားဟု သိလိုက်ရပြီး မိမိတို့ဘာသာ မိမိတို့ ပြုံးမိကြ၏။ ဤဖြစ်ရပ်ကို ပြောသူက ပြောပြီးဖြစ်၍ နောက်ထပ် မပြောတော့သော်လည်း ကျွန်တော်က အမြဲတမ်းလိုပင် ကြားယောင်နေမိ၏။

စိတ္တဇဝေဒနာရှင်သည် မိမိကိုယ်တိုင်က နပိုလီယန်ရူး ရူးနေသူ ဖြစ်ပါလျက် မိမိ၏ ဝေဒနာကိုတော့ မိမိ မမြင်နိုင်၊ သူတစ်ပါး၏ ဝေဒနာကိုသာ မြင်နိုင်၏။ သို့ဖြစ်၍သာ သူသည် အခြားဝေဒနာရှင်ကို အရူးဟု သမုတ်ပြီး သူ့ကိုယ်သူတော့ တကယ့် နပိုလီယန်အစစ်ဟု သတ်မှတ်ခြင်း ဖြစ်၏။ ဤသည်မှာ တဏှာ၏ မာယာကွန်ရက်၌ မလှုပ်နိုင်၊ မရှားနိုင်အောင် မိနေခြင်း ဖြစ်၏။

သို့ဖြစ်၍သာ ဤလောက၌ အဓမ္မဝါဒများ ထွန်းကားပြီး ကမောက်ကမ ဖြစ်နေခြင်း ဖြစ်၏။ မငြိမ်းချမ်းခြင်း ဖြစ်၏။ သောကပရိဒေဝများ ရင်ဝယ်ပိုက်နေရခြင်း ဖြစ်၏။ ပါရမီ ပြည့်ပြီးသား ဖြစ်တော်မူသော သိဒ္ဓတ္ထမင်းသားသည်ပင် မိမိဘဝ၊ မိမိခန္ဓာကို စီမံဖန်တီးနေသော တဏှာ လက်သမားကို မြင်အောင် မကြည့်နိုင်ခဲ့ပါလျှင် အခြားသော ပုဂ္ဂိုလ်များအနေဖြင့် တဏှာလက်သမားကို အဘယ်သို့လျှင် မြင်အောင် ကြည့်နိုင်ပါမည်နည်း။

တဏှာလက်သမားကို မြင်အောင် မကြည့်နိုင်သေးသရွေ့ ကာလပတ်လုံး ပုထုဇဉ်တို့သည် စိတ္တဇဆေးရုံမှ နပိုလီယန်ရူး ရူးနေသော စိတ္တဇဝေဒနာရှင်ကဲ့သို့ မိမိကိုယ်တော့ လူကောင်းထင်ပြီး အခြားသူများကိုသာ အရူးထင်နေပေလိမ့်မည်။ အမှန်အားဖြင့် **ပုထုဇ္ဇနော ဥမ္မတ္တကော** ဟူသည်နှင့် အညီ ပုထုဇဉ်ဟူသမျှသည် အရူးများသာ ဖြစ်ကြ၏။ စိတ္တဇဆေးရုံမှ စိတ္တဇဝေဒနာရှင်များသည် သမ္မုတိသစ္စာအားဖြင့် လည်းကောင်း၊ ပရမတ္ထသစ္စာအားဖြင့် လည်းကောင်း အရူးများ ဖြစ်ကြ၏။ ပုထုဇဉ်များမှာမူ သမ္မုတိသစ္စာအားဖြင့် အရူး မဟုတ်စေကာမူ ပရမတ္ထသစ္စာအားဖြင့် အရူးများပင် ဖြစ်ကြပါ၏။

စိတ္တဇဝေဒနာရှင်များသည် မိမိတို့အနေဖြင့် နပိုလီယန် မဟုတ်ပါဘဲလျက် နပိုလီယန်ဟု ထင်၏။ သူဌေး မဟုတ်ပါဘဲလျက် သူဌေးဟု ထင်၏။ ထိုနည်းအတူ နောက်ကွယ်မှ တဏှာလက်သမား၏ ကြိုးဆွဲခြင်းကို ခံနေရသော ပုထုဇဉ်များသည် ဖောက်ပြန် မှားယွင်းသော **'ဝိပလ္လာသ' အထင်၊**

**'ဝိပလ္လာသ' အမြင်၊ 'ဝိပလ္လာသ' အသိ** တို့ဖြင့် မိမိကိုယ်ကို ဓမ္မဝါဒီ မဟုတ်ပါဘဲလျက် ဓမ္မဝါဒီဟု ထင်၏။ သူတော်ကောင်း မဟုတ်ပါဘဲလျက် သူတော်ကောင်းဟု ထင်၏။ ကရုဏာရှင် မဟုတ်ပါဘဲလျက် ကရုဏာရှင်ဟု ထင်၏။ အများအတွက် အနစ်နာခံသူ မဟုတ်ပါဘဲလျက် အများအတွက် အနစ်နာခံသူဟု ထင်၏။ ကိုယ်ကျိုးစွန့်နိုင်သူ မဟုတ်ပါဘဲလျက် ကိုယ်ကျိုးစွန့်နိုင်သူဟု ထင်၏။ ဤသည်များမှာ အရူး၏ လက္ခဏာများ ဖြစ်ကြ၏။ အရူး၏ လက္ခဏာများ ဖြစ်ကြသော်လည်း အရူး၏ လက္ခဏာများဟု မသိ၊ အကောင်း၏ လက္ခဏာများ အဖြစ်သာ သိကြ၏။ ပုထုဇဉ်တို့၏ ဓမ္မတာပေတကား။

တဏှာလက်သမားသည် သတ္တဝါတို့၏ ဘဝ၊ သတ္တဝါတို့၏ ခန္ဓာအိမ်ကို တည်ဆောက်ရာ၌ ဒိဋ္ဌိကိုလည်း ညွှန်ကြား၏။ မာနကိုလည်း စေခိုင်း၏။ ဒိဋ္ဌိနှင့် မာနတို့သည် တဏှာလက်သမား၏ အစေအပါးများ ဖြစ်ကြ၏။ သို့ရာတွင် ဒိဋ္ဌိနှင့် မာနတို့ကို စေခိုင်းနိုင်အောင် တဏှာလက်သမားများသည် အဝိဇ္ဇာ၏ အကူအညီကိုတော့ ယူရ၏။ အမှန်အားဖြင့် အဝိဇ္ဇာသည် တဏှာထက် နယ်ကျယ်၏။ ထို့ကြောင့် တဏှာလက်သမားအနေဖြင့် အဝိဇ္ဇာ၏ အကူအညီကို ရယူခြင်း ဖြစ်၏။

ထိုအခါ သတ္တဝါတို့အား မာနက မောက်မာအောင် လုပ်၏။ ဒိဋ္ဌိက မိမိနှင့် ပတ်သက်သမျှကို အခိုင်အမာဖြစ်အောင် လုပ်၏။ အဝိဇ္ဇာခြံရံသော တဏှာလက်သမားသည် ထိုထိုသတ္တဝါတို့အား မိမိတို့၏ ဘဝကို သိရာ၌ လည်းကောင်း၊ မိမိတို့၏ ခန္ဓာကို သိရာ၌ လည်းကောင်း၊ မိမိတို့နှင့် ပတ်သက်ရာ လောကကို သိရာ၌ လည်းကောင်း အနိစ္စဖြစ်ပါလျက် နိစ္စဟု သိလာအောင် ဖန်တီး၏။ အသုဘဖြစ်ပါလျက် သုဘဟု သိလာအောင် စီစဉ်၏။ ဒုက္ခ ဖြစ်ပါလျက် သုခဟု သိလာအောင် ညွှန်ကြား၏။ အနတ္တ ဖြစ်ပါလျက် အတ္တဟု သိလာအောင် သွန်သင်၏။

ဤသည်များကို မှားယွင်းသော အသိ 'စိတ္တဝိပလ္လာသ'ဟူ၍ ဆိုရ

၏။ မှားယွင်းသောအသိ စိတ္တဝိပလ္လာသကိုသာမက **မှားယွင်းသောအထင် 'သညာဝိပလ္လာသ'**နှင့် **မှားယွင်းသောအမြင် 'ဒိဋ္ဌိဝိပလ္လာသ'** တို့ကိုလည်း တဏှာလက်သမားကပင် ဖန်ဆင်းပေးလိုက်၏။ တည်ဆောက်ပေးလိုက်၏။

အမှန်အားဖြင့် အရိယသစ္စာကို ထိုးထွင်း၍ မသိသေးသမျှ ကာလပတ်လုံး အဝိဇ္ဇာခြံရံ၍ တဏှာအရင်းခံသော ဝိပလ္လာသတရားတို့သည် ထိုသတ္တဝါတို့အား လွှမ်းမိုးနေမည် ဖြစ်ကြ၏။ ထိုအခါ ပုထုဇဉ် သတ္တဝါတို့သည် ဖောက်ပြန်မှားယွင်းစွာ ထင်နေကြမည် ဖြစ်၏။ မြင်နေကြမည် ဖြစ်၏။ သိနေမည် ဖြစ်၏။ ထို့ကြောင့် ဝိပလ္လာသတရားများကို မပယ်သတ်နိုင်သမျှ ကာလပတ်လုံး ပုထုဇဉ်များကို အရူးဟု ဆိုကြခြင်း ဖြစ်၏။

ဝိပလ္လာသတရားများကို ပယ်သတ်ဖို့ဆိုသည်မှာ အရိယသစ္စာကို သိသော မဂ်ဉာဏ်ကိုရပါမှ ပယ်သတ်နိုင်၏။ မဂ်ဉာဏ်ကို ရလျှင်လည်း ပုထုဇဉ်ဘဝကို လွန်မြောက်ပြီး အရိယာအဖြစ်သို့ ရောက်တော့၏။ ထိုအခါ လောကကိုလည်း အမှန်အတိုင်း သိ၏။ အမှန်အတိုင်း မြင်၏။ ဘဝကိုလည်း အမှန်အတိုင်း သိ၏။ အမှန်အတိုင်း မြင်၏။ ထို့ကြောင့် အရိယာတို့၏ အသိသည်သာ သစ္စာနှင့်ယှဉ်သော အသိဖြစ်၏။ ပုထုဇဉ်တို့၏ အသိသည် သစ္စာနှင့်ယှဉ်သော အသိ မဟုတ်။ သို့ဖြစ်၍ အရိယာပုဂ္ဂိုလ်များကိုသာ ယုံကြည်ထိုက်သော စကားရှိသူအဖြစ် ဝိနည်းဒေသနာ အနိယတ သိက္ခာပုဒ်၌ ဖော်ပြထားခြင်း ဖြစ်၏။ ဤနေရာ၌ ယုံကြည်ထိုက်သော စကားရှိသူဟူသည်မှာ သက်သေအထောက်အထား ပြစရာမလိုဘဲ သယံသိဒ္ဓသဘောအရ သစ္စာနှင့် ယှဉ်သဖြင့် အလိုအလျောက် ယုံကြည်ထိုက်သော စကားရှိသူ ဖြစ်လာခြင်းပင် ဖြစ်လေ၏။

သတ္တဝါတို့၏ နောက်ကွယ်မှနေ၍ ဆွဲတတ်သော တဏှာကို ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာဟူ၍ (၃)မျိုး ရှိကြောင်း ကျမ်းဂန်များ၌ ဆိုကြ၏။ တဏှာ၏ မူရင်းအလုပ်သည် မည်သည့်အရာဝတ္ထုမျိုးကို မဆို သာယာဖွယ်ဖြစ်အောင် ဖန်တီးပေးခြင်း ဖြစ်၏။ ထို့ကြောင့် တဏှာကို

**'နန္ဒိရာဂ သဟဂတာ'** ဟူ၍ ဆိုခြင်း ဖြစ်၏။ မြန်မာပြန်အနက်မှာ **'နှစ်သက်ဖွယ် အရောင်အဆင်းနှင့်တကွ ဖြစ်အောင် လုပ်တတ်၏'** ဟူ၍ ဖြစ်လေ၏။

အမှန်အားဖြင့် တဏှာ ဝင်လာပြီဆိုလျှင် ထိုပုဂ္ဂိုလ်အတွက် မည်သည့် အရာဝတ္ထုမျိုးပင်ဖြစ်ဖြစ် နှစ်သက်ဖွယ်အသွင်ကို ဆောင်သည်ချည်း ဖြစ်ပါ၏။ နှစ်သက်ဖွယ် အသွင်ကို ဆောင်သည်ဆိုလျှင်ပဲ အမှားနှင့် အမှန်၊ အကြောင်းနှင့် အကျိုးကို မမြင်နိုင်တော့ဘဲ ထိုအရာဝတ္ထု၏ နောက်သို့ ကောက်ကောက်ပါအောင် လိုက်ရန် ဆွဲဆောင်လေတော့၏။ ထိုသို့ လိုက်ရာတွင်လည်း လိုက်သူအနေဖြင့် မည်မျှမှန်ကန်ကြောင်း သူ့ကိုယ်သူ အခိုင်အမာ ယုံကြည်အောင် တဏှာလက်သမားက စွမ်းဆောင်ပြီးသား ဖြစ်၏။ သို့ဖြစ်၍လည်း ရဲရဲရင့်ရင့် လိုက်နိုင်ခြင်း ဖြစ်၏။

မရသေးသော အရာဝတ္ထုကိုလည်း ရအောင် အားထုတ်၏။ တစ်ခါ အားထုတ်၍ မရသေးလျှင်လည်း ရလိမ့်နိုးနိုး မျှော်ကိုးချက်ဖြင့် နောက်ထပ် အားထုတ်ပြန်၏။ မရသေးသော အရာဝတ္ထုကို မရလျှင် ရအောင် အားထုတ်ခြင်းကို ကာမတဏှာဟူ၍ ဆို၏။ ကာမတဏှာဟူသည် အတ္တဒိဋ္ဌိနှင့် ယှဉ်သော တဏှာဖြစ်၏။ အတ္တဒိဋ္ဌိကို သက္ကာယဒိဋ္ဌိ ဟူ၍လည်း ဆိုရ၏။ မရသေးသော အရာဝတ္ထုကို ရပြန်ပါကလည်း ထာဝစဉ် သိမ်းထားလိုသော သဘော မရှိ။ အခိုက်အတန့်သာ သိမ်းထားလို၏။ အစ ပထမ၌သာ ထိုအရာဝတ္ထုကို တယုတယ မြတ်နိုး၏။ နောက်တော့ ငြီးငွေ့ပြန်၏။ တယုတယ မြတ်နိုးခြင်းကို ဘဝတဏှာ ဟူ၍ ဆိုရ၏။ ဘဝတဏှာ ဟူသည် သဿတဒိဋ္ဌိနှင့် ယှဉ်သော တဏှာဖြစ်၏။

မိမိ တယုတယ မြတ်နိုး၍ သိမ်းဆည်းထားသော အရာဝတ္ထုကို နောက်ပိုင်း၌ ငြီးငွေ့လာ၏။ မူလအဟောင်းကို စွန့်ပစ်ပြီး နောက်ထပ် အသစ်တစ်မျိုးနှင့် အစားထိုးချင်လာ၏။ ထိုကဲ့သို့ စွန့်ပစ်လိုခြင်းကို ဝိဘဝ တဏှာဟူ၍ ဆိုရ၏။ ဝိဘဝတဏှာဟူသည် ဥစ္ဆေဒဒိဋ္ဌိနှင့် ယှဉ်သော တဏှာ ဖြစ်၏။ ထို့ကြောင့် တဏှာ၏သဘောကို ကာယနှင့် ယှဉ်၍ ပြောရလျှင်

ဖြစ်ခြင်း 'ဥပါဒ်'နှင့် ယှဉ်သော တဏှာသည် ကာမတဏှာ ဖြစ်၏။ တည်ခြင်း 'ဌီ'နှင့် ယှဉ်သော တဏှာသည် ဘဝတဏှာဖြစ်၏။ ပျက်ခြင်း 'ဘင်'နှင့် ယှဉ်သော တဏှာသည် ဝိဘဝတဏှာ ဖြစ်၏။

တဏှာသည် သမုဒယသစ္စာ ဖြစ်၏။ သမုဒယသစ္စာ အနေဖြင့် သံသရာ၌ ဘဝပြတ်မသွားအောင် တတ်နိုင်သမျှ အားထုတ်၏။ မဂ်ဉာဏ်ဖြင့် မိမိကို မမြင်ရအောင် ပုန်းကွယ်၏။ ဘဝ၌ မသာယာဖွယ် ကြုံလာလျှင် သာယာဖွယ် ဖြစ်သွားအောင် ဖန်တီး၏။ ဘဝကို ပိုင်ဆိုင်သူများအနေဖြင့် ဘဝ၌ ငြီးငွေ့မသွားရလေအောင် ကြံဖန်၏။ ထိုအခါ မိမိအနေဖြင့် ဘာကိုပဲ လုပ်လုပ် ဘဝ၌ သာယာလာ၏။ အကယ်စင်စစ် မတရားမှုကို လုပ်လျှင်လည်း မိမိ၏ လုပ်ငန်းကို တရားသော သစ္စာလုပ်ငန်းအဖြစ် ယုံကြည်ပြီး ဘဝ၌ သာယာ၏။ တစ်ကိုယ်ကောင်း လုပ်ငန်းကို လုပ်လျှင်လည်း မိမိ၏ လုပ်ငန်းကို အများအကျိုးဆောင် သစ္စာလုပ်ငန်းအဖြစ် ယုံကြည်ပြီး ဘဝ၌ သာယာ၏။ သူယုတ်မာလုပ်ငန်းကို လုပ်လျှင်လည်း မိမိ၏ လုပ်ငန်းကို သူတော်စင် သစ္စာလုပ်ငန်းအဖြစ် ယုံကြည်ပြီး ဘဝ၌ သာယာ၏။

ဤနည်းအားဖြင့် တဏှာသည် ဘဝ၌ မိမိ၏ မာယာဖြင့် ဒုက္ခကို သုခဟု ထင်ရလေအောင်၊ အသုဘကို သုဘဟု ထင်ရလေအောင်၊ အနိစ္စကို နိစ္စဟု ထင်ရလေအောင်၊ အနတ္တကို အတ္တဟု ထင်ရလေအောင် ဖန်ဆင်းလေတော့၏။ အမှန်အားဖြင့် တဏှာသည် သမုဒယသစ္စာအနေဖြင့် လောကကြီး ပျက်သုဉ်းမသွားရလေအောင် စောင့်ရှောက်၏။ လောကသမုဒယ အနေဖြင့် တဏှာသည် သူ့တာဝန်ကိုသူ ကျေပွန်စွာ ဆောင်ရွက်ပါ၏။

သို့ရာတွင် တဏှာသည် သူ့၌ ဆန့်ကျင်ဘက် ရှိ၏။ တဏှာ၏ ဆန့်ကျင်ဘက်ကား တဏှာမှ ထွက်မြောက်ခြင်း နိဗ္ဗာန်ဖြစ်၏။ တဏှာ၏ နယ်နိမိတ်သည် ကျယ်ဝန်းပါ၏။ နိဗ္ဗာန်၏ နယ်နိမိတ်ကား ထို့ထက်ပို၍ ကျယ်ဝန်း၏။ တဏှာ၏ အခြေအရံ အဝိဇ္ဇာသည်လည်း သူ၌ ဆန့်ကျင်ဘက် ရှိ၏။ အဝိဇ္ဇာ၏ ဆန့်ကျင်ဘက်ကား ဝိဇ္ဇာဖြစ်၏။ အဝိဇ္ဇာ၏ နယ်နိမိတ်

လည်း ကျယ်ဝန်းပါ၏။ သို့ရာတွင် ဝိဇ္ဇာ၏ နယ်နိမိတ်ကား ထိုထက်ပို၍ ကျယ်ဝန်းလေ၏။ အဝိဇ္ဇာနှင့် တဏှာသည် လောက၌သာ အုပ်စိုးနိုင်သော်လည်း၊ ဝိဇ္ဇာနှင့် နိဗ္ဗာန်ကား လောကသုံးပါးလုံး၏ ချုပ်ရာ အကြောင်းအကျိုးအနေဖြင့် လောကီနှင့် လောကုတ္တရာ နှစ်မျိုးလုံး၌ အုပ်စိုးနိုင်၏။ ထို့ကြောင့် တစ်ခုသောအချိန်တွင် အဝိဇ္ဇာက ဝိဇ္ဇာကို အပြီးသတ် အရှုံးပေးပြီး တဏှာက နိဗ္ဗာန်ကို အပြီးသတ် အရှုံးပေးရလေ၏။ ဤနည်းအားဖြင့် လောကသည် လောကုတ္တရာ၌ အပြီးသတ် ချုပ်ငြိမ်းရ၏။ ထိုအချိန်၊ ထိုကာလ၊ ထိုသမယသည် ရှိပါ၏။

ထိုအချိန်၊ ထိုကာလ၊ ထိုသမယသည် သူ့အလိုအလျောက် ရောက်လာသည်တော့ မဟုတ်ပါ။ ပါရမီအလျောက် ကြိုးစားခြင်းဖြင့်သာ ရောက်လာခြင်း ဖြစ်၏။ ကြိုးစားနည်းသည် ထေရဝါဒ ဗုဒ္ဓပိဋကတ်တော်၌ ရှိ၏။ ယင်းနည်းကို အကျဉ်းအားဖြင့် ဆိုရလျှင် ပထမ ကိုယ်ကျင့်သိက္ခာဖြူစင်အောင် ကြိုးစားရ၏။ ထိုနောက် စိတ်ထားဖြူစင်အောင် ကြိုးစားရ၏။ ထိုနောက် ပရမတ်မြင်အောင် ကြိုးစားရ၏။ စိတ်ထားဖြူစင်သောအခါ အလင်းရောင်ရော ဉာဏ်မျက်စိပါ ပေါ်လာပြီး ပရမတ်ကို မြင်လာနိုင်၏။ ထို့နောက် ပရမတ်တို့၏ ဖြစ်ပျက်ကိုမြင်ပြီး ဖြစ်ပျက်၌ ငြီးငွေ့ကာ ဖြစ်ပျက်တို့၏ ဆုံးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုလေတော့၏။

ဤနည်းအားဖြင့် သမုဒယသစ္စာသည် နိရောဓသစ္စာ၌ နိဂုံးချုပ်ရပါ၏။ အတုအယောင် သုခသည် အစစ်အမှန် သုခ၌ ဇာတ်သိမ်းရလေ၏။ သို့ရာတွင် ဤဇာတ်သိမ်းခြင်းကား ကောင်းသော ဇာတ်သိမ်းခြင်း၊ လိုလားအပ်သော ဇာတ်သိမ်းခြင်း၊ ချီးမွမ်းအပ်သော ဇာတ်သိမ်းခြင်း၊ လောကကို အစစ်အမှန် ချီးမြှောက်သော ဇာတ်သိမ်းခြင်း ဖြစ်ပါ၏။ ထေရဝါဒ ဗုဒ္ဓဘာသာဝင်များ အနေဖြင့် လူတိုင်း တောင့်တသော ဇာတ်သိမ်းခြင်းကား ဤဇာတ်သိမ်းခြင်း မျိုးသာတည်း။

[ ဓမ္မရသစာစောင်၊ အောက်တိုဘာလ ၁၉၉၁ ]

# ကာမဂုဏ်

ယနေ့ မြန်မာဝေါဟာရ၌ ကာမဂုဏ်သည် အနက်တစ်မျိုးကို ဆောင်သော်လည်း မူရင်း ပါဠိဝေါဟာရ၌ ကာမဂုဏ်သည် **'မက်မောဖွယ်ရာ အစုစု'** ဟူသော အနက်ကို ဟော၏။

ကာမဂုဏ်အရလည်း အာရုံ (၅)ပါးကိုပင် ဖော်ပြ၏။ သို့ရာတွင် ဒေသနာတော်၌ ကာမဂုဏ်ကို မာရ်နတ်၏ ပထမတပ်ကြီးအဖြစ် တင်စား၍ ဆိုလေ၏။ အမှန်အားဖြင့် လောက၏ အစီးအပွားအတွက် ဆောင်ရွက်သူ မှန်သမျှသည် ပထမဦးစွာ မာရ်နတ်၏ ပထမတပ်မကြီးနှင့် မလွဲမသွေ တွေ့ရမည် ဖြစ်၏။ သူနိုင်ကိုယ်နိုင် တိုက်ခိုက်ရမည် ဖြစ်၏။

ပုဗ္ဗဘာဂမဂ် ခေါ်သော သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ (ပညာအုပ်စု)၊ သမ္မာဝါယာမ၊ သမ္မာသတိနှင့် သမ္မာသမာဓိ (သမာဓိအုပ်စု)တို့ဖြင့် ဒုစရိုက်များနှင့် မိစ္ဆာအာဇီဝတို့မှ ရှောင်ကြဉ်နိုင်သည်နှင့်အမျှ တိုက်စွမ်းရည် ထက်မြက်သောကြောင့် ကိုယ်က နိုင်လျှင် နောက်ထပ် မာရ်နတ်၏ တပ်မကြီး (၉)တပ်ကို ဆက်လက်တိုက်ခိုက်ရဦးမည် ဖြစ်၏။ အမှန်အားဖြင့် မာရ်နတ်မှာ တပ်မကြီး (၁၀)တပ် ရှိလေ၏။ ယင်းတို့မှာ–

(၁) ကာမဂုဏ် (**ကာမ**)

(၂) စိတ်ဝင်စားဖွယ်ကို မတွေ့ခြင်း (**အရတိ**)

(၃) ငတ်မွတ်ခြင်း (ဥပ္ပိပါသ)

(၄) ပင်ပန်းခြင်း (**တန္ဒိ**)
(၅) ငိုက်မျဉ်းခြင်း (**ထိန မိဒ္ဓ**)
(၆) ကြောက်ရွံ့ခြင်း (**ဘီရု**)
(၇) ယုံမှားခြင်း (**ဝိစိကိစ္ဆာ**)
(၈) ကျေးဇူးမဲ့ခြင်း (**မက္ခ**)
(၉) ကြွားဝါခြင်း (**မာန**)
(၁၀) မိမိကိုယ်ကို အထင်ကြီးပြီး၊ သူတစ်ပါးကို အထင်သေးခြင်း (**အတ္တုက္ကံသန ပရဝမ္ဘန**) တို့ ဖြစ်ကြ၏။

ယင်းတပ်မကြီး (၁၀)တပ်အနက် ပထမတပ်မကြီးဖြစ်သော ကာမဂုဏ်၌ ပစ္စည်းဥစ္စာလည်း ပါ၏။ ရာထူးလည်း ပါ၏။ အရှိအသေ ခံရမှုလည်း ပါ၏။ ထင်ပေါ်ကျော်ကြားမှုလည်း ပါ၏။ များသောအားဖြင့် လောက၏ အစီးအပွားအတွက် ရှုပ်ရှုပ်ချွံချွံ ဆောင်ရွက်ကြသူများသည် မာရ်နတ်၏ ပထမတပ်ကြီး ကာမဂုဏ်နှင့် ရင်ဆိုင်တွေ့ဆုံရသောအခါ ကိုယ်က မနိုင်ဘဲ ယင်းတပ်မကြီး၌ ကျဆုံးသည်က များကြလေ၏။

ထို့ကြောင့် မိမိက အနိုင်မရသဖြင့် လောက၏ အစီးအပွားအတွက် မဆောင်ရွက်နိုင်တော့ဘဲ မာရ်နတ်က အနိုင်ရသဖြင့် မာရ်နတ်၏ အလိုဆန္ဒအတိုင်း မာယာနှင့် သာဌေယျဖြင့် လောက၏ အစီးအပွားကို ကိုယ်ယောင်ပြပြီး မိမိ၏ အစီးအပွားကိုသာ ဆောင်ရွက်မိသူ ဖြစ်တတ်ပါ၏။

ဤသည်မှာ မိမိက ရှုံး၍ မာရ်နတ်က နိုင်ခြင်း ဖြစ်ပါ၏။ ဤ၌ '**မာယာ**' ဟူသည် မိမိ၌ မရှိသော 'ဂုဏ်'ကို ရှိဟန်ဆောင်ခြင်း ဖြစ်၏။ '**သာဌေယျ**' ဟူသည် မိမိ၌ ရှိသော အပြစ်ကို မရှိဟန်ဆောင်ခြင်း ဖြစ်၏။

လူတွင် ဝိညာဏက္ခန္ဓာ ပါဝင်လျက်ရှိရာ ယင်း ဝိညာဏက္ခန္ဓာသည် '**ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ အာဂန္တုကေဟိ ဥပက္ကိလေသေဟိ ဥပက္ကိလိဋ္ဌံ**' ဟူသော ဒေသနာတော်အရ အလွန်စင်ကြယ်၏။ ပြိုးပြိုးပြက် တစ်ခဲနက်တောက်ပ၏။ ထို့ကြောင့် လူတို့သည် ပင်ကိုဗီဇအားဖြင့် သူတော်ကောင်း

ကို မြတ်နိုးတတ်ကြ၏။ သူတော်ကောင်း ဖြစ်လိုကြ၏။ အမှန်တရား ဘက်တော်သားများ ဖြစ်လိုကြ၏။ မိမိ၏ အကျိုးကို စွန့်လွှတ်ကာ လောက၏ အကျိုးစီးပွားကို ဆောင်ရွက်လိုကြ၏။

သို့ရာတွင် အာဂန္တုကဖြစ်သော တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် စွဲလမ်းအပ်သော အတ္တ၏ လွှမ်းမိုးမှုကြောင့် ပင်ကိုကောင်းမြတ်သော စိတ်သည် ယုတ်ညံ့သော အတ္တစိတ် ဖြစ်လာရ၏။ အတ္တစိတ် ဖြစ်လာသည်နှင့်အမျှ လူတို့သည်လည်း ယုတ်ညံ့လာတတ်ကြ၏။ ထိုအခါ မာယာနှင့် သာဌေယျဖြင့် လောက၏ အကျိုးစီးပွားကို အယောင်ပြပြီး မိမိ၏ အကျိုးစီးပွားကိုသာ ဆောင်ရွက်လေတော့၏။ ဤသည်မှာ မာရ်နတ်၏ ပထမတပ်မကြီးနှင့် မတွေ့ရမီ၊ မတိုက်ရမီကပင် အလံဖြူတင်၍ အရှုံးပေးလိုက်ခြင်း ဖြစ်၏။

ထိုသူမျိုးသည် ပစ္စည်းဥစ္စာများဖြင့် သိမ်းသွင်းခြင်း မခံရမီကပင် သိမ်းသွင်းခြင်း ခံရလေအောင်၊ ရာထူး ဂုဏ်ထူးများဖြင့် သိမ်းသွင်းခြင်း မခံရမီကပင် သိမ်းသွင်းခြင်း ခံရလေအောင်၊ အရိုအသေ အလေးအမြတ်ပြု၍ တောင်းပန်ခြင်း မခံရမီကပင် ထိုကဲ့သို့ တောင်းပန်ခြင်း ခံရလေအောင်၊ မကျော်ကြားသေးပါကလည်း ထင်ပေါ်ကျော်ကြားလေအောင် ဘဝကို အပျက်ခံပြီး မလုပ်သင့်သည်များကို လုပ်တတ်ကြ၏။ မဆိုသင့်သည်များကို ဆိုတတ်ကြ၏။ မကြံသင့်သည်များကို ကြံတတ်ကြ၏။ ဤသည်မှာ အခြေခံပညာ မလုံလောက်ရှာသော သာမန်လူများအနေဖြင့် မာရ်နတ်၏ ပထမတပ်မကြီးဖြစ်သော ကာမဂုဏ်တို့၏ ရှေ့မှောက်၌ ဒူးထောက်၍ အရှုံးပေးလိုက်ခြင်း ဖြစ်၏။

ထိုဆုံးရှုံးခြင်းမျိုးတွင် ကာယကံအားဖြင့် ရှုံးခြင်းမျိုးလည်း ရှိ၏။ ဝစီကံအားဖြင့် ရှုံးခြင်းမျိုးလည်း ရှိ၏။ မနောကံအားဖြင့် ရှုံးခြင်းမျိုးလည်း ရှိ၏။ ထိုကဲ့သို့ ရှုံးသွားပါသော်လည်း မိမိကိုယ်ကို မိမိ ရှုံးသွားပြီဟု သိသူများလည်း ရှိ၏။ မသိသူများလည်း ရှိ၏။ သို့ရာတွင် လောကပါလနတ်များနှင့် တကယ့်ဓမ္မဘက်တော်သားများကမူ ထိုသူ ရှုံးသွားပြီဟု သိလေ၏။

အမှန်တရားဟူသည် မည်သည့် အဓမ္မဘက်တော်သား မာရ်နတ်၏ အုပ်စုဝင်များက အမှားတရားအဖြစ် သတ်မှတ်ခြင်း ခံရစေကာမူ အမှန်တရား အသွင်ဖြင့်ပင် တစ်ခုသောနေ့တွင် ကိုယ်ထင်ပြလာမည် ဖြစ်၏။ ယုံမှားဖွယ် ရာ မရှိ။

လူတို့သည် ဝိညာဏက္ခန္ဓာ၏ လှုံ့ဆော်ချက်အရ ပင်ကိုဗီဇအား ဖြင့် မိမိ၏ အကျိုးစီးပွားကို ပဓာနမထားဘဲ လောက၏ အကျိုးစီးပွားကို ဆောင်ရွက်လိုကြ၏။ ထိုသို့ ဆောင်ရွက်နိုင်အောင် အခြေခံပညာ လုံလောက် သော အသိပညာရှင်များ၊ အတတ်ပညာရှင်များ ဖြစ်လာစေရန် ပံ့ပိုးသည့် အနေဖြင့် မိဘများကလည်း မိမိတို့၏ သားသမီးများကို ကျောင်းသို့ အပ်နှံ ကြ၏။ ဆရာများကလည်း အားစိုက်ခွန်စိုက် သင်ပေးကြ၏။

ထိုအခါ သားသမီးများသည် အသိပညာရှင်များ ဖြစ်လာကြ၏။ အတတ်ပညာရှင်များ ဖြစ်လာကြ၏။ ထိုကဲ့သို့ အသိပညာရှင်များ၊ အတတ် ပညာရှင်များ ဖြစ်လာကြသည့် အားလျော်စွာ လောက၏ အစီးအပွားအတွက် ဆောင်ရွက်လာကြ၏။ နိုင်ငံ အစီးအပွားအတွက် ဆောင်ရွက်လာကြ၏။ အမျိုးသား အစီးအပွားအတွက် ဆောင်ရွက်လာကြ၏။ သို့ရာတွင် မာရ်နတ် ၏ ပထမ တပ်မကြီးဖြစ်သော ကာမဂုဏ်များနှင့် တွေ့လေသောအခါ တိုက်စွမ်းရည် မထက်မြက်သောကြောင့် မိမိတို့က မနိုင်တော့ဘဲ မာရ်နတ်၏ တပ်မကြီးအား အရှုံးပေးလိုက်ကြရ၏။

ပစ္စည်းဥစ္စာများဖြင့် သိမ်းသွင်းခြင်း ခံရ၍လည်း အရှုံးပေးရခြင်းမျိုး လည်း ရှိ၏။ ရာထူး၊ ဂုဏ်ထူးများဖြင့် သိမ်းသွင်းခြင်း ခံရ၍လည်း အရှုံးပေး ရခြင်းမျိုးလည်း ရှိ၏။ အင်နှင့်အားနှင့် စည်းရုံးခြင်း ခံရ၍လည်း အရှုံးပေးရ ခြင်း မျိုးလည်း ရှိ၏။ လုပ်ပိုင်ခွင့်ပေးပြီး ခေါင်းဆောင်တင်၍ စည်းရုံးခြင်း ခံရသဖြင့် အရှုံးပေးရခြင်းမျိုးလည်း ရှိ၏။ ကျော်ကြားထင်ရှားအောင် လုပ် ပေးပြီး စည်းရုံးခြင်း ခံရသဖြင့် အရှုံးပေးရခြင်းမျိုးလည်း ရှိ၏။

သို့ရာတွင် ထိုသို့ ရှုံးကြသူများမှာ အနတ္တဒဿနကို မလေ့လာမိဘဲ

အတ္တဒသသနကိုသာ အားကိုးတကြီး လေ့လာမိခြင်းကြောင့်၊ ကိုယ်ကျင့်သိက္ခာ မခိုင်မာ၍ တိုက်စွမ်းရည် မထက်မြက်သောကြောင့် ရှုံးကြခြင်းမျိုးလည်း ဖြစ်နိုင်ပါ၏။ ပင်ကိုဗီဇ ကောင်းပါလျက် စာပေပညာ အပေါင်းအဖော် များသဖြင့် အကောင်းမှ အဆိုး ဖြစ်သွားရခြင်း ဖြစ်ပါ၏။

မြတ်စွာဘုရားကလည်း ရှင်အာနန္ဒာအား မိတ်ဆွေကောင်းရှိခြင်းသည် အရာရာတိုင်းကို ပြီးမြောက်စေသည်ဟူ၍ ဟောကြားချက်များ ရှိပါ၏။ ထို့ကြောင့် ကိုယ်ကျင့်သိက္ခာကို ထိန်းသိမ်းပေးနိုင်သော စာပေများသည်လည်း မိတ်ဆွေကောင်း ကလျာဏမိတ္တ ဖြစ်၏။ အမှန်အားဖြင့် စာပေသည် **ဉပါဒါန ပစ္စယာ ဘဝေါ** အရ ဒိဋ္ဌုပါဒါန်အနေဖြင့် ဘဝ၏ ကောင်းကျိုးဆိုးပြစ်ကို ဖန်တီး၏။

ဗုဒ္ဓဒေသနာတော်အရဆိုလျှင် ကိုယ်ကျင့်သိက္ခာ ဖြူစင်မှုအပေါ် တည်ဆောက်မထားသော စိတ်ဓာတ်ခိုင်မာမှုသည် အန္တရာယ်ရှိသော ခေါင်းမာမှုတစ်မျိုးပင် ဖြစ်သည်။ တစ်ဖန် ခေါင်းမာမှုအပေါ် တည်ဆောက်ထားသော ပညာကား ပညာစစ် မဟုတ်။ ဗဟုသုတသာ ဖြစ်၏။ အကယ်၍ ဗဟုသုတကို ကိုယ်ကျင့်သိက္ခာ မြင့်မားမှုအပေါ်၌ မတည်ဆောက်ပါက ဗဟုသုတများလေ အမှားကို ကျူးလွန်တတ်လေဟူ၍ မြတ်စွာဘုရားက အရှင်သာရိပုတ္တရာအား ပါရာဇိကကဏ္ဍ ပါဠိတော် ဝေရဉ္စကဏ္ဍ သိက္ခာပဒ ပညတ္တိယာစနကထာ၌ ဟောကြားတော်မူချက်လည်း ရှိပါ၏။

ထို့ကြောင့် ကိုယ်ကျင့်သိက္ခာကို ခိုင်မာအောင် တည်ဆောက်ရန် မကြိုးစားဘဲ ပညာတတ်အောင် ကြိုးစားခြင်းသည် ဖြတ်လမ်းဖြစ်သဖြင့် လောကအတွက် ကြီးမားသော အန္တရာယ်ကို ယူဆောင်ရာ ရောက်တတ်ပါ၏။ ထို့ကြောင့် ဖြတ်လမ်းဟူ၍ မရှိဘဲ အစဉ်အတိုင်းသာ ကျင့်ရသော ဗုဒ္ဓဘာသာကျင့်စဉ်အရ ကိုယ်ကျင့်သိက္ခာကောင်းအောင် ပထမဦးစွာ အလေးထား၍ ကျင့်ရန် လိုလေ၏။

စာပေများကို ဖတ်ရှုလေ့လာသော အခါ၌လည်း ကိုယ်ကျင့်သိက္ခာ

မျက်နှာစာမှ ရပ်တည်၍ လေ့လာဖတ်ရှုအပ်၏။ ထိုအခါမှသာ မိမိတို့၏ ဗီဇစိတ်ဓာတ်အရ လူအပေါင်း၏ အကျိုးစီးပွားကို ဆောင်ရွက်လိုသော သဘောထားကို မြေတောင်မြှောက်ရာ ရောက်၏။ ထို့ကြောင့် လောက၏ အကျိုးစီးပွားအတွက် ဆောင်ရွက်နိုင်ရန် စာပေများကို လေ့လာတော့မည် ဆိုပါက ဗုဒ္ဓစာပေသည် လေ့လာရန် အကောင်းဆုံးစာပေ ဖြစ်ပါ၏။

ဗုဒ္ဓစာပေနှင့် အခြားစာပေများတွင် ထူးခြားချက် ရှိပါ၏။ ဗုဒ္ဓစာပေကို ဟောကြားတော်မူခဲ့သော ဗုဒ္ဓကား ကိုယ်ကျင့်သိက္ခာနှင့် ပတ်သက်၍ ကိလေသာ လုံးဝမရှိ။ ထို့ကြောင့် ဘက်လိုက်သော အမြင်ဖြင့် ဖော်ပြချက် ဟူ၍လည်း လုံးဝမရှိ။ ဉာဏ်တော်ဖြင့်သာ ဟောကြားတော်မူထားခြင်း ဖြစ်သဖြင့် အမှားအယွင်း ဟူ၍လည်း လုံးဝမရှိ။ ဤသည်ကိုပင် **အာဂမသုဒ္ဓိ** ဟူ၍ ဆိုရ၏။

အာဂမသုဒ္ဓိ ဟူသည်မှာ လာရာလမ်းကြောင်း စင်ကြယ်သော စာပေ ဟူ၍ ဖြစ်၏။ အခြားသူများကား စာပေများကို ကိလေသာတန်းလန်းဖြင့် ရေးသားခြင်း ဖြစ်၏။ ထို့ကြောင့် အမှားအယွင်း ရှိ၏။ ဤခြားနားချက်အရ လည်း ဗုဒ္ဓစာပေသည် လောက၏ အစီးအပွားအတွက် ဘက်မလိုက်ဘဲ ဆောင်ရွက်လိုသူများ အနေဖြင့် များစွာ ဖတ်ရှု လေ့လာသင့်သော စာပေ ဖြစ်ပါ၏။

ဗုဒ္ဓစာပေသည် လောကုတ္တရာလမ်းညွှန်သာ ဖြစ်၏။ လောက လမ်းညွှန် မဖြစ်ဟူ၍ အချို့က ဆိုတတ်ကြ၏။ ထိုအဆိုသည် ဘီစီ (၈)ရာစု က ပေါ်ထွန်းခဲ့သော ယာသကမုနိ၏ အဆိုအရ မမှန်ကြောင်း ထင်ရှား၏။ ယာသကမုနိက–

**"ကျမ်းစာကို လောကလမ်းညွှန်အဖြစ် အသုံးချ၍ မရဟု ဆိုပါက ထိုသို့ဆိုခြင်းသည် ကျမ်းစာကို လောကလမ်းညွှန်အဖြစ် အသုံးမချတတ်၍သာ ဖြစ်၏။ ထို့ကြောင့် ထိုသို့ အသုံးမချတတ်သူ၏ အပြစ်သာ ဖြစ်၏။ ကျမ်းစာ၏ အပြစ်မဟုတ်"** ဟူ၍ မှာကြားခဲ့ဖူး၏။

ထိုကြောင့် ထိုအမှာကို အာရုံပြု၍ စာပေကို လေ့လာ ဖတ်ရှုသင့်၏။ သို့ဖြစ်လျှင် ဗုဒ္ဓဘာသာစာပေများကို တတ်ပါမှ လူတော်လူကောင်း ဖြစ်လေသလားဟူ၍ မေးဖွယ်ရှိလာ၏။ ထိုအမေးနှင့် ပတ်သက်၍ ဆိုရလျှင် လယ်တီဆရာတော်ကြီး ထင်ပေါ်ကျော်ကြားစဉ်က အဘိဓမ္မာသင်တန်းများ ပို့ချမှုနှင့် စပ်လျဉ်း၍ ပြောကြ ဆိုကြ ရေးသားကြသော လင်္ကာတို တစ်ပုဒ်ကို သတိရမိ၏။ ထိုလင်္ကာတိုမှာ–

**'သောမနဿသဟဂုတ်၊ လက်ဖက်က တစ်အုပ် နှစ်အုပ်၊ သံဃာစင်ပေါ် ထ၍ခုတ်'** ဟူ၍ ဖြစ်၏။

အဘိဓမ္မာဆရာများ အလှူအိမ်၌ ကုသိုလ်၊ အကုသိုလ် ငြင်းရင်းအချင်းချင်း ခိုက်ရန်ဒေါသဖြစ်ပုံကို သရော်ထားသော စာချိုးလင်္ကာတို ဖြစ်ပါ၏။

ခေတ်အဆက်ဆက်၌လည်း ဗုဒ္ဓဘာသာ စာတတ်ပေတတ် ပုဂ္ဂိုလ်များသည် အတ္တသမားများ ဖြစ်သွားသည်နှင့်အမျှ တိုက်စွမ်းရည် ညံ့ပြီး မာရ်နတ်၏ ပထမ တပ်ကြီးဖြစ်သော ကာမဂုဏ်၏ ထိုးစစ်ကို မခံနိုင်၍ ကျရှုံးသူများ ရှိခဲ့ပါ၏။ လာဘ်လာဘဖြင့် ဖြားယောင်းမှုကြောင့် မဟုတ်တာကို အဟုတ်လုပ်၍ ဆိုခဲ့သူများလည်း ရှိခဲ့ပါ၏။ ရာထူးဖြင့် ဖြားယောင်းမှုကြောင့် မဟုတ်တာကို အဟုတ်လုပ်၍ ဆိုခဲ့သူများလည်း ရှိခဲ့ပါ၏။ အလေးအမြတ် ခံရမှုဖြင့် ဖြားယောင်းခံရ၍ မဟုတ်တာကို အဟုတ်လုပ်၍ ဆိုခဲ့သူများလည်း ရှိခဲ့ပါ၏။ ထင်ရှားကျော်စောမှုဖြင့် ဖြားယောင်းခံရ၍ မဟုတ်တာကို အဟုတ်လုပ်ပြီး ဆိုခဲ့သူများလည်း ရှိခဲ့ပါ၏။ မာရ်နတ်၏ 'လာဘ' တပ်သည် ထိုးစစ်၌ ထက်မြက်လှ၏။ 'သက္ကာရ'တပ်သည်လည်း ထိုးစစ်၌ ထက်မြက်လှ၏။ 'သိလောက'တပ်သည်လည်း ထိုးစစ်၌ ထက်မြက်လှ၏။ တော်ရုံ တန်ရုံ အင်အားနှင့်တော့ မာရ်နတ်၏ ကာမဂုဏ်တပ်မကြီးကို တွန်းလှန်ဖို့ မလွယ်ကူချေ။

ယနေ့ မျက်မှောက်ခေတ် မဆိုထားနှင့်၊ မြတ်စွာဘုရား လက်ထက်

တော်က ရှင်ဒေဝဒတ်ကို ကြည့်။ ရှင်ဒေဝဒတ်ကား နှယ်နှယ်ရရ ပုဂ္ဂိုလ် မဟုတ်။ ဈာန်အဘိညာဉ်ရ ပုဂ္ဂိုလ်ဖြစ်၏။ သို့ပါလျက် မာရ်နတ်၏ ပထမ တပ်ကြီး ကာမဂုဏ်နှင့် ရင်ဆိုင်တိုက်ခိုက်သောအခါ မရှုမလှ ကျဆုံးရှာလေ၏။ မာရ်နတ်၏ ပထမ တပ်မကြီး ကာမဂုဏ်ကား မည်မျှ စွမ်းပကား ရှိလေသနည်း။ ဈာန်အဘိညာဉ်ရ ဒေဝဒတ်လို ရဟန်းတော်ကို အောက်အဝီစိသို့ ဇောက်ထိုးကျွမ်းပြန် ဖြစ်သွားအောင် တိုက်နိုင်၏။ သူလိုငါလို ပညာရှင်၊ ဗဟုသုတရှင်များကိုကား အဘယ်ဆိုဖွယ်ရာ ရှိပါလေမည်နည်း။ ထို့အပြင် အဇာတသတ်ကို ကြည့်။ အဇာတသတ်လည်း မာရ်နတ်၏ ကာမဂုဏ် ထိုးစစ်ကြောင့် အရိယာဖြစ်နိုင်သော ပါရမီ ရှိပါလျက် အရိယာမဖြစ်ဘဲ ဘဝပျက်ခဲ့ရ၏။

မာရ်နတ်၏ အလွန် အင်အားကြီးမားသော ပထမ တပ်မကြီး ကာမဂုဏ်ကို အနိုင်တိုက်နိုင်သော သေနင်္ဂဗျူဟာသည် ပိဋကတ်စာပေ၌ ရှိ၏။ ထို့ကြောင့် မိမိ၏ အကျိုးစီးပွားကို ပဓာနမထားဘဲ လောက၏ အကျိုးစီးပွားကို ပဓာနထား၍ ဆောင်ရွက်လိုသူများ ဖြစ်လာကြစေရန် မြန်မာနိုင်ငံသားတို့သည် မာရ်နတ်၏ ကာမဂုဏ်တပ်မကြီးကို တိုက်ရာ၌ ပိဋကတ်စာပေလာ သေနင်္ဂဗျူဟာအတိုင်း လိုက်နာ၍ လေ့ကျင့်အပ်၏။

ထို့အပြင် မြန်မာနိုင်ငံသားတို့အနေဖြင့် မိမိကိုယ်ကို မိမိချစ်သည်မှာ ယုံမှားဖွယ် မရှိ။ မိမိ၏ အမျိုးသားကို မိမိ ချစ်သည်မှာ ယုံမှားဖွယ် မရှိ။ မိမိ၏ နိုင်ငံတော်ကို မိမိ ချစ်သည်မှာ ယုံမှားဖွယ် မရှိ။ သို့ရာတွင် မိမိကိုယ်ကို မိမိ နှစ်ရာမရောက်ဘဲ ချစ်ရာရောက်အောင်၊ မိမိ၏ အမျိုးသားကို မိမိ နှစ်ရာ မရောက်ဘဲ ချစ်ရာရောက်အောင်၊ မိမိ၏ နိုင်ငံတော်ကို မိမိ နှစ်ရာ မရောက်ဘဲ ချစ်ရာရောက်အောင် မည်သည့် လုပ်ငန်းနယ်ပယ်၌မဆို ဓမ္မသေနင်္ဂဗျူဟာနှင့် အညီ လုပ်ရန် လိုပါ၏။

လူကို လူလို မြင်တတ်ပြီး သူတစ်ပါးကို စတေးပြီးမှ ရမည့် အခွင့်အရေးမျိုးကို မယူမိအောင် ထိန်းသိမ်းဖို့ လိုအပ်ပါ၏။ ထိုသို့ ထိန်းသိမ်းခြင်း

သည် အတ္တကို ပယ်သတ်ခြင်း မည်ပါ၏။ အတ္တကို ပယ်သတ်ခြင်းသည် မာရ်နတ်၏ တပ်မကြီး 'ကာမဂုဏ်'ကို ဓမ္မသေနင်္ဗျူဟာဖြင့် နိုင်အောင် တိုက်ခြင်း မည်ပါ၏။ သို့ရာတွင် အတ္တကို ပယ်သတ်ရာ၌ ရုပ်နာမ်ခန္ဓာကို သိရုံမျှ ဉာတပရိညာဖြင့် မလုံလောက်သေး။ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို သိရုံမျှ တီရဏပရိညာဖြင့် မလုံလောက်သေး။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ကို ပယ်သတ်နိုင်သော ပဟာနပရိညာဖြင့်သာ အတ္တကို ပယ်သတ်နိုင်၏။ အတ္တသည် တဒင်္ဂပဟာန်ဖြင့် သေသေ၊ ဝိက္ခမ္ဘနပဟာန်ဖြင့် သေသေ၊ သမုစ္ဆေဒပဟာန်ဖြင့် သေသေ အတ္တ သေသည်နှင့်အမျှ မာရ်နတ်၏ ပထမတပ်မကြီး ကာမဂုဏ်ကို နိုင်သည် မည်ပါ၏။ ကာမဂုဏ်ကို နိုင်သည်နှင့်အမျှ ဤလောကသည် ငြိမ်းချမ်းပေလိမ့်မည်။

ထို့ကြောင့် ဤလောကကို တကယ်ငြိမ်းချမ်းစေလိုပါက ကိုယ်ကျင့်စင်ကြယ်မှု၊ စိတ်စင်ကြယ်မှု၊ အမြင်စင်ကြယ်မှုတို့ အပေါ် အခြေခံသော ပရိညာသုံးပါးဖြင့် မာရ်နတ်၏ ပထမတပ်မကြီးဖြစ်သော ကာမဂုဏ်ကို နိုင်အောင် တိုက်အပ်ပါ၏။ အမှန်အားဖြင့် အတ္တကို နိုင်လျှင် ကာမဂုဏ်ကို နိုင်သည် မည်ပါ၏။

# ဗုဒ္ဓအဘိဓမ္မာနှင့် သိပ္ပံပညာ

ယနေ့ခေတ်တွင် 'သိပ္ပံ' ဟူသော ဝေါဟာရ အလွန် ခေတ်စားသည်။ အရာရာတိုင်းကို သိပ္ပံဖြင့် တိုင်းတာကြသည်။ သိပ္ပံပညာသည် ရုပ်ပိုင်းဆိုင်ရာ သိမှုများနှင့် ပတ်သက်၍ စည်းစနစ်ကျသဖြင့် ကျေနပ်ဖွယ်ရှိသည်ဟု ဆိုနိုင်၏။ စိတ်ပိုင်းဆိုင်ရာ သိမှုများနှင့် ပတ်သက်၍ကား သိပ္ပံထက် အဘိဓမ္မာက ပို၍ စည်းစနစ် ကျပါသည်။ ထို့ကြောင့် ဗုဒ္ဓအဘိဓမ္မာနှင့် ပတ်သက်၍ 'သိပ္ပံနည်းကျ အဘိဓမ္မာ'ဟု ဆိုလျှင် စကားလုံး လှသည်မှတစ်ပါး အခြားလေးနက်သည့် အနက်အဓိပ္ပာယ် မရှိ။

ဗုဒ္ဓအဘိဓမ္မာအရ အာရုံများကို အုပ်စုခွဲလိုက်လျှင် ပဥ္စာရုံနှင့် ဓမ္မာရုံဟူ၍ အုပ်စု နှစ်မျိုးရှိသည်။ ပဥ္စာရုံဟူသည် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ ဟူသော ပြင်ပအာရုံ ငါးမျိုးဖြစ်သည်။ ဓမ္မာရုံကား ကျန်အာရုံများအားလုံးဖြစ်သည်။ ဓမ္မာရုံတွင် စိတ်လည်း ပါ၏။ စေတသိက်လည်း ပါ၏။ ပညတ်လည်း ပါ၏။ နိဗ္ဗာန်လည်း ပါ၏။

သိပ္ပံသည် ပဥ္စာရုံနှင့် ဆိုင်သည်။ ဓမ္မာရုံနှင့် မဆိုင်။ ဓမ္မာရုံသည် အဘိဓမ္မာနှင့် ဆိုင်သည်။ ပဥ္စာရုံသည် လက်တွေ့စမ်းသပ်၍ ရ၏။ စူးစမ်း၍ ရ၏။ လေ့လာ၍ ရ၏။ ဓာတ်ခွဲ၍ ရ၏။ ထိုသို့ စမ်းသပ်ခြင်း၊ လေ့လာခြင်း၊ ဓာတ်ခွဲခြင်းဖြင့် ပဥ္စာရုံကို သိ၏။ ထိုအသိသည် 'သိပ္ပံသိ' ဖြစ်လေသည်။ လက်တွေ့သိ ဖြစ်လေသည်။ ထို့ကြောင့် သိပ္ပံနည်းဖြင့် ပြင်ပရုပ်ပိုင်းဆိုင်ရာ အာရုံများကို စည်းစနစ်တကျ သိနိုင်၏ ဟူ၍ ဆိုရ၏။ သို့ရာတွင် အသိသည်

ထိုမျှနှင့် မရပ်သေး။ ထိုမျှသော အသိအဆင့်သည် 'အချက်အလက်သိ' အဆင့်သာ ဖြစ်၏။

ဗုဒ္ဓအဘိဓမ္မာအရ အသိသည် ထိုထက် ပို၏။ အမှားနှင့် အမှန် အဆင့်အထိ သွား၏။ ထိုအဆင့်ကို ပါဠိဝေါဟာရဖြင့် 'အာသယ'ဟူ၍ ခေါ်၏။ လူတို့၏ အသိသည် အာသယ ခေါ် အမှားနှင့်အမှန် အဆင့်သို့ မရောက်မချင်း ဆက်၍ ဆက်၍ သွား၏။ ရောက်မှသာ ရပ်တန့်၏။ သို့ရာတွင် သိပ္ပံသည် 'အချက်အလက်သိ' အဆင့်၌သာ ရပ်တန့်လေသည်။ ထိုထက် ကျော်၍ မလိုက်တော့ချေ။

သိပ္ပံအသိကို အာရုံသိဟူ၍ ဆိုရ၏။ အဆင့်အားဖြင့် ဆိုရလျှင် တစ်ဆင့်သိပင် ဖြစ်သည်။ တစ်ဆင့်သိဟူသည် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ် တည်းဟူသော ဒွါရငါးပေါက်၌ ထိုက်သင့်သလို ထင်လာသော ပဉ္စာရုံကို စည်းစနစ်တကျ သိခြင်း ဖြစ်၏။ အဘိဓမ္မာသိကား အာရမ္မဏိကကို အာရုံပြု၍ သိသော အသိ ဖြစ်၏။

အဆင့်အားဖြင့် ဆိုရလျှင် နှစ်ဆင့်သိ ဖြစ်၏။ နှစ်ဆင့်သိဟူသည် အာရုံကို သိသော အသိကို ထပ်ဆင့်၍ သိခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် အသိ၏ အသိဖြစ်သည်။ အာရုံကိုသိသော အသိကို အာရမ္မဏိက ဟူ၍ လည်းကောင်း၊ ဓမ္မာရုံဟူ၍ လည်းကောင်း ဆိုရ၏။ ယင်းဓမ္မာရုံသည် မနောဒွါရ၌သာ ထင်လာ၏။ ပဉ္စဒွါရ၌ မထင်။ ထို့ကြောင့် ပဉ္စဒွါရ၌ ထင်သော အာရုံကို သိသော အသိကို **'ထပ်ဆင့်၍ သိသော အသိ'** ဟူ၍ အသိ အမျိုးအစားသည် နှစ်မျိုး ကွဲပြားသွားသည်။ ထိုနှစ်မျိုးတွင် ပထမ အမျိုးကို 'သိပ္ပံသိ' ဟူ၍ ခေါ်ပြီး၊ ဒုတိယအမျိုးကို 'အဘိဓမ္မာသိ' ဟူ၍ ခေါ်ရ၏။

သိပ္ပံသိသည် အချက်အလက်ကို သိ၍၊ အဘိဓမ္မာသိသည် အမှားနှင့် အမှန်ကို သိလေသည်။ အမှားနှင့် အမှန်တွင် အကောင်းနှင့် မကောင်း၊ သင့်နှင့် မသင့်တို့သည်လည်း ပါဝင်သည်။ ဗုဒ္ဓအဘိဓမ္မာအရ အမှားနှင့် အမှန်၊ အကောင်းနှင့် မကောင်း၊ သင့်နှင့် မသင့်တို့သည် အဝိဇ္ဇာနှင့် ဝိဇ္ဇာ၊

ကုသိုလ်နှင့် အကုသိုလ်တို့၏ အမည်ဖြစ်၍ သိပ္ပံသိနှင့် မဆိုင်။ အဘိဓမ္မာသိနှင့်သာ ဆိုင်သည်။ အကျဉ်းအားဖြင့်ဆိုရလျှင် သိပ္ပံသိသည် ပြင်ပကိုသာ အာရုံပြု၍ အဘိဓမ္မာသိသည် အတွင်းအပြင် နှစ်မျိုးလုံးကို အာရုံပြုသည်။ အမှားနှင့်အမှန်၊ အကောင်းနှင့် မကောင်း၊ သင့်နှင့် မသင့်တို့သည် စိတ်စေတသိက်တို့၏ အမည်ဖြစ်၍ ပြင်ပ၌ မရှိ။ အတွင်း၌သာ ရှိလေသည်။

သိပ္ပံသိနှင့် အဘိဓမ္မာသိကို ပြယုဂ်ပုံစံအားဖြင့်ဆိုရလျှင် 'ဤဟာသည် ကျောက်တုံးဖြစ်သည်။ ဤကျောက်တုံးကို ငါသိသည်'ဟူ၍ နှစ်ဝါကျဖြင့် ဆိုနိုင်၏။ 'ဤဟာသည် ကျောက်တုံးဖြစ်သည်' ဟူသော အသိသည် အချက်အလက် (ပဋ္ဌာရုံ)အသိဖြစ်၍ 'သိပ္ပံသိ'အမျိုးအစား၌ ပါဝင်သည်။ 'ဤကျောက်တုံးကို ငါသိသည်'ဟူသော အသိသည် အချက်အလက်ကို သိသောအသိကို ထပ်ဆင့်၍ သိသော အမှားနှင့် အမှန်၊ အကောင်းနှင့် မကောင်း၊ သင့်နှင့် မသင့် (ဓမ္မာရုံ)အသိဖြစ်၍ 'အဘိဓမ္မာသိ'အမျိုးအစား၌ ပါဝင်သည်။ သို့ဖြစ်၍ သိပ္ပံသိသည် မိမိ၏ ဗဟိဒ္ဓကို သိသော အသိဖြစ်၍၊ အဘိဓမ္မာသိသည် မိမိ၏ အဇ္ဈတ္တကိုပါ သိသောအသိ ဖြစ်သည်ဟူ၍ ဆိုရ၏။ မိမိ၏ အဇ္ဈတ္တကို သိလျှင် အမှားနှင့် အမှန်၊ မကောင်းနှင့် အကောင်း၊ သင့်နှင့် မသင့် တို့ကိုပါ သိကာ အမှား၊ မကောင်း၊ မသင့်ကို ရှောင်၍ အမှန်၊ ကောင်း၊ သင့်ကို ဆောင်နိုင်မည် ဖြစ်၏။

သိပ္ပံသည် အေဒီ ၂၀ ရာစုတွင် ခေတ်စား၍ လောက၏ ရုပ်ပိုင်းဆိုင်ရာ အရာရာကို လွှမ်းမိုး၏။ လွှမ်းမိုးသည်နှင့်အမျှ ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းဝတ္ထုတို့သည် သိပ္ပံကြောင့် ပြည့်စုံလာ၏။ စားစရာ အစားအစာများ၊ ဝတ်စရာ အဝတ်အထည်များ၊ နေစရာ အဆောက်အအုံများ၊ မှီဝဲစရာ ဆေးဝါးများ၊ သွားစရာယာဉ်များ စသည် စသည်တို့သည် ရှေးကနှင့်မတူ တိုးတက်လာကြပါ၏။ သို့ တိုးတက်လာကြသဖြင့် ယနေ့လောကသည် နတ်ဘုံနတ်နန်းသဖွယ် ဖြစ်သည်ဟု ဆိုနိုင်သော်လည်း လူသားတို့အနေဖြင့် ငြိမ်းချမ်းမှုကို မရကြ။ စစ်မှန်သော ချမ်းသာသုခကို မရကြ။

ဆန့်ကျင်ဘက်တို့၏ သဘာဝအတိုင်း ရုပ်ပိုင်းပြည့်စုံမှုများ ပို၍ ပို၍ တိုးပွားလာသောအခါ စိတ်ပိုင်း ပြည့်စုံမှုများသည် ပို၍ ပို၍ လျော့နည်းသွားလေ၏။ အမှားများ ပို၍ ပို၍ တိုးပွားလာသောအခါ အမှန်များ ပို၍ ပို၍ လျော့နည်းသွားလေ၏။ အကုသိုလ်တရားများ ပို၍ ပို၍ တိုးပွားသောအခါ ကုသိုလ်တရားများ ပို၍ ပို၍ လျော့နည်းသွားလေ၏။ မသင့်သောတရားများ ပို၍ ပို၍ တိုးပွားလာသောအခါ သင့်သောတရားများ ပို၍ ပို၍ လျော့နည်းသွားလေ၏။ ထိုသို့ ဖြစ်ရခြင်းမှာ သိပ္ပံသည် အချက်အလက်သိ၊ အာရုံသိကိုသာ ပေးနိုင်ပြီး ယင်းအချက်အလက်နှင့် အာရုံတွင် အမှားနှင့် အမှန် မရှိသောကြောင့် ဖြစ်သည်။ ဗုဒ္ဓအဘိဓမ္မာအရ အမှားနှင့် အမှန်သည် စိတ်စေတသိက်တို့၏ အမည်ဖြစ်၍၊ ယင်းအမှားနှင့် အမှန်သည် ဗဟိဒ္ဓ သဏ္ဌာန်၌ မရှိဘဲ အဇ္ဈတ္တ သဏ္ဌာန်၌သာ 'ဇော'အနေဖြင့် ဖြစ်နိုင်လေသည်။

ဗုဒ္ဓအဘိဓမ္မာသည် ဘီစီ ၆ ရာစုမှ စတင်ခေတ်စား၍ လောက၏ စိတ်ပိုင်းဆိုင်ရာ အရာရာကို လွှမ်းမိုး၏။ လွှမ်းမိုးသည်နှင့် အမျှ စိတ်ပိုင်းဆိုင်ရာ ပြည့်စုံမှုများသည် အထွတ်အထိတ်သို့ ရောက်ခဲ့၏။ ဗုဒ္ဓအဘိဓမ္မာ သိသည် အချက်အလက်ကို စည်းစနစ်တကျ သိ၏။ ထိုအခါ အချက်အလက်၏ သဘာဝကို နားလည်လာလေသည်။ ထို့ထက်ကျော်၍ အချက်အလက်ကို သိသော အသိကိုလည်း ထပ်ဆင့်၍ သိပြန်၏။ ထိုအခါ အချက်အလက်ကို သိသော အသိ၏ သဘာဝကို နားလည်လာလေသည်။ တစ်နည်းအားဖြင့် ဆိုရလျှင် အသိ၏ အသိကို နားလည်လာလေသည်။

ထိုအခါ အချက်အလက်ကို သိသော အသိသည် သညာလား၊ ဝိညာဏ်လား၊ ပညာလား ဟူ၍ ခွဲခြားလာနိုင်၏။ ကုသိုလ်လား၊ အကုသိုလ်လား ဟူ၍ စိစစ်နိုင်၏။ ဝိဇ္ဇာလား၊ အဝိဇ္ဇာလားဟူ၍ ဆုံးဖြတ်နိုင်၏။ ယင်းသဘောသည် သိပ္ပံသိ အမျိုးအစား မဟုတ်၊ အဘိဓမ္မာသိ အမျိုးအစားဖြစ်၏။ တစ်ဆင့်သိ၏ အရာမဟုတ်၊ နှစ်ဆင့်သိ၏ အရာဖြစ်သည်။ သိပ္ပံသိသည် တစ်ဆင့်ကိုသာ သိနိုင်၏။ အဘိဓမ္မာသိသာလျှင် နှစ်ဆင့်သိနိုင်သည်။

သိပ္ပံသိကြောင့် ပစ္စုပ္ပန်ရုံ၏ နယ်ပယ်သည် ကျယ်ဝန်းလာ၏။ အနန္တစကြဝဠာသို့တိုင်အောင် ကျယ်ဝန်းကောင်း ကျယ်ဝန်းလာနိုင်၏။ ပစ္စုပ္ပန်ရုံကို တစ်နည်းအားဖြင့် ကာမဂုဏ်ဟူ၍ ဆို၏။ ကာမဂုဏ်အမည်ရသော ပစ္စုပ္ပန်ရုံတရားများ ကျယ်ဝန်းလာသည်နှင့်အမျှ တဏှာ၊ မာန၊ ဒိဋ္ဌိတည်းဟူသော အယုတ်တရားများ တိုးပွားလာမည် ဖြစ်၏။ ထိုအခါ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ် အမြတ်တရားများ လျော့ပါးသွားမည် ဖြစ်၏။ ထိုအခါ ဤကမ္ဘာလောက၌ စစ်မှန်သောချမ်းသာနှင့် စစ်မှန်သော ငြိမ်းချမ်းမှုသည် ဝေး၍ ဝေးသွားပြီး၊ စစ်မှန်သော ဆင်းရဲနှင့် စစ်မှန်သော သောကတို့သည် သာလျှင် နီး၍ နီး၍ လာပေလိမ့်မည်။

ထိုသို့ဖြစ်ရခြင်းမှာ သိပ္ပံသည် မိမိ၏ ဗဟိဒ္ဓဖြစ်သော ပစ္စုပ္ပန်ရုံတို့ကိုသာ စည်းစနစ်တကျ အာရုံပြု၍ သိနိုင်ပြီး မိမိ၏ အဇ္ဈတ္တဖြစ်သော တဏှာ၊ မာန၊ ဒိဋ္ဌိ တည်းဟူသော ဓမ္မာရုံကို အာရုံပြု၍ မသိနိုင်သောကြောင့် ဖြစ်လေသည်။

ထိုသို့ မသိနိုင်လျှင် မိမိ၏ သန္တာန်၌ရှိသော တဏှာ၊ မာန၊ ဒိဋ္ဌိတို့၏ အန္တရာယ်ကို အဘယ်သို့လျှင် တားဆီးပိတ်ပင်နိုင်မည်နည်း။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ မလျော့ပါးလျှင် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားတို့သည် အဘယ်သို့လျှင် တိုးပွားလာနိုင်မည်နည်း။ ထိုသို့ မတိုးပွားလျှင် စစ်မှန်သော ချမ်းသာနှင့် စစ်မှန်သော ငြိမ်းချမ်းမှုသည် အဘယ်သို့လျှင် ဖြစ်ထွန်းပေါ်ပေါက်လာနိုင်မည်နည်း။ ဤကမ္ဘာမြေအပြင်သည် ထာဝစဉ် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတို့နှင့် ပြည့်နှက်နေမည်သာ ဖြစ်၏။ ဤသို့ မဖြစ်အောင် မည်သို့ ဆောင်ရွက်ကြလေသနည်း။

ဤကမ္ဘာမြေပြင်သည် လူသားများ စတင်ပေါ်ပေါက်ချိန်မှစ၍ လူတို့သည် တစ်ဦးနှင့်တစ်ဦး မလွဲသာ မရှောင်သာ ဆက်သွယ်ကြရ၏။ ကာယကံဖြင့်လည်း ဆက်သွယ်ကြရ၏။ ဝစီကံဖြင့်လည်း ဆက်သွယ်ကြရ၏။ မနောကံဖြင့်လည်း ဆက်သွယ်ကြရ၏။ ထိုသို့ ဆက်သွယ်ရာတွင် အနိုင်

အထက် ဆက်သွယ်ကြသည်လည်း ရှိ၏။ ရင်းရင်းနှီးနှီး ဆက်သွယ်ကြသည်လည်း ရှိ၏။ အမှန်အားဖြင့် မိမိတို့ ဆက်သွယ်ချင်သလို ဆက်သွယ်ကြသည်သာ ဖြစ်၏။ သတ်မှတ်ထားသော ဆက်သွယ်မှုပုံစံ ဟူ၍ မရှိ။ ထိုအခါ လူသားတို့သည် မိမိတို့ အချင်းချင်း မငြိမ်းချမ်းသော အသွင်ကို ဆောင်ကြ၏။ လူ့ဘဝ ဟူသည်မှာလည်း ရေရာသော သဘောမရှိ၊ မြင့်မြတ်သော သဘော မရှိ၊ ခဏအတွင်း ပျက်စီးနိုင်၏။ အရိုင်းသဖွယ်သာ ဖြစ်၏။

ထိုအခါ လူသားများကို အမျိုးအစားများခွဲပြီး ယင်းတို့၏ အချင်းချင်း ဆက်သွယ်ရေးနှင့် ပတ်သက်၍ စည်းကမ်းများ သတ်မှတ်လာ၏။ ယင်းကို ကျင့်ဝတ်များဟူ၍ ခေါ်၏။ ဆရာနှင့် တပည့်တို့၏ ဆက်သွယ်ရေးဆိုင်ရာ ကျင့်ဝတ်များ၊ မိဘနှင့် သားသမီးတို့၏ ဆက်သွယ်ရေးဆိုင်ရာ ကျင့်ဝတ်များ၊ မင်းနှင့် ပြည်သူတို့၏ ဆက်သွယ်ရေးဆိုင်ရာ ကျင့်ဝတ်များ၊ ခင်ပွန်းနှင့် ဇနီးတို့၏ ဆက်သွယ်ရေးဆိုင်ရာ ကျင့်ဝတ်များ၊ ညီအစ်ကို မောင်နှမချင်း ဆက်သွယ်ရေးဆိုင်ရာ ကျင့်ဝတ်များ၊ သူစိမ်းတစ်ရံဆံချင်း ဆက်သွယ်ရေးဆိုင်ရာ ကျင့်ဝတ်များ၊ အိမ်နီးချင်း ဆက်သွယ်ရေးဆိုင်ရာ ကျင့်ဝတ်များ၊ ပြည်ထောင်ချင်း ဆက်သွယ်ရေးဆိုင်ရာ ကျင့်ဝတ်များ စသည်တို့ဖြင့် လူသားအချင်းချင်း အုပ်စုအလိုက် ဖြစ်စေ၊ တစ်ဦးချင်း ဖြစ်စေ ဆက်သွယ်ရေးဆိုင်ရာ ကျင့်ဝတ်များကို သတ်မှတ်ခဲ့ကြသည်။ ထိုသို့ သတ်မှတ်ခြင်းသည် ဤလောက၌ လူသားအချင်းချင်း မလွဲသာ မရှောင်သာ ဆက်သွယ်နေကြရချင်းအတူတူ စစ်မှန်သော ချမ်းသာနှင့် စစ်မှန်သော ငြိမ်းချမ်းမှုသို့ ဦးတည်သော လူ့ဘဝကို ထူထောင်ရန် ရည်ရွယ်၍ သတ်မှတ်ခြင်း ဖြစ်၏။ ထို့ကြောင့် ကျင့်ဝတ်များ၏ မူလရည်ရွယ်ချက်သည် ကောင်းမွန် မြင့်မြတ်လေသည်။

လူ့လောကကျင့်ဝတ်များကို သတ်မှတ်ရာတွင် ခေတ်အလိုက်၊ လူ့အဖွဲ့အစည်းအလိုက် ပစ္စက္ခအခြေအနေနှင့် အချက်အလက်များအပေါ် အခြေခံ၍ သတ်မှတ်ခြင်းဖြစ်ရာ ခေတ်တစ်ခုနှင့် အခြားခေတ်တစ်ခု၊ လူ့အဖွဲ့

အစည်းတစ်ခုနှင့် အခြားလူ့အဖွဲ့အစည်းတစ်ခုတို့အတွင်း ကျင့်ဝတ်ပုံသဏ္ဍာန်ချင်း မတူညီကြကြောင်း တွေ့ရှိလာရာမှ ကျင့်ဝတ်များနှင့် ပတ်သက်၍ ဝါဒကွဲပြားမှုများ ပေါ်ပေါက်ခဲ့၏။ အချို့က ကျင့်ဝတ်များကို သမုတိသစ္စာအနေဖြင့်ဆို၍ အချို့က ကျင့်ဝတ်များကို ပရမတ္ထသစ္စာ အနေဖြင့် ဆိုလာကြလေသည်။ အချို့က ကျင့်ဝတ်များကို အတ္တဟိတအနေဖြင့် ဆို၍ အချို့က ကျင့်ဝတ်များကို ပရဟိတအနေဖြင့် ဆိုလာကြလေသည်။ အချို့က ကျင့်ဝတ်များကို ကျင့်စဉ် ပဓာနအနေဖြင့် ဆို၍ အချို့က ကျင့်ဝတ်များကို ရည်မှန်းချက် ပဓာနအနေဖြင့် ဆိုလာကြလေသည်။ အချို့က ကျင့်ဝတ်များကို ပုဂ္ဂလဓိဋ္ဌာန် သဘောဖြင့် ဆို၍ အချို့က ကျင့်ဝတ်များကို ဓမ္မဓိဋ္ဌာန် သဘောဖြင့် ဆိုလာလေသည်။

ဗုဒ္ဓ၏ အဘိဓမ္မာအရဆိုပါမူ ကျင့်ဝတ်သည် သိပ္ပံသိ၏ နယ်ပယ်မဟုတ်၊ အဘိဓမ္မာသိ၏ နယ်ပယ်ဖြစ်၏။ အချက်အလက်သိ၏ နယ်ပယ်မဟုတ်၊ အမှားနှင့် အမှန်သိ၏ နယ်ပယ်ဖြစ်၏။ အချက်အလက်သည် သိပ္ပံသိ၏ ပဓာနကျက်စားရာ ဖြစ်၏။ အမှားနှင့် အမှန်သည် အဘိဓမ္မာ၏ ပဓာနကျက်စားရာ ဖြစ်၏။ သိပ္ပံသိသည် ပထမဆင့်အသိ ဖြစ်၏။ အဘိဓမ္မာသိသည် ဒုတိယဆင့် အသိ ဖြစ်၏။ သိပ္ပံသိသည် အဘိဓမ္မာသိ၌ အဆုံးသတ်ရ၏။ သိပ္ပံသိသည် အဘိဓမ္မာသိ၌ အဆုံးမသတ်ပါက ကျင့်ဝတ်သဘောသို့ မရောက်ဘဲ ကာမဂုဏ်၏ ညွှတ်ကွင်း၌ တန်းလန်းကြီးမိ၍ တရွတ်တိုက် ပါသွားမည် ဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် လူသား၏ ပငိသန္ဓေစိတ်သည် အဝိဇ္ဇာနုသယ ခြံရံ၍ တဏှာနုသယ အခြေခံသော 'ကံ' တရား၏ အကျိုးတရားဖြစ်၍၊ မွေးကတည်းက 'ဘဝ'ကို တပ်မက်သည့် 'လောဘ'ဇောကို ဦးစွာ ဖြစ်ပေါ်စေခဲ့သောကြောင့် ဖြစ်၏။ ထို့ကြောင့် လူသားသည် သဘာဝအားဖြင့် မကောင်းမှု၌ မွေ့လျော်တတ်၏။ မကောင်းမှု၌ ပျော်ပိုက်တတ်၏။ အတ္တစိတ် လွန်ကဲ၏။ တစ်ကိုယ်ကောင်း ကျင့်ကြံတတ်၏။ ထို့ကြောင့် လူသားသည် ပင်ကိုဗီဇအားဖြင့် လောကကို မငြိမ်းချမ်းစေသူ ဖြစ်၏။

သိပ္ပံသည် ပဉ္စာရုံ၏ နယ်ပယ်ကို ချဲ့၍ ကာမဂုဏ်တို့ကို အတော မသတ်နိုင်အောင် ဖန်တီးလိုက်သောအခါ၊ လူ့လောကသည် ကာမဂုဏ်၏ ဆွဲဆောင်မှုကြောင့် အချင်းချင်း အပေါ်စီးရအောင် ကြိုးပမ်းကြရ၏။ အဏု မြူဗုံးများကို လုပ်ကြရ၏။ အာကာသယာဉ်များကို ဆောက်ကြရ၏။ ထိုအခါ ဤလောကသည် မငြိမ်းမချမ်း ဖြစ်လေသည်။ ရွှေနန်းတော်၌ စံရင်း အိပ်မပျော်မှုများ၊ မွန်မြတ်သော ခဲဖွယ် ဘောဇဉ်ကို သုံးဆောင်ရင်း ခံတွင်းမတွေ့မှုများ စသည် စသည်ဖြင့် စစ်မှန်သော ချမ်းသာသုခသည် ဝေး၍ ဝေး၍ သွားလေသည်။ ထိုသို့ဖြစ်ခြင်း၌ သိပ္ပံသိသည် အထိုက် အလျောက် တာဝန်ရှိလေသည်။ ထို့ကြောင့် သိပ္ပံသိကို သူ့ချည်း လွှတ်မထား ဘဲ ထိန်းချုပ်ရန် လိုအပ်လာ၏။ သိပ္ပံသိကို ထိန်းချုပ်နိုင်သော အသိကား အဘိဓမ္မာသိ ဖြစ်၏။

အဘိဓမ္မာသိတွင် အဆင့် နှစ်ဆင့်ရှိ၏။ ပထမဆင့်သည် အချက် အလက်ကို အာရုံပြု၍သိသော အဆင့်ဖြစ်၏။ ယင်းအဆင့်ကို သိပ္ပံနည်းဖြင့် လည်း သိသောကြောင့် သိပ္ပံသိ ဟူ၍လည်း ဆိုရ၏။ ဒုတိယဆင့်ကား အချက်အလက်ကိုသိသော အသိကို အာရုံပြု၍ သိသော အဆင့်ဖြစ်၏။ ယင်းအဆင့်သည် သိပ္ပံနှင့် မဆိုင်။ ဥပမာအားဖြင့် အဏုမြူဗုံးကို အဏုမြူဗုံး မှန်း သိ၏။ ထိုသို့သိရာတွင် သူ၏ သန္တာန်၌ဖြစ်သော အသိသည် ကုသိုလ် ဖြစ်သည်၊ အကုသိုလ်ဖြစ်သည်ကိုမူ သူ မသိ။ အဘယ်ကြောင့်ဆိုသော် သူသည် အဏုမြူဗုံးကိုသာ အာရုံပြု၍ သူ့သန္တာန်၌ ဖြစ်သောအသိကို အာရုံမပြုသောကြောင့် ဖြစ်သည်။ ဗုဒ္ဓအဘိဓမ္မာအရ ကုသိုလ်နှင့် အကုသိုလ် သည်သာ အကျင့်သိက္ခာနှင့် ဆိုင်၏။ အချက်အလက်သည် အကျင့်သိက္ခာနှင့် မဆိုင်ချေ။ အကျင့်သိက္ခာနှင့် မဆိုင်လျှင် လူ့လောကငြိမ်းချမ်းရေးအတွက် တန်ဖိုးမကြီး။ အဘိဓမ္မာနည်းဖြင့်သိသော ဒုတိယအဆင့် အသိသည်သာ ကုသိုလ်နှင့် အကုသိုလ်ကို အာရုံပြု၍ ကုသိုလ်ဖြစ်လျှင်လည်း ကုသိုလ် ဖြစ်မှန်း သိ၏။ အကုသိုလ်ဖြစ်လျှင်လည်း အကုသိုလ်ဖြစ်မှန်း သိ၏။

ထို့ကြောင့် အဘိဓမ္မာသိသည်သာ အကျင့်သိက္ခာနှင့် ဆိုင်၍ လူ့လောက ငြိမ်းချမ်းရေးအတွက် တန်ဖိုးကြီးလေသည်။

အဘိဓမ္မာနည်းအရ အသိသည် ယထာဘူတကျဖို့သာ အရေးကြီးသည်။ စိတ္တာနုပဿနာအရ မိမိသန္တာန်၌ အကုသိုလ်ဖြစ်လျှင်လည်း အကုသိုလ်ဖြစ်မှန်းသိအောင် ကြိုးပမ်းရ၏။ ကုသိုလ်ဖြစ်လျှင်လည်း ကုသိုလ်ဖြစ်မှန်းသိအောင် ကြိုးပမ်းရ၏။ ဘာမျှ မသိလျှင်လည်း ဘာမျှ မသိမှန်းသိအောင် ကြိုးပမ်းရ၏။ ထိုကဲ့သို့ ကြိုးပမ်းခြင်းသည် သတိနှင့် သမာဓိကို ထူထောင်ခြင်းပင် ဖြစ်၏။ သမာဓိရလျှင် ယထာဘူတဉာဏ် ဖြစ်လေသည်။ ယထာဘူတဉာဏ်ဖြစ်လျှင် ဤလောကကို တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် မသိမ်းပိုက်တော့ချေ။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ နည်းပါးသွားသည်နှင့်အမျှ ဤလောက၌ စစ်မှန်သော ငြိမ်းချမ်းမှုလည်း ပေါ်ပေါက်လာမည် ဖြစ်၏။ စစ်မှန်သော ချမ်းသာသုခကို ခံစားရမည် ဖြစ်၏။ ယနေ့ ဗုဒ္ဓဘာသာဝင်တို့ တောင့်တနေသော နိဗ္ဗာန်သည် အနက်အဓိပ္ပာယ်အားဖြင့် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ ကင်းခြင်းပင် ဖြစ်၏။ ထို့ကြောင့် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ နည်းနည်းကင်းလျှင် နည်းနည်းချမ်းသာ၏။ နည်းနည်း ငြိမ်းချမ်း၏။ များများကင်းလျှင် များများ ချမ်းသာ၏။ များများ ငြိမ်းချမ်း၏။ အကြွင်းမဲ့ ကင်းလျှင်ကား အထူးဆိုဖွယ် မရှိ။ ငြိမ်းချမ်းမှု သန္တိသုခ အပြည့်အဝ ခံစားရမည် ဖြစ်လေသည်။ ဤသည်ပင်လျှင် အဘိဓမ္မာသိဖြင့် ကျင့်ဝတ်သိက္ခာကို တည်ဆောက်ခြင်း ဖြစ်၏။

ဗုဒ္ဓအဘိဓမ္မာအရ အကျင့်သိက္ခာနှင့်ပတ်သက်၍ ဝါဒကွဲပြားမှု မရှိ။ အကျင့်သိက္ခာဟူသည် သီလ၊ သမာဓိ၊ ပညာပင် ဖြစ်၏။ ယင်းကိုပင် သိက္ခာသုံးပါးဟူ၍ ခေါ်၏။ သိက္ခာသုံးပါး ပွားများလာလျှင် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ လျော့နည်းသွားမည် ဖြစ်၏။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့ လျော့နည်းသွားလျှင် လျော့နည်းသွားသလောက် 'ငါမှ ငါ၊ ငါ့ဥစ္စာမှ ငါ့ဥစ္စာ'ဟူသော သိမ်းပိုက်မှုများသည်လည်း လျော့နည်းသွားမည် ဖြစ်၏။ ထိုအခါ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မစိုရ်တရားများ ပွားများလာပြီး

ဤလောက၌ စစ်မှန်သော ချမ်းသာနှင့် စစ်မှန်သော ငြိမ်းချမ်းမှုသည် ပေါ်ပေါက်လာပေလိမ့်မည်။

သို့ဖြစ်၍ ဗုဒ္ဓအဘိဓမ္မာအရ အကျင့်သိက္ခာ၏ အနှစ်သာရဖြစ်သော သိက္ခာသုံးပါးကို မည်သည့်ပုံသဏ္ဍာန်ဖြင့် တည်ဆောက် တည်ဆောက် တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် သိမ်းပိုက်မှု လျော့နည်း၍ ဗြဟ္မစိုရ်လေးပါးတို့ဖြင့် လူသားအချင်းချင်း ဆက်သွယ်မှုဆိုင်ရာ ကျင့်ဝတ်မှန်သမျှကို လက်ခံသည်သာ ဖြစ်၏။ ရွှေကို လက်ကောက်ပုံစံဖြင့် လုပ်လုပ်၊ လက်စွပ်ပုံစံဖြင့် လုပ်လုပ်၊ ဘယက်ပုံစံဖြင့် လုပ်လုပ် ရွှေလက်ကောက်၊ ရွှေလက်စွပ်၊ ရွှေဘယက် စစ်မှန်လျှင် ရွှေအဖြစ် လက်ခံသကဲ့သို့ ကျင့်ဝတ်များကိုလည်း မည်သည့်ပုံစံဖြင့် ပြဋ္ဌာန်း ပြဋ္ဌာန်း တဏှာ၊ မာန၊ ဒိဋ္ဌိတို့ဖြင့် သိမ်းပိုက်မှု မှန်သမျှ လျော့နည်းပြီး ဗြဟ္မစိုရ် လေးပါးတို့နှင့် ဆက်သွယ်မှုမှန်သမျှ ပွားများလာလျှင် ဗုဒ္ဓအဘိဓမ္မာက မှန်ကန်သော ကျင့်ဝတ်အဖြစ် လက်ခံသည်သာ ဖြစ်၏။ အနှစ်သာရနှင့် အသွင်သဏ္ဍာန်တို့၏ ဆက်သွယ်မှုကို ဗုဒ္ဓအဘိဓမ္မာက မဇ္ဈိမပဋိပဒါနည်းဖြင့် နားလည်သည်။ အနှစ်သာရကိုလည်း အစွန်းရောက်အောင် မမြင်၊ အသွင်သဏ္ဍာန်ကိုလည်း အစွန်းရောက်အောင် မမြင်၊ ယင်းတို့၏ ဆက်သွယ်မှုကိုသာ ကြောင်းကျိုးဖြစ်စဉ် အဖြစ်ဖြင့် မြင်လေသည်။

ထို့ကြောင့် သိပ္ပံနည်းဖြင့် အဏုမြူဗုံးကို လုပ်လုပ်၊ လ ကို သွားသွား၊ အာကာသယာဉ်ကို ဆောက်ဆောက် ကိစ္စမရှိ။ အသုံးချတတ်လျှင် အဆိပ်ပင် ကိုပင် ဆေးအဖြစ် အသုံးချလို့ ရ၏။ ကိစ္စရှိသည်ကား သိပ္ပံပစ္စည်းများကို သိကြသော ထိုထိုပုဂ္ဂိုလ်တို့၏ မိမိတို့ သိပ္ပံသိကို သူ့ချည်းလွှတ်မထားဘဲ မိမိတို့ အဘိဓမ္မာသိဖြင့် ထိန်းချုပ်ကွပ်ကဲ၍၊ လောက၏ အစီးအပွားအတွက် လူ့ကျင့်ဝတ်သိက္ခာများကို လိုက်နာကျင့်သုံးကာ၊ ဤလောက၌ စစ်မှန်သော ချမ်းသာနှင့် စစ်မှန်သော ငြိမ်းချမ်းရေးကို ရရှိနိုင်စေရန် ဆောင်ရွက်တတ်ရေးပင် ဖြစ်ပေသည်။

အေဒီ ၂၀ ရာစုတွင် ပေါ်ပေါက်လာသော သိပ္ပံပညာကြောင့် ယနေ့ ကမ္ဘာသည် ရှေးနှင့်မတူ တစ်မူ ထူးခြား၍ ပျော်မွေ့ဖွယ် ကောင်းပါ၏။ သို့ရာတွင် ယင်းပျော်မွေ့ဖွယ်ကား သူ့ချည်းလွှတ်ထားလျှင် အိန္ဒိယစာရ်ဝက ဆရာတို့ ဆိုသည့်အတိုင်း ကာမဂုဏ်ပျော်မွေ့ဖွယ်၊ ကာမဂုဏ် ကစားကွင်း ကြီး 'ကြီဒါသ္သလ'သဖွယ်သာ ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် သိပ္ပံသိကို သူ့ချည်းလွှတ်မထားဘဲ ဘီစီ ၆ ရာစုတွင် ပေါ်ပေါက်လာသော အဘိဓမ္မာသိ ဖြင့် ထိန်းချုပ်ကွပ်ကဲ၍၊ လောက အစီးအပွားအတွက် ကိုယ်ကျင့်သိက္ခာများ ကို တည်ဆောက်ရန် လိုအပ်၏။ ထိုသို့ တည်ဆောက်နိုင်သောအခါ အရာရာ ကို 'ငါ'ဖြင့် မတိုင်းတာတော့ဘဲ၊ အရာရာကို 'လောက' နှင့် တိုင်းတတ် သည့် အကျင့်ကောင်းများ ရရှိလာပေလိမ့်မည်။

ထိုအခါ ကမ္ဘာလောက မြေအပြင်သည် စစ်မှန်သော ချမ်းသာ၊ စစ်မှန်သော ငြိမ်းချမ်းမှုတို့နှင့် ပြည့်စုံလာပေလိမ့်မည်။ ဒုလ္လဘစာရင်းဝင် ဖြစ်သော လူ့ဘဝသည်လည်း ပို၍ အနက်အဓိပ္ပာယ် ရှိပေလိမ့်မည်။ နယ်ပယ် အားဖြင့် သိပ္ပံသိသည် ကျဉ်း၏။ အဘိဓမ္မာသိသည် ကျယ်၏။ သိပ္ပံသိ သွားတိုင်း အဘိဓမ္မာသိက လိုက်နိုင်၏။ သိပ္ပံသိ သွားတိုင်း အဘိဓမ္မာ သိက မလိုက်သော် လောကသည် ဒုက္ခဘုံသို့ ဦးတည်၏။ သိပ္ပံသိ သွားတိုင်း အဘိဓမ္မာသိက လိုက်သော် လောကသည် သုခဘုံသို့ ဦးတည်၏။ သိပ္ပံနှင့် အဘိဓမ္မာသည် ဆန့်ကျင်ဘက် ရန်သူမဟုတ်၊ စစ်မှန်သော ငြိမ်းချမ်းရေး မုခ်ဦးသို့ ချီတက်ရာ၌ သိပ္ပံသည် ရှေ့တော်ပြေးဖြစ်၍ အဘိဓမ္မာသည် မင်း ဧကရာဇ် ဖြစ်၏။ ဤသို့လျှင် သိပ္ပံနှင့် အဘိဓမ္မာတို့၏ ဆက်သွယ်မှုကို သိအပ်ပါ၏။

[ မြတ်ပန်းဝေစာစောင်၊ ဇူလိုင်လ ၁၉၉၀ ]

# မြန်မာနိုင်ငံသား

မြန်မာနိုင်ငံ၌ လူဖြစ်ရသည်မှာ များစွာ ဝမ်းမြောက်ဖွယ်ရာ ဖြစ်၏။ သို့ဆိုလျှင် မြန်မာနိုင်ငံသည် အခြားနိုင်ငံများထက် ပို၍ တိုးတက်ဖွံ့ဖြိုးသော နိုင်ငံ ဖြစ်၍လားဟု မေးမြန်းဖွယ်ရှိ၏။ ထိုမေးခွန်းနှင့် ပတ်သက်၍ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး ဘဒ္ဒန္တ သေဋ္ဌိလာဘိဝံသက သူ၏ **"လက်တွေ့အသုံးချ အဘိဓမ္မာတရားတော်"** စာအုပ်၌ ဤသို့ ဖော်ပြထားသည်ကို တွေ့ရ၏။ ဆရာတော်ကြီး၏ ဖော်ပြချက်မှာ များစွာ မှတ်သားဖွယ် ကောင်း၏။

> 'မင်းတို့ အနောက်နိုင်ငံသားတွေ မသိတာ အများကြီးရှိတာပေါ့။ မင်းတို့ဆီမှာ တို့က အင်ဂျင်နီယာ သင်ရ၊ ဆေးဘက်က သင်ရ။ တစ်ခုခု သင်ရမယ်ဆိုရင် လေးနှစ်၊ ငါးနှစ်၊ ခြောက်နှစ် စသည်ဖြင့်ပေါ့လေ၊ ဘွဲ့တို့ ဘာတို့ ရတယ်။ ဒါ ရုပ်ပိုင်းဘက်က။ စိတ်ပိုင်းဘက်မှာတော့ မင်းတို့က ငါတို့ဆီ လာပြီး သင်ရမယ်။ မင်းတို့က ရုပ်ပိုင်းဗဟုသုတ ရှိသလို စိတ်ပိုင်းဘက်ကတော့ အရှေ့ပိုင်း နိုင်ငံသား တို့ဗုဒ္ဓဘာသာက ပိုရှိတယ်'

ပိဋကတ်တော်အရ ဤကမ္ဘာ၌ လူလာဖြစ်ရခြင်းသည် များစွာ ခဲယဉ်းသော ဒုလ္လဘတစ်ခု ဖြစ်၏။ လူသာ ဖြစ်ရပါသော်လည်း သဒ္ဓါတရားနှင့် ပြည့်စုံသူ ဖြစ်ရခြင်းသည်လည်း ဒုလ္လဘတစ်ခုပင် ဖြစ်၏။ သဒ္ဓါတရားနှင့် ပြည့်စုံသူ ဖြစ်ရပါသော်လည်း မြတ်စွာဘုရား သာသနာတော်နှင့် ကြုံကြိုက်ခွင့် ရခြင်းသည် ဒုလ္လဘတစ်ခုပင် ဖြစ်၏။ မြတ်စွာဘုရား၏

သာသနာတော်နှင့် ကြုံကြိုက်ခွင့် ရပါသော်လည်း သူတော်ကောင်းတရားကို ကြားနာရခြင်းသည် အခဲယဉ်းဆုံး ဒုလ္လဘ ဖြစ်၏။

ထို့ကြောင့် မြန်မာနိုင်ငံ၌ လူလာဖြစ်ရခြင်းသည် များစွာ ဝမ်းမြောက်ဖွယ်ကောင်း၏ဟု ဆိုခြင်းဖြစ်၏။ မြန်မာနိုင်ငံသားတို့သည် မြတ်စွာဘုရား၏ အဆုံးအမ သာသနာတော်၌ သက်ဝင်ယုံကြည်သူများက အရေအတွက်အားဖြင့် ပို၍ များပါ၏။ သို့ဖြစ်၍ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်များသည် ဒုလ္လဘတရားလေးပါးနှင့် ပြည့်စုံသူများ ဖြစ်ကြ၏။ ထို့ကြောင့် မိမိတို့သည် ရတောင့်ရခဲ ရလာသော မြန်မာနိုင်ငံသားဘဝကို ထိုက်ထိုက်တန်တန် အသုံးချတတ်ဖို့ လို၏။ မိမိတို့ ကွယ်လွန်ပြီးနောက် 'နောက်တစ်ကြိမ်' ယခုလို ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့် တွေ့ကြုံဖို့ ဆိုသည်မှာ များစွာ မလွယ်ကူသော အခွင့်အရေးတစ်ရပ်ပင် ဖြစ်၏။

မြန်မာနိုင်ငံသားတို့သည် ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူသွားကြကုန်သော ဘုရားရှင် အဆူဆူတို့ကို လွတ်အောင် ရှောင်လာကြသူများ ဖြစ်ကြလေရာ၊ ယခုတစ်ကြိမ်လည်း ရှေးကလို မရှောင်မိအောင် သတိပြုဖို့ လို၏။ အကယ်၍ ရှေးကလိုပင် ဤသာသနာတော်ကို လွတ်အောင် ရှောင်ဦးမည်ဆိုပါက **'အမိုက်နှင့်ပြင် ရှိဦးလေလိမ့်လား'** ဟူ၍ပင် ဆိုသင့် ဆိုထိုက်သူအဖြစ်သို့ ရောက်သွားပေလိမ့်မည်။ ထို့ကြောင့် ယခုအကြိမ်တွင်တော့ မရှောင်မိလေအောင် သတိသမ္ပဇဉ် ဉာဏ်ယှဉ်၍ ဗုဒ္ဓဘာသာဝင်ပီပီ ဗုဒ္ဓ၏ အဆုံးအမတော်အတိုင်း တိတိကျကျ လိုက်နာကျင့်သုံးဖြစ်အောင် ကြိုးစားပါက ငါကြိုးစားမှု နောက်ကျရလေခြင်း ဟူ၍ပင် သံဝေဂဉာဏ် ဖြစ်ရသည်အထိ မိမိ မခံစားဖူးသော ချမ်းသာကို မုချမသွေ ခံစားရပေလိမ့်မည်။

'ရှာ' ဖြစ်ဖြစ်၊ 'တော'ဖြစ်ဖြစ်၊ 'ချိုင့်ဝှမ်း'ဖြစ်ဖြစ်၊ 'ကြည်းကုန်း' ဖြစ်ဖြစ် ရဟန္တာ သူတော်စင်တို့ မွေ့လျော်ရာ ဒေသသည် မွေ့လျော်ဖွယ် အကောင်းဆုံးသော ဒေသဖြစ်၏။

ဤသို့ မြတ်စွာဘုရားသခင်က ဓမ္မပဒ အရဟန္တဝဂ် ဂါထာအမှတ်

(၉၈)၌ လည်းကောင်း၊ ခုဒ္ဒကနိကာယ် ထေရဂါထာ စာမျက်နှာ (၃၄၄)၌ လည်းကောင်း ဟောကြားတော်မူထားသည်ကို တွေ့ရ၏။ အမှန်အားဖြင့် မြန်မာနိုင်ငံသည် ဘုရားပုထိုးများ၊ ကျောင်းကန်စေတီများ၊ သူတော်စင် ရဟန်းသံဃာတော်များ သီတင်းသုံးရာ ဒေသလည်း ဖြစ်၏။ ပရိယတ်၊ ပဋိပတ်နှင့် ပဋိဝေဓတို့ ကျင့်ကြံပွားများ အားထုတ်ရာဒေသလည်း ဖြစ်၏။ ထို့ကြောင့် မြန်မာနိုင်ငံသည် ဗုဒ္ဓအလိုတော်အရ ဤကမ္ဘာမြေပြင်တွင် မွေ့လျော်ဖွယ် အကောင်းဆုံးသော ဒေသဖြစ်၏။ ဤအမြင်မျိုးကား ရိုးရိုး ပကတိ မျက်စိဖြင့် ကြည့်၍ မြင်ကောင်းသော အမြင်မျိုးတော့ မဟုတ်၊ ဓမ္မမျက်စိဖြင့် ကြည့်မှသာ မြင်ကောင်းသော အမြင်မျိုး ဖြစ်၏။

ဗုဒ္ဓသာသနာတော်အရ မြတ်စွာဘုရားသခင်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ ကာလပတ်လုံး ပါရမီတော်များကို ဖြည့်ကျင့်တော် မူခဲ့သည်မှာ နိဗ္ဗာန်ကို လိုချင်၍ မဟုတ်၊ ဝေနေယျသတ္တဝါအပေါင်းတို့အား ဝဋ်ဆင်းရဲမှ ကယ်တင်ချင်၍ ဖြစ်၏။ အကယ်၍ မြတ်စွာဘုရားသခင်သည် မိမိတစ်ဦးတည်း အနေဖြင့်သာ နိဗ္ဗာန်ကို လိုချင်ရိုးမှန်လျှင် သုမေဓာရှင်ရသေ့ ဘဝကပင် နိဗ္ဗာန် ရနိုင်ပါ၏။ သို့ရာတွင် **'ယောကျ်ားကောင်းမှန်လျှင် မိမိတစ်ဦးတည်း အနေဖြင့် အလွတ်မရုန်းကောင်း'** ဟူသော ကြွေးကြော်ချက် ဖြင့် ပါရမီတော်များကို ပင်ပန်းကြီးစွာ ဖြည့်ကျင့်တော်မူပြီး၊ သဗ္ဗညုတ ဉာဏ်တော်ကို ရတော်မူ၍ ဘုရားသခင်အဖြစ်သို့ ရောက်တော်မူခဲ့သူ ဖြစ်၏။ သို့ဖြစ်၍ မြတ်စွာဘုရားသခင်၏ ကရုဏာတော်နှင့် ပညာတော်အပေါ် ဘာမျှ သံသယပွားစရာ မရှိ။ တကယ့် ယောကျ်ားကောင်း၊ ဤလောက၌ တုဘက် ပြိုင်ဘက် ကင်းတော်မူသော ယောကျ်ားကောင်း ဖြစ်တော်မူပါ၏။

ဤလောက၌ မြတ်စွာဘုရား ပွင့်တော်မူလာသည်နှင့် တစ်ပြိုင် နက် 'ငါ'ဟူသည် အဘယ်နည်းဟူသော ပြဿနာကို ပထမဦးဆုံး ဖြေရှင်း တော်မူ၏။ ထိုပြဿနာကား နှယ်နှယ်ရရ ပြဿနာ မဟုတ်၊ လူ့သမိုင်း၌ အရိုးစွဲနေသော ပြဿနာ ဖြစ်၏။ ယင်းပြဿနာ၏ အဖြေကို မြတ်စွာဘုရား

သခင် ထုတ်ဖော် ဖြေရှင်းလိုက်သောအခါ တစ်သောင်းသော စကြဝဠာသည် တုန်လှုပ်သွားရ၏။ ချောက်ချားသွားရ၏။ ရတ်ရတ်သဲသဲ ဖြစ်သွားရ၏။

ပရမတ္ထသစ္စာအနေဖြင့် 'ငါ'ဟူသည် မရှိ၊ အကယ်၍ ပရမတ္ထသစ္စာအနေဖြင့် 'ငါ'ဟူသည် ရှိ၏ဟု ယူလျှင် ထိုအယူသည် မှားယွင်းသော အယူဖြစ်၏။ ထိုမှားယွင်းသော အယူဖြင့် တရားဘာဝနာများကို မည်မျှပင် ကြိုးစားအားထုတ်စေကာမူ မအိုရာ၊ မနာရာ၊ မသေရာဖြစ်သော ချမ်းသာစစ်၊ ချမ်းသာမှန် 'နိဗ္ဗာန်'ကို မည်သည့်နည်းနှင့်မျှ မြင်လည်း မမြင်နိုင်၊ ရလည်း မရနိုင်၊ ရောက်လည်း မရောက်နိုင်။

အမှန်အားဖြင့် 'ငါ'ဟူသော အယူသည် အပါယ်လေးပါးသို့ ရှေးရှုသော အယူသာ ဖြစ်၏။ 'နိဗ္ဗာန်'သို့ ရှေးရှုသော အယူ မဟုတ်။ ဆင်းရဲအပေါင်းသို့ ဦးတည်သော အယူသာ ဖြစ်၏။ ချမ်းသာစစ်သို့ ဦးတည်သော အယူ မဟုတ်။ ဤသို့ မြတ်စွာဘုရားက ဟောကြားတော်မူ၏။ အဘယ့်ကြောင့်ဆိုသော် 'ငါ'ဟူသော အယူသည် ဒိဋ္ဌိဖြင့် စွဲလမ်းသော အယူလည်း ဖြစ်၏။ မာနဖြင့် စွဲလမ်းသော အယူလည်း ဖြစ်၏။ တဏှာဖြင့် စွဲလမ်းသော အယူလည်း ဖြစ်၏။ တဏှာ၊ မာန၊ ဒိဋ္ဌိတို့သည် သံသရာကို ချဲ့တတ်သော အကုသိုလ် တရားများသာ ဖြစ်၏။ ထို့ကြောင့် 'ငါ'ဟူသော အယူသည် အယူမှား ဖြစ်ကြောင်း၊ နိဗ္ဗာန်သို့ ရောက်စေနိုင်သော အယူမှန် မဟုတ်ကြောင်း မြတ်စွာဘုရားသခင်က ဟောကြားတော်မူခြင်း ဖြစ်၏။

သို့ဖြစ်လျှင် 'နိဗ္ဗာန်'သို့ ရောက်စေနိုင်သော အယူမှန်ကား အဘယ်နည်း။ ဗုဒ္ဓသာသနာတော်အရ 'ငါ'ဟူသည် ပရမတ္ထသစ္စာအနေဖြင့် မရှိ။ သမ္မုတိသစ္စာအနေဖြင့် ပြောဆိုရရုံမျှသာ ရှိ၏။ ပရမတ္ထသစ္စာအနေဖြင့်မူ ရုပ်နာမ် ခန္ဓာသာ ရှိ၏။ ယင်းရုပ်နာမ် ခန္ဓာတို့သည်လည်း ခဏတိုင်း ခဏတိုင်း ကြောင်းကျိုးဖြစ်စဉ်အရ အမြဲတစေ ဖြစ်နေကြ၏။ ပျက်နေကြ၏။ ဖြစ်ခြင်းနှင့် ပျက်ခြင်းတို့ ဖြစ်ကြလေသောကြောင့် 'ဆီမီးလျှံ'ကဲ့သို့ တစ်ဆက်တည်း မဟုတ်ပါဘဲလျက် တစ်ဆက်တည်းကဲ့သို့ ထင်ရ၏။

သို့ဖြစ်လေရာ ရုပ်နာမ် ခန္ဓာတို့၏ ဖြစ်ပျက်အစဉ်ကို တစ်ဆက်တည်း မဟုတ်ဘဲ အမှန်အတိုင်း အပြတ်လိုက် အပြတ်လိုက် မြင်သောအခါ ယထာဘူတဉာဏ်ကို ရ၏။ ယင်းဉာဏ်ဖြင့် ရုပ်နာမ် ခန္ဓာတို့၏ ဖြစ်ပျက်အစဉ်ကို မြင်ဖန်များသောအခါ ရုပ်နာမ်ခန္ဓာတို့၌ ငြီးငွေ့သော နိဗ္ဗိန္ဒဉာဏ်ကို ရ၏။ ထို့နောက် မဂ်ဉာဏ်ကို ရ၏။ မဂ်ဉာဏ်ရပြီးနောက် ဖိုလ်ဉာဏ်နှင့် ပစ္စဝေက္ခဏာဉာဏ်ကို ရ၏။ ဤသို့ရလျှင် 'နိဗ္ဗာန်'ကို မျက်မှောက်ပြုသည် မည်၏။

ဗုဒ္ဓဘာသာဝင်တို့၏ နောက်ဆုံးပန်းတိုင်သည် နိဗ္ဗာန် ဖြစ်၏။ နိဗ္ဗာန်ဟူသည် အတုမဲ့ ချမ်းသာဖြစ်၏။ နိဗ္ဗာန်မရမီ ဝိပဿနာ ပွားများစဉ် 'ဖြစ်ပျက်' ကို မြင်သော် ဥဒယဗ္ဗယဉာဏ် ရေ့ပိုင်းကို ရသည်ဆိုလျှင်ပင် မိမိ၏ သက်တမ်းတစ်လျှောက် မခံစားဖူးသော နှစ်သက်ခြင်း 'ပီတိ'၊ ငြိမ်းအေးခြင်း 'ပဿဒ္ဓိ'၊ ချမ်းသာခြင်း 'သုခ' တို့ကို အံ့ဩဖွယ် ကောင်းလောက်အောင် ထူးထူးခြားခြား ခံစားရ၏။ ထိုသို့ ခံစားရပါသော်လည်း ယင်းခံစားမှုများကို အရိယသစ္စာအမြင်ဖြင့် အညစ်အကြေး 'ဥပက္ကိလေသ' ဟု သတ်မှတ်ထား၏။ ထို့ကြောင့် ချမ်းသာဟူသည် သူ့ 'သစ္စာ'အမြင်နှင့် သူ့ 'ချမ်းသာ' ဟူ၍လည်း ဆိုရ၏။ 'ဆင်းရဲ' ဟူ၍လည်း ဆိုရ၏။ မြင့်သော သစ္စာမှ ငုံ့ကြည့်လျှင် 'ဆင်းရဲ' အဖြစ် မြင်ရ၏။ နိမ့်သော သစ္စာမှ မော်ကြည့်လျှင် 'ချမ်းသာ' အဖြစ် မြင်ရ၏။

သစ္စာအဆင့်ကား အနိမ့်အမြင့်အားဖြင့် အမျိုးမျိုး ရှိ၏။ ပြောရုံမျှ မှန်ကန်သော 'ပါရိဘာသိကသစ္စာ'အဆင့်လည်း ရှိ၏။ သမုတ်ထားရုံမျှ မှန်ကန်သော 'သမ္မုတိသစ္စာ' အဆင့်လည်း ရှိ၏။ သဘာဝအားဖြင့် မှန်ကန်သော 'ပရမတ္ထသစ္စာ'အဆင့်လည်း ရှိ၏။ နောက်ဆုံး မှန်ကန်သော 'အရိယသစ္စာ' အဆင့်လည်း ရှိ၏။ ထို့ကြောင့် 'ချမ်းသာခြင်း'၊ 'ဆင်းရဲခြင်း' ဟူသည်မှာ သူ့သစ္စာအမြင်နှင့် သူ မှန်ကန်သောသဘောကို ဆောင်ပါ၏။

ပရမတ္ထသစ္စာနှင့် အရိယသစ္စာကို မြတ်စွာဘုရားသခင် ပွင့်တော်မူ

ပြီး မြတ်စွာဘုရားသခင်၏ တရားတော်ကို နာကြားရသော အခါမှသာ သိခွင့် ရကြ၏။ အခြားသစ္စာကိုမူ သူ့ဒေသနှင့်သူ သိကြပါ၏။ ပရမတ္ထသစ္စာနှင့် အရိယသစ္စာတို့သည် 'ငါ'ဟူသော အယူများကို ပယ်ဖျောက်နိုင်၏။ ပါရိဘာသိက သစ္စာနှင့် သမ္မုတိသစ္စာတို့သည် 'ငါ' ဟူသော အယူများကို မပယ်ဖျောက်နိုင်ကြ။ အမှန်အားဖြင့် 'ငါ' ဟူသော အယူများသည် အပါယ်လေးဘုံ၏ 'ဆွဲအား' ဖြစ်၏။ ထိုဆွဲအားကို မပယ်ဖျောက်နိုင်သရွေ့ ကာလပတ်လုံး ကောင်းကင်သို့ တက်သွားသော အရာဝတ္ထုမှန်သမျှသည် မြေကမ္ဘာ၏ ဆွဲအားကြောင့် မြေပြင်သို့ ပြန်လည်ကျရသကဲ့သို့ လူ၊ နတ်၊ ဗြဟ္မာတို့သည် 'ငါ' ဟူသော အပါယ်လေးဘုံ၏ ဆွဲအားကြောင့် အပါယ်လေးဘုံသို့ ဖရိုဖရဲ မလွဲမသွေ ပြန်လည် ကျရောက်ရ၏။ ယင်းသဘောကို ပါဠိဝေါဟာရဖြင့် **'ဝိနိပါတ'** ဘေးဟု ဆိုရ၏။

'ငါ'ကို မပယ်နိုင်လျှင် 'ငါ့ဟာ'၊ 'ငါ့ဥစ္စာ'ဟူ၍ ဒိဋ္ဌိ၏ အခြံအရံ တဏှာနှင့် မာနတို့က လာပြန်၏။ ထိုအခါ **'ဣဒမေဝသစ္စံ၊ မောဃမညံ'** ငါ၊ ငါ့အယူ၊ ငါ့အသိုက်အဝန်းသည် သာလျှင် 'သစ္စာ' ဖြစ်၏။ အခြားသူများနှင့် ယင်းတို့၏ အယူ၊ ယင်းတို့၏ အသိုက်အဝန်းသည် 'မိစ္ဆာ'ဖြစ်၏ ဟူ၍ မိမိကိုယ်ကို အထင်ကြီးပြီး အခြားသူများကို အထင်သေးတတ်သော သဘောသည် မိမိ၏ သန္တာန်၌ ကိန်းလာ၏။ ယင်းသဘောကို ပါဠိဝေါဟာရဖြင့် **'အတ္တုက္ကံသန'**၊ **'ပရဝမ္ဘန'**ဟု ခေါ်၏။ အမှန်အားဖြင့် ထိုသဘောသည် မြတ်စွာဘုရားသခင် ပွင့်တော်မူလာလျှင် ပွင့်တော်မူလာချင်း ဓမ္မစက္ကပဝတ္တနသုတ်တော်နှင့် အနတ္တလက္ခဏာသုတ်တို့၌ အရေးတကြီးအနေဖြင့် ပထမဦးဆုံး ပယ်သတ်ရန် ဟောကြားတော်မူခဲ့သော အမြင်များ၊ အယူများများ ဖြစ်၏။

ဗုဒ္ဓသာသနာ ထွန်းကားရာ ဤမြန်မာနိုင်ငံ၌ 'လူ'လာဖြစ်ရခြင်းသည် ထိုအမြင်များ၊ အယူများဖြစ်သော 'ငါ'ကို ပယ်သတ်နိုင်ရန်အလို့ငှာ 'သစ္စာ'တရားကို နာကြားခွင့်နှင့် သစ္စာတရားကို နှလုံးသွင်းခွင့် ရခြင်းပင်

ဖြစ်၏။ ဤသို့သော အခွင့်အရေးကို ရခြင်းသည်ပင်လျှင် ‘ဒုလ္လဘ’ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသခင်က ပယ်သတ်ရန် ဟောကြားတော်မူထားသော အမြင်များ ၊ အယူများ၊ အပါယ်လေးဘုံ၏ ဆွဲအားဖြစ်သော ‘ငါ’ကို ပယ်သတ်ရန် အားမထုတ်မိပါက ဤဘုရားရှင်၏ သာသနာတော်နှင့် ကြုံကြိုက်ရကျိုးမနပ်ဘဲ နောက်ဘုရားရှင်များနှင့် ကြုံကြိုက်နိုင်ရန်အတွက် သံသရာတစ်ခွင် မျောချင်ရာ မျောပေဦးတော့။

ပရမတ္ထသစ္စာနှင့် အရိယသစ္စာ ဟူသည်မှာ ဘုရားရှင် သာသနာတော်နှင့် ကြုံကြိုက်ပါမှ နာကြားခွင့်၊ နှလုံးသွင်းခွင့် ရနိုင်သော သစ္စာတရားမျိုး ဖြစ်လေရာ၊ ယခု မြန်မာနိုင်ငံသား ဖြစ်ပါလျက် ထိုသစ္စာတရားများကို နာကြားရန်နှင့် နှလုံးသွင်းရန် အားမထုတ်ဘဲ သံသရာတစ်ခွင်၌ မျောခွင့်ပြုမည်ဆိုပါက၊ အခြားသော ‘သစ္စာ’ တရားများကိုသာ နာကြားပြီး အခြားသော ‘သစ္စာ’ တရားများကိုသာ နှလုံးသွင်းမိလေသောကြောင့် အပါယ်လေးဘုံသို့ ပရမ်းပတာ ကျရောက်ရန် မုချမသွေ ဦးတည်ပေလိမ့်မည်။

ပရမတ္ထသစ္စာနှင့် အရိယသစ္စာသာလျှင် မြင့်မြတ်သော ကိုယ်ကျင့်သိက္ခာကို တည်ဆောက်ပြီး ဒုစရိုက်အားလုံးတို့၏ တည်ရာဖြစ်သော ‘ငါ’ ကို ပယ်သတ်နိုင်၏။ အခြားသစ္စာများကား ဒုစရိုက်အားလုံးတို့၏ တည်ရာဖြစ်သော ‘ငါ’ကို ပွားစီးသည်ထက် ပွားစီးအောင် အားထုတ်၏။

‘ပါရိဘာသိက သစ္စာ’အရ လာဘ်စားတတ်သော ဝန်ထမ်းများက လာဘ်များများ စားတတ်ခြင်းကို သစ္စာတရားအနေဖြင့် လည်းကောင်း၊ အမြတ်ကြီးစား ကုန်သည်များကလည်း အမြတ်များများ ရနိုင်အောင် ရောင်းဝယ်နိုင်ခြင်းကို သစ္စာတရားအနေဖြင့် လည်းကောင်း မှတ်ယူတတ်၏။ ဂုဏ်ယူတတ်၏။ ဝင့်ကြွားတတ်၏။ ဤသည်လည်း အပါယ်လေးဘုံသို့ ပရမ်းပတာ ကျရောက်ရာ ‘ပါရိဘာသိက သစ္စာ’လမ်းမတည်း။

‘သမ္မုတိသစ္စာ’အရ မတရားသောနည်းဖြင့် ရာထူးတက်ခြင်း၊ ပစ္စည်းဥစ္စာ ကြွယ်ဝခြင်း၊ ထင်ပေါ် ကျော်ကြားခြင်း၊ ဂုဏ်သရေရှိ လူကြီး

လူကောင်းဖြစ်အောင် ဆောင်ရွက်ခြင်း စသည်တို့ကိုလည်း မိမိ၏ မှန်ကန်ထက်မြက်သော စွမ်းဆောင်နိုင်မှု သစ္စာတရားအနေဖြင့် မှတ်ယူတတ်၏။ ဂုဏ်ယူတတ်၏။ ဝင့်ကြွားတတ်၏။ ဤသည်လည်း အပါယ်လေးဘုံသို့ ပရမ်းပတာ ကျရောက်ရာ 'သမ္မုတိသစ္စာ' လမ်းမပင် ဖြစ်၏။

ပရမတ္ထသစ္စာတွင်မူ အပိုင်း (၂)ပိုင်း ရှိ၏။ တစ်ပိုင်းမှာ 'အရိယသစ္စာ'ကို ကျောပေးသော အပိုင်းဖြစ်၍၊ အခြားတစ်ပိုင်းမှာ 'အရိယသစ္စာ' သို့ ဦးတည်သောအပိုင်း ဖြစ်၏။ အရိယသစ္စာကို ကျောပေးသော အပိုင်းတွင် မြင့်မြတ်သော ကိုယ်ကျင့်သိက္ခာကို အလေးအမြတ် မပြု၊ ပရမတ္ထဓမ္မတို့၏ သဘာဝအတိုင်း ခံစား၏။ ယင်းအပိုင်းအရ 'အကုသိုလ်' တရား၌လည်း ပီတိသုခ ရှိ၏။ 'ကုသိုလ်' တရား၌လည်း ပီတိသုခ ရှိ၏။ 'အကုသိုလ်' ပီတိသုခအရ မိမိအတွက် ရရှိရေး၌သာ စိတ်ဝင်စား၏။ ပျော်ရွှင်၏။ ချမ်းမြေ့၏။

'ကုသိုလ်' ပီတိသုခအရ သူတစ်ပါးအတွက် အနစ်နာခံခြင်း၌ စိတ်မဝင်စား။ **"ဗာလာ ဒေန္တိ၊ ပဏ္ဍိတာ ဂဏှန္တိ–လူမိုက်များသာ အနစ်နာခံတတ်၏။ ကိုယ်ကျိုးစွန့်တတ်၏။ ပညာရှိများကား အခွင့်အရေးဟူသမျှကို မရရှျင် ရသည့်နည်းဖြင့် ယူတတ်၏။"** ဤသည်မှာ ထိုပုဂ္ဂိုလ်များ ယုံကြည်လိုက်နာ၍ ကျင့်သုံးသော ပရမတ္ထသစ္စာ ဖြစ်၏။ ထိုသစ္စာသည်လည်း အပါယ်လေးပါးသို့ ဦးတည်သော သစ္စာပင် ဖြစ်၏။

'အရိယသစ္စာ'သို့ ဦးတည်သော အပိုင်း၌မူ မိမိ၏ ကိုယ်ခန္ဓာကို 'ငါ'ဟူ၍ မမြင်တော့ဘဲ၊ ရုပ်နာမ် အစုအဝေးနှင့် ခန္ဓာငါးပါးအဖြစ်သာ မြင်တော့၏။ ခန္ဓာငါးပါး၌ ပုဂ္ဂိုလ် သတ္တဝါမှ ကင်းဆိတ်သည့် သဘောကို မြင်၏။ ယင်းကို 'သုညတ'ဟု ခေါ်၏။ ခန္ဓာငါးပါးတို့သည် ကြောင်းကျိုးဖြစ်စဉ်အရ ခဏတိုင်း ခဏတိုင်း အမြဲတစေ 'ဖြစ်ပျက်'နေသည်ကိုလည်း မြင်၏။ ထိုအခါ မိမိ၏ ကိုယ်ခန္ဓာ၌ သာယာတတ်သော 'လောဘ'၊ မိမိ၏ ခန္ဓာကိုယ်ကို ပုဂ္ဂိုလ် သတ္တဝါအဖြစ် မြင်တတ်သော 'ဒိဋ္ဌိ'၊ မိမိ၏ ခန္ဓာကိုယ်၌

အမြဲတစေ ခဏတိုင်း ခဏတိုင်း ဖြစ်ပျက်နေမှု သဘောကို မမြင်ဘဲ ဒြပ် အစိုင်အခဲ အဖြစ်သာ မြင်တတ်သော 'အဝိဇ္ဇာ'ကို ပါးအောင် လုပ်၏။ ပယ်သတ်နိုင်အောင် ကြိုးစား၏။

အဝိဇ္ဇာ၊ တဏှာ၊ ဒိဋ္ဌိတို့ ကင်းကွာသွားသည်နှင့်အမျှ ယင်းတို့ကို အကြောင်းပြု၍ ဖြစ်ပေါ်ရသော ပီတိ၊ သုခတို့လည်း ကင်းလေ၏။ ယင်းတို့၏ နေရာ၌ 'သမ္မာဒိဋ္ဌိ'၊ 'အလောဘ'၊ 'အဒေါသ'တို့ ဝင်ရောက်လာ၏။ ထိုသို့ ဝင်ရောက်သည်နှင့် တစ်ပြိုင်နက် နှစ်သက်မှု ပီတိ၊ ငြိမ်းအေးမှု ပဿဒ္ဓိတို့သည် ဗောဇ္ဈင်တရားများအနေဖြင့် ထူးထူးခြားခြား ပေါ်ထွက်လာ၏။

ထိုသို့ ပေါ်ထွက်လာသော 'ပီတိ၊ ပဿဒ္ဓိ'သည် ပရမတ္ထသစ္စာ အနေဖြင့် ဆိုရလျှင် အနုပုထုဇဉ်တို့ မခံစားဖူးသော အလွန်ထူးခြားသော ချမ်းသာတစ်မျိုး ဖြစ်၏။ ယင်းကို ပါဠိဝေါဟာရဖြင့် 'အမာနုသီရတိ'ဟု ခေါ်ရ၏။ သာမန်လူသားများ အနေဖြင့် မခံစားဖူးလောက်အောင် ထူးခြားသော ဤကဲ့သို့သော ချမ်းသာမျိုးကိုပင် 'အရိယသစ္စာ' အမြင်ဖြင့် 'ဒုက္ခ' ဟူ၍ ဆိုရ၏။

အမှန်အားဖြင့် ဤမျှလောက် ထူးခြားသော ချမ်းသာသည် 'နိဗ္ဗာန် ချမ်းသာ'နှင့် နှိုင်းစာလိုက်လျှင် ဘာမျှ ပြောပလောက်သော ချမ်းသာမဟုတ်။ ပြည်တန် 'ပတ္တမြား'နှင့် 'ချက်ကျောက်'တို့၏ ခြားနားမှုမျိုးလို ခြားနားပါ၏။ ထို့ကြောင့် 'ဗောဇ္ဈင်'ထိုက်သော ချမ်းသာကိုပင် 'ဒုက္ခ'ဟု ဆိုခြင်း ဖြစ်၏။

အရိယသစ္စာသို့ ဦးတည်သော ပရမတ္ထသစ္စာနှင့် အရိယသစ္စာကို မြင်ဖို့ဆိုသည်မှာ မိမိ၏ သန္တာန်၌ သီလ၊ သမာဓိ၊ ပညာဟူသော သိက္ခာ သုံးပါး ပြည့်စုံဖို့ လိုအပ်ပါ၏။ သိက္ခာသုံးပါးတို့တွင်လည်း ကိုယ်ကျင့်တရား ဆိုင်ရာ 'သီလ'သည် များစွာ အရေးကြီး၏။ ယင်းသီလကို 'ဝိရတီ'ဟု ဆို၏။ ဝိရတီ၏ တရားကိုယ်မှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ

တို့ ဖြစ်ကြပါ၏။ ဝိရတီ (၃)ပါးတို့သည် နိဗ္ဗာန်ကို မမြင်ရသေးသရွေ့ ကာလပတ်လုံး အတူတကွ တစ်ပေါင်းတည်း တစ်ပြိုင်နက် ယှဉ်နိုင်ရေး အတွက် 'ပညာ'နှင့် 'သမာဓိ'တို့ကို ပွားနိုင်သည်ထက် ပွားအောင် ကြိုးစား ရ၏။

ထိုသို့ ကြိုးစားစဉ်ကာလ၌ မဂ္ဂင်တရားတို့သည် သီလမဂ္ဂင် မယှဉ် သေးသဖြင့် စုစုပေါင်း (၅)ပါးသာ ရှိ၏။ (၈)ပါး မရှိ။ သီလမဂ္ဂင်တို့ တစ်ပြိုင်နက် အတူတကွ တစ်ပေါင်းတည်း မယှဉ်သေးသရွေ့ ကာလပတ်လုံး ကိုယ်ကျင့်သိက္ခာနှင့် ပတ်သက်၍ ပြီးပြည့်စုံပြီဟူ၍ လည်းကောင်း၊ စိတ်ချရပြီ ဟူ၍ လည်းကောင်း မဆိုနိုင်သေးချေ။ သို့ရာတွင် ရုပ်နာမ်ခန္ဓာနှင့် ယင်းတို့၏ ဖြစ်ပျက်ကို ကိုယ်တိုင်ကိုယ်ကျ မြင်ရသည်နှင့် တစ်ပြိုင်နက် ဤသာသနာ တော်၌ ဆောက်တည်ရာကို ရချေပြီ။ ဉာဏ်မျက်စိကို ရချေပြီ။ ကလျာဏ ပုထုဇဉ် ဖြစ်ပြီ၊ စူဠသောတာပန် ဖြစ်ပြီ၊ အကန်းပုထုဇဉ် မဟုတ်တော့။

အကန်းသည် သွားချင်ရာ သွား၍ တိုက်ချင်ရာ တိုက်၏။ ချောက်ထဲ သို့လည်း ကျနိုင်၏။ ဝမ်းလျားမှောက်လည်း လဲနိုင်၏။ ထို့ကြောင့် သူ့ကို ပရမ်းပတာ ကျချင်ရာ ကျနိုင်သော ဘေးနှင့် အမြဲတစေ ရင်ဆိုင်နေရသူဟု ဆိုရ၏။ ကလျာဏပုထုဇဉ်ကား မျက်စိနှစ်ကွင်း အလင်းရသူ ဖြစ်၏။ သူသည် ချောက်ကမ်းပါးကိုလည်း မြင်၏။ ခလုတ်ဆူးငြောင့်ကိုလည်း မြင်၏။ 'သမ္မဇဉ်သတိ ရှိနေသရွေ့ ကာလပတ်လုံး' ပရမ်းပတာ ကျရောက် စရာ ဘေးမရှိတော့။

ထို့ကြောင့် သူ့အတွက် မြင်အောင်ကြည့်စရာကား နိဗ္ဗာန် ဖြစ်၏။ နိဗ္ဗာန်ကို မြင်အောင်ကြည့်ရာ၌လည်း အခြားသော နေရာများကို သွား၍ ကြည့်ရန် မဟုတ်။ မိမိခန္ဓာ၏ ဖြစ်ပျက်ကိုသာ ကြည့်ရမည် ဖြစ်၏။ ဖြစ်ပျက် ကို ကြည့်နေရာမှ ဖြစ်ပျက်ကို မမြင်ရတော့ဘဲ ဖြစ်ပျက် ဆုံးသွားပြီဆိုလျှင် ပင် 'နိဗ္ဗာန်'ကို မြင်ခြင်း ဖြစ်၏။ ထိုအခါ၌ သီလမဂ္ဂင် (၃)ပါးသည် ပညာမဂ္ဂင်၊ သမာဓိမဂ္ဂင်တို့နှင့် တစ်ပေါင်းတည်း အတူတကွ တစ်ပြိုင်နက်

ယှဉ်လေ၏။ နောက်ဆုံးအဆင့် သီလမဂ္ဂင် ပါဝင်လာ၍ မဂ္ဂင် (၈)ပါး အပြည့် ဖြစ်ကာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပြီး အရိယာသူတော်စင်စစ်စစ် ဖြစ်တော့၏။

ထိုအခါ လောက၏ အကျိုးစီးပွားကို မဆောင်ရွက်ပါနှင့် ဟူ၍ တားမရတော့။ သူ၏ စိတ်ဓာတ်အရ လောက၏ အကျိုးစီးပွားကို မလွဲမသွေ ဆောင်ရွက်မည် ဖြစ်၏။ သို့ရာတွင် တစ်ခုတော့ သတိထားစရာ ရှိ၏။ ခန္ဓာသိ မဟုတ်ဘဲ စာသိပေသိ ကျမ်းဂန်သိကိုပင် ခန္ဓာသိ ထင်မှတ်ကာ မိမိကိုယ်ကို ကလျာဏ ပုထုဇဉ်အဖြစ် သတ်မှတ်ထားလျှင် ထိုကလျာဏ ပုထုဇဉ်သည် 'အတု ကလျာဏပုထုဇဉ်'သာ ဖြစ်၏။ 'အတု'ဟူသည် 'အစစ်' ကို ဖျက်ဆီးတတ်သော သဘောရှိ၏။ ထို့ကြောင့် 'အတု' နှင့် 'အစစ်'ကို ခွဲခြား၍ သိနိုင်ရန် များစွာ သတိရှိဖို့ လိုအပ်ပါ၏။

မြန်မာနိုင်ငံသည် အခြားသော ကမ္ဘာ့နိုင်ငံကြီးများနှင့် စာလျှင် ရုပ်ပိုင်းဆိုင်ရာ တိုးတက်မှုအရ 'တော'အဆင့်၊ 'ရွာ'အဆင့်၊ 'ချိုင့်ဝှမ်း' အဆင့်၊ 'ကြည်းကုန်း'အဆင့်သာ ဖြစ်ပါ၏။ သို့ရာတွင် စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုအရ 'အရိယ သစ္စာ'လမ်းမကြီးပေါ်၌ လျှောက်လှမ်းနေကြသော သူတော်စင်များ နေထိုင်ရာ ဖြစ်သောကြောင့်၊ ဤကမ္ဘာမြေအပြင်တွင် မွေ့လျော်ဖွယ် အကောင်းဆုံးသော ဘူမိနက်သန် ဖြစ်၏။'

ထို့ကြောင့် မြန်မာနိုင်ငံသားများသည် ဒုလ္လဘတရားများကို ရတောင့် ရခဲ ရကြသူများ ဖြစ်ကြသည့် အားလျော်စွာ ထိုဘူမိနက်သန်၌ နေထိုက်သော သူတော်စင်များအဖြစ်သို့ ရောက်ရလေအောင် မြင့်မြတ်သော ကိုယ်ကျင့် သိက္ခာများကို ကျင့်သုံးရန် လိုအပ်ပါ၏။

[ ဓမ္မအမြင်စာစောင်၊ နိုဝင်ဘာလ ၁၉၉၀ ]

# ရှေးခေတ် ပုဂံပြည်

ထေရဝါဒရှုထောင့်မှ ကြည့်လျှင် ယနေ့ မြန်မာနိုင်ငံသည် ရှေးခေတ် ပုဂံပြည်အား များစွာ ကျေးဇူးတင်ဖွယ် ရှိ၏။ ရှင်အရဟံနှင့် အနော်ရထာမင်းတို့သည် ယနေ့ မြန်မာနိုင်ငံသားတို့အား သန့်စင်သော ထေရဝါဒကို အမွေအနှစ်အဖြစ် ပေးခဲ့၏။ ထေရဝါဒသည် ပဒေသရာဇ်ခေတ် အဆက်ဆက်ကို ဖြတ်သန်းကာ ယနေ့လွတ်လပ်သော မြန်မာနိုင်ငံသို့ ရောက်ခဲ့၏။ ကြားကာလတွင်မူ နိုင်ငံခြားသားများ ဝင်ရောက်အုပ်စိုးခြင်း ခံခဲ့ရသော ခေတ်ဆိုးများနှင့် ကြုံခဲ့ရ၏။

ထိုခေတ်ဆိုးများ၏ ဒဏ်သည် ထေရဝါဒအပေါ် အထိုက်အလျောက် ဖိစီးခဲ့၏။ လွှမ်းမိုးခဲ့၏။ ထိုခေတ်ဆိုးများ၏ ဒဏ်ကို ယနေ့ မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်တို့ အနေဖြင့် ပြက်ပြက်ထင်ထင် မြင်နိုင်ဖို့ လိုအပ်ပါ၏။ ပုဂံခေတ်မှ ကုန်းဘောင်ခေတ်တိုင်အောင် မြန်မာနိုင်ငံသည် ကိုယ့်မင်းကိုယ့်ချင်းဖြင့် လွတ်လပ်သော မြန်မာနိုင်ငံ ဖြစ်ခဲ့၏။ ထို့ကြောင့် မြန်မာနိုင်ငံသားတို့သည် 'ဘဝ၏ တန်ဖိုး' ကို ထေရဝါဒ၏ သွန်သင်ချက်အတိုင်း မှန်မှန်ကန်ကန် သိခဲ့ကြ၏။ 'ဘဝ၏ တန်ဖိုး' ကို မှန်မှန်ကန်ကန် သိလေသောအခါ မြန်မာနိုင်ငံသား ဖြစ်ရခြင်းအတွက် ဂုဏ်ငယ်သည်ဟု မယူဘဲ ဂုဏ်ကြီးသည်ဟု ယူပြီး များစွာကျေနပ်၍ ဝမ်းမြောက်ခဲ့၏။

**ပညာ့ရိပ်မွန်**

နိုင်ငံခြားသားများ၏ လက်အောက်သို့ ကျရောက်ခဲ့ရသော ခေတ်ဆိုးများ၏ ဒဏ်ကြောင့် ယခုခေတ်တွင်မူ မြန်မာနိုင်ငံသား ဖြစ်ရခြင်းအတွက် ဂုဏ်ငယ်သည်ဟု ယူသော တိုင်းရင်းသားအချို့ ပေါ်ပေါက်လာပြီး မြန်မာနိုင်ငံကိုပင် အပြီးအပိုင် စွန့်ခွာသူများ ရှိခဲ့ကြလေပြီ။ အမှန်အားဖြင့် ထိုကဲ့သို့သော အယူမျိုး ပေါ်ပေါက်လာရခြင်းမှာ အရင်းစစ် အမြစ်မြေက ဆိုသလို သူတစ်ပါး လက်အောက်သို့ ကျရောက်ခဲ့ရခြင်း၏ ဒဏ်ချက်ပင် ဖြစ်ပါ၏။

ထေရဝါဒ ဒေသနာတော်အရ ဤလူ့ပြည်၌ လူလာဖြစ်ရခြင်း၏ အဓိက ရည်ရွယ်ချက်သည် ကိုယ်ကျင့်သိက္ခာ မြင့်မားအောင် အားထုတ်ခြင်းဖြင့် လောက၏ အစီးအပွားကို ဆောင်ရွက်ရန် ဖြစ်၏။ မိမိ၌ ကိုယ်ကျင့်သိက္ခာ မြင့်မားလာသည်နှင့်အမျှ 'ငါ၊ ငါ့ဥစ္စာ၊ ငါ့ဟာ'ဟူသော အစွဲအလမ်းမှ ကင်းဝေးပြီး လောက၏ အစီးအပွားကို ကျွတ်ကျွတ်လွတ်လွတ် ဆောင်ရွက်နိုင်မည် ဖြစ်၏။ ဤအမြင်ကို ပုဂံပြည်သားတို့သည် သုဝဏ္ဏဘူမိ ခေါ် သထုံပြည်မှတစ်ဆင့် ထေရဝါဒမှ ရရှိ၏။

ကိုယ်ကျင့်သိက္ခာ မြင့်မားအောင် အားထုတ်ခြင်း ဟူသည် မိမိ၏ 'ဘဝ' ကို သစ္စာနှင့် လျော်သောအမြင် 'သစ္စာနုလောမိကဉာဏ်'ဖြင့် ကြည့်တတ်ခြင်း ဖြစ်၏။ ထိုအမြင်ဖြင့် မကြည့်တတ်မီ ရှေးဦးစွာ ပညတ်နှင့် ပရမတ်ကို ခွဲခြား၍ သိတတ်သော ဉာဏ်အမြင်ကို ရအောင် အားထုတ်ရ၏။ ထိုနောက် 'ဘဝ'ဟူသည် ခန္ဓာငါးပါး အစုအဝေးသာ ဖြစ်၏။ ယင်း ခန္ဓာငါးပါး၌ 'ငါ၊ ငါ့ဥစ္စာ၊ ငါ့ဟာ'ဟူ၍ စွဲလမ်းတတ်သော ပုဂ္ဂိုလ် သတ္တဝါမည်သည် မရှိ။ ခန္ဓာငါးပါးအစုအဝေးဖြစ်သော 'ဘဝ'သည် ဇာတိမှ မရဏတိုင်အောင် ခဏတိုင်း ခဏတိုင်း အမြဲတစေ ကြောင်းကျိုး နိယာမအရ ဖြစ်ပျက်အစဉ်သာ ဖြစ်၏။ ယင်းဖြစ်ပျက်အစဉ်သည် 'ဒုက္ခသစ္စာ'သာ ဖြစ်၏။ ဒုက္ခသစ္စာကို ဖြစ်ပေါ်စေတတ်သော အကြောင်းတရားကား 'သမုဒယ သစ္စာ' ဖြစ်၏။ ထို့ကြောင့် လောကဟူသည် သမုဒယသစ္စာနှင့် ဒုက္ခ

သစ္စာတို့၏ အကြောင်းအကျိုး သဘောအရ တစ်လှည့်စီ ဖြစ်နေခြင်းပင် ဖြစ်၏။

'ဘဝ' ကို ရည်ရွယ်ချက်မဲ့ ဖြစ်ချင်သလို ဖြစ်နေသော သဘောဟူ၍ ယူသူများလည်း ရှိ၏။ ယင်းအယူကို မိစ္ဆာဒိဋ္ဌိဟု ထေရဝါဒက ဆို၏။ ဘဝဟူသည် မြင့်မြတ်သော ကိုယ်ကျင့်တရားဖြင့် သစ္စာလမ်းမပေါ်၌ လျှောက်လှမ်းကာ အမြိုက်နိဗ္ဗာန်သို့ ချီတက်နေသော ကြောင်းကျိုးဖြစ်စဉ် တစ်ရပ်ဖြစ်သဖြင့် မြင့်မြတ်သော ရည်ရွယ်ချက် ရှိ၏ဟု ထေရဝါဒက ဆို၏။ ယင်းအဆိုကို သမ္မာဒိဋ္ဌိဟု ထေရဝါဒက သတ်မှတ်၏။

သို့ဖြစ်လေရာ မိမိတို့၏ အမြင်ကို လိုက်၍ 'ဘဝ'ဟူသည် ပရမ်းပတာ ဖြစ်ချင်သလို ဖြစ်သောသဘောကို ဆောင်သည်လည်း ရှိ၏။ 'ကံ'ကို စည်းစနစ်တကျ သတ်မှတ်နိုင်ပါက 'ကံ'ကြောင့် ဖြစ်ရသော 'ဘဝ' ကိုလည်း စည်းစနစ်တကျ ဖြစ်အောင် သတ်မှတ်၍ ရ၏။ ထိုအခါ 'ဘဝ' သည် မြင့်မြတ်သော သဘောကို ဆောင်၏။ ထို့ကြောင့် 'ဘဝ'၏ အဓိပ္ပာယ် ရှိမှုနှင့် အဓိပ္ပာယ်မဲ့မှု သို့မဟုတ် ရည်ရွယ်ချက် ရှိမှုနှင့် ရည်ရွယ်ချက် မဲ့မှုသည် 'ကံ'ကို ထိန်းချုပ်နိုင်မှု 'ရှိ၊ မရှိ' အပေါ်၌ တည်၏။

မိစ္ဆာဒိဋ္ဌိအမြင်ဖြင့် 'ကံ' ကို မထိန်းချုပ်နိုင်။ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ်တို့၏ 'ဘဝ' သည်လည်း 'ကံ'သာလျှင် အမိ၊ 'ကံ'သာလျှင် အဖ ဟူသော သဘောဖြင့် 'ကံ'စီမံရာအတိုင်း ခံရ၏။ ထိုအခါ သူ၏ 'ဘဝ' သည် နွေဦးရာသီ၌ ရွက်ကြွေသစ်တော၏ 'ရွက်ဝါ' များကဲ့သို့ လေရူးတိုက်ရာ ဘက်သို့ ကျချင်သလို ကျရ၏။ ထို့ကြောင့် မိစ္ဆာဒိဋ္ဌိ ပုဂ္ဂိုလ်တို့၏ 'ဘဝ' သည် ရည်ရွယ်ချက်မဲ့ ပရမ်းပတာ ဖြစ်ချင်သလို ဖြစ်၏ ဟု ဆို၏။

သို့ရာတွင် သစ္စာနုလောမိတဉာဏ်ဖြင့် 'ကံ'ကို ထိန်းချုပ်နိုင်သော သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်တို့၏ 'ဘဝ' သည် 'ဉာဏ်'သာလျှင် အမိ၊ 'ဉာဏ်' သာလျှင် အဖ ဟူသော သဘောဖြင့် 'ကံ'စီမံရာအတိုင်း မခံရဘဲ 'ကံ'ကို သစ္စာနုလောမိတဉာဏ်ဖြင့် ထိန်းချုပ်၍ မိမိ၏ ဆန္ဒအတိုင်း ပြုပြင်နိုင်၏။ ထိုအခါ

သူ၏ 'ဘဝ' သည် လေရူးများ တိုက်ရာဘက်သို့ မယိုင်နဲ့သော ကျောက်စာ ဘိုင်နှင့် တူလာ၏။

ထို့ကြောင့် သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်တို့၏ 'ဘဝ'သည် မြင့်မြတ်သော ရည်ရွယ်ချက် ရှိ၏ဟု ဆိုရာ၏။ ဤနေရာ၌ သစ္စာနုလောမိတဉာဏ် ဟူသည် ဝိပဿနာဉာဏ်ပင် ဖြစ်၏။ ဝိပဿနာဉာဏ်ဖြင့် 'ကံ' ကို ထိန်းချုပ်ရာမှ တဖြည်းဖြည်း ရင့်သန်ပြီး မဂ်ဉာဏ်အဆင့်ဆင့် တက်ကာ နောက်ဆုံး၌ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဆိုက်ပြီး 'ကံ'ဟူသမျှ အားလုံးကို 'ကံ' အဆင့်မှ 'ကြိယာ'အဆင့်သို့ ရောက်အောင် စွမ်းဆောင်နိုင်၏။ ထိန်းချုပ်နိုင်၏။

ဤအသိမျိုးကို ရှေးခေတ်ပုဂံပြည် ထေရဝါဒမှ စတင် ရခဲ့၏။ အမှန်အားဖြင့် 'ကံ'ကို ထိန်းချုပ်နိုင်သော နည်းပညာသည် ထေရဝါဒ၌သာ ရှိ၏။ အခြား မည်သည့်ဝါဒ၌မျှ မရှိ။ ထေရဝါဒသည်လည်း အခြားနိုင်ငံများထက် ဤမြန်မာနိုင်ငံ၌ ပို၍ ထွန်းကား၏။ ထို့ကြောင့် 'အရိယသစ္စာ' ရှုထောင့်မှ ကြည့်လျှင် မြန်မာနိုင်ငံသည် ရှေးပုဂံခေတ်မှ စ၍ ယနေ့တိုင်အောင် ဤမြေကမ္ဘာပေါ်တွင် မွေ့လျော်ဖွယ် အကောင်းဆုံး ဟူ၍ ဆိုသော် မှန်သော ဆိုခြင်းပင် ဖြစ်ပါ၏။

သို့ရာတွင် ထိုမှန်သော ဆိုခြင်းကို နားလည်နိုင်သော ဗုဒ္ဓဘာသာဝင်တို့သည် ဤမြန်မာနိုင်ငံ၌ တဖြည်းဖြည်း နည်းပါးလာလေပြီ။ ထို့ကြောင့်ပင် ယနေ့ခေတ်၌ နိုင်ငံခြားကို အထင်ကြီး၍ မြန်မာနိုင်ငံမှ အပြီးအပိုင် စွန့်ခွာသွားကြသူများ ပေါ်ပေါက်လာကြခြင်း ဖြစ်၏။ ထိုသို့ ပေါ်ပေါက်လာရခြင်းသည် ထိုသူများအပေါ်၌သာ လုံးလုံးလျားလျား အပြစ်ရှိသည်ဟု မဆိုသာ။ ထိုအမြင်မျိုးကို နားလည်အောင်၊ သဘောပေါက်အောင် သင်ကြားပြသပေးနိုင်သော ပညာရေးစနစ်တွင်လည်း အထိုက်အလျောက် တာဝန်ရှိပါ၏။ ထိုတာဝန်သည် အဓိကအားဖြင့် သူ့ကျွန်ဘဝသို့ ကျရောက်ခြင်း၌ တည်ပါ၏။

ရှေးပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်တိုင်အောင် မြန်မာနိုင်ငံ

သားတို့၏ ပညာရေးသည် ဘုန်းတော်ကြီးကျောင်းများ၌ တည်၏။ ရှင်ဘုရင်လည်း ဘုန်းကြီးကျောင်းသား၊ ဝန်ကြီးလည်း ဘုန်းကြီးကျောင်းသား၊ စစ်သူကြီးလည်း ဘုန်းကြီးကျောင်းသား၊ အားလုံး ဘုန်းကြီးကျောင်းသားများဖြစ်ကြ၏။ ရှင်ဘုရင်ကလည်း အုပ်ချုပ်ရေးပညာကို ဘုန်းကြီးကျောင်းမှပင်ရ၏။ စစ်သူကြီးကလည်း စစ်တိုက်နည်းပညာကို ဘုန်းကြီးကျောင်းမှပင်ရ၏။ အချုပ်အားဖြင့် ဆိုရလျှင် အဋ္ဌာရသ တစ်ဆယ့်ရှစ်ရပ်သော ပညာရပ်များကို ဘုန်းကြီးကျောင်းမှပင် ရလေ၏။ သို့ရာတွင် ထူးခြားချက်တော့ရှိ၏။ ထိုထူးခြားချက်ကား ဘဝ၏ တန်ဖိုးကို ဖြတ်ရာ၌ အခြားပညာရှင်များနှင့် မတူသော ဗုဒ္ဓဝါဒဆိုင်ရာ ပညာရပ် ဖြစ်၏။

ဘဝ၏ တန်ဖိုးကို ဖြတ်ရာတွင် အကြမ်းဖျင်းအားဖြင့် သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် ပထမအမျိုးအစားမှာ ရုပ်ပိုင်းဆိုင်ရာ တန်ဖိုးဖြတ်မှု ဖြစ်၏။ ဒုတိယအမျိုးအစားမှာ စိတ်ပိုင်းဆိုင်ရာ တန်ဖိုးဖြတ်မှု ဖြစ်၏။ တတိယအမျိုးအစားမှာ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ တန်ဖိုးဖြတ်မှု ဖြစ်၏။ ရုပ်ပိုင်းဆိုင်ရာ တန်ဖိုးဖြတ်မှုအရ ဘဝ၏ တန်ဖိုးကို ဖြတ်သောအခါ ထေရဝါဒအမြင်ဖြင့် မကြည့်ဘဲ အခြားဝါဒ အမြင်ဖြင့် ကြည့်ပါက–

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ပညာဗဟုသုတနှင့် ပြည့်စုံသည်ဖြစ်စေ၊ မပြည့်စုံသည် ဖြစ်စေ အရေးမကြီး။ တကယ်တမ်း အရေးကြီးသည်မှာ ပစ္စည်းဥစ္စာ ရှိဖို့၊ ဂုဏ်ရှိဖို့၊ ရာထူးရှိဖို့ပင် ဖြစ်၏။ ပစ္စည်းဥစ္စာ ရှိမည်ဆိုလျှင် ဘယ်နည်းဖြင့် ရှိရှိ၊ တရားသောနည်းဖြင့် ရှိသည်ဖြစ်စေ၊ မတရားသောနည်းဖြင့် ရှိသည်ဖြစ်စေ ထိုပုဂ္ဂိုလ်မျိုးကို 'လူ့အဖိုးတန်' ဟု သတ်မှတ်၏။ အလေးအမြတ် ပြု၏။ နည်းခံ၏။ ရာထူးရှိမှုနှင့် ပတ်သက်လျှင်လည်းထိုနည်းအတူပင် ဖြစ်၏။ အကျဉ်းအားဖြင့် 'ပထမအမြင်'အရ လူ့ဘဝ၏တန်ဖိုးကို ဖြတ်ပါက တရားသည်၊ မတရားသည်ကို ကြည့်မနေရ။ ပစ္စည်းဥစ္စာကို မရ ရသည့်နည်းဖြင့် ယူနိုင်မှု၊ ရာထူးကို မရ ရသည့်နည်းဖြင့်ယူနိုင်မှုကိုသာ ကြည့်ရမည် ဖြစ်၏။

**ပညာ့ရိပ်မွန်**

"ဆွစ်ဇာလန်မှာ တစ်ခါတုန်းက မေတ္တာအကြောင်း ဟောပြောတော့ လုပ်ငန်းအောင်မြင်နေတဲ့ အဘိုးကြီးတစ်ဦးက 'မေတ္တာဆိုတာကို လူကြားကောင်းအောင် ဟောပြောနေတာ အကျိုးမရှိပါဘူး။ လက်တွေ့အကျိုးရှိမည့် အကြံကောင်း၊ ဉာဏ်ကောင်းလေးများ ရမလားလို့ နားထောင်မိပါတယ်။ စကားလုံးသာရှိပြီး အနက်အဓိပ္ပာယ်မရှိတဲ့ မေတ္တာတို့၊ ကရုဏာတို့၊ ခန္တီတို့ကို အချိန်ကုန်ခံပြီး ပြောနေတယ်။ ခရစ်တော်ကလည်း ဒီလိုမျိုး ဟောတာပဲ။ ဒီဘက်ပါးကို ရိုက်ရင် သူ့ကို ပြန်ရိုက်မယ့်အစား ဟိုဘက်ပါးကို လှည့်ပေးရမယ်လို့ ဟောတာပဲ။ ခရစ်ယာန်တွေ ဘယ်လောက်များ လိုက်နာနိုင်သလဲ၊ လက်တွေ့ကျတော့ ဘာမှ အသုံးချလို့ မရတာတွေ' ဟု စကားမာမာပြောပြီး ဘုန်းကြီးရဲ့ အပြေတောင် နားမထောင်တော့ဘဲ ထပြန်သွားတယ်"

ဟု မြောင်းမြ ပဋ္ဌာနတာရုံ ဆရာတော်က သူ၏ ကိုယ်တွေ့ဖြစ်ရပ်များကို ဟောပြောရာ၌ ကြားနာရ၏။

အချို့ပုဂ္ဂိုလ်ကမူ ရုပ်ပိုင်းပြည့်စုံမှုထက် စိတ်ပိုင်းပြည့်စုံမှုကို ပို၍တန်ဖိုးထား၏။ သူဌေးသူကြွယ်တွေထက် ပညာဗဟုသုတနှင့် ပြည့်စုံသော ပါမောက္ခကြီးတွေ၊ ပညာရှိကြီးတွေကို ပို၍ လေးစား၏။ မြတ်နိုး၏။ နည်းခံ၏။ ဤသည်မှာ လူ့ဘဝ၏ တန်ဖိုးကို ဖြတ်ရာ၌ စိတ်ပိုင်းဆိုင်ရာ ပြည့်စုံမှုအပေါ် အခြေခံ၍ တန်ဖိုးဖြတ်ခြင်း ဖြစ်၏။ သို့ရာတွင် ဝိနယပိဋက ပါရာဇိကကဏ္ဍ ပါဠိတော်၊ သိက္ခာပုဒ် ပညာတ္တိယာစန ကထာ၌ ပညာ ဗဟုသုတများပြားခြင်း 'ဗာဟုသစ္စမဟတ္တ'သည် အာသဝေါတရား ပွားများကြောင်း 'အာယဝဋ္ဌာနိယ' ဖြစ်သည်ဟု ဟောကြားတော် မူထားသည်ကို တွေ့ရ၏။ ထို့ကြောင့် ပညာဗဟုသုတနှင့် ပြည့်စုံတိုင်း 'သူတော်ကောင်း' ဟုတ်ချင်မှ ဟုတ်၏။

လူ့ဘဝ၏ တန်ဖိုးကို ဖြတ်ရာ၌ ကိုယ်ကျင့်သိက္ခာအပေါ် မူတည်၍

တန်ဖိုးဖြတ်သော နည်းသည် ထေရဝါဒ ဗုဒ္ဓဘာသာ၌သာ ရှိ၏။ ထေရဝါဒ ဗုဒ္ဓဘာသာအရ ကိုယ်ကျင့်သိက္ခာဟူသည် မဂ္ဂင်ထိုက်သော ကိုယ်ကျင့်သိက္ခာ ဖြစ်၏။ မဂ္ဂင်ထိုက်သော ကိုယ်ကျင့်သိက္ခာကို သစ္စာနုလောမိတဉာဏ်ဖြင့် ပွားများ ယူမှ ရ၏။ သစ္စာနုလောမိတဉာဏ်ဖြင့် ပွားယူသောအခါ တဖြည်းဖြည်းချင်း သီလမှ အဓိသီလသို့ လည်းကောင်း၊ စိတ္တမှ အဓိစိတ္တသို့ လည်းကောင်း၊ ပညာမှ အဓိပညာသို့ လည်းကောင်း မြင့်၍မြင့်၍ တက်သွားရ၏။ နောက်ဆုံး၌ ဒုစရိုက်တရားများကို မည်သည့်နည်းနှင့်မျှ မကျူးလွန်တော့သော အဆင့်သို့ ရောက်၏။ ထိုသို့ရောက်အောင် ကြိုးစားရန် ဘုန်းတော်ကြီး ကျောင်းများက ရှေးပုဂံခေတ်မှ စ၍ သူ၏ ကျောင်းသားများကို သင်ပေးခဲ့၏။

ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ် တိုင်အောင်သော ကာလအတွင်း၌ မြန်မာနိုင်ငံသားတို့၏ ပညာရေးသည် ဘုန်းတော်ကြီးများ၏ လက်အတွင်း၌ ရှိ၏။ ဘုရင့်သားတော်များမှ စ၍ ဆင်းရဲသားများ၏ သားတိုင်အောင် အားလုံး ဘုန်းတော်ကြီး ကျောင်းသားများသာ ဖြစ်ကြ၏။ ဘုန်းတော်ကြီးများကလည်း ပစ္စုပ္ပန်အကျိုး၊ တမလွန်အကျိုးနှင့် စပ်လျဉ်း၍ တတ်အပ်သိအပ်သော ပညာရပ်များကို လုံလောက်အောင် မိမိတို့ ကိုယ်တိုင်ကလည်း တတ်ကျွမ်းကြ၏။ တပည့် ကျောင်းသားများကိုလည်း တတ်ကျွမ်းအောင် သင်ကြား ပေးခဲ့ကြ၏။

သိပ္ပံနှင့် ဝိဇ္ဇာပညာများ အားလုံးကို ဘုန်းတော်ကြီးများကချည်း သင်ကြားပေးသည်တော့ မဟုတ်။ မှဆိုးစိုင်သင် ဆိုသကဲ့သို့ မိမိဆိုင်ရာ လုပ်ငန်းဝန်တာများကို ဆောင်ရွက်ရင်း တတ်မြောက်သည်လည်း ရှိ၏။ မိမိထက် ပို၍ တတ်ကျွမ်းသော လူပုဂ္ဂိုလ် ပညာရှင်များထံမှ ဆည်းကပ်၍ သင်ယူတတ်မြောက်သည်လည်း ရှိ၏။ သို့ရာတွင် မည်သို့ဆိုစေ၊ လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံအောင် စွမ်းနိုင်သလို ဆည်းပူးကြပါ၏။

ဘုန်းတော်ကြီးကျောင်း ပညာရေးတွင် တန်ဖိုးအရှိဆုံးသော အချက်

မှာ နှလုံးသွင်းမှန်ကန်အောင် ထားနိုင်ရန် သင်ကြားပေးမှုပင် ဖြစ်၏။ ထို သင်ကြားပေးချက်အရ မြန်မာနိုင်ငံသားတို့သည် လောကအပေါ် ကံနှင့် ကံ၏ အကျိုး၌ ယုံကြည်သော ကမ္မဿကတာဉာဏ်ဖြင့်လည်း နှလုံးသွင်း တတ်၏။ ထိုကံဖြင့် နှလုံးသွင်းပါက အဘိဓမ္မာဒေသနာတော်အရ အကု သိုလ်နှင့်လည်း ပီတိသုခသည် ယှဉ်၏။ ထို့ကြောင့် အသာစံခြင်းနှင့် ရယူ ပိုင်ဆိုင်ခြင်းတို့၌လည်း နှစ်သက်ခြင်းနှင့် ချမ်းသာခြင်းကို ခံစားရ၏။

ကုသိုလ်နှင့်လည်း ပီတိသုခသည် ယှဉ်၏။ ထို့ကြောင့် အနာခံခြင်း နှင့် ပေးကမ်းစွန့်ကြဲခြင်းတို့၌လည်း နှစ်သက်ခြင်းနှင့် ချမ်းသာခြင်းကို ခံစားရ၏။ သို့ဖြစ်ရာ မြန်မာတို့သည် ရှေးပုဂံခေတ်မှစ၍ အနာခံခြင်းနှင့် ပေးကမ်းစွန့်ကြဲခြင်းတို့၌ နှစ်သက်ခြင်းနှင့် ချမ်းသာခြင်းကို တွေ့ရှိထားကြ သူများ ဖြစ်ကြောင်း ယင်းတို့ တည်ဆောက်ထားသော ကျောင်းကန်ဘုရား များက သက်သေခံလျက် ရှိပါ၏။

ကမ္မဿကတာ ဉာဏ်ဖြင့် နှလုံးသွင်းသောအခါ ပုဂ္ဂိုလ် သတ္တဝါကို အရှိ ထားရ၏။ ထို့ကြောင့် ထိုဉာဏ်အမြင်အရ တိရစ္ဆာန်မှ စ၍ သက်ရှိ သတ္တဝါ အားလုံးအပေါ် ချစ်တတ်၏။ ကြင်နာတတ်၏။ ဝမ်းမြောက်တတ် ၏။ ခွင့်လွှတ်တတ်၏။ ဤအမြင်သည် ဗြဟ္မစိုရ်တရားအပေါ် အခြေခံသော အမြင် ဖြစ်၏။ မြန်မာတို့သည် ထိုထက် မြင့်မားသော အမြင်ဖြင့်လည်း နှလုံးသွင်းတတ်၏။ ထိုအမြင်ကိုမူ သစ္စာနုလောမိတ ဉာဏ်အမြင်ဟု ဆိုရ၏။

သစ္စာနုလောမိတ ဉာဏ်အမြင်ဖြင့် နှလုံးသွင်းသောအခါ ပုဂ္ဂိုလ်၊ သတ္တဝါကို အရှိ မထားတော့။ ဓမ္မကိုသာ အရှိ ထားရ၏။ ဓမ္မကိုသာ အရှိ ထားသောအခါ ဤလောက၌ အကြောင်းနှင့်အကျိုးတို့၏ ခဏတိုင်း ခဏတိုင်း အမြဲတစေ ဖြစ်ခြင်းနှင့် ပျက်ခြင်းသာ ရှိ၏။ ဒိဋ္ဌိဖြင့် စွဲလမ်းစရာ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ မရှိ။ မာနဖြင့် စွဲလမ်းစရာ ပုဂ္ဂိုလ်၊ သတ္တဝါ ဟူ၍ မရှိ။ တဏှာဖြင့် စွဲလမ်းစရာ ပုဂ္ဂိုလ်၊ သတ္တဝါဟူ၍ မရှိ။ ဤအမြင်ကို

ရလျှင်ပင် လောက၌ တစ်ခါမျှ မခံစားရဖူးသေးသော ပီတိ၊ ပဿဒ္ဓိ၊ သုခတို့ကို ကိုယ်တွေ့ ခံစားရကြောင်း 'ဥဒယဗ္ဗယဉာဏ်စဉ်'ကို ရသူတိုင်းက သိပါ၏။ သို့ရာတွင် ယင်းချမ်းသာမျိုးသည် နိဗ္ဗာန်ချမ်းသာနှင့် စာလိုက်လျှင် ဘာမျှ ပြောပလောက်သော ချမ်းသာ မဟုတ်သဖြင့် ဆင်းရဲခြင်း 'ဒုက္ခသစ္စာ' ဟူ၍သာ ထေရဝါဒ ဗုဒ္ဓဘာသာက ဆို၏။

မြန်မာတို့သည် ဘုန်းတော်ကြီးကျောင်း ပညာရေးမှ လူ့ဘဝတန်ဖိုးကို မှန်မှန်ကန်ကန် ဖြတ်တတ်သော အသိဉာဏ်နှင့် ဆိုင်ရာ ပညာရပ်များကို ရခဲ့၏။ သို့ရာတွင် ဘုန်းတော်ကြီးများသည် အရှေ့တိုင်း တံခါးပိတ် သမိုင်းနိယာမအတိုင်း မြန်မာနိုင်ငံ၏ ပြင်ပ တိုင်းနိုင်ငံများ၏ ဘာသာစာပေများကို လေ့လာရန် စိတ်ဝင်စားခြင်း မရှိ၍လား၊ လေ့လာရန် အခွင့်အရေး မရ၍လားတော့ မသိ။ ပြင်ပနိုင်ငံများ၏ စာပေများကို ဘုန်းတော်ကြီးများ အနေဖြင့် ကိုယ်တိုင် လေ့လာခြင်း၊ တပည့်များအား သင်ကြားပြသပေးခြင်း မရှိကြောင်း တွေ့ရ၏။ သို့ရာတွင် ခြွင်းချက်အနေဖြင့်မူ သက္ကတ၊ ဘင်္ဂါလီ၊ နာဂရီ ဘာသာများနှင့် ယင်းဘာသာများဖြင့် ရေးသားထားသော နက္ခတ်ကျမ်း၊ ဗေဒင်ကျမ်း၊ ဆေးကျမ်းများကို ကိုယ်တိုင်လည်း လေ့လာ၏။ တပည့်များ အားလည်း သင်ကြားပြသ ပေးပါ၏။

အေဒီ ၁၆ ရာစုတွင် ဉာဏ်သစ်အရေးတော်ပုံကြောင့် ဥရောပမှ စပိန်၊ ပေါ်တူဂီ၊ ဒတ်ချ်၊ အီတလီ၊ ဂျာမန်၊ ပြင်သစ်၊ အင်္ဂလိပ် စသည်တို့သည် အရှေ့တစ်လွှားကို ဝင်ရောက်လာခဲ့ကြရာ မြန်မာနိုင်ငံသို့လည်း ပေါ်တူဂီ၊ ဒတ်ချ်၊ ပြင်သစ်၊ အင်္ဂလိပ်တို့ ရောက်ရှိလာကြ၏။ ထိုအခါ အနောက်တိုင်းသားတို့၏ အခြေအနေများကို အမှန်အတိုင်း သိနိုင်ရန် အလို့ငှာ ဥရောပ ဘာသာရပ်များကို လေ့လာသင်ယူရန် အားထုတ်ကြ၏။ ထိုသို့ အားထုတ်ကြရာတွင် ဘုန်းတော်ကြီးများ ပါဝင်ကြောင်းကို မတွေ့ရချေ။ ထိုသို့ မတွေ့ရသည်မှာလည်း ဗုဒ္ဓဘာသာယဉ်ကျေးမှုအရ သမိုင်းတစ်လျှောက်လုံး ဆရာ နေရာက နေလာခဲ့သော ဘုန်းတော်ကြီးများအနေဖြင့်

တပည့် နေရာက နေရန် အချိန်အခါနှင့် အခြေအနေ မပေးသောကြောင့် ဖြစ်တန်ရာ၏ ဟု ယူဆနိုင်ပါ၏။

မြန်မာနိုင်ငံသည် အင်္ဂလိပ်လက်အောက်သို့ ကျရောက်သွားသော အခါ အင်္ဂလိပ်တို့သည် မြန်မာဘုန်းတော်ကြီးများ၏ အခြေအနေကို ကောင်းစွာ အကဲဖြတ်တတ်၏။ အရှိန်အဝါကို သိ၏။ ဩဇာအာဏာကို နားလည်၏။ ထို့ကြောင့် မြန်မာနိုင်ငံ၏ ပညာရေးကို ဘုန်းတော်ကြီးများ၏ လက်ထဲမှ ဆွဲယူပြီး လူပုဂ္ဂိုလ်များ၏ လက်ထဲသို့ ထည့်လိုက်၏။ ထိုအခါ မြန်မာနိုင်ငံ၏ ပညာရေးသည် 'ဝိဇ္ဇာ'နှင့် 'စရဏ' မတွဲရတော့ဘဲ၊ 'ဝိဇ္ဇာ'နှင့် 'စရဏ'ကွဲ၍ သွားတော့၏။ အမှန်အားဖြင့် 'ဝိဇ္ဇာ'နှင့် 'စရဏ' ကွဲနေသမျှ ကာလပတ်လုံး 'ဝိဇ္ဇာ'သည်လည်း အတုအယောင် 'ဝိဇ္ဇာ'သာ ဖြစ်၏။ 'စရဏ'သည်လည်း အတုအယောင် 'စရဏ'သာ ဖြစ်၏။ ဤ အခြေအနေသို့ မရောက် ရောက်အောင် အင်္ဂလိပ်တို့ ဖန်တီးခြင်း ဖြစ်တန်ရာ၏။ ဤသဘောကို ဆရာတော် ဦးဥတ္တမ၊ ဆရာတော် အရှင်အာဒိစ္စဝံသ စသော ဆရာတော်အချို့သာ သိမြင်ပုံ ရပါ၏။

အမှန်အားဖြင့် ဆိုရလျှင် ယနေ့ခေတ် ပညာရေးသည် ကိလေသာ တန်းလန်းရှိနေသော ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ အဆိုအမိန့်များကို အားကိုး၍ လူ့ဘဝ၏ တန်ဖိုးကို ဖြတ်နေရသော ပညာရေးမျိုးသာ ဖြစ်သဖြင့်၊ ဤကမ္ဘာမြေအပြင်၌ စစ်မှန်သော ချမ်းသာနှင့် ငြိမ်းချမ်းမှုတို့ကို ရနိုင်ရန် အလှမ်းကွာဝေးလှပါ၏။ ထို့ကြောင့် ကိလေသာဟူ၍ မြူမျှမရှိသော သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင်၏ လူ့ဘဝ တန်ဖိုးဖြတ်နည်းကို အနက်ကျကျ သိမြင်တော် မူပြီးသော ရဟန်းသံဃာတော်များသည် ပုဂံခေတ်မှ ကုန်းဘောင်ခေတ် တိုင်အောင် မိမိတို့၏ လက်ဝယ်၌ ရှိခဲ့သော ပညာရေးကို မိမိတို့၏ လက်ဝယ်သို့ ပြန်လည်ရရှိအောင် ဆောင်ရွက်နိုင်မှသာ ဤကမ္ဘာမြေအပြင်၌ စစ်မှန်သော ချမ်းသာနှင့် ငြိမ်းချမ်းမှုကို ရရှိအောင် ဆောင်ရွက်နိုင်ပေလိမ့်မည်။

မိမိတို့ လက်ဝယ်၌ ရှိခဲ့ဖူးသော ပညာရေးကို မိမိတို့ လက်ဝယ်သို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ရာ၌၊ မိမိတို့ကိုယ်တိုင်က ကမ္ဘာ့အမြင် အရပ်ရပ်ကို လေ့လာဖတ်ရှုနိုင်အောင် ကမ္ဘာ့စာပေများကိုလည်း တတ်ကျွမ်းရန် အားထုတ်ဖို့ လိုအပ်ပါ၏။ စိတ္တာနုပဿနာ သတိပဋ္ဌာန် ဒေသနာတော်အရ 'လောဘ'ဖြစ်လျှင် 'လောဘ' ဖြစ်မှန်း သိတော်မူပြီးသော သူတော်စင် ပုဂ္ဂိုလ်များအတွက် ကိုယ်ကျင့်သိက္ခာဆိုင်ရာ တန်ဖိုးများနှင့် ပတ်သက်၍ ဆရာဇီဝကသည် 'အဆိပ်'ကို 'ဆေး'ဖြစ်အောင် အသုံးချနိုင်သကဲ့သို့၊ မည်သည့် ဘာသန္တရ လာလာ လောကအတွက် အသုံးကျအောင် အသုံးချနိုင်လိမ့်မည် ဖြစ်ကြောင်း ယုံကြည်မိပါသဖြင့် ရှေးခေတ် ပုဂံပြည်ကို လွမ်းမိပါ၏။

[ မဇ္ဈိမအမြင်စာစောင်၊ ဧပြီလ ၁၉၉၁ ]

## ဘဝဆန္ဒ

ဘဝဟူသည်မှာ ခန္ဓာငါးပါးတို့၏ အပေါင်းအစု ဖြစ်၏။ ခန္ဓာငါးပါးတို့တွင် ရုပ်လည်း ပါ၏။ ဝေဒနာလည်း ပါ၏။ သညာလည်း ပါ၏။ သင်္ခါရလည်း ပါ၏။ ဝိညာဏ်လည်း ပါ၏။ ထိုသို့ ပါဝင်ရာတွင် 'အရော'အနေဖြင့် ပါဝင်သည် မဟုတ်။ 'တစ်သားတည်း အစုပေါင်း' အနေဖြင့် ပါဝင်ခြင်း ဖြစ်၏။ 'အရော' အနေဖြင့် ပါဝင်ခြင်းကို 'သံယောဂ'ဟူ၍ ခေါ်ရ၏။ 'တစ်သားတည်း အစုပေါင်း' အနေဖြင့် ပါဝင်ခြင်းကို 'သမဝါယ'ဟူ၍ ခေါ်ရ၏။

ယင်းကို ဥပမာဖြင့် ဆိုရလျှင် ဟင်းမချက်မီ ဟင်းအမည်များကို ဟင်းအိုး၌ စုပေါင်းထားခြင်းသည် အရော သံယောဂ ဖြစ်၏။ ဟင်းချက်ပြီးနောက် ဟင်းအမည်များကို ဟင်းအိုး၌ စုပေါင်းထားခြင်းသည် တစ်သားတည်း အစုအပေါင်း သမဝါယမ ဖြစ်၏။ အရော သံယောဂတွင် ဆန်နှင့်သံရောနှောထားသလို အမည်များနှင့် ပတ်သက်၍ ဘာမျှ ထူးခြားမှု ထွက်ပေါ်မလာ။ ဟင်းအမည်များ အတိုင်းပင် သီးခြားစီ သီးခြားစီ ဖြစ်၏။ အစုအပေါင်း တစ်သားတည်း သမဝါယမတွင် အောက်ဆီဂျင်နှင့် ဟိုက်ဒြိုဂျင် စုပေါင်းထားသောအခါ 'ရေ' အဖြစ် ထူးခြားမှု ထွက်ပေါ်လာသလို ဟင်းအမည်များနှင့် ပတ်သက်၍လည်း 'ဟင်း'အဖြစ် ထူးခြားမှု ထွက်ပေါ်လာ၏။ ယင်းထူးခြားမှုကား ဟင်းအမည် တစ်မျိုးစီ တစ်မျိုးစီ မရှိဘဲ အားလုံးပေါင်းမှ ထွက်ပေါ်လာသော ဟင်းပင် ဖြစ်၏။

ပညာ့ရိပ်မွန်

ထိုနည်းအတူပင် ခန္ဓာငါးပါးကို အစုအပေါင်း တစ်သားတည်း အနေဖြင့် စုပေါင်းထားသောအခါ ထူးခြားမှုတစ်ခု ထွက်ပေါ်လာ၏။ ယင်း ထူးခြားမှုကို ဘဝဟူ၍ လည်းကောင်း၊ အတ္တဟူ၍ လည်းကောင်း၊ ပုဂ္ဂိုလ် သတ္တဝါဟူ၍ လည်းကောင်း ခေါ်ရ၏။ အမှန်အားဖြင့် ဟင်းအမည်များကို မချက်ဘဲ စုပေါင်းလိုက်ရုံနှင့် ဟင်းမဖြစ်လာသလို ခန္ဓာငါးပါးကို စုပေါင်း လိုက်ရုံမျှနှင့်လည်း ဘဝဟူ၍ လည်းကောင်း၊ အတ္တဟူ၍ လည်းကောင်း၊ ပုဂ္ဂိုလ်ဟူ၍ လည်းကောင်း၊ သတ္တဝါဟူ၍ လည်းကောင်း ဖြစ်မလာနိုင်ချေ။

ထို့ကြောင့် ဘဝတွင် ပါဝင်သော ခန္ဓာငါးပါးတို့သည်ကား ဘဝ (သို့မဟုတ်) အတ္တ (သို့မဟုတ်) ပုဂ္ဂိုလ် (သို့မဟုတ်) သတ္တဝါအဖြစ်သို့ ရောက်အောင် အနုသယကိလေသာများ၊ ကံများဖြင့် စုပေါင်းထားသော ခန္ဓာငါးပါးတို့ ဖြစ်ကြ၏။

ခန္ဓာငါးပါးတွင် ရုပ် ပါဝင်၏။ ရုပ်သည်လည်း ရုပ်ပိုင်းဆိုင်ရာများ ကို ပြည့်စုံအောင် တောင့်တ၏။ ယင်း၏ တောင့်တချက်များမှာ ကောင်း ကောင်း စားဖို့၊ ကောင်းကောင်း ဝတ်ဖို့၊ ကောင်းကောင်း နေဖို့၊ ကျန်းမာ ဖို့ ဖြစ်၏။ ဤလေးမျိုး ပြည့်စုံအောင် ဘဝရုပ်ပိုင်းက တောင့်တ၏။ တောင့်တ သည့် အလျောက် လူသည် ဆောင်ရွက်ရ၏။

အမှန်အားဖြင့် ရုပ်ပိုင်းဆိုင်ရာ တောင့်တမှုများသည် ဘဝတွင် အခြေခံအကျဆုံး ဖြစ်၏။ အခြေခံအကျဆုံး ဖြစ်သော်လည်း မြင့်မြတ်မှု တန်ဖိုးအရ ဆိုရလျှင် အနိမ့်ဆုံး ဖြစ်၏။ အနိမ့်ဆုံး ဖြစ်သော်လည်း လောက တွင် အချို့သူများက အမြင့်ဆုံးအဖြစ် သတ်မှတ်ကြ၏။

ပိဋကတ်တော်များတွင်လည်း ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူ၍ ရုပ်ပိုင်းဆိုင်ရာ ဆန္ဒကို လေးမျိုး သတ်မှတ်ထားပါ၏။ သို့ရာတွင် ယင်းလေးမျိုးကို အမြင့်ဆုံးပန်းတိုင်အဖြစ် သတ်မှတ်ထားခြင်း မရှိ။ အထောက်အပံ့ လှေကားအဖြစ်သာ သတ်မှတ်ထားပါ၏။ ထို့ကြောင့် လောကတွင် အစား၊ အဝတ်၊ အနေနှင့် ဆေးဝါးများကို ပြည့်စုံအောင်

ဖန်တီးပေးနိုင်ရုံမျှနှင့် ဘဝတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ခြင်း ဖြစ်သည် ဟူ၍ မမှတ်ယူအပ်။ အကယ်၍ မှတ်ယူလျှင် လူ့ဘဝသည် တိရစ္ဆာန်ဘဝနှင့် အထူးတလည် ဘာမျှ ခြားနားခြင်း မရှိ ဟူ၍ မှတ်ယူရာ ရောက်ပါ၏။

ထို့ကြောင့် ယင်းအယူကို အကြမ်းဆုံးအယူ ဟူ၍ လည်းကောင်း၊ အတ္တလွန် အယူဟူ၍ လည်းကောင်း ဆိုရ၏။ အတ္တလွန်အယူ ဟူသမျှသည် လောကကို တစ်နည်းနည်းဖြင့် အန္တရာယ်ပြုသည်ချည်း ဖြစ်၏။ အတ္တလွန် ဝါဒဖြင့် လောကအတွက် မည်သို့ပင် ကောင်းအောင်လုပ်စေကာမူ လောက အပေါ် အတ္တရိပ်က လွှမ်းမိုးနေသဖြင့် လောကသည် မည်သည့်နည်းနှင့်မျှ ငြိမ်းချမ်းမှုကို ရနိုင်မည် မဟုတ်ချေ။ အတ္တရိပ် လွှမ်းမိုးခြင်း ဟူသည်မှာ မည်သည့်နေရာ၌ ဖြစ်ဖြစ် 'ငါ'၏ အခန်းကဏ္ဍကို ကိုယ်စားပြုခြင်း ဖြစ်၏။

ရုပ်ပိုင်းဆိုင်ရာ ဘဝဆန္ဒ၏ အထက်၌ ဝေဒနာပိုင်းဆိုင်ရာ ဘဝဆန္ဒ သည် ရှိလေသေး၏။ အမှန်အားဖြင့် လူဟူသည် ကောင်းကောင်း စား၊ ကောင်းကောင်း ဝတ်၊ ကောင်းကောင်း နေ၊ ကျန်းကျန်းမာမာ ရှိရုံမျှနှင့် ကျေနပ်နေသည် မဟုတ်။ ဝေဒနာပိုင်းဆိုင်ရာ ဘဝဆန္ဒအရ ပျော်ချင်သေး ၏။ ပါးချင်သေး၏။ ဘဝကို စိတ်ချမ်းချမ်းသာသာဖြင့် အဆုံးသတ်ချင်၏။ ထို့ကြောင့် လောကလူသားများ ပျော်ရွှင်ချမ်းမြေ့ရလေအောင် ပျော်ပွဲရွှင်ပွဲ များ၊ တေးဂီတများ၊ အနုပညာရပ်များကို ဖန်တီးပေးရုံမျှနှင့်လည်း ဘဝ တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်ပေးရာ မရောက်သေး။

အမှန်အားဖြင့် လူသည် မိမိ၏ သက်တမ်းကို ကိုယ်ချမ်းသာစွာ ဖြင့် သာမက စိတ်ချမ်းသာစွာဖြင့် အဆုံးသတ်လိုပါ၏။ ထိုသို့ မိမိ၏ ဘဝကို စိတ်ချမ်းသာစွာဖြင့် အဆုံးသတ်ချင်သည်မှာ ဝေဒနာပိုင်းဆိုင်ရာ ဘဝဆန္ဒ ဖြစ်၏။ ထိုဆန္ဒအရ လူသည် မိမိကိုယ်တိုင်လည်း ပျော်ရွှင်ချမ်းသာ အောင် အားထုတ်၏။ လောကအတွက်လည်း ပျော်ရွှင်ချမ်းမြေ့အောင် ဆောင်ရွက်ပေး၏။ အမှန်အားဖြင့် ပျော်ရွှင်ချမ်းမြေ့အောင် ဆောင်ရွက်ခြင်း သည် ဘဝဆန္ဒ ငါးမျိုးအနက် တစ်မျိုးသာ ဖြစ်၏။ ထို့ကြောင့် ထိုဘဝဆန္ဒ

တစ်မျိုးအရ ပျော်ရွှင်ချမ်းမြေ့အောင် အားထုတ်ခြင်းသည် ဘဝ၏ အမြင့်ဆုံး ပန်းတိုင် မဟုတ်။ ဘဝ၏ အမြင့်ဆုံးပန်းတိုင်သို့ ချီတက်ရာ၌ ဒုတိယ လှေကားသာ ဖြစ်၏။

ဝေဒနာပိုင်းဆိုင်ရာ ဘဝဆန္ဒ၏ အထက်၌ သညာပိုင်းဆိုင်ရာ ဘဝ ဆန္ဒသည် ရှိသေး၏။ ယင်းဆန္ဒအရ လူသည် စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာ ဖြင့် နေထိုင်ရရုံနှင့် မိမိ၏ ဘဝကို မိမိက ကျေနပ်နေသည် မဟုတ်။ အသိ ပညာ၊ အတတ်ပညာတို့နှင့် ပြည့်စုံချင်သေး၏။ ထို့ကြောင့် ထိုဆန္ဒအရ လူသည် မိမိကိုယ်တိုင် အသိပညာရှင်၊ အတတ်ပညာရှင် ဖြစ်ရလေအောင် ကြိုးပမ်း၏။ ထိုသို့ ကြိုးပမ်းရာတွင် လောကတွင် အသိပညာရပ်ဆိုင်ရာ ဘာသာရပ်များနှင့် အတတ်ပညာရပ်ဆိုင်ရာ ဘာသာရပ်များ များစွာ ပေါ်ထွန်းလျက် ရှိလေပြီ။

သို့ပါသော်လည်း လူသည် ထိုမျှနှင့် မိမိ၏ ဘဝကို မိမိက ကျေနပ် နေသည် မဟုတ်သေး။ ဆက်၍ ဆက်၍ အားထုတ်လျက်ပင် ရှိပါသေး၏။ အမှန်အားဖြင့် သညာပိုင်းဆိုင်ရာ ဘဝဆန္ဒအရ မိမိကိုယ်ကို အသိပညာရှင်၊ အတတ်ပညာရှင် ဖြစ်လာရလေအောင် အားထုတ်ခြင်းသည်လည်း ဘဝ၏ အမြင့်ဆုံးပန်းတိုင် မဟုတ်သေး။ ဘဝ၏ အမြင့်ဆုံးပန်းတိုင်သို့ ချီတက်ရာ၌ တတိယလှေကားသာ ဖြစ်သေး၏။

သညာပိုင်းဆိုင်ရာ ဘဝဆန္ဒ၏ အထက်၌ သင်္ခါရပိုင်းဆိုင်ရာ ဘဝဆန္ဒသည် ရှိသေး၏။ ထိုဆန္ဒအရ လူသည် ကိုယ်ချမ်းသာရုံမျှနှင့်လည်း မကျေနပ်၊ စိတ်ချမ်းသာရုံမျှနှင့်လည်း မကျေနပ်၊ အသိပညာရှင် အတတ် ပညာရှင် ဖြစ်ရုံမျှနှင့်လည်း မကျေနပ်။ ထိုသို့ မကျေနပ်လေသောအခါ လူသည် သူများထက်သာအောင် အမြဲတမ်း တီထွင်၏။ ကြံဆ၏။ သူများ အပေါ် ဆရာလုပ်၏။ အဟောင်းအဟောင်းများ အပေါ်၌ အသစ်အသစ်များ ကို တည်ဆောက်၏။ ပြုပြင်၏။ ဖန်တီး၏။ ဤသည်မှာ သင်္ခါရဆိုင်ရာ ဘဝဆန္ဒ ဖြစ်၏။

ဤဆန္ဒအရ လူသည် အမြဲတမ်း တီထွင်ကြံဆနေပါသော်လည်း ထိုတီထွင်ကြံဆခြင်းသည် 'ငါ'ကို ဗဟိုပြု၍ တီထွင်ကြံဆခြင်းသာ ဖြစ်၏။ ထို့ကြောင့် ထိုတီထွင်ကြံဆခြင်းမျိုးကိုလည်း အတ္တလွန်ဝါဒအရ တီထွင်ကြံဆခြင်း ဟူ၍သာ ဆိုရ၏။ အမှန်အားဖြင့် ဤဘဝဆန္ဒအရ လူတို့၏ ကြိုးပမ်းမှု ဟူသမျှသည် အတ္တကို ဗဟိုပြု ကြိုးပမ်းမှုချည်းသာ ဖြစ်၏။ မြတ်စွာဘုရား ပွင့်တော်မူသော အခါမှသာ အတ္တကို ဗဟိုပြု၍ ကြိုးပမ်းမှု ဟူသမျှသည် သုခအသွင်ကို ဆောင်နေသော ဒုက္ခသာ ဖြစ်ကြောင်း သိလာကြ၏။ အမှန်အားဖြင့် သုခစစ်၊ သုခမှန်ဟူသည် အတ္တကို ပယ်သတ်နိုင်အောင် ကြိုးပမ်းခြင်းဖြင့်သာ ရကောင်းသော ချမ်းသာ ဖြစ်၏။

ဗုဒ္ဓဒေသနာတော်အရ ဆိုပါလျှင် အတ္တ ကြီးမားလေ ဒုက္ခ ကြီးမားလေ ဖြစ်ပြီး၊ အတ္တ နည်းပါးလေ သုခ ကြီးမားလေ ဖြစ်၏။ ဤသဘောကို မြတ်စွာဘုရား ဟောကြားတော်မူမှ သိခြင်းဖြစ်၏။ မြတ်စွာဘုရား ဟောကြားတော် မမူမီကဆိုလျှင် လူတို့သည် မိမိတို့၏ ဘဝဆန္ဒအတိုင်း ချမ်းသာကို ရရှိအောင် အားထုတ်ကြသည်ချည်း ဖြစ်၏။ ဘဝဆန္ဒအရ အားထုတ်သဖြင့် ရရှိလာသော ချမ်းသာသုခဟူသည်ကား သံသရာသုခသာ ဖြစ်၏။ ယင်းကို (၃၁)ဘုံ သုခဟူ၍လည်း ဆိုနိုင်ပါ၏။ အမှန်အားဖြင့် သံသရာသုခ ဟူသည် ဒုက္ခ၏ အသွင်တစ်မျိုးသာ ဖြစ်၏။

ဘဝဆန္ဒ၏ နောက်ဆုံးအဆင့်ကား ဝိညာဏ်ပိုင်းဆိုင်ရာ ဘဝဆန္ဒ ဖြစ်၏။ ယင်းဆန္ဒသည် ကိုယ်ကျင့်သိက္ခာနှင့် ပတ်သက်၏။ ထို့ကြောင့် လူတို့သည် မည်သည့်လုပ်ငန်းကို လုပ်သည်ဖြစ်စေ၊ ကိုယ်ကျင့်သိက္ခာအရ တရားဓမ္မနှင့်အညီ လုပ်လိုခြင်း ဖြစ်၏။ သူတစ်ပါးအပေါ် မတော်မတရား လုပ်မိသည့် အခါ၌ပင် မိမိကိုယ်က ရိုးသားဖြောင့်မတ်သူအဖြစ်၊ အမှန်တရားကို နှစ်သက်သူအဖြစ် ကြွေးကြော်တတ်၏။ သူတစ်ပါးကိုလည်း မိမိအပေါ် ထိုအတိုင်းပင် မြင်စေချင်၏။ ဤသည်မှာ ဝိညာဏ်၏ သဘောဖြစ်၏။

ဗုဒ္ဓဒေသနာတော်အရ ဝိညာဏ်၏ မူလပင်ကိုသဘောမှာ ဖြူစင်

ခြင်း၊ မြင့်မြတ်ခြင်း ဖြစ်၏။ ဝိညာဏ်သည် မူလ ပဋိသန္ဓေ နေစဉ်ကပင် ဘဝ၏ ခန္ဓာတစ်ခုအနေဖြင့် ပါဝင်ခဲ့လေရာ၊ ယင်းဝိညာဏ်၏ အာနုဘော်ကြောင့် ကောက်ကျစ်စဉ်းလဲသူများပင် မိမိကိုယ်ကို အများက သစ္စာရှိသူ ဟူ၍ လည်းကောင်း၊ မမှန်ကန်ခြင်းကို မကြိုက်သူ ဟူ၍ လည်းကောင်း ထင်မှတ်စေချင်၏။ အမှန်အားဖြင့် ဤလောကဥ္စ မည်သူမဆို ဝိညာဏ်ခန္ဓာ၏ စေ့ဆော်ချက်အရ လုပ်နိုင်သည်၊ မလုပ်နိုင်သည်ကို အပထား။ တရားနှင့် အညီ ဖြစ်ခြင်းကိုတော့ အားလုံးက ကြိုက်သည်ချည်း ဖြစ်ပါ၏။

အားလုံးက ကြိုက်သည့်အလျောက် ဤလောကဥ္စ အားလုံးပင် ကာယကံ ဖြစ်စေ၊ ဝစီကံ ဖြစ်စေ၊ မနောကံ ဖြစ်စေ လုပ်ငန်းဟူသမျှကို တရားဓမ္မနှင့် အညီသာ လုပ်ကိုင်ဆောင်ရွက်ကြမည် ဆိုပါလျှင် ဤလောကသည် မည်မျှ ငြိမ်းချမ်းသာယာ ပေလိမ့်မည်နည်း။ တကယ်တော့ ဤလောကသည် သဘောတရားက တစ်မျိုး၊ လက်တွေ့က တစ်မျိုးဖြင့် ကမောက်ကမ နိုင်လှပါ၏။ ကမောက်ကမ နိုင်သဖြင့်လည်း ဤလောကသည် အပြောတစ်မျိုး၊ အလုပ်တစ်မျိုး ဖြစ်ကာ မငြိမ်းချမ်းခြင်း ဖြစ်လေ၏။

ဗုဒ္ဓဒေသနာတော်အရ '**မနော ပုဗ္ဗင်္ဂမာ**–စိတ်သည် ဦးဆောင်သည်' ဟူ၍ ဆိုထားသည့်အတိုင်း ရူပက္ခန္ဓာအရ ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းများကို ရအောင် အားထုတ်ခြင်း၌လည်း စိတ်က ဦးဆောင်လုပ်၍ ရ၏။ စိတ်က ဦးဆောင်လျှင် တရားဓမ္မနှင့်အညီ ဖြစ်လာမည် ဖြစ်၏။ ဝေဒနက္ခန္ဓာအရ အနုပညာ ခံစားမှုများ၌လည်း စိတ်က ဦးဆောင်အောင် လုပ်၍ ရ၏။ စိတ်က ဦးဆောင်လျှင် တရားဓမ္မနှင့်အညီ ဖြစ်လာမည် ဖြစ်၏။ သညက္ခန္ဓာအရ အသိပညာရှာမှုနှင့် အတတ်ပညာရှာမှုတို့၌လည်း စိတ်က ဦးဆောင်အောင် လုပ်၍ ရ၏။ စိတ်က ဦးဆောင်လျှင် တရားဓမ္မနှင့်အညီ ဖြစ်လာမည် ဖြစ်၏။ သင်္ခါရက္ခန္ဓာအရ တီထွင်ကြံဆမှုများ၌လည်း စိတ်က ဦးဆောင်အောင် လုပ်၍ ရ၏။ စိတ်က ဦးဆောင်လျှင် တရားဓမ္မနှင့်အညီ ဖြစ်လာမည် ဖြစ်၏။

**ပညာ့ရိပ်မွန်**

အမှန်အားဖြင့် ဝိညာဏက္ခန္ဓာဖြစ်သော စိတ်သည် အာဂန္တုက ဖြစ်သော ကိလေသာ အညစ်အကြေးတို့နှင့် မရောဘဲ သူ့ချည်းသက်သက်သာ ဖြစ်ပါက ဖြူစင်၏။ ပြိုးပြိုးပြက်ပြက် တစ်ခဲနက် ဖြစ်၏။ ထို့ကြောင့် အရာရာတိုင်း၌ စိတ်ကို ဦးဆောင်နိုင်အောင် အားထုတ်ပါက ဤလောကသည် စိတ်၏ စွမ်းအင်တန်ခိုးကြောင့် နေချင်စဖွယ်ဖြစ်အောင် သာယာချမ်းမြေ့ပေလိမ့်မည်။

ယနေ့အခြေအနေကား စိတ်က ဦးမဆောင်နိုင်ဘဲ ရုပ်ဝေဒနာ သညာသင်္ခါရတို့ကသာ မိမိတို့၏ ဆိုင်ရာဆိုင်ရာ လုပ်ငန်းများ၌ ဦးဆောင်ပြီး စိတ်က နောက်လိုက်သဖွယ် ဖြစ်နေသောကြောင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများ၌လည်း 'ငါ' သည်သာ ပဓာန ဖြစ်၏။ တရားဓမ္မသည် ပဓာန မဟုတ်တော့။ အနုပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများ၌လည်း 'ငါ' သည်သာ ပဓာန ဖြစ်၏။ တရားဓမ္မသည် ပဓာန မဟုတ်တော့။ အသိပညာနှင့် အတတ်ပညာပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများ၌လည်း 'ငါ' သည်သာ ပဓာန ဖြစ်၏။ တရားဓမ္မသည် ပဓာန မဟုတ်တော့။ တီထွင်ကြံဆမှုဆိုင်ရာ ဖွံ့ဖြိုးမှုများ၌လည်း 'ငါ'သည်သာ ပဓာန ဖြစ်၏။ တရားဓမ္မသည် ပဓာန မဟုတ်တော့။

ထို့ကြောင့် ဤလောကကို နေချင်စဖွယ် ဖြစ်အောင် တကယ်တမ်းငြိမ်းချမ်းစေလိုပါက '**မနော ပုဗ္ဗင်္ဂမာ**–စိတ်သည် ရှေ့သွားဖြစ်၏' ဟူသော ဒေသနာတော်အတိုင်း ရှေးခန္ဓာလေးပါးတို့၏ လုပ်ငန်းဟူသမျှ၌ ဖြူစင်မြင့်မြတ်သော စိတ် သို့မဟုတ် ဝိညာဏက္ခန္ဓာကိုသာ ဦးစီးဦးဆောင် ပြုနိုင်အောင် အားထုတ်အပ်ပါ၏။ လေ့ကျင့်အပ်ပါ၏။

ထိုသို့ အားထုတ်ခြင်း၊ လေ့ကျင့်ခြင်းသည်သာလျှင် လူတို့အနေဖြင့် လောကအတွက် ဘဝတာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ရာ ရောက်သည် မည်ပါ၏။

[ ဓမ္မသာရစာစောင်၊ ဇန်နဝါရီလ ၁၉၉၄ ]

# ဘဝအကျိုးပေးများ

ဗုဒ္ဓဘာသာ ကျမ်းဂန်စာပေများ၌ 'ကုသိုလ်ကံ'သည် ကောင်းသော အကျိုးကို ပေး၏။ 'အကုသိုလ်ကံ'သည် မကောင်းသော အကျိုးကို ပေး၏။ ဤသို့ လာရှိ၏။ သို့ လာရှိပါသော်လည်း လောလောဆယ် မျက်မြင်အားဖြင့် သူများ မျက်နှာအပေါ် စကြံ့ လျှောက်နိုင်သော 'လူပါးလူနပ်'များက ချမ်းသာကြသည်ကို တွေ့ရတတ်၏။ ဘယ်သူသေသေ ငတေမာ ပြီးရော ဟူ၍ ခံယူပြီး ဆောင်ရွက်တတ်သူများက ကြီးပွားကြသည်ကိုလည်း တွေ့ရတတ်၏။ ဤသည်မှာ လောကမျက်မြင်ပင် ဖြစ်၏။ ငြင်း၍ မရ။

ထို့အပြင် ပါးစပ်က အမျိုးဘာသာ သာသနာအတွက်ဟု အော်ဟစ်ကြွေးကြော်ပြီး လက်တွေ့တွင်မူ ကြီးမားသော ဣဿာမစ္ဆရိယများဖြင့် မိမိအတွက် လုပ်နေသူများက မြင့်မားနေကြသည်ကိုလည်း တွေ့ရတတ်၏။ တချို့ကမူ ပစ္စည်းဥစ္စာ၌ ဖြစ်စေ၊ ရာထူးဂုဏ်သိန်၌ ဖြစ်စေ၊ ထင်ပေါ်ကျော်စောမှု၌ ဖြစ်စေ တပ်မက်သော စိတ်၊ မောက်မာဝင့်ကြွားသော စိတ်၊ အနိုင်အမာပြုသော စိတ်များဖြင့် မိမိဘာသာ မိမိ ကြိုးပမ်းရုံသက်သက်မျှဖြင့် အားမရသေးဘဲ၊ သူတစ်ဖက်သားကို အပုပ်ချပြီး 'လု'တတ်ပါလျှင်လည်း 'လု'သည့်အတိုင်း ရတတ်သည်ကိုလည်း တွေ့ရတတ်၏။

ဗုဒ္ဓစာပေ၌ပင် အဇာတသတ်က ဖခမည်းတော် သောတာပန် ဗိမ္ဗိသာရမင်းကြီးကို သတ်ပြီး ဘုရင်ဖြစ်အောင် လုပ်နိုင်သည်ကိုလည်း တွေ့ရ၏။ ထို့အပြင် သမိုင်းများ၌လည်း ကောက်ကျစ်စဉ်းလဲသော လုပ်ရပ်များဖြင့် မိမိ အာဏာရအောင်၊ မိမိ ကြီးပွားအောင် လုပ်ဆောင်ခြင်းဖြင့် ထိုသူများ အာဏာရကြသည်များကို လည်းကောင်း၊ ကြီးပွားကြသည်များကို လည်းကောင်း တွေ့ရတတ်ပါ၏။

**ပညာ့ရိပ်မွန်**

ကမ္ဘာ့သမိုင်း၌လည်း လက်နက်အားကိုးဖြင့် သူတစ်ပါး နိုင်ငံများကို တိုက်ခိုက် သိမ်းပိုက်ယူပြီး 'အင်ပါယာ' ထောင်နိုင်သည်အထိ ကြီးပွား ချမ်းသာကြသည်များကိုလည်း တွေ့ရ၏။ ဤသည်များမှာလည်း မငြင်းနိုင် သော အထောက်အထားများ ဖြစ်ကြ၏။

သို့ဖြစ်လျှင်–

**ယာဝဇီဝံ သုခံ ဇီဝေ၊ ဣဏံ ကတွာ ဃတံ့ ပိ ဝေ။**

**တသ္မိဘူတဿ ဒေဟဿ၊ ပုနရာဂမနံ ကုတော။**

ဟူသော ဥစ္ဆေဒဝါဒီစာရ်ဝါကတို့၏ အယူကပင် မှန်နေသယောင် ရှိ၏။ သူတို့၏ အယူအရ **"လောကဟူသည် ကစားကွင်းဖြစ်၏။ ဘဝ ဟူသည်မှာ ကစားပွဲဖြစ်၏။ လူတို့သည် ကစားသမား ဖြစ်ကြ၏။ ထို့ကြောင့် ကစားပွဲတို့၏ ထုံးစံအတိုင်း နိုင်အောင် ကစားရမည် ဖြစ်၏။ နိုင်ဖို့သာ အရေးကြီး၏။ ဘယ်နည်းဖြင့် နိုင်နိုင်၊ နိုင်လျှင် 'ဆု' ရမည် ဖြစ်၏။ တရား သည်၊ မတရားသည်များကို အလေးထားရမည် မဟုတ်။ တမလွန်ဘဝကို လည်း ထည့်တွက်ရမည် မဟုတ်။ တကယ်တမ်း ထည့်တွက်ရမည်ကား မိမိ နိုင်ရေးပင် ဖြစ်၏။"** ထိုအယူသည် ယနေ့ မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာ အမည် ခံနေကြသူများတွင် အများစုက လက်တွေ့ လိုက်နာကျင့်သုံးနေကြ သည့် အယူဝါဒနှင့် တူသယောင် ရှိ၏။

အထက်ပါ ဂါထာ၏ မြန်မာပြန်အနက်မှာ–

**လူ့ဘဝမှာ အသက်ရှင်နေရမည်ဆိုလျှင် မည်သည့်နည်းဖြင့် ဖြစ်ဖြစ် ချမ်းသာစွာ အသက်ရှင်နေရအောင် လုပ်သင့်၏။ ကြွေးတင် ခံပြီး ထောပတ်ကို မှီဝဲသင့်၏။ သေပြီးနောက် ပြာမှုန့်ဖြစ်သွားပြီး တော့ နောက်ဘဝ၌ မည်သို့လျှင် အသက်ပြန်ရှင်နိုင်ပါတော့မည် နည်း။**

ဟူ၍ ဖြစ်၏။

ဤသည်မှာ မဇ္ဈိမဒေသရှိ ဒဿနဂိုဏ်းကြီးတစ်ခု၏ အမြင်အယူ

ဖြစ်၏။ ဤဒဿနဂိုဏ်းကြီး၏ အမြင်အယူသည် ပါးစပ်ပြောအနေဖြင့် ဆိုရလျှင် များစွာပင် စက်ဆုပ်ဖွယ် ဖြစ်၏။ သို့ရာတွင် ယနေ့လူတို့သည် လုပ်ငန်းကို လုပ်ရာတွင် ထိုအမြင်၊ ထိုအယူအတိုင်း လက်တွေ့အားဖြင့် ကျင့်သုံးနေကြသည်ကို တွေ့ရ၏။ ထိုအမြင်၊ ထိုအယူကား ဗုဒ္ဓဘာသာဝင် မစစ်သူများအတွက် ပါးစပ်အနေဖြင့် မကြိုက်ဆုံးဖြစ်သော်လည်း လက်တွေ့ အနေဖြင့်မူ အကြိုက်ဆုံး ဖြစ်နေသည်ကို တွေ့ရတတ်ပါ၏။

သို့ဖြစ်လေရာ ယနေ့ လက်တွေ့အခြေအနေများကို သုံးသပ်ကြည့် လျှင် အထက်၌ ဖော်ပြထားသည့်အတိုင်း 'လူနပ်'များက ချမ်းသာနေကြ သည်မှာ မှန်ပါ၏။ သို့ရာတွင် 'လူနပ်' တိုင်း ချမ်းသာကြပါသလော။ သူများ မျက်ခုံးအပေါ်၌ စကြံ့လျှောက်သူတိုင်း ကြီးပွားကြပါသလော။ ဖခမည်း တော်ကို သတ်သူတိုင်း ဘုရင်ဖြစ်ကြပါသလော။ သူများနိုင်ငံကို တိုက်ခိုက် သိမ်းပိုက်သူတိုင်း အင်ပါယာကို ထူထောင်နိုင်ပါသလော။ ဤ မေးခွန်း များ၏ အဖြေများမှာ ဗုဒ္ဓစာပေကျမ်းဂန်လာ ကုသိုလ်ကံ၊ အကုသိုလ်ကံ နှင့် ပတ်သက်၏။ ပဋ္ဌာန်းကျမ်းလာ အကြောင်းအကျိုး ဆက်သွယ်မှုနှင့် နီးနွယ်၏။

ပဋ္ဌာန်းကျမ်းတွင် ဥပနိဿယပစ္စည်းကို ဖော်ပြရာ၌ အကုသိုလ်ကံ ကလည်း ကုသိုလ်ကံအား အားကြီးသော ဥပနိဿယ ပစ္စည်းဖြင့် ကျေးဇူး ပြုတတ်၏။ ကုသိုလ်ကံကလည်း အကုသိုလ်ကံအား အားကြီးသော ဥပနိဿ ယ ပစ္စည်းဖြင့် ကျေးဇူးပြုတတ်၏။ ထို့ကြောင့် ကောက်ကျစ်စဉ်းလဲစွာ ပြုလုပ်သူ ဖြစ်ပါလျက် သူကောင်းပြု ခံရတတ်၏။ ထိုကဲ့သို့ ခံရခြင်း၌ ဖြစ်စေ၊ ရိုးသားဖြောင့်မတ်စွာ ကြိုးကြိုးစားစား လုပ်သူ ဖြစ်ပါလျက် ပြစ် တင် မောင်းမဲခြင်း ခံရတတ်၏။ ထိုကဲ့သို့ ခံရခြင်း၌ဖြစ်စေ ဤဥပနိဿယ ပစ္စည်းသည် ဗုဒ္ဓ ဒေသနာကို နားလည်အောင် ရှင်းပြပါ၏။ ကုသိုလ်ကံ မှသာ ကောင်းသော အကျိုးကို ပေး၏။ အကုသိုလ်ကံ ဖြစ်ပါက မကောင်း သော အကျိုးကို ပေး၏ ဟူသော အမြင်ကိုလည်း ကြည်လင်စေပါ၏။ အယူကိုလည်း ခိုင်မြဲစေပါ၏။

လူတို့သည် ကံကို ပြုကြ၏။ ထိုသို့ပြုရာတွင် ဒါန၊ သီလ၊ ဘာဝနာ ဟူသော ပုညကြိယာကို ပြုသည်ပင် ဆိုဦး၊ ကုသိုလ်ကံစစ်စစ် ဖြစ်သည်လည်း ရှိ၏။ အကုသိုလ်ကံ ရောသည်လည်း ရှိ၏။ အကယ်၍ ကံပြုချိန်၌ ကုသိုလ်၌ အကုသိုလ်ရောသော ကံဖြစ်ပြီး ထိုကံက အကျိုးပေးသည်ဆိုလျှင် အကုသိုလ် လုပ်ငန်းဖြင့် ကောင်းသောအကျိုးကို ရတတ်၏။ သူများ မျက်ခုံးအပေါ် စကြ်လျှောက်ခြင်းဖြင့် ကြီးပွား၏။ ချမ်းသာ၏။ ဖခမည်းတော်ကို သတ်လျှင် အဇာတသတ်လို ဘုရင် ဖြစ်နိုင်၏။

သို့မဟုတ်ဘဲ အခြားကံမျိုးက အကျိုးပေးသည်ဆိုပါက အကုသိုလ် လုပ်ငန်းဖြင့် ကောင်းကျိုးကို မရနိုင်။ စီးပွားရေးဖြစ်လျှင် စီးပွားပျက်၏။ နိုင်ငံတော်ဥပဒေနှင့် မလွတ်ကင်းသော လုပ်ငန်းဖြစ်လျှင် ကြိုးစင်သို့ပင် အတင်ခံရတတ်၏။ 'ရာဇဝတ်ဘေး ပြေးမလွတ်' ဟူသည်မှာ ကုသိုလ်ကံ၏ ကျေးဇူးပြုခြင်း မခံရသော အကုသိုလ်ကံကြောင့် ဖြစ်ကြောင်း ဖော်ပြလိုရင်း ဖြစ်၏။

ထို့ကြောင့် အကုသိုလ်လုပ်ငန်းဖြင့် အသက်မွေးရန် အားထုတ်ခြင်းသည် စင်စစ် မကောင်းသည်သာ ဖြစ်၏။ အကယ်၍ ကုသိုလ်ကံက ဥပနိဿယပစ္စည်းဖြင့် ကျေးဇူးပြုခြင်းခံရသော အကုသိုလ်ကံကြောင့် အဇာတသတ်လို ဘုရင်ဖြစ်သည် ဆိုစေဦး၊ အဇာတသတ်သည် တကယ်တမ်း ချမ်းသာသည် မဟုတ်။ အမြဲတမ်း သောက ရောက်နေရ၏။ ခဏတိုင်း ခဏတိုင်း လှံမတစ်ရာဖြင့် ထိုးခြင်းကို ခံနေရဘိသကဲ့သို့ လည်းကောင်း၊ အဝီစိမှ ငရဲမီးလျှံများ တက်၍ လောင်ကျွမ်းခြင်းကို ခံနေရဘိသကဲ့သို့ လည်းကောင်း စိတ်ထဲ၌ ခံစားနေရ၏။ ထို့ကြောင့် အဇာတသတ်၏ မင်းစည်းစိမ်သည် အမြင်အားဖြင့်သာ ကောင်း၏။ သာယာဖွယ် ဖြစ်၏။ မက်မောဖွယ် ဖြစ်၏။ အနှစ်သာရအားဖြင့်မူ မကောင်း။ သာယာဖွယ် မဟုတ်၊ မက်မောဖွယ် မဟုတ်။ အမှန်အားဖြင့် မကောင်းမှုကံကို ရှေ့သွားပြုသော ချမ်းသာမှန်သမျှသည် သောကတို့ဖြင့် ဝန်းရံထားသော အသွင်ချမ်းသာမျှသာ ဖြစ်၏။ အစစ်ချမ်းသာ မဟုတ်။

အဇာတသတ်၏ ဘ၀ကို လေ့လာကြည့်လျှင် များစွာ သံဝေဂ ဖြစ်ဖွယ် ကောင်း၏။ မြတ်စွာဘုရား၌ အတုမဲ့ကြည်ညိုသူ ဖြစ်လာလင့်ကစား ထိုကောင်းမှုများသည် အဇာတသတ်အား ငရဲမှ လွတ်မြောက်အောင် မစွမ်း ဆောင် နိုင်ပါချေ။ သို့ရာတွင် အဝီစိငရဲ၌ ကျခံရမည့်အစား လောဟကုမ္ဘီ ငရဲ၌သာ ကျခံရရုံလောက်မျှသာ စွမ်းဆောင်နိုင်ပါ၏။

အမှန်အားဖြင့် အကုသိုလ်လုပ်ငန်းဖြင့်ရသော စည်းစိမ်ချမ်းသာ များကို အဇာတသတ်မင်းက မြတ်စွာဘုရား၌ ကောင်းမှုပြုသကဲ့သို့ ရတနာ သုံးပါး၌ ကောင်းမှုများ ပြုစေကာမူ မြတ်စွာဘုရားက အဇာတသတ်အား အထိုက်အလျောက် သက်သာရာ ရစေနိုင်ရုံလောက်မျှသာ ထောက်မ ပေး သကဲ့သို့၊ ထိုနည်းအတူ ရတနာသုံးပါးကလည်း ထိုထိုမကောင်းမှုဖြင့် အရင်း တည်ထားသော ကောင်းမှုရှင်များအား အထိုက်အလျောက် သက်သာရာ ရစေနိုင်ရုံမျှသာ ထောက်မ ပေးမည်ဖြစ်၏။ အမှန်အားဖြင့် ကံ၏ အကျိုး ကို မည်သူမျှ မတားမြစ်နိုင်။ ထောက်မ ပေးနိုင်ရုံသာ တတ်နိုင်၏။ ထို့ကြောင့် **အတ္တာဟိ အတ္တနော နာထော** ဟူ၍ ဆိုခြင်း ဖြစ်၏။

ဤနေရာ၌ သတိပြုသင့်သည်မှာ 'လောကအနေဖြင့် အလွန် မက်မောဖွယ်ဖြစ်သော မင်းစည်းစိမ်သည်ပင် အကုသိုလ်လုပ်ငန်းဖြင့် ရရှိ မှန်ပါက သံသရာ၌ အားကိုးဖွယ် ဖြစ်မလာနိုင်ပါလျှင်၊ အခြားသော မင်း စည်းစိမ်အောက် ယုတ်သော ချမ်းသာများဆိုပါက သံသရာ၌ အဘယ်သို့ လျှင် တကယ်တမ်း အားကိုးဖွယ် ဖြစ်နိုင်ပါလေမည်နည်း။ ထို့ကြောင့် အကုသိုလ်လုပ်ငန်းဖြင့် ရသော ချမ်းသာဟူသမျှ မင်းစည်းစိမ်ပဲ ဖြစ်ဖြစ်၊ အခြား မည်သို့သော စည်းစိမ်ပဲဖြစ်ဖြစ် သံသရာ၌ တကယ်တမ်း အားကိုး ဖွယ်ဖြစ်သော ချမ်းသာမျိုးအဖြစ်သို့ ရောက်အောင် မစွမ်းဆောင်နိုင်လေ သောကြောင့်၊ စင်စစ်အားဖြင့် သုခအသွင်ကို ယူထားသည့် ဒုက္ခစစ်စစ်သာ ဖြစ်ပါ၏'ဟူ၍ ဖြစ်၏။

ထို့ကြောင့် အနန္တသူရိယ အမတ်ကြီးကလည်း–

**ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း–ဟူ၍ ဆိုခြင်း ဖြစ်၏။**

အမှန်အားဖြင့်လည်း သံသရာသက်တမ်းနှင့် စာလျှင် လူ့ဘဝသက်တမ်း၊ လူ့ဘဝ၏ တစ်သက်လျာသည် သမုဒ္ဒရာ ရေမျက်နှာထက်က ရေပွက်ပမာ တစ်ခဏမျှသာ ဖြစ်၏။ သို့ပါလျက် ထိုတစ်ခဏတာကိုပင် မဟာကပ်တစ်ခုလို သဘောထားပြီး တစ်ဘဝ ကောင်းစားရေးအတွက် အကုသိုလ်ကို လုပ်ကြ၏။ အကုသိုလ်လုပ်ငန်းဖြင့် ချမ်းသာကို ရှာကြ၏။ ထိုသို့ ရှာကြရာတွင် ဆင်ခြေအနေဖြင့် ပါးစပ်က 'ဓမ္မ'အတွက်ဟု ဆိုပြီး လက်က 'အတ္တ'အတွက် လုပ်ကြလေ၏။ သို့ရာတွင် ထိုသဘောကို ကြည့်တတ်သူများက မြင်ပါ၏။ နားထောင်တတ်သူများက ကြား၏။ ဆင်ခြင်ဉာဏ် ရှိသူများက သိ၏။

ထို့ကြောင့် ဘဝ၏ အကျိုးပေးများနှင့် စပ်လျဉ်း၍ လေ့လာရာတွင် 'အကုသိုလ်လုပ်ငန်းဖြင့် ချမ်းသာကြ၏'ဟူ၍ ဆိုသည်မှာလည်း မှန်ပါ၏။ 'မင်းစည်းစိမ်ကို ရသည်အထိပင် ချမ်းသာကြ၏'ဟူ၍ ဆိုသည်မှာလည်း မှန်ပါ၏။ သို့ရာတွင် ထိုကဲ့သို့သော ချမ်းသာခြင်းမျိုးကား ကုသိုလ်ကံက ဥပနိဿယပစ္စည်းဖြင့် ထောက်ပံ့လိုက်သော အကုသိုလ် လုပ်ငန်းကြောင့် အကျိုးပေးခြင်း ဖြစ်၏။ ထိုကံမျိုးသာ မရှိပါက အကုသိုလ်လုပ်ငန်းဖြင့် ချမ်းသာခြင်းဟူ၍ မရှိနိုင်ပါချေ။ အကယ်၍ ကုသိုလ်ကံ၏ ဥပနိဿယပစ္စည်းကြောင့် အကုသိုလ်လုပ်ငန်းဖြင့် ချမ်းသာသည် ဆိုစေဦး၊ ထိုချမ်းသာသည် အဇာတသတ်မင်း၏ ချမ်းသာမျိုးသာ ဖြစ်၏။ သံသရာ၌ ဘာမျှအားကိုးလောက်သော ချမ်းသာ မဟုတ်။

ထို့အပြင် 'ရိုးရိုးသားသားနှင့် ကြိုးကြိုးစားစား လုပ်ပါလျက် ပြစ်တင်မောင်းမဲခြင်းကို ခံရတတ်ကြ၏'ဟူ၍ ဆိုသည်မှာလည်း မှန်ပါ၏။ သို့ရာတွင် ထိုကဲ့သို့ ပြစ်တင်မောင်းမဲခြင်းကို ခံရခြင်းသည်လည်း အကုသိုလ်ကံ

က ဥပနိဿယပစ္စည်းဖြင့် ထောက်ပံ့လိုက်သော ကုသိုလ်ကံကြောင့်သာ ဖြစ်ပါ၏။ ကုသိုလ်ကံ သက်သက်ကြောင့် မဟုတ်။

ထိုနှစ်မျိုးတွင် အကုသိုလ်ကံက လမ်းဖွင့်ပေး၏။ ကုသိုလ်ကံက တိုက်ရိုက် အကျိုးပေး၏။ ထိုအခါ ချမ်းသာ၏။ ဤသည်က တစ်မျိုး။ ကုသိုလ်ကံက လမ်းဖွင့်ပေး၏။ အကုသိုလ်ကံက တိုက်ရိုက် အကျိုးပေး၏။ ထိုအခါ ပြစ်တင်မောင်းမဲခြင်းကို ခံရ၏။ ဤသည်က တစ်မျိုး။ သို့ရာတွင် လမ်းဖွင့်ပေးခဲ့သော အကုသိုလ်ကံနှင့် ကုသိုလ်ကံများကလည်း တိုက်ရိုက် အကျိုးများကို ပေးဦးမည် ဖြစ်၏။ လောလောဆယ် ဒိဋ္ဌဓမ္မအကျိုးအနေဖြင့် ကောက်ကျစ်စဉ်းလဲသူများကို စရိုက်တူ၊ ဝါသနာတူ မဟုတ်သော လောက လူအပေါင်းက ရွံရှာ၏။ စက်ဆုပ်၏။ ရိုးရိုးသားသားနှင့် ကြိုးကြိုးစားစား လုပ်သူများကို လူစဉ်းလဲများမှတစ်ပါး ကျန်သော လောကလူအပေါင်းက မြတ်နိုး၏။ လေးစား၏။ သို့ရာတွင် လူစဉ်းလဲများကမူ တုံးသည်၊ အသည်၊ ဖျင်းသည် ဟူ၍တော့ ဆိုကြပေလိမ့်မည်။ ထိုသို့ ဆိုခြင်းသည်လည်း အကုသိုလ်ကံ၏ တိုက်ရိုက် အကျိုးပေးမှုများပင် ဖြစ်၏။

ဤလောက၌ ဝမ်းရေးသည် အရေးကြီးပါ၏။ ထိုသို့ပင် အရေးကြီးသော်လည်း သမ္မာဒိဋ္ဌိအမြင်အရ သံသရာသက်တမ်းကို အလေးမူ၍ **သီလစောင့်မှ အနုမတောင့်သည်** ဟူသော ယုံကြည်ချက်ဖြင့် ဘဝ၏ အကျိုးပေးများကို ရှာရာ၌ မဂ္ဂင်ရှစ်ပါးတွင် အရေးအကြီးဆုံးဖြစ်သော သမ္မာအာဇီဝမဂ္ဂင်ကို လိုက်နာကျင့်သုံး၍ ရှာအပ်ကြောင်း နားလည်အပ်ပါ၏။ မိစ္ဆာဒိဋ္ဌိအမြင်အရ လူ့ဘဝ၏ ခဏတာသက်တမ်းကို အလေးမူ၍ '**အနုမတောင့်မှ သီလစောင့်သည်**'ဟူသော ယုံကြည်ချက်ဖြင့် မိစ္ဆာအာဇီဝမဂ္ဂင်ကို လိုက်နာကျင့်သုံး၍ ဘဝ၏ အကျိုးပေးများကို မရှာအပ်ကြောင်းကိုလည်း နားလည်အပ်ပါ၏။

မုံရွာမြို့
ကျေးရှူးရှင် လယ်တီဆရာတော်ဘုရားကြီး
စီရင်တော်မူအပ်သော

# နိုင်ငံခြား ပုဏ္ဏာ အဖြေပေါင်းချုပ်

– ပြင်သစ်ပုဏ္ဏာအဖြေ

သီဟိုဠ်(သီရိလင်္ကာ)– ကိုလံဘိုပုဏ္ဏာအဖြေနှင့် အတ္တ၊ အနတ္တ အဖြေ

လန်ဒန်– အင်္ဂလိပ် ဂျေမီလစ ၏ ပုဏ္ဏာအဖြေ

လန်ဒန်– ပါဠိဒေဝီ ၏ သညာ ပုဏ္ဏာအဖြေ

လန်ဒန်– ပါဠိဒေဝီ ၏ နိယာမ ပုဏ္ဏာအဖြေ

လန်ဒန်– ပါဠိဒေဝီ ၏ ယမိုက် ပုဏ္ဏာအဖြေ

လန်ဒန်– ပါဠိဒေဝီ ၏ ပဋ္ဌာန်း ပုဏ္ဏာအဖြေ

လန်ဒန်– ဘာထရန်ရပ်ဆယ် ၏ စကားလေးခွန်း အဖြေ

[ စာမူခွင့်ပြုချက်– ၃၆၅ / ၂၀၀၀(၆) ]

---

မုံရွာမြို့
ကျေးရှူးရှင် လယ်တီဆရာတော်ဘုရားကြီး
စီရင်တော်မူအပ်သော
မြန်မာပြည်အတွင်း အမြို့မြို့ အရွာရွာမှ မေးမြန်းသည့်

# နိုင်ငံတွင်း ပုဏ္ဏာ အဖြေပေါင်းချုပ်

..... [ ပထမတွဲ နှင့် ဒုတိယတွဲ ]

[ စာမူခွင့်ပြုချက်– ၄၃၇ / ၂၀၀၀(၆) နှင့် ၂၆၅ /၂၀၀၀(၅) ]

အမြင်များပြောင်းလဲခြင်းနှင့်
အတွေးအမြင်စာစုများ

ဦးရွှေအောင်
မဟာဝိဇ္ဇာ(သက္ကတ)
(ဝင့်သကာနှင့်သိရောမဏိ)

myint maung kyaw 2010